

ျစ်ကြီးလွန်းသူတစ်ယောက်အကြောင်း





ချစ်ကြီးလွန်းသူ တစ်ယောက်၏
ဖြစ်ရပ်၊ ဤဇာတ်လမ်း၊ ဤမှတ်တမ်းသည်
လျှပ်ကို ရေထင်နေသည့် လူငယ်လူရွယ်တို့ကိုလည်း သင်ခန်းစာပေး
ပိုင်ရှိသောမိန်းမသားတစ်ယောက်၏အဆိပ်လွှမ်းသောအရိပ်လမ်း
ဆိမည်။ - ဒစရိုက်ကောင် မသူတော်တို့နှင့် ပေါင်းဖော်မိခြင်း အဖြစ်
မြင်တွေ့ရမည်။ - လောဘမီး၏ငြိုးငြိုးလောင်မြိုက်စေတတ်ပုံကိုလည်း
သံဝေဂ ရစေမည်။ - အချစ်စိတ်ရိုင်းဝင်လျှင် အသိဉာဏ် အဆင်ခြင်
မှုပုံလည်း မီးမောင်းထိုးပြမည်။

မြန်မာပြည် ရာဇဝတ်မှုခင်းကို မှတ်တမ်းတင်ရစ်ခဲ့ရုံမျှမက တစ်ခေတ်
တစ်ချိန်က သတင်းစာစောင်တွင် နေ့စဉ်ရက်ဆက် ဖော်ပြခဲ့ရ
သည်အထိ လူတိုင်းစားခဲ့ရသည့်ဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်း--
သို့မဟုတ်

# အချစ်ကြီးလွန်းသူ တစ်ယောက်အကြောင်း

နုလေးမောင်



စာပေဖြန့်ချိရေး

အမှတ်-၉၀၊ ၉၁-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်။
ကန်တော်လေး စာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်မှတ်တမ်း
စာမူ-(၁၄/၉၆) (၁)
မျက်နှာဖုံး-(၄၂၀/၉၆) (၈)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀
တန်ဖိုး-၄၅-ကျပ်
အောက်တိုဘာလ ၁၉၉၆-ခုနှစ်၊
မျက်နှာဖုံး
မျက်နှာဖုံး +ရေခံပန်းချီ- သီဝံ၊
အဖုံးဖလင်- ကိုမြင့်အောင်၊
အဖုံးရိုက်- ရည်မွန်
စာအုပ်ချုပ်- စိုးနိုင်
ပုံနှိပ်သူ
ဒေါ်မြရီ (၀၁၄၁၃)
ကျော်ဝင်းဆွေ ပုံနှိပ်တိုက်၊
၁၃-(အေ)၊ ၉၈-လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ထုတ်ဝေသူ
ဦးသက်လှိုင်(၀၉၀၆)၊
မိုးစန္ဒာစာပေ၊ ၃/၂၆၇၊
ခရေပင်လမ်း၊ ဝေဘာဂီမြို့သစ်၊
မ-ဥက္ကလာ။

လှိုင် - ၁

# အချစ်ကြီးလွန်းသူ တစ်ယောက်အကြောင်း

နီလေးမောင်

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်

ပုံနှိပ်မှတ်တမ်း

စာမူ - (၁၄/၈၆) (၁)
မျက်နှာဖုံး- (၄၂၀/၈၆)(၈)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ အုပ်ရေ- ၁၀၀၀
တန်ဖိုး - ၄၅ - ကျပ်၊
စက်တင်ဘာလ၊ ၁၉၈၆-ခုနှစ်၊

မျက်နှာဖုံး

မျက်နှာဖုံး + ဓရမ် - သိဝံ၊
အဖုံးဖလင် - ကိုမြင့်အောင်၊
အဖုံးရိုက် - ရည်မွန်၊
စာအုပ်ချုပ် - ?

ပုံနှိပ်သူ

ဒေါ်မြရီ (၀၁၄၁၃)
ကျော်ဝင်းဆွေ ပုံနှိပ်တိုက်၊
၁၃ - (အေ)၊ ၈၈ - လမ်း၊
မင်္ဂလာတောင်ညွန့်။ ရန်ကုန်မြို့။

ရှုခင်း
စာပေဖြန့်ချိရေး

ထုတ်ဝေသူ

ဦးသက်လှိုင် (၀၉၀၆)၊ အမှတ် - ၉၀၊ ၉၁ - လမ်း
မိုးစန္ဒာစာပေ၊ ၃၊ ၂၆၇၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ခရေပင်လမ်း၊ ဝေဘာဂီမြို့သစ်၊ ကန်တော်ကလေး စာတိုက်၊
မ - ဥက္ကလာ။ ရန်ကုန်တိုင်း။

# အချစ်ကြီးလွန်းသူ တစ်ယောက်အကြောင်း

နီလေးမောင်

## စာရေးသူ၏ စကားဦး

ရှင်ကွင်း၌ ပူလောင်ပြဖ်းပြလှသည့် အချစ်မီး၏ ညီးညီးတောက်လောင်ခံနေသူ တစ်ယောက်၏ မကြုံကောင်း မစီရာအကြံဆန်းကြောင့် တစ်ခေတ်၊ တစ်ချိန်ကသတင်းစာ အစောင်စောင်တွင် နေ့စဉ်ရက်ဆက် ဖော်ပြခဲ့ရသည်အလိုလှတိုင်း စိတ်ဝင်စားခဲ့ရကာ မြန်မာပြည် ရာဇဝတ်မှုသမိုင်းတွင် မှတ်တမ်း တင်ရလောက်နေစသော သည်ဇာတလမ်းနှင့် ပတ်သက်၍....

ဤဖြစ်ရပ် – ဤဇာတ်လမ်း – ဤမှတ်တမ်းကား.... စိတ်ကူးယဉ် အပျော်ဖတ် ဖန်တီးချက် ဝတ္ထုမဟုတ်မှုဘဲ အချစ်ကြီးလွန်းသူ တစ်ယောက်၏ ဖြစ်ရပ်မှန် ဇာတ်လမ်းကို ကျောရိုးပြု ရေးဖွဲ့ထားခြင်းသာ ဖြစ်ပါသည်၊ လူတစ်ယောက်အကြောင်းဟု ဆိုငြားသော်လည်း ထိုလူတစ်ယောက်နှင့် ဆက်နွယ် ပတ်သက်၍ ဤဇာတ်တွင်ပါဝင် ပတ်သက်ကြရသည့် အခြားသော ဇာတ်ကောင်တို့လှုပ်ရှားမှုကြောင့်လည်း ဤဖြစ်ရပ်သည် ပို၍ နိုးကြွသွက်လက် လာစေခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။

သတိသံဝေဂ ရယူစရာ၊ ရင်နင့် ကြေကွဲစရာပုံဖြင့် သိမ့်မွှမ်း ဆက်နွယ်နေသော ဤဇာတ်လမ်းသည် လူသားတို့ အကြောင်းသာ မဟုတ်မူဘဲ ခေတ်တစ်ခေတ်၏ ပုံရိပ်ကို တစ်စွန်းတစ်စမျှ လှစ်ဟဖော်ထုတ်နိုင်ရန်လည်း ကြိုးပမ်းထားပါသည်။

ဤတွင် အစီရင်ခံလိုသည်မှာ....

ဤဇာတ်လမ်း စတင်ပေါ်ပေါက် ဖြစ်ပွားခဲ့သည့် အချိန်ကာလနှင့် မလွဲမချော် လိုက်လျောညီထွေ ရှိစေရန် အတွက်ပါ မလစ်ဟာအောင် ရေးဖွဲ့ရာတွင် ထိုကာလက အသုံးအနှုန်း, အဖြစ်အပျက် စသည်တို့သည် ယနေ့ကာလ နှင့် လိုက်လျောညီထွေ ရှိကောင်းမှ ရှိနိုင်မည် ဖြစ်ပါသည်။

အပျင်းပြေ အပျော်ဖတ်ဝတ္ထုတွေ ခေတ်စားနေချိန် တွင် ကျွန်တော်သည် ဤဖြစ်ရပ်မှန် မှုခင်းဝတ္ထုကို ရေးဖွဲ့ ကာ စွန့်စား၍ စာဖတ်သူလက်သို့ တင်ဆက်ပါသည်၊ မည်သို့ပင်ဖြစ်စေ ဤစာအုပ်, ဤဖြစ်ရပ်, ဤဇာတ်လမ်း သည် စာဖတ်သူတို့အတွက် တစ်စုံတစ်ခုသော 'အကျိုးသက် ရောက်မှု'ကိုရသည်ဆိုငြားအံ့ ကျွန်တော့်အနေဖြင့်ကြိုးပမ်း တင်ဆက်ရကျိုး နပ်ပါပြီ.... ဟုသာ.... ။

နိုလေးမောင်

( ၁၅ - ၇ - ၉၆ )

## အခန်း (၁)

ခန့်ထည်ကြွားဝါမှု အပြည့်ဖြင့် အင်းလျားကန် ဟိုတယ် ကြီးက မားမားကြီး ရပ်တန့်လျက် ရှိနေသည်၊ ထိုအချိန်တွ အဆင်အသွေးစုံ၍ အမျိုးအမည် များပြားလှသော ကိုယ်ပို ကားကလေးများက ဟိုတယ်ရှေ့သို့ ဝင်လာမစဲ ရှိနေ သည်။

ပိုးဖဲကတ္တီပါ၊ စိန်ရွှေရတနာများဖြင့် ဖိတ်ဖိတ်တောက် ဝတ်စားဆင်ယင်ထားသော ဧည့်ပရိသတ်များက ဟိုတ ရှေ့တွင် ရပ်သွားသော ကိုယ်ပိုင် ကားကလေးများ ပေ အံ၍အံ၍ ကျလာနေသည်။

မကြာပါပေ။ ပတ္တမြားခန်းမ တစ်ခုလုံးကို စိန်ရောင်၊ ရွှေရောင်၊ ပတ္တမြားရောင်တို့က ဝင်းဝင်းလက်မျှ တော ဖုံးလွှမ်းသွားပြီ ဖြစ်သည်၊ ကြွရောက်လာသော ဧည့်ပရိ များ၊ ကြိုဆိုနှုတ်ခွန်းဆက်သူ၏ အသံများ၊ တီးဝိုင်းမှ တီး သီဆိုနေသော တေးဂီတသံများ ကလည်း မှုံလာခန်း

ဖြတ်ကျော်ကာ ဟိုတယ် အပြင်ဘက်သို့ပင် လွင့်ပါးလျက် ရှိနေသည်။

အထက်လွှာ၏ မင်္ဂလာပွဲ တစ်ခုပါတည်း။

ကိုအောင်သူက ခန်းမ၏ ထောင့်ကျကျစားပွဲတွင်ထိုင်ရင်း မှထဲရှိ ဧည့်ပရိသတ်များကို ငေးမော ကြည့်နေမိသည်၊ ယ်တော့ ကိုအောင်သူကား မင်္ဂလာဧည့်ခံပွဲ ဟူသမျှကို က်ခဲ့ပါဘိခြင်း။

ယခု မင်္ဂလာပွဲကိုကား ရှောင်၍ မရနိုင်သော အကြောင်းက ဖန်လာသည်၊ သတို့သမီးက ကိုအောင်သူ၏ ဆရာသမားလည်းဖြစ်၊ နေ့ဝန်းသတင်းစာ အယ်ဒီတာချုပ်လည်း ဖြစ်သည့် ဦးကြည်ဇော်၏ တူမအရင်း ဖြစ်နေသည်။

'မောင်အောင်သူ.... မင်းဆက်ဆက် လာနော်၊ ငါကား လွှတ်ပြီး အခေါ်ခိုင်းလိုက်မယ်၊ မင်းကိုက်ကပဲ စောင့်နေ.... ဟုတ်လား'

အယ်ဒီတာချုပ်ကိုယ်တိုင် ကြိုတင်ပြောထားရုံမျှမက ကားပါလွှတ်၍ ခေါ်ခိုင်းသည်မို့ ကိုအောင်သူမင်္ဂလာပွဲသို့ ရောက်လာရခြင်း ဖြစ်သည်။

ခုတော့ ကိုအောင်သူတစ်ယောက် ကျီးအုပ်ထဲ ရောက်နေသော တောကျီးကန်းပမာ ဖြစ်နေရပြီ၊ သူ၏ ဆရာသမားဖြစ်သူ ဦးကြည်ဇော် ကိုယ်တိုင်လည်း ကြွရောက်လာသော ပရိသတ်များကို ကြိုဆိုနှုတ်ဆက်ခြင်း အလုပ်ဖြင့် မအားလပ်အောင် ဖြစ်နေသည်ကို ကိုအောင်သူ လှမ်းမြင်နေရသည်။



မိမိတို့၏ ရာထူးဂုဏ်ရှိန်၊ စည်းစိမ်ပမာဏအလိုက် ဖိတ်ဖိတ်တောက် ဆင်ယင်ထားသော မင်းပရိသတ် ကြားဝယ် ထိုင်နေရခြင်းကို ကိုအောင်သူ ခေါင်းနောက်လာ မိသည်၊ နောက်ပြီး ပျားရည် ဆမ်းသလို ချိုသာနေသော သူတို့၏ အပြုံးများ နောက်ကွယ်မှ ဂုဏ်ပကာသန၊ မာန်မာနတရားတို့ကိုလည်း ကိုအောင်သူက ထွင်းဖောက်မြင်သလို ရှိနေသည်။

ပို၍ဆိုးသည်ကား ကာလပေါ် တီးဝိုင်း။

ကြွရောက်လာသော ပရိသတ်များကို တီးမှုတ် ဖြေဖျော်နေသည့် နာမည်ကြီးဝိုင်းပဲဖြစ်သည်၊ မြန်မာသံ၊ မြန်မာဟန်လည်း မပါ၊ အနောက်တိုင်းတေးသံလည်း အစစ်မဟုတ်သည့် ကပြားတေး သံကြောင် များက ကိုအောင်သူကို မင်္ဂလာခန်းမထဲမှ မောင်းထုတ်နေသလို ဖြစ်နေခြင်းပါတည်း၊ စည်စည်ကားကား ဆူဆူညံညံရှိနေသော မင်္ဂလာခန်းမကို ကိုအောင်သူက ကျောခိုင်းလိုက်ကာ ဟိုတယ် အပြင်ဘက်သို့ ထွက်လာသည်။

အင်းလျားရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသော သဘာဝလေ၏ ဆီးကြိုပွေ့ဖက်ခြင်း ခံလိုက်ရသောအခါ ကိုအောင်သူ၏ တစ်ကိုယ်လုံးမှာ ပေါ့ပါးလန်းဆန်းသွားခဲ့သည်၊ စောစောက ငြီးစီစီ မူးနောက်နောက် ဖြစ်နေသော ခံစားမှုကလည်း လွင့်စင်သွားလေပြီ။

ယခုတော့လည်း ကိုအောင်သူတစ်ယောက် မင်္ဂလာခန်းမထဲသို့ ပြန်မဝင်လိုတော့ပြီ၊ အငှားကားတစ်စီးခေါ်ကာ မိမိဘာသာ ပြန်ရန် စိတ်ကူးမိသည်၊ အကယ်၍ ဦးကြည်ဇော်ကို

သွား၍ နှုတ်ဆက်လျှင်တော့ ကားဖြင့်လိုက်ပို့ခိုင်းမှာ သေချာပါ၏၊ ဒါပေမယ့် သူတို့အလုပ်ဖြင့်သူတို့ မအားမလပ် ဖြစ်သူများကို ကိုအောင်သူ ဒုက္ခမပေးလိုပါ။

ထိုစဉ်တွင် အငှားကားတစ်စီးက လမ်းတစ်ဖက်တွင် ရပ်လာသည်၊ ကိုအောင်သူက ကားဆရာကို လက်ပြရင်း မဟူရာရောင် ကတ္တရာလမ်းကို ဖြတ်ကူးလိုက်သည်။

'ကျွိ...ကျွိ...ကျွိ...'

ရုတ်တရက် မော်တော်ကား ဘရိတ်အုပ်လိုက်သံကြောင့် ကိုအောင်သူ အလန့်တကြား ဖြစ်သွားရသည်၊ ခြေလှမ်းအစုံကလည်း အလိုလို ရပ်တန့်သွားသည်။

'ဟာ...'

'ဟာ်...'

ပတ်ဝန်းကျင် ဝဲယာမှ အာမေဋိတ်သံများ ပေါ်ထွက်လာသည်။

ကံကောင်းပါ၏။

အရှိန်နှင့်မောင်းလာသော မိုးပြာရောင် ကားကလေးက သူနှင့် မလှမ်းမကမ်း လမ်းဘေးတွင် ထိုးရပ်သွားသည်။

လှပသစ်လွင်၍ တန်ဖိုးကြီးမားလှသော ဖီးယက်ကား ကလေးပါတကား...။

လမ်းကိုကြည့်၍ မကူးမိသည်မှာ သူ၏အမှားပဲ ဖြစ်ပါ၏၊ သူ့အမှားကို တောင်းပန်ရန် ကိုအောင်သူက ရပ်ထားသော ကားကလေးကို လှမ်းကြည့်လိုက်သည်။



ကားမောင်းသူနေရာတွင်တော့ အပြင်အဆင်၊ အမွမ်းအမံတို့ဖြင့် ခြယ်လှယ်သင်ယင်ထားသည့် မိန်းမပျိုတစ်ဦးထိုင်လျက် ရှိနေသည်။

သူမ၏ ကိုယ်ခန္ဓာပေါ်မှ ချောကလက်ရောင် ဖော့ခရစ် အင်္ကျီက ဝင်းဝါစိုပြည်သော သူမ၏ အသားအရည်ကို ပို၍ ထင်ပေါ်နေသလို ရှိနေသည်။

လည်တိုင်ကျော့ကျော့ပေါ်တွင် ကြွကြွရွရွ သင်မြန်းထားသော စိန်လည်တုံကလည်း သူမ လှုပ်ရှားလိုက်တိုင်း မျက်စိကျိန်းမျှ တစ်ဖြတ်ဖြတ် ဝင်းလက်လျက် ရှိနေသည်။

သစ်လွင်ခြင်း၊ ခန့်ထည်ခြင်း၊ တန်ဖိုးကြီးခြင်း စသော ဂုဏ်တို့ဖြင့် ပြည့်စုံကာ ကြွားကြွားဝင့်ဝင့် ရှိနေသော မိုးပြာရောင် ဖီးယက် ကားကလေးသည်ပင် သားပေါ်မှ ချောကလက်ရောင် သူ့သခင်မ၏ အလှနှင့် ယှဉ်လိုက်သောအခါ ခေါင်းလျှို ဦးစိုက်နေရပြီတည်း။

'ကိုအောင်'

သစ်လွင်သော မိုးပြာရောင်ကားကလေးနှင့် ပိုင်ရှင် ချောကလက်ရောင် မိန်းမချောကလေးကို ငေးကြည့် နေမိသော ကိုအောင်သူမှာ သူ့အမည်ကို ရင်းရင်းနှီးနှီးခေါ်လိုက်သည်မို့ အံ့ဩ တွေဝေသွားခဲ့ရသည်။

'ကိုအောင်... ခိုင်လေ မမှတ်မိတော့ဘူးလား'

မိန်းမပျိုက လပ်ပြောရင်း ကားထဲမှ ထွက်လာကာ ကိုအောင်သူ့ရှေ့တွင် ရပ်လိုက်သည်၊ နောက် လှပသော အပြုံးကလေးက လှစ်ခနဲ ပွင့်ထွက်လာသည်။

'ခိုင်.... မလဲ့လဲ့ခိုင်'

ကိုအောင်သူ့နှုတ်မှ သည်စကားစုက အမှတ်မထင် ထွက်လာသလို ရင်ထဲသို့လည်း အမည်မဖော်ပြတတ်နိုင်သော ဝေဒနာ တစ်ရပ်က ထိုးဝင်လာခဲ့ပြီတည်း။

အော်.... တိုက်ဆိုင်ပါဘိခြင်း၊ ကြုံကြိုက်ပါဘိခြင်း၊ ကြာတော့ ကြာခဲ့ပါပြီ။

ဒါပေမယ့်.... ဒီအသံ၊ ဒီအပြုံးတွေက သူ့အပါးတွင် မပျောက်လေသေး၊ သူမနှင့် ပတ်သက်သမျှသော အတိတ်မှ အရိပ်တို့ကို ကြိုးစား၍ မောင်းနှင်ထုတ်နေရဆဲ။

ခတော့.... ခုတော့....။

'အောင်'

'ကိုအောင်ရယ်.... ခိုင့်ကို မှတ်မိသေးတယ်နော်'

သူမ၏ လှုပ်ရှားမှု, သူမ၏ အသံ, အမူအယာတို့က ပျောက်ဆုံးပြီး ထင်နေသော အရုပ်ကလေးကို ပြန်လည်တွေ့ရသည့် ကလေးငယ်လို ပြုံးကြွနေသည်။

'မှတ်မိပါတယ် ခိုင်၊ တကယ်တော့ ခိုင် ဟိုတုန်းကလိုပဲ အပြောင်းအလဲ မရှိတာ, ချက်ချင်း မခေါ်မိတာက မထင်ဘဲ လာတွေ့တော့ အံ့သြနေမိလို့ပါ'

သည်တစ်ခါတော့ ကိုအောင်သူက စကားများများ ပြောဖြစ်ခဲ့သည်။

'ကိုအောင် အသားနည်းနည်း မည်းသွားသလိုပဲနော်.... ဒါပေမယ့်.... ခိုင် ချက်ချင်းမှတ်မိခဲ့တယ်၊ ခိုင်တို့ မတွေ့တာ တော်တော် ကြာပြီနော်....'



'ဪ.... အင်း'

ကိုအောင်သူက သည်လောက်ပဲ နှုတ်မှ ရေရွတ်လိုက်မိသည်။

နောက်.... ငိုင်သွားသည်၊ ကြာခဲ့ပြီဖြစ်သော အိပ်မက်ဟောင်းတို့သည် သူ၏ရင်သို့ ခိုဝင်လာခဲ့ပြန်လေပြီလား။

'ကိုအောင် ဘယ်ကိုလာတာလဲဟင်'

ကျေးဇူးတင်လိုက်ပါဘိ။

အတိတ်နှင့် ဆက်နွယ်နေသော အကြောင်းရပ်ထဲမှ သူ့ကို အကြောင်းအရာသစ် တစ်ခုဆီသို့ လွှဲပြောင်း ခေါ်ယူသွားသည့်အတွက် ရင်ထဲမှ တင်းကြပ်နေမှု ဝေဒနာက ကင်းလွတ်သွားခဲ့ရသည်။

'ဒီမင်္ဂလာဆောင်ကို လာတာပါ၊ သတို့သမီးက ကိုအောင် လုပ်နေတဲ့ သတင်းစာတိုက် ပိုင်ရှင်လဲဖြစ်, အယ်ဒီတာချုပ်လဲ ဖြစ်တဲ့ ဦးကြည်ဇော်ရဲ့ တူမပါ၊ ခိုင်ကရော....'

'ခိုင်လဲ ဒီမင်္ဂလာဆောင်ကို လာတာပါ၊ သတို့သားရဲ့ မိဘများနဲ့ ခိုင်တို့က လုပ်ငန်းခြင်း ဆက်နွယ်နေတဲ့ မိတ်ဆွေရင်းတွေလေ၊ ခိုင် နည်းနည်း နောက်ကျသွားတာနဲ့ ကားကို မြန်မြန်မောင်းလာမိလို့'

ခိုင်က အားနာစိတ်ကို အပြုံးနှင့် ဖုံးကွယ်ရင်း စကားကို ရပ်လိုက်သည်။

'ဆောရီးပါခိုင်.... ကိုအောင်လဲ အငှားကားဆီကို အာရုံရောက်ပြီး လမ်းမကို မကြည့်လိုက်မိဘူး၊ ကိုအောင့် အမှားပါ'

'ဒါပေမယ့်.... ခိုင်က ကားကို အမြန်မောင်းခဲ့တာရယ်.... ကိုအောင် လမ်းကိုမကြည့်ဘဲ ကူးမိတာရယ်က ဒီနေ့ဆုမှာ ကောင်းသွားတယ်နော်'

'ဟင်.... ဘာကိုလဲ ခိုင်'

ကိုအောင်သူက အံ့ဩတကြီး ဆိုလိုက်သည်။

'ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအဖြစ်ကြောင့် ကိုအောင်နဲ့ ခိုင် ပြန်တွေ့ရလို့ပေါ့'

'အင်း....'

ခိုင်၏စကားကို ကိုအောင်သူ သဘော ပေါက်သွားသလို နှစ်ယောက်စလုံး ပြုံးလိုက်မိသည်။

'ကိုအောင် ပြန်တော့မလို့ မဟုတ်လား'

'ဟုတ်တယ် ခိုင်၊ လူသိပ်များများထဲ နေရတော့ ခေါင်း ကိုက်သလို ဖြစ်လာမိတယ်'

'ဒါဖြင့် ခိုင်လိုက်ပို့မယ်၊ အတူတူ ပြန်ကြတာပေါ့'

'အို.... အားနာစရာကြီး ခိုင်ရယ်၊ နေပါစေ၊ ကိုအောင် အငှားကား ခေါ်ထားတယ်'

ကိုအောင်သူက ပြောရင်း စောစောက ရပ်နေသော အငှားကားဆီသို့ လှမ်းကြည့်လိုက်သည်။

အငှားကားလေး မရှိတော့ပြီ။

'အငှားကားက ဘယ်မှာ ရှိတော့လို့လဲ ကိုအောင်၊ ခဏ နေနော် ကိုအောင်၊ ခိုင် မင်္ဂလာခန်းမထဲ ခဏဝင်မယ်၊ လ ကြီးတွေ နှုတ်ဆက်ပြီး ချက်ချင်း ပြန်လာခဲ့မယ် ဟုတ်လား'



ကိုအောင်သူ၏ အဖြေကိုပင် မစောင့်တော့ဘဲ သူမက ဟိုတယ်ခန်းမထဲသို့ အပြေးနှုန်းပါးမျှ ဝင်ရောက်ပျောက်ကွယ် သွားသည်ကိုကြည့်ရင်း ကိုအောင်သူက လေးလံသော သက် ပြင်းတစ်ချက်ကို ရှိုက်လိုက်မိပါလေပြီတည်း။ ။

* * *

လှိုင် – ၈၁၉၀

[ က ]

လမ်းဘေး ဝဲယာမှ လူနေအိမ်ခြေ အဆောက်အဦများက နောက်ဘက်တွင် ဝေး၍ ဝေး၍ ကျန်နေခဲ့ပြီ ဖြစ်သော်လည်း ရှေ့ဘက်မှ မြင်ကွင်းသစ်တို့က အစားထိုး၍ ပြေးဝင်လာကြ ပြန်သည်။

အသစ်ဘစ်သော မြင်ကွင်းတို့သည် မဆုံးနိုင်အောင် ရှိနေ ဆဲ.... ပေါ်လာလိုက်, ပျောက်သွားလိုက်, ဝေးသွားလိုက်, နီးလာလိုက်....။

လေတစ်ချက် ဝှေ့လိုက်သောအခါ ပင်ယံထက်မှ ကန့် ကော်ရွက်တို့၏ ရိုက်ခတ်သံတို့က မပီဝိုးဝါး ပေါ်လာသည်။

ခါတိုင်းဆိုလျှင် ကျောင်းသူ, ကျောင်းသားများဖြင့် စည်ကားဆဲဖြစ်သည့် အဓိပတိလမ်းမကြီးသည်ပင် ယခုတော့ အထီးကျန်ဆန်နေပြီ။

နောက်ပြီး.... သွေ့ခြောက်နေပြီ ဖြစ်သော စာသင်ခန်းများ, စားသောက်ဆိုင်များ, အဓိပတိလမ်းဘေးရှိ ခရေရိပ်က အေးမြငြိမ်းချမ်းခြင်းကို ဆောင်လျက် ရှိနေသည်။ သို့လင့်ကစား ခရေပင်အောက်ရှိ ခုံဖြူဖြူကလေးတွင် ထိုင်နေကြသော လူသားနှစ်ဦး၏ ရင်တွင်းဖိစီးနေသော ပူပြင်း လောင်မြိုက်ခြင်း ဝေဒနာကိုတော့ ခရေရိပ်သည် အေးချမ်းမှုရအောင် မတတ်နိုင်ခဲ့ပါလေ....။

'ကိုအောင် ဘယ်တော့ပြန်မှာလဲဟင်....'

'တနင်္လာနေ့မှာပါခိုင်....'

'ဒီတစ်ခါတော့ ခိုင်တို့ခွဲရတာဟာအရင်တုန်းကလိုကျောင်းပိတ်ရက် ယာယီခွဲရတာမဟုတ်ဘဲ ရာသက်ပန်ခွဲကြရမှာနော်'

'ခိုင်ရယ်....'

ကိုအောင်သူက မောလျစွာ သက်ပြင်းချလိုက်မိသည်။

'ကံတရားရဲ့စီမံချက်ကို ကိုအောင်တို့ တွန်းလှန်ပြင်းပယ်ဖို့ ခက်ခဲပါတယ်ခိုင်ရယ်'

ရှိုက်သံသဲ့သဲ့က ပျံ့လွင့်လာသည်။ ခိုင်၏ငိုရှိုက်သံက သူ့ရင်ကို စူးရှနာကြင်စေခဲ့ပြန်သည်။

'ဒီလိုဆိုရင်.... ကံတရားကို အပြစ်ပုံချပြီး ရာသက်ပန် စိတ်ဆင်းရဲရမယ့်ဘဝကို တိုးဝင်ရတော့မှာလား ကိုအောင်ရယ်....ဟင်'

'ခိုင်ရယ်....ကိုအောင်တို့ ဒီကိစ္စကို အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ပါပြီ၊ ကိုအောင်ရဲ့ဉာဏ်မီသလောက်လဲတွက်ချက်ပြခဲ့ပါပြီ၊ ခိုင်အသိဆုံးပါကွယ်၊ ရှေ့တိုးတံပိုး နောက်ဆုတ်



လှည်းတုတ်ဆိုတဲ့စကားထက် ကိုအောင်နဲ့ ခိုင်ဘဝက ပိုပြီး အကြပ်အတည်းရှိနေတယ်မဟုတ်လားခိုင်'

'တော်ပါတော့ ကိုအောင်ရယ်၊ ဒီစကားတွေကို ခိုင် အလွတ်ရနေခဲ့ပါပြီ'

သူမ၏ ငိုရှိုက်သံက ထင်ထင်ရှားရှား ပွင့်အံ့စပြုလာပြီ။

'ကိုအောင်ကယောကျ်ားပါ၊ ဒီပြဿနာမှာ ကိုအောင် စိတ်ထိမ်းနိုင် စိတ်ဖြေနိုင်မယ့် ကိုယ့်အသည်းနှလုံးကိုတောင် စွန့်လှူနိုင်မယ်ဆိုတာ ခိုင်ယုံပါပြီကိုအောင်ရယ်'

ခိုင်က ဝမ်းနည်းပက်လက် ဖြစ်လာခဲ့ပြီးထင်၏။ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ငင်ငိုကြွေးလျက် ရှိနေသည်။

'ခိုင်ရယ်....ခွင့်လွှတ်ပါတော့၊ ကအောင့်ရင်ထဲမှာလဲ ခိုင်နဲ့တပ်တူထပ်မျှ ခံစားနေရပါပြီကွယ်'

ကိုအောင်သူက သည်စကားစုကလေးကို ခိုင့်အား ပြောချလိုက်ချင်ပါ၏။ သို့သော် နှုတ်မှ မထွက်လာဘဲ ရင်ထဲမှာပင် ကျွယ်ပျောက်သွားခဲ့ရလေပြီတကား။

* * *

'ကိုအောင်ဘယ်မှာနေလဲဟင်'

မိုးပြာရောင်ဖိုးယက်ကားလေးက ပြည်လမ်းမကြီးအတိုင်း မြောက်မှတောင်သို့ အရှိန်နှင့် ပြေးလွှားလျက် ရှိနေသည်။ တရိပ်ရိပ်ကျန်နေသော လမ်းဘေးမှ အဆောက်အဦများကို

ငေးမောနေပ်ရာက အဘိတ်ဖြစ်စဉ်သို့ စိတ်အစဉ်ဝင်ရောက်လာ ခဲ့ဆဲတွင် ကိုအောင်သူက အတွေးဝင်ပေါမှ လန့်နိုးသွားရသည်။

ခိုင်ကတော့ လမ်းရှေ့ကို စူးစိုက်ကြည့်ကာ မောင်းနေဆဲ။

'အော်.... ကိုအောင် ဘာတွေများ စဉ်းစားနေလဲဟင်၊ ခိုင်မေးနေတာ သုံးခါတောင်ရှိပြီ'

'ဆော်ရီးခိုင်... ဘာပါလိမ့်'

'ကိုအောင် ဘယ်မှာနေသလဲလို့'

'ရန်ကင်း အစိုးရတိုက်ခန်းမှာပါ'

'အလုပ်ကရော'

'နေဝန်းသတင်းစာတိုက်မှာ အယ်ဒီတာပါခိုင်'

သည်နောက် စကားပြတ်သွားပြန်သည်။ ခိုင်က ရှေ့မှ ဟီးနိုးကားကိုကျော်တက်လိုက်သည်။

'သိမ်ထောင်ကျနေပြီနော်'

ကိုအောင်သူက ခိုင့်မျက်နှာကို ဖြတ်ခနဲကြည့်လိုက်မိသည်။ သူမကတော့ ကားရှေ့ကိုစူးစိုက်လျက် ရှိနေသည်။

'အင်း....'

ကိုအောင်သူက သည်လောက်ပဲဖြေရင်း မျက်စိ တူရူသို့ လှမ်းကြည့်လိုက်သည်။ ယာဉ်မျိုးစုံပြင့်ဝိုင်းကြီးပင်ပတ်ဖြစ်နေသော ကမာရွတ်အဝိုင်းကြီးကို ရှေ့တွင် လှမ်းမြင်စ ပြုနေပြီ။

တက္ကသိုလ်နေမြေသို့ ဝင်ရောက်လာပြီမို့ လမ်းဘေးတွင် စာအုပ်ကိုယ်စီဖြင့် ကျောင်းသူ၊ကျောင်းသားများကို တွေ့မြင်ရသည်။



'ကိုအောင် အချိန်ရသေးတယ်နော်၊ ကစ်ခုခုဝင်သောက်ရအောင်လား'

ကိုအောင်သူက သူမစကားကို မဖြေမိ။ ဒါပေမယ့် ကားလေးကတော့ အဝိုင်းကြီးကိုပတ်၍ ညာဘက်သို့ ချိုးကွေ့လိုက်သည်။ နောက် ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

'ဂရုစိုက်ပယ်ကဖီး'

ကိုအောင်သူက ကားပေါ်မှ ဆင်းရင်း ဆိုင်နာမည်ကို တီးတိုးရေရွတ်လိုက်မိသည်။

တစ်ချိန်က....

ဟို....ကုန်လွန်ခဲ့ပြီးဖြစ်သည့် အချိန်က သည်ဝန်းကျင်၊သည်နေရာ၊ သည်ဆိုင်သည် သူတို့ ခြေရာခြင်းထပ်မျှ ရောက်ခဲ့ဖူးသည့် နေရာပါတကား။

ဆိုင်ထဲတွင်တော့ ကျောင်းသားအချို့ ရှိနေကြသည်။

'လာ....ထိုင်လေ ကိုအောင်'

ခိုင်က ခုံတစ်လုံးတွင် ဝင်ထိုင်ရင်း ကိုအောင်သူကို ခေါ်လိုက်သည်။ နေရာက ငွေသိမ်းကောင်တာ၏ ညာဘက်စွန်းရှိ အခန်းထောင့်ချိုးမှ စားပွဲ။

ကိုအောင်သူ၏ ရင်ထဲတွင် လှုပ်ရှားရိုက်ခတ်မှုက ကြီးစိုးလျက်ရှိလာသည်။

သည်ဆိုင်၊ သည်နေရာ၊ သည်စားပွဲ။

ဟုတ်ပါသည်။ သည်နေရာတွေက သူ၏ဘဝတစ်ဆစ်ချိုးတွင် မမေ့ပျောက်၍ရနိုင်ကောင်းမည် မဟုတ်သော အဖော်တွေပဲ မဟုတ်ပါလား။

သည်စားပွဲတွင် ငယ်ကျွမ်းချစ်သူနှင့် မဆုံးနိုင်သော ချစ်စကားလုံးတွေကို သိကုံးရင်း အပျော်ဆုံးဘဝကိုတည်ဆောက်ခဲ့ကြသလို အသည်းလျှော်တွင် မုန်တိုင်းဆင်ခဲ့ရသည်မှာလည်း သည်နေရာတွေပဲ ဖြစ်ပါလေ၏။

'အော်....ဒါထက် ခိုင့်မေမေနေကောင်းရဲ့လားဟင်'

'အို....ကိုအောင်ရယ်'

ခိုင်၏မျက်နှာက ညှိုးငယ်သွားသည်။

'ကိုအောင်မသိသေးဘူးနော်၊ ခိုင့်မေမေဆုံးတာ တစ်နှစ်နီးပါး ရှိခဲ့ပြီ ကိုအောင်ရယ်'

'ဟင်....ဟုတ်လား၊ ကိုအောင်မသိဘူးခိုင်'

ကိုအောင်သူက အံ့သြစွာ ရေရွတ်ရင်း စိတ်မကောင်းစွာ ပြန်လည်ပြောမိသည်။

'ကိုအောင် ဘယ်ရောက်နေတယ် ဆိုတာ မသိတော့ အကြောင်းကြားဖို့က မလွယ်ဘူးမဟုတ်လား ကိုအောင်ရယ်'

'ဒါဖြင့် ခိုင်တို့ အရင်နေတဲ့ ရွှေတောင်ကြားလမ်းမှာပဲလား'

'မဟုတ်ဘူးကိုအောင်၊ မေမေလဲဆုံးရော ခိုင်တို့အင်းလျားလမ်းကိုပြောင်းခဲ့ကြတယ်'

'ဦးကျော်မောင်ကော....နေကောင်းရဲ့လားခိုင်'

'ကောင်းပါတယ်၊ သူကတော့အဆောက်အဦ ကန်ထရိုက်စတွေကြောင့် ရန်ကုန်နဲ့နယ် ကူးနေရတာ များပါတယ်'

'အော်....ဟုတ်လား'



ကိုအောင်သူ၏ နှုတ်မှ သည်စကားစုပဲ ထွက်လာသည်။ နောက် အသီးသီး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်စက်နေကြပြန်သည်။

'ကိုအောင်'

'ပြောပါခိုင်'

'ကိုအောင့် အမျိုးသမီးက ကျောင်းကပဲလားဟင်'

'မဟုတ်ပါဘူးခိုင်၊ မိဘတွေ ပေးစားခဲ့တာပါ'

'ဪ....'

'ကိုအောင် ကျောင်းတက်ပြီး ကတည်းက မိဘတွေ ရှိတဲ့ ပြင်ဦးလွင်မှာ ပြန်နေခဲ့တယ်၊ မိဘတွေရဲ့ လုပ်ငန်းဖြစ်တဲ့ ခြံလုပ်ငန်း ဝင်ကူလုပ်ရင်းနဲ့ အဲဒီမိန်းကလေးနဲ့ တွေ့ခဲ့ရတာပါ၊ နောက်ပိုင်း မိဘတွေက ပေးစားခဲ့ကြတယ်လေ'

ကိုအောင်သူက သူ၏အိမ်ထောင်ရေး ခရီးလမ်းကို အကျဉ်းချုံး ပြောပြနေသည်။

'ကိုအောင့်ဇနီးက ပြင်ဦးလွင်သူ ဆိုတော့ ရန်ကုန်သူတွေထက် ချောမှာပေါ့နော်'

ခိုင်က ရယ်ရယ်ပြုံးပြုံးနှင့် စကားဆိုသည်။

သို့သော် ကိုအောင်ကတော့ ဘာမှ ပြန်မပြောလိုက်မိ။

'တစ်နေ့ ကြုံကိုက်ရင် ကိုအောင့်ဇနီးနဲ့ မိတ်ဆက်ပေးအုံးနော်၊ ခိုင်က ကိုအောင့်ဇနီးကို တွေ့ချင်၊ ခင်မင်ချင်ပါတယ် ကိုအောင်ရယ်'

ကိုအောင်က ညှင်သာစွာ ခေါင်းညိတ်ပြလိုက်ရသည်။

ထိုစဉ်တွင် အငွေ့ထောင်းထောင်း ထွက်နေသော ကော်ဖီပန်းကန်က စားပွဲပေါ်သို့ ရောက်လာသည်။

ခိုင်က လက်ဆွဲအိတ်ကိုဖွင့်ကာ ပစ္စည်းတစ်ခုကို ကိုအောင်ရှေ့သို့ ချပေးလိုက်သည်။

'သောက်လေ ကိုအောင်'

ကိုအောင်က သူမမျက်နှာကို စူးစမ်းသလို ဖျတ်ကနဲ ကြည့်လိုက်မိသည်။

စားပွဲပေါ်တွင်တော့ ငါးသုံးလုံးစီးကရက်ဘူးနှင့်ရွှေခရောင် မီးခြစ်တစ်လုံး။

သည်ပစ္စည်းတွေမြင်လိုက်တော့ ကိုအောင်၏အတွေးတွေက ဝေးခဲ့ပြီဖြစ်သည့် အတိတ်ကို ဖျတ်ကနဲ သတိရလိုက်မိသည်။

'ကိုအောင်.... ရောဂါဝေဒနာ ထဲမှာ ဘယ်ရောဂါက ကြောက်စရာ အကောင်းဆုံးလဲဟင်'

'ဘာကိုဆိုလိုတာလဲခိုင်'

'ဖြစ်ရင် ကုသဖို့ခက်တဲ့ ဝေဒနာမျိုးကို ပြောတာပါ'

'ကင်ဆာတို့၊ တီဘီတို့၊ နှလုံးရောဂါတို့ပေါ့ ခိုင်ရယ်....၊ ဘာကြောင့်ပါလိမ့်'

ခိုင်၏ မေးခွန်းကို ဖြေလိုက်ရသော်လည်း ကိုအောင်သူက သဘောမပေါက်သေး။

'အဲဒီရောဂါတွေ ဘယ်က စဖြစ်တာလဲဟင်'

'အော်....ဒါလား'

ကိုအောင်သူက ပြုံးလိုက်မိသည်။



နောက် သက်ထဲတွင် တစ်ခက် ကျိုးကျနေပြီ ဖြစ်သော သောက်လက်စ စီးကရက်တိုကို ငုံ့ကြည့်ဖြစ်သည်။

ခိုင့်မေးခွန်းကို ကိုအောင်သူ သဘောပေါက်ပြီ။

သူမ ဘာကိုဆိုလိုသည်ကို နားလည်ရပြီ။

စီးကရက်ဖြတ်ရန် မကြာခဏ တိုက်တွန်းခဲ့ဖူးသော ခိုင့် စကားသံများကို အမှတ်ရလာပြန်သည်။

နောက်ပြီး စီးကရက် သောက်ခြင်း၏ အန္တရာယ်များကို လေ့လာ သုတေသနပြုကာ ထုတ်ပြန်သွားခဲ့သော ကမ္ဘာ့ ကျန်းမာရေး အဖွဲ့အစည်းများ၏ မှတ်တမ်း၊ ဆောင်းပါး များကို ခိုင် တစ်ယောက် ရှာဖွေလာကာ ကိုအောင်သူကို ဖတ်ခိုင်းမြဲလည်း ဖြစ်ပါ၏။

စီးကရက်ကို စွဲမြဲစွာ သောက်ခြင်း၏ အန္တရာယ်သည် ကြောက်မက်ဖွယ် ကောင်းသည်ကား မှန်ပါ၏။

သို့သော် ကိုအောင်သူ စီးကရက် မဖြတ်နိုင်ခဲ့။

ဓာတုဗေဒ နိုဘယ်(လ်) ဆုရ ဒေါက်တာ လင်နပ်(စ်) ပေါလင်း၏ စီးကရက်အန္တရာယ်လေ့လာချက်ဖြစ်သည့် သုတေသန စာတမ်းတွင် စီးကရက်သောက်သုံးခြင်းကြောင့်ဖြစ်ပေါ်လာရသော အသက်တိုနှုန်းဇယားသည် ကိုအောင်သူ မျက်စိထဲတွင် စွဲထင်လျက် ရှိနေခဲ့ပါ၏၊ သို့လင့်ကစား ကိုအောင်သူ တစ်ယောက် စီးကရက်သောက်ခြင်းကို မပစ်ပယ်နိုင်လေသေး။

'ကိုအောင် စီးကရက်ကြောင့် တစ်နေ့ ကျန်းမာရေး ထိခိုက်လာမယ်ဆိုရင် ဘယ်သူ စိတ်ဆင်းရဲရမလဲ သိလား'

'ခိုင်ပဲပေါ့.... မဟုတ်ဘူးလား'

ကိုအောင်သူက အပြုံးပြင့် ဖြေသည်။

'ထားပါတော့ ကိုအောင်ရယ်.... ဒီနေ့ ကိုအောင်နဲ့ ခိုင်ရဲ့ ချစ်ခရီး တစ်နှစ်မြောက်တဲ့နေ့ပဲ သိလား'

'ဟင်.... ဟုတ်လားခိုင်'

'ဟုတ်တာပေါ့၊ ကဲ ...ကိုအောင်က အမှတ်တရလက်ဆောင် ဘာပေးမလဲ'

'ဟာ.... ဆောရီးပဲ ခိုင်ရယ်၊ ကိုအောင် သတိမထားခဲ့မိလို့ ပြောပါခိုင်၊ ကိုအောင် ဘာလက်ဆောင် ပေးရမှာလဲ'

'ခိုင် လိုချင်တာကို ပေးမှာလား'

'ပေးမှာပါခိုင်၊ ကိုအောင့်အသည်းနှလုံးနဲ့ တစ်ကိုယ်လုံးကို ပေးရဦးမလား'

'ဟင်.... ခိုင်လိုချင်တာ ဒါမဟုတ်ဘူး'

'ဒါဆိုလေ.... ဘာလဲလို့'

'တကယ်နော်'

'တကယ်ပေါ့'

'ဒါဖြင့် ခိုင်လိုချင်တဲ့ လက်ဆောင်က ကိုအောင်ရဲ့ ကတိစကား'

'ပြောလေ၊ ဘာကို ကတိပေးရမလဲ'

'ကိုအောင် စီးကရက်မသောက်တော့ဘူးဆိုတဲ့ ကတိပဲ'

'ဟင်....'

ချက်ချင်း ကိုအောင်သူ ကြောင်သွားသည်၊ သူ မထင်မှတ်သော စကားရပ်ပဲ မဟုတ်ပါလား'

'ဘယ်နှယ် ကိုအောင် ကတိ မပေးနိုင်ဘူး မဟုတ်လား'



ခိုင်က အပြုံးဖြင့် ဆိုသည်။

'ပေးပါတယ် ခိုင်ရယ်.... ပေးပါတယ်၊ ကိုအောင်ဟာ ခိုင့်ထက် ဘာကိုမှ မချစ်ပါဘူး၊ ခိုင်မကြိုက်တဲ့ စီးကရက်ကို ဒီအချိန်ကစပြီး ဖြတ်လိုက်ပါပြီ'

ကိုအောင်သူက ပြောရင်း လက်ထဲမှစီးကရက်တိုကို အဝေးသို့ လွှင့်ပစ်လိုက်သည်။

သည်တော့လည်း ခိုင်၏ မျက်နှာလေးက ဝင်းထိန်သွားသလို ကြည်နူးမှုအပြုံးလေးက ပွင့်ထွက်လာသည်။

'ကိုအောင်က ခိုင့်ကို သိပ်ချစ်တာပဲနော်'

'ချစ်တာပေါ့ ခိုင်ရယ်၊ ချစ်လွန်းလို့ ရင်ထဲမှာ အမြဲ သိမ်းထားချင်ပါတယ်ကွယ်'

'ဒါတော့ ပိုလွန်းနေပြီ ကိုအောင်၊ နည်းနည်း လျှော့ဦးနော်....'

'မလျှော့နိုင်ဘူး၊ ပိုလဲ မပိုဘူး'

ချစ်သူနှစ်ဦး ကြည်နူးစွာရယ်မောလိုက်သံက လွင့်ပျံ့ထွက်သွားသည်။

'တကယ်တော့ စီးကရက်သောက်တာ ကောင်းကျိုးမပေးပါဘူးနော်၊ ခိုင့်ဖေဖေဟာ စီးကရက် အလွန်အကျွံ သောက်ခဲ့လို့ တီဘီရောဂါနဲ့ ဘဝ ဆုံးခဲ့ရတာပါ ကိုအောင်ရယ်....၊ ဒါကြောင့် ခိုင်လေ စီးကရက်ကို မုန်းတယ်....၊ ခိုင် ချစ်ခင်အားကိုးနေရတဲ့ ဖေဖေ ကို သေမင်းနိုင်ငံ ဆွဲခေါ်သွားတာ ဟာ သူပဲ၊ ဒီတော့ ကိုယ့်ရဲ့ ချစ်သူကို အန္တရာယ် မဖြစ်စေလိုတော့ဘူး'

'ခိုင်...'

စီးကရက်ကို ရှုမှုန်းနေသော ခိုင်၊ သူမ၏ဖခင် သေဆုံးရာတွင် စီးကရက်သည် အဓိကအပါဝင်သည်ဟု ယူဆနေသောခိုင်။

ချစ်သူကိုပင် စီးကရက်မသောက်ရန် တားမြစ်ခဲ့သောခိုင်။

* * *

[ ၁ ]

ယခုတော့...

ယခုတော့ သည်မိန်းကလေးသည် စီးကရက်ဘူးကို အိတ်တွင်ဆောင်၍ ကိုယ်တိုင်ပင်သောက်နေပါလေပြီကော။

'ရော့လေ ကိုအောင်'

စီးကရက်နှစ်လိပ်ကိုမီးညှိကာ တစ်လိပ်ကို ကိုအောင်သူကို လှမ်းပေးရင်း တစ်လိပ်ကို သူမကိုယ်တိုင်ပင် သန္တာရောင် နှုတ်ခမ်း ပြင်ဝယ် တပ်လိုက်သည်။ မီးခိုးငွေ့တန်းလေးက တွန့်လိမ်ကာ လေထဲလွင့်နေသည်။

ကိုအောင်သူက သက်ပြင်းချလိုက်မိသည်။

'ကိုအောင် ဆေးလိပ်မသောက်ဘူးခိုင်'

'ဟင်...



'ကိုအောင် ကျောင်းသားဘဝတုန်းက စီးကရက် ဖြတ်ပါမယ်လို့ တစ်ဦးတစ်ယောက်ကို ကတိပေးပြီးတဲ့က စီးကရက် မသောက်တော့ပါဘူးခိုင်'

'အော်...'

ခိုင့်ထံမှ တီးတိုးရေရွတ်သံက ထွက်ပေါ်လာသည်။

ထို့အတူ သူမ၏မျက်နှာက ညှိုးလျော်သွားသည်။

အတိတ်ဖြစ်စဉ်သည် သူမ၏ရင်ဝယ် အရိပ်ထင်လာပြီလား။

သည်တော့လည်း ကိုအောင်သူ စိတ်မကောင်းဖြစ်ရပြန်သည်။ သူ့စကားသည် လွန်နေပြီထင်၏။

'ခိုင့်ကိုခွင့်လွှတ်ပါ ကိုအောင်ရယ်၊ ခိုင်က ကိုအောင့်ကိုတော့ စီးကရက်ဖြတ်ခိုင်းပြီး ခိုင်ကတော့ သောက်နေခဲ့မိပြီလေ'

'မဟုတ်ပါဘူးခိုင်၊ ကိုအောင် ဘာကိုမှ ရည်ရွယ်ပြောခဲ့တာမဟုတ်ပါဘူး'

လွန်ကျူးခဲ့မိသော သူ့စကားအတွက် ကိုအောင်သူက အားနာစွာ ဆိုပါသေး၏။

'ကိုအောင်ရယ်...ခိုင့်ဘဝဟာ အထီးကျန်ဘဝပါ၊ ကိုယ့်ဒွေးရေးကို မျှော်တွေးလို့မရတဲ့ဘဝ၊ ရည်ရွယ်ချက်မရှိတော့တဲ့ဘဝပါ၊ ဒီလို ပန်းတိုင်ပျောက်နေတဲ့ဘဝမှာ အန္တရာယ်တို့၊ ဘေးခြင်းတရားတို့ဆိုတာ ခိုင့်အတွက် ရန်သူမဟုတ်တော့ပါဘူး၊ စီးကရက်သောက်လို့ ငယ်ငယ်နဲ့ သေဆုံးရရင်လဲ ခံစားနေရတဲ့ဝဋ်ဒုက္ခ မြန်မြန်ငြိမ်းရမှာပေါ့ကိုအောင်ရယ်၊ မဟုတ်ဘူးလားဟင်'

နာကြည်း ကြေးကွဲမှုပြည့်လျှမ်းသော ခိုင်၏အသံက ကိုအောင်သူ၏ရင်ကို မောပမ်းရစေခဲ့ပါ၏။

သူမ၏ ရင်ဆိုင်နေရသော ဘဝအရေးသည် ပျော်ရွှင်မှုဝေးခဲ့ပြီလား။

'ကဲပါခိုင်ရယ်....ဒီလိုစိတ်မကောင်းစရာတွေ မေ့ထားလိုက်ရအောင်၊ ပြီးတာက ပြီးခဲ့ပြီပဲ၊ ရော့....ကော်ဖီသောက်လိုက်ဦး၊ အေးကုန်တော့မယ်'

ကိုအောင်သူ သိပါ၏။

အစွန်းမလွတ်သော သူမ၏ စကားများကို ကိုအောင်သူ ရင်နင့်တမျှခံစားခဲ့ရပါ၏။ သို့ပေမယ့် ဒါတွေကို မသိယောင်ဆောင်ကာ စကားကိုဖြတ်လိုက်နိုင်ခဲ့သည်။

ကိုအောင်သူ လက်ထဲထည့်ပေးသော ကော်ဖီပန်းကန်ကို ကိုင်ရင်း ငေးနေသောခိုင့်ကို ကိုအောင်သူက စူးစိုက်ကြည့်ရင်း....

'ကိုအောင်လဲ ဆေးလိပ်ပြန်သောက်တော့မယ်လေ၊ ဒါမှ ခိုင်လဲ အဖော်ရမှာမဟုတ်ဖူးလား'

ရယ်စရာစကားကို ဆိုမိသည်။

'အို ...ကိုအောင်ကလဲ ဒီကအကောင်းမှတ်လို့'

သူမ၏ မျက်စောင်းဆန်ဆန်အကြည့်လေးက ကိုအောင်သူ၏ရင်ကို ထွင်းဖောက်ကာ အသည်းထဲတိုင်အောင် ထိုးဖောက်သွားသည်။ သည်တော့လည်း ကိုအောင်သူ မသိမသာ သက်ပြင်းရှိုက်လိုက်မိပြန်သည်။



သည်မိန်းကလေး၏ အကြည့်၊ သည်အပြုံးတို့သည် တစ်ချိန်က ဟိုး....တစ်ချိန်က သူ့အသည်းနှလုံးကို သိမ်းကျုံးပွေ့ပိုက်ခဲ့ဖူးလေပြီမဟုတ်ပါလား။

+ + +

လွင် – ၈၁၆၀

## အခန်း ( ၂ )

'ဖေဖေကြီးပြန်လာပြီ....'

'ဖေဖေကြီး ပြန်လာပြီ'

ကိုအောင်သူ အိမ်ထဲသို့ ဝင်လိုက်မိသည်နှင့် ဧည့်ခန်းတွင် ကစားနေသော သမီးလေးက ကိုအောင်သူထံ ပြေးလာသည်။

'လာလာသမီး....သမီးမေမေရော'

ကိုအောင်သူက သမီးလေး၏ ဝဝတစ်တစ်နှင့် ချစ်စရာ ကိုယ်လုံးတုတ်တုတ်ကလေးကို ပွေ့ချီလိုက်သည်။

နောက် မို့မို့ဖောင်းဖောင်းနှင့် နှင်းဆီရောင် သန်းနေသော သမီးကလေး၏ပါးပြင်ကို မွှေးမွှေးပေးလိုက်ရင်း မေး လိုက်သည်။

'မေမေရေ....မေ့မေ....ဟောဒီမှာ ဖေဖေကြီး ပြန်လာပြီ'

သမီးလေး၏ ဆည်းလည်းသံ သာသာကလေးက အိမ် နောက်ဖေးတိုင် ပျံ့လွင့်သွားသည်ထင်မိ၏။ မီးဖိုဆောင်ထဲမှ ချစ်ဇနီးအေးက အပြေးအလွှားထွက်လာသည်။



'ဟော....ဟော... သမီးကလုပ်ပြီကွယ်၊ ဖေဖေကြီးကိုယ် ပေါ် အက်ျီချွတ်ပါစေဦးသမီးရယ်...နော်၊ လာ....လာ မေ မေ့ဆီလာ'

ဖအေက သမီးကိုပွေ့ပိုက်၍ သမီးကဖအေ၏ လည်ပင်းကို ...င်းဖက်လျက်ရှိသည်ကို တွေ့ရသည်မို့ အေးက သမီးကို ချော့ခေါ်ခြင်းဖြစ်သည်။

'ဖေဖေကြီး မုန့်ပေးဦး၊ ဒီနေ့ သမီးဖို့ ဘာမုန့်ပါလဲဟင်'

'ဟယ်.. ဒုက္ခပဲ'

ကိုအောင်သူက ယောင်ရမ်းညည်းညူမိသည်။

'ဘာလဲမောင်....ဘာဖြစ်လို့လဲဟင်'

ကိုအောင်သူ၏ မျက်နှာကိုကြည့်ကာ အေးကိုယ်တိုင်ပင် ...လန့်တကြားဖြစ်သွားမိသည်။

'မုန့်လေ....မုန့်ပေါ့အေးရဲ့၊ ဒီနေ့ သမီးလေးအတွက် မုန့် ...ယ်ဖို့မေ့သွာတယ်ကွယ်'

'အော်....မောင်ရယ်'

အေးကတော့ ဒါလောက်ပဲ နှုတ်ကထွက်သွားသည်။ 'ဒါ ...မယ့် သမီးလေး မုန့်စားတတ်သည့် အရွယ်မှစ၍ ယနေ့ထိ ...လုပ်မှပြန်တိုင်း မုန့်ဝယ်ရန် ပျက်ကွက်ခြင်း၊ မေ့လျော့ ...င်းမရှိသေး၊ သမီးလေးကိုယ်တိုင်ပင် ဖအေအလုပ်က ပြန် ...င်း သူမဖို့မုန့်ပါလေ့ရှိသည်ကို သိရှိနေပြီ။ ဖေဖေကြီး ပြန် ...လျှင် မုန့်တစ်မျိုးမျိုး စားရမည်ဟူသော အသိစိတ်ပင် ...နေပြီဖြစ်၏။

'မောင်လဲ မေ့နေတယ်အေးရယ်၊ နောက်ပြီး အသိ တစ်
ယောက် ကားကြုံနဲ့ လိုက်လာတာ၊ လမ်းထိပ်မှာချပ်ပြီး ဆင်း
လာလို့ မုန့်မဝယ်နိုင်တာပါ'

သမီးလေး၏ ညှိုးငယ်နေသော မျက်နှာကို ကြည့်ကာ ကို
အောင်သူက စိတ်မကောင်းစွာဖြင့် ဆိုသည်။

'အို....မောင်ရယ်၊ တစ်ခါတစ်လေတော့လဲ မေ့မှာပေါ့
အိမ်မှာ မုန့်ရှိသားပဲ၊ လာပါသမီးရယ် ဒီနေ့ မေမေကျွေးတဲ့
မုန့် စားနော်'

အေးက သမီးကို ချော့မော့လိုက်သည်။

'မစားဘူး.... မစားဘူး၊ ဖေဖေကြီး ဝယ်လာတဲ့ မုန့်မှ
စားမယ်၊ ဖေဖေကြီး မုန့်မဝယ်ရင် သမီးကလဲ သီချင်းဆို
မပြဘူး သိလား'

သမီးလေး စိတ်ကောက်သွားပြီထင်၏၊ သန္တာရောင် နှုတ်
ခမ်းလေးစူ၍ တဖက်သို့ လှည့်သွားသည်။

'ကဲပါ.... ဖေဖေကြီး ဝယ်ကျွေးမယ်နော်၊ ဘာသီချင်း
ဆိုပြမလဲ သမီးလေးရဲ့'

'ဪ.... ဒီနေ့ သမီးတို့ကျောင်းက သီချင်းသစ်သင်ပေး
လိုက်တယ်တဲ့၊ အဲဒါ ဖေဖေကြီးလာရင် ဆိုပြမယ်လို့ ပြော
နေတာ မောင်ရဲ့'

အေးက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်လား သမီးလေး'

ဒီလိုဆိုပြန်တော့လည်း သမီးလေးက ခေါင်းညိတ်ပြလ
သည်။



'ကဲ....ကဲ.... ဖေဖေကြီး လမ်းထိပ်က ဆိုင်မှာ မုန့်သွားဝယ်မယ်၊ သမီးလေး မေမေ့ဆီ ခဏသွားနေနော်၊ ဖေဖေကြီး ပြန်လာရင် သီချင်းဆိုပြရမယ်၊ ဟုတ်လား သမီးလေး'

ခုတော့ သမီးလေးမျက်နှာက ပြုံးပန်းဝေလာသည်။

'သမီးကလဲကွယ် ဖေဖေကြီး မလာလာတာကို ခိုင်းပြန်ပြီ'

အေးက ဝင်ပြောရင်း ကိုအောင်သူလက်မှ သမီးကို ယူချီလိုက်သည်။

'နေပါစေ အေးရယ်....၊ ဒါမောင့်အပြစ်ပါ....၊ မောင့်ပျက်ကွက်မှုပါ၊ ကလေးက ဘာသိမှာလဲကွယ်'

ကိုအောင်သူက လမ်းထိပ်ဘက်သို့ ထွက်လာသည်၊ သည်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် ခိုင်နှင့်လာတွေ့နေသည်၊ သည်တော့လည်း သူမနှင့် လိုက်လာမိသည်၊ တစ်ချိန်က သူတို့နှစ်ယောက် တစ်ပူးတွဲတွဲ ခြေချခဲ့ဖူးသည့် လှည်းတန်းထိပ်မှ လက်ဘက်ရည်ဆိုင်တွင် ဝင်၍ စကားစမြည် ပြောကြသည်၊ ထို့မှ သူမက ကိုအောင်သူတို့ လမ်းထိပ်ထိ ကားဖြင့် ပို့ခဲ့သည်။

ဤသည်ပင်လျှင် တခါစဉ် ပျက်ကွက်ခြင်းမရှိသည့် သမီးလေး အတွက် မုန့်ဝယ်ရန် တာဝန်ပင် မေ့လျော့ပျက်ကွက်ခဲ့ရခြင်း ဖြစ်ပါချေ၏။

ကုန်လွန်ခဲ့ပြီးသည့် အတိတ်မှ အကြောင်းရပ်တစ်ခုအတွက် ပစ္စုပ္ပန်အခွင့် တာဝန်ပျက်ကွက် မေ့လျော့ခြင်း ကိုတော့ ကိုအောင်သူ စိတ်မကောင်း ဖြစ်ရပါလေသည်။

ကိုအောင်သူက သမီးလေးအတွက် လက်ဘက်ရည်ဆိုင်မှ ကိတ်မုန့်တစ်ချပ် ဝယ်၍ ပြန်လာသောအခါ သမီးလေးက တံခါးဝမှ အသင့်စောင့်ကြိုလျက် ရှိနေသည်။

'ရော့.... သမီးလေးစားဖို့'

ကိုအောင်သူက မုန့်ထုပ်ကို သမီးလက်ထဲသို့ ထည့်ပေးလိုက်ရင်း သမီးလေးကို ပွေ့ချီလိုက်သည်။

'သမီးလေး သိချင်းဆိုပြမယ်နော်'

သမီးလေးက မုန့်ထုပ်ကိုကိုင်ကာ ပြောလာသည်။

'သမီးလေးရေ....'

အေးက မီးဖိုခန်းထဲမှ ထွက်လာသည်။

'ဖေဖေကြီး ရေချိုးပါစေအုံး သမီးလေးရယ်၊ ထမင်းစားပြီးမှ ဆိုပြနော်.... ဟုတ်လား'

အေးက သမီးလေးကို ပြောရင်း ကိုအောင်သူ၏ ကိုယ်မှ အပေါ်အင်္ကျီကို ချွတ်ကာ အင်္ကျီချိတ်တွင် ချိတ်လိုက်သည်။

'မောင် ရေချိုးတော့လေ၊ အေး ထမင်းပွဲ ပြင်လိုက်မယ်နော်...'

* * *

[ က ]

'ကျွန်မနာမည်က ချိုသဲအေးပါရှင်....၊ ကျွန်မ ဆိုပြမယ့် သီချင်းကတော့ ဖိုးလသော်တာသီချင်း ဖြစ်ပါတယ်'



သမီးလေး၏နှုတ်မှ ငွေဆည်းလည်း သံသာသာကလေးက ည့်ခန်းထဲဝယ် ပျံ့လွင့်လာသည်၊ ပန်ကာလေအရှိန်ကြောင့် သူမ၏ ကိုယ်လုံးပေါ်တွင် ဝတ်ထားသော ပန်းနုရောင်ဂါဝန် တိုတိုကလေးက တဖျတ်ဖျတ်လွင့်လျက် ရှိနေသည်။

ကိုအောင်သူနှင့် အေးကတော့ နှစ်ယောက်ထိုင် ကြိမ်ခုံပေါ်တွင် ယှဉ်တွဲထိုင်ရင်း သူတို့ရှေ့မှ အမူအရာဖြင့် သီချင်းဆိုပြမည့် သမီးလေးကို ငေးစိုက် ကြည့်နေမိကြသည်။

သမီးလေးက လေးနှစ်ပင် မပြည့်တတ်သေး၊ ဒါပေမယ့် ကိုယ်ခန္ဓာ ထွားကြိုင်းသည်၊ ကျန်းမာသန်စွမ်းသည်၊ နောက်ပြီး 'မူကြို' ကျောင်းတွင် တက်နေပြီ ဖြစ်သဖြင့် သွက်လက်ဖျတ်လတ်သည်၊ စကားတတ်သည်။

နံနက် ၉-နာရီတွင် ကျောင်းမှ ကားလာ ခေါ်သည်၊ ညနေ ၄-နာရီတွင် ကျောင်းကားဖြင့် ပြန်ပို့သည်။

သမီးကို မူကြိုကျောင်းပို့မည်ဆိုတုန်းက အေးက ကန့်ကွက်ခဲ့သေးသည်။

'မောင်ရယ်.... ဒီ သမီးလေး တစ်ယောက်ထဲရှိတာ အေး ကြည့်နိုင်ပါတယ်၊ ကျောင်းပို့ဖို့ဆိုတာ ငယ်ပါသေးတယ်နော်'

'အေးကလဲကွာ သမီးလေးက အိမ်မှာ ကစားဖော်ရှိတာ မဟုတ်ဘူးကွဲ့၊ တစ်ယောက်တည်း နေတဲ့ အကျင့် စွဲသွားရင် ကြီးလာတော့ ပတ်ဝန်းကျင်နဲ့ ပေါင်းတဲ့အခါ အနှောက်အယှက် ဖြစ်နိုင်တယ်၊ နောက်ပြီး မူကြို ကျောင်း ထားတဲ့ အကျိုးက ကျောင်းစထားတဲ့အခါ အထောက်အကူ ပြုနိုင်တယ် မဟုတ်လား'

ကိုအောင်သူက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

သည်လိုဆိုတော့လည်း အေးက သဘောတူ ခေါင်းညိတ်ခဲ့ရပါလေသည်။

သမီးလေးကား မူကြိုကျောင်းတွင် အချိန်မှန်စား၊ အချိန်မှန်အိပ်၊ အချိန်မှန် ကစားရသောအခါ ကျန်းမာ ဖွံ့ဖြိုးလာခဲ့သည်။

နောက်ပြီး ငါးနှစ်ပြည့်၍ အတန်းကျောင်းပြောင်းသောအခါ အထောက်အကူ ဖြစ်စေမည့် သီချင်းနှင့် ကဗျာများ၊ အသိဉာဏ် ဖွံ့ဖြိုးစေမည့် ပုံပြင်ကလေးများကို သင်ကြားပေးသည်၊ သည်တော့ သမီးလေး၏ အသိဉာဏ်ဖွံ့ဖြိုးမှု ကလည်း တိုးလာခဲ့သည်။

ကျောင်းတွင် ကဗျာသီချင်းများသင်ရတိုင်း သမီးလေးက အိမ်တွင် ပြန်လည်ဆိုပြမြဲ ဖြစ်သလို ကိုအောင်သူနှင့် အေးတို့ကလည်း သမီးလေးကိုကြည့်ကာ မိဘမေတ္တာ စိမ့်စိမ့်လွှမ်း၍ ပီတိသန်းစမြဲပါတည်း။

'ကျွန်မနာမည်က ချိုသဲအေးပါရှင့်၊ ကျွန်မ အခုဆိုပြမယ့် သီချင်းက 'ဖိုးလသော်တာ' သီချင်း ဖြစ်ပါတယ်'

သမီးလေးက သီချင်းစဆိုရန်အတွက် အမူအရာဖြင့် အစပျိုးလိုက်သည်။

ဒါကတော့ သူတို့ကျောင်းတွင် သင်ကြားပေးလိုက်သည့် နည်းစနစ်ပဲ ဖြစ်ပေမည်။



'ဖိုးလသော်တာ.... ကြယ်အများနဲ့....
အရှေ့ဖျားက.... ထွက်လို့လာ....
ရွှေ့ကာရွှေ့ကာ.... သူလျှောက်သွားတော့....
ဝါးရုံပင်နား.... ရောက်လို့လာ....
ဝါးရွက်ညိုညို... ကြိုအကြားက....
မျက်နှာထားကြီး.... ပြုံးလို့သာ....
ထမင်းဖြူဖြူ.... ဆီကိုဆမ်းလို့....
ရွှေလင်ဗန်းနဲ့.... ပေးခဲ့ပါ....
ပေးခဲ့ပါ.... ပေးခဲ့ပါ....'

သီချင်း ပြီးသွားသောအခါ ကိုအောင်သူနှင့် အေးက လက်ခုပ်လက်ဝါး တီး၍ ချီးကျူးပေးလိုက်သည်။

'ကျေးဇူး တင်ပါတယ်ရှင်....'

သည်တော့လည်း သမီးလေးက ဦးညွှတ် အရိုအသေပေးကာ ကိုအောင်သူဆီသို့ ပြေးလာသည်။

'သမီးလေးက သိပ်တော်တာပဲကွယ်၊ ကဲ.... နားလိုက်ဦးနော်၊ သမီးလေး မောနေပြီ'

ကိုအောင်သူက ပြောရင်း သမီး၏ ဝကစ်ကစ် ကိုယ်ကလေးကို ကောက်ယူပွေ့ချီကာ ပါးဖောင်းကလေးနှစ်ဖက်ကို မွှေးလိုက်သည်။

ကြည်နူးဖွယ် ညချမ်းပါတည်း။

\+ \+ \+

## အခန်း (၃)

'စောစောက ဆရာ့အတွက် ဖုန်းလာတယ်၊ ဆက်သူက မလွဲလွဲခိုင်တဲ့၊ ဆရာရောက်ရင် ပြန်ဆက်ဖို့ မှာသွားပါတယ်၊ ဟောဒါက သူပေးခဲ့တဲ့ ဖုန်းနံပါတ်ပါ'

သည်နေ့ ကိုအောင်သူ နောက်ကျနေသည်၊ သတင်းစာတိုက်ရောက်တော့ ၁၁ - နာရီထိုးလုပြီ၊ သူ၏ အလုပ်စားပွဲတွင် ဝင်ထိုင်လိုက်သည်နှင့် ခေတ်ပုံသတင်းထောက် လှမြိုင် အနားရောက်လာကာပြောရင်း တယ်လီဖုန်းနံပါတ်ပါစာရွက်ကလေးတစ်ရွက်ကို ကမ်းပေးလာသည်။

'ဩော်.... မလွဲလွဲခိုင်တဲ့လား'

ကိုအောင်သူက တီးတိုး ရေရွတ်လိုက်ရင်း သူ့ရှေ့မှ တယ်လီဖုန်းကလေးကို လှမ်းကြည့်လိုက်မိသည်၊ သို့သော်.... တယ်လီဖုန်းကို မထိကိုင်ရသေးမီပင် ငေးငိုင် တုံ့ဆိုင်းမှုက သူ့ကို လှမ်းမိုးလာသည်။

နောက်ဆုံးတော့... ကိုအောင်သူက ကြိမ်ကုလားထိုင်နောက်မှီဝယ် နှမ်းယိလိုက်မောစွာ မှီချလိုက်ရင်း ရှည်လျားသော ပင့်သက်တစ်ချက် ရှိုက်လိုက်မိချေပြီတည်း။



ကိုအောင်သူ၏ စားပွဲပေါ်တွင်ကား သူ ရွေးချယ်တည်းဖြတ်ရမည့် သတင်းများက စုပုံနေသည်၊ ယနေ့အမီ ပေးရမည့် အလုပ်ပဲ ဖြစ်သည်။

ဒါပေမယ့် ကိုအောင်သူ စိတ်အာရုံသည် လုပ်ငန်းတာဝန်ပေါ်သို့ မရောက်လေသေး၊ သူ့အာရုံဝယ် ခိုင်၏ မျက်နှာ, ခိုင်၏ အပြုံး, ခိုင်၏ အသံတို့သည် ထင်ဟပ် ရစ်ဝဲလျက် ရှိနေသည်။

ထာဝစဉ် ပျော်ရွှင်ခြင်း, တက်ကြွခြင်းတို့ဖြင့် ပြည့်လျှမ်းလျက်ရှိသော သူ့ဘဝထဲသို့ ခိုင်တစ်ယောက် ဝင်ရောက်လာသည့် နောက်ပိုင်းမှစ၍ ကိုအောင်သူတစ်ယောက် အတိတ်ဝက်ပါဝယ် ချာချာလည်ခဲ့ရသည့်တည်း။

ဘာမှ ကြာသေးသည် မဟုတ်....။

ခိုင်နှင့် အင်လျားကန်ဟိုတယ် မင်္ဂလာပွဲ၌ တွေ့ဆုံရသည်မှာ နှစ်လပင် မရှိတတ်သေး၊ သည်ရက်ပိုင်းတွင် ခိုင်နှင့် လူချင်း တစ်ခါပဲ ဆုံရသော်လည်း ခိုင်က လေးကြိမ်မျှ ဖုန်းဆက်ခဲ့သည်မို့ တယ်လီဖုန်းလိုင်းဝယ် လေးကြိမ်မျှ စကားပြောဖြစ်ခဲ့သည်။

'ခိုင်ဟာလေ ရှေ့ဘုံပေါ်မှာထိုင်ပြီး လို, တ, ရ ပြည့်စုံနေတဲ့ ဘဝပါ ကိုအောင်၊ ဒါပေမယ့်.... ပျော်ရွှင်မှု, စိတ်ချမ်းသာမှု ဆိုတာကတော့ ခိုင့်အပါးက ထွက်ပြေးခဲ့တာ ကြာခဲ့ပါပြီလေ၊ အဲဒီလို အထီးကျန်ဆန်ပြီး ပျော်ရွှင်မှု ဆိတ်သုဉ်းနေတဲ့အချိန်မှာ ခိုင့်ဘဝကို နားလည်နိုင်တဲ့ ကိုအောင်နဲ့ တွေ့လိုက်ရတော့ သိပ်ဝမ်းသာမိတယ်၊ ပျော်လဲ ပျော်ခဲ့မိပါတယ်၊

ခိုင့်ရင်ထဲမှာ ဆို့ပိတ်နှစ်မွန်းနေတဲ့ ဝေဒနာတွေဟာ တစ်ဦးတစ်ယောက်ကို ခွဲဝေဖွင့်ဟလိုက်ရင် ခိုင့်မှာ ခံစားမှု လျော့မလားလို့လဲ စိတ်ကူးယဉ်မိပါတယ် ကိုအောင်၊ ဒါပေမယ့်.... လမင်းအဘော်တာကို တမ်းတ ငိုကြွေးနေတဲ့ ကလေး တစ်ယောက်ရဲ့ဘဝကို ခိုင် တည်ဆောက်နေတာ မဟုတ်ပါဘူး ကိုအောင်ရယ်....'

နောက်ဆုံး ဖုန်းဆက်စဉ်က ခိုင်က သူမ၏ ဘဝတစ်စိတ်တစ်ဒေသကို ဖွင့်ဟ ပြခဲ့သေး၏။

သည့်တော့လည်း ကိုအောင်သူ စိတ်မကောင်း ဖြစ်ခဲ့ရပြန်သည်။

ဒါပေမယ့် ... ပြန်လည် ဆက်စပ်၍ ရှိနိုင်မည်မဟုတ်တော့သည့် ဘဝနှစ်ခုအတွက်ကိုတော့ ကိုအောင်သူ စိတ်ကူးမယဉ်တော့ပေ။ စိတ်ကူး မယဉ်မိအောင်လည်း သူက ကြိုးစားခဲ့သည်။

ကိုအောင်သူက ခိုင်၏ ကိုယ်ကျင့်တရားကို ယုံကြည်ခဲ့သလို သူ၏ စိတ်ထိန်းချုပ်မှု အပိုင်းကိုလည်း စိတ်ချခဲ့ပါ၏။

သို့လင့်ကစား ပတ်ဝန်းကျင် ရိုက်ခတ်မှု ဂယက်ကိုတော့ ကိုအောင်သူ မျက်ခြည်မပျက်ပါလေ၊ ဒါကြောင့်လည်း ခိုင်နှင့် ပတ်သက်လျှင် သတိကြီးစွာ ထားခဲ့လေသည်။

ခိုင်နှင့် မတွေ့အောင် ရှောင်သည်၊ စကားလက်ဆုံ ကျလောက်သည့် အဆင့်ထိ အခွင့်အရေးမပေး၊ ဒါပေမယ့်... သတင်းစာတိုက်သို့ ဖုန်းဆက်လာသော ခိုင့်ကိုတော့ သူ မတားမြစ်နိုင်ခဲ့သလို ခိုင်နှင့် ပတ်သက်သော အတိတ် ကမ္ဘာဝယ်



ရှစ်ဝဲကူးလူးနေတတ်သည့် သူ့စိတ်အစဉ်ကိုလည်း ထိန်းချုပ်နိုင်အား မရှိသည်က အမှန်ပါတည်း။

ခိုင်နှင့် ပတ်သက်လာလျှင် ညီမောင်သည် ပါဝင်လာမြဲ၊ ညီမောင်အကြောင်း တွေးမိသည်နှင့် ခိုင့်အလှ၊ ခိုင့်အပြုံး၊ ခိုင့်အသံကိုသည် သူ့ထံပါးသို့ ဝန်းရံလာခဲ့ပြန်ပြီကော။

* *

[ က ]

တက္ကသိုလ်နယ်မြေသည် ငြိမ်သက်စ ပြုလေပြီ။

စာကျက်နေသော ကျောင်းသားအချို့၏ အခန်းများ၌ မီးရောင် မရှိလေတော့၊ ကိုအောင်သူက လက်ထဲမှ စာအုပ်ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်၊ နောက်... လက်ပတ်နာရီကို ကြည့်လိုက်သည်။

'၁ – နာရီတောင် ထိုးတော့မှာပါကလား'

နှုတ်မှ ရေရွတ်ရင်း သူ့ဘေးမှ ခုတင်ကို မျက်စိရောက်သွားသည်။

ညီမောင်တစ်ယောက် ယခုတိုင် ပြန်မရောက်သေးကြောင်း ကိုအောင်သူ သတိပြုလိုက်မိသည်၊ ညီမောင်နှင့် ကိုအောင်သူမှာ အတန်းတူ ဘာသာတွဲတူရုံမက တစ်ခန်းတည်း အတူနေသော ခင်မင်ရင်းနှီးသည့် မိတ်ဆွေ သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။

သူတို့နှစ်ယောက် ပေါင်းသင်းမိသော်လည်း ဝါသနာချင်း က တူကြသည် မဟုတ်ပါလေ၊ တက္ကသိုလ်နယ်မြေသို့ နယ် ပေါင်းစုံ, အဆင့်အတန်း ပေါင်းစုံမှ လူပေါင်းစုံက စုဝေး လာကြသည့် ရည်ရွယ်ချက်ကတော့ ပညာ သင်ကြားရန်ပ ဖြစ်ပါ၏။

သို့ဖြစ်လင့်ကစား တက္ကသိုလ်နယ်မြေဝယ် ကျင်လည်မိကြ သောအခါ အသီးသီး မိမိ ဝါသနာပါရာ လုပ်ငန်းကလေး များ တွဲဖက်လာကြတော့သည်။

အားကစားအသင်း, ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအသင်းနှ မြို့နယ် အသင်းအဖွဲ့များတွင် လည်းကောင်း၊ ကျောင်းသား သမဂ္ဂစသော အသင်းအဖွဲ့များတွင် လည်းကောင်း ပါဝ လှုပ်ရှားကြသလို, မိန်းကလေးဆောင်များဘက်သို့ ခြေဦး လှည့်သူများ, အသည်းခွဲတမ်း ကစားနေကြသူများ, အတန်း မှ အပြဲလစ်၍ ရုပ်ရှင် ပြဇာတ်များတွင် အချိန်ကုန်နေသူမျာ နှင့် ကျောင်းစာမှလွဲ၍ ဘာဆို ဘာမှ စိတ်မဝင်စားသော စာကြမ်းပိုးများ စုံလှပါ၏၊ တကယ်တော့ တက္ကသိုလ်နယ မြေသည် ကမ္ဘာငယ်ကလေး တစ်ခုအလား တင်စားလောက် ပါပေသည်။

ညီမောင် နှင့် ကိုအောင်သူက တစ်တန်းတည်း, တစ ဘာသာတည်း, တစ်ခန်းတည်း နေ၍ ခင်မင်ရင်းနှီးကြပေမ ဝါသနာချင်းက မတူပါလေ၊ ကိုအောင်သူက ကျောင်းစာ လွဲ၍ ဘာကိုမှ စိတ်မဝင်စားသော စာကြမ်းပိုးတစ်ယောက ဖြစ်သလို, ညီမောင်ကလဲ သူ၏ အသင်းအဖွဲ့ လုပ်ငန်းမှလွဲ



ဘာကိုမှ စိတ်မဝင်စားသည့် တက်ကြွလွန်းသော တပ်ဦးခေါင်း ဆောင် တစ်ဦးပါတည်း။

သို့သော်.... သူတို့နှစ်ယောက်က တစ်ယောက် ဝါသနာကို တစ်ယောက် ဝင်ရောက်စွက်ဖက်ခြင်း, ဝေဖန်ခြင်း မပြုခဲ့ကြ။

တစ်ခါတစ်ခါတွင် စာမကြည့်, အတန်းမှန်အောင် မတက် ဘဲ အသင်းကိစ္စများတွင် အချိန်ပြည့်လုပ်နေသော ညီမောင် အတွက် ကိုအောင်သူ စိတ်ပူလာသည်။

သည်တော့လည်း မနေနိုင်တော့။

'သူငယ်ချင်း ညီမောင် မင်းလုပ်ငန်းကို ငါစွက်ဖက်တာ တော့ မဟုတ်ပါဘူးကွာ၊ မင်းလုပ်ချင်ရာလုပ်ပါ၊ ဒါပေမယ့် အတန်းမှန်အောင်တက် စာတော့ကြည့်ပါလားကွာ၊ စာမေး ပွဲကတော့ နီးလာပြီးမဟုတ်လား'

သည်လိုအခါမျိုးတွင် ညီမောင်တစ်ယောက် ခေါင်း ထောင်လာသည်၊ ကိုအောင်သူ၏ မျက်နှာကို စေ့စေ့ကြည့် လာသည်။

'ဒီမှာအောင်သူ၊ မင်းအမြင်ဟာ ကျဉ်းလွန်းပါတယ်ကွာ၊ မင်းပတ်ဝန်းကျင်ဟာ ဆရာနဲ့ကျောင်းသူ၊ ကျောင်းသားတွေ၊ နောက်ပြီး မင်းရည်ရွယ်ချက်က စာမေးပွဲအောင်ဖို့၊ မင်းဘဝ ဟာ စာသင်ခန်းနဲ့စာအုပ်ကြားမှာ ရှိနေပါသေးတယ် သူငယ် ချင်း၊ မင်းဟာ ကျောင်းပရဝုဏ်နဲ့ စာသင်ခန်းတွေ ပြင်ပကို ကြည့်လိုက်စမ်းပါကွာ'

ညီမောင်က စကားကို ခေတ္တရပ်ခါ အိတ်ထဲမှ ဆေးပေါ့ လိပ်ကို ထုတ်ယူဖွာရှိုက်လိုက်သည်။

'အေး.. မင်း ဘာတွေမလဲသိလား'

ညီမောင်က ဆေးလိပ်ကိုအားပါးတရဖွာရှိုက်ရင်းစကား ပြန်ဆက်သည်။

'ငါ့သား၊ ငါ့မယား၊ ငါ့ဆွေမျိုးနဲ့ ငါ့အတွက်ဆိုတဲ့ ကိုယ်ကောင်းစားရေးဝါဒတွေကို ရှေ့တန်းတင်ပြီး အနှစ် (၄၀) တည်မြဲရမယ်လို့ ကြွေးကြော်နေတဲ့ လက်တစ်ဆုပ်စာ လူတစ်စုကိုတွေ့ရမှာဘဲ၊ ဒီလို မိမိကိုတည်မြဲရေးအတွက် သူတို့အော်ဟစ်နေချိန်မှာ ဟိုသေ့၊ တို့သား၊ တို့များရဲ့ တောနေတောင်သားဆင်းရဲသားတွေကတော့ မငြိမ်းချမ်းတဲ့ကာလ၊ ပြည်တွင်းစစ်ရဲ့ သားကောင်ဘဝမှာ အသက်ကိုစွန့်လွှတ်၊ သောကကိုခါးစီးပြီး မျက်ရည်ကို အဖော်ပြုနေကြရရှာတယ် အောင်သူ'

ညီမောင်က မီးသေသွားပြီးဖြစ်သည့် ဆေးပေါလိပ်ကို မီးထပ်ညှိလိုက်ချိန်တွင် ကိုအောင်သူက ညီမောင့်မျက်နှာကို တအံ့တသြစိုက်ကြည့်နေမိသည်။

'အေး....အဲဒီလို တို့မိ တို့ဖတွေဟာ လက်တစ်ဆုပ်စာ နိုင်ငံရေးသမားတစ်စုရဲ့ချယ်လှယ်မှု၊ သွေးစုတ်မှု၊ နှိပ်စက်ညှင်းပမ်းမှုကို ခါးခါးသီးသီး ခံစားနေချိန်မှာ ငါဟာ ဘွဲ့ထူး၊ ဂုဏ်ထူး၊ ရာထူးနဲ့ ဂုဏ်ပကာသနတွေကို မျှော်ကိုးပြီး စာသင်ခန်းထဲမှာ ထိုင်မနေနိုင်ဘူး အောင်သူ၊ အချောင်သမားလမ်းကို မလိုက်နိုင်ဘူး၊ လိုအပ်လာရင် စာအုပ်နဲ့ခဲတံအစား ကျည်ဆံနဲ့သေနတ်ကို ကိုင်သင့် ကိုင်ရမှာကွ'

'ဘုရား....ဘုရား....'



ကိုအောင်သူက ညီမောင့်မျက်နှာကိုကြည့်ကာ ဘုရားတ လိုက်မိသည်။

ဒါ...ဒါ...ကျောင်းသားတစ်ယောက်ရဲ့စကား၊ ကျောင်းသားတစ်ယောက်ရဲ့ အတွေးအခေါ်မှ ဟုတ်ပါလေစ။

ကိုအောင်သူက ညီမောင်၏မျက်နှာကို တအံ့တသြ ကြည့်ရင်း အသံမထွက်ဘဲ ရေရွတ်လိုက်မိသည်။

မှန်ပါသည်။

တကယ်တော့ ညီမောင်သည် နိုင်ငံရေးသမားတို့၏ ကျားကွက်တွင် သားကောင်ဘဝသို့ ရောက်ရှိခဲ့ရပြီဖြစ်ကြောင်းကိုတော့ ကိုအောင်သူသာမဟုတ် ညီမောင်ကိုယ်တိုင်ပင် မသိသေးယောင်တကား။

'ဒေါက် .. ဒေါက်...'

'ဒေါက်....ဒေါက်'

ညီမောင့်အကြောင်း စဉ်းစားနေရာမှ တံခါးခေါက်သံကြောင့် ကိုအောင်သူ ထိုင်ရာမှထလိုက်သည်။

ညီမောင်ပြန်လာပြီးဖြစ်ကြောင်း ကိုအောင်သူသိလိုက်ပြီ၊ သည်အခန်းကို နှစ်ချက်တွဲစီနှစ်ခါခေါက်ခြင်းသည် ကိုအောင်သူနှင့် ညီမောင်သာ နားလည်သော သင်္ကေတဖြစ်သည်။

တစ်ခါတစ်ရံ သူတို့နှစ်ယောက် တစ်ယောက်ယောက်အပြင်သွားနေစဉ် တံခါးခေါက်ကာ အခန်းထဲဝင်၍ နောက်နောက်ပြောင်လှော့ရှိသော သူငယ်ချင်းများ၏ရန်ကို ကာကွယ်သောအားဖြင့် သူတို့နှစ်ဦးသာ နားလည်သော တံခါးခေါက်နည်းကို အသုံးပြုရခြင်းသာဖြစ်သည်။

သည့်လို သဘော်တနှင့်ကျတော့ သူတို့ အယောင်ဆောင်၍ င်ရောက်လာသော သူငယ်ချင်းများ၏ နှောက်ယှက်မှုများမှ ပြောင်းလွတ်ခဲ့ကြတော့သည်။

ယခု...

ကော တံခါးခေါက်သံကြားသည်နှင့် ညီမောင်မှန်း သိလိုက်၍ ထ ခါးဖွင့်လိုက်သည်။

'ဟော....'

တံခါးပွင့်သွားသည်နှင့် ညီမောင်က အတွင်းသို့ တိုးဝင်လာကာ တံခါးကိုပြန်ပိတ်သည်။ နောက် သူ့ကုတင်ဆီသို့ လျှောက်သွားကာ ကုတင်အောက်မှ အဝတ်အစားထည့်သော သံသေတ္တာကို ဆွဲယူထုတ်ပြန်သည်။

'ညီမောင်....သူငယ်ချင်း ဘာဖြစ်လာတာလဲဟင်....'

ရေကြီးသုတ်ပြာဖြစ်လာသော ညီမောင်ကို ကိုအောင်သူက ဦးစမ်းသလိုကြည့်ရင်း ပြောလိုက်သည်။ ညီမောင်က ဘာမှ ပြန်မပြောသေးပဲ သူ၏အဝတ်အစားအချို့နှင့် စာအုပ်အချို့ ကို လွယ်အိတ်တစ်လုံးထဲပြောင်းထည့်နေသည်။

သည်တော့ ကိုအောင်သူက အလိုက်သိစွာဖြင့် သူ့ကုတင် ပြန်သွားကာ ညီမောင်၏လှုပ်ရှားမှုကို ကြည့်နေလိုက်ရသည်။

သေတ္တာကို ကုတင်အောက်ပြန်သွင်း၊ လွယ်အိတ်ကို အိပ်ရာပေါ်တင်ပြီးသောအခါ စာအိတ်အချို့နှင့် စာရွက်များကို မီးရှို့ပြာချနေပြန်သည်။

နောက်ပြီး သူ့စာကြည့်စားပွဲတွင်ထိုင်ကာ စာရေးလျက် ရှိနေသည်။



စာရေးသည်က ငါးမိနစ်ပင် မကြာလိုက်၊ စာရွက်ကို ခေါက်ပြီးသောအခါ သူ၏အပြုအမူကို တအံ့တသြ ငေးနေသော ကိုအောင်သူ၏ကုတင်ပေါ်သို့ လာထိုင်သည်။

သူငယ်ချင်း အောင်သူ'

ညီမောင်၏အသံက ခပ်အုပ်အုပ် ထွက်လာသည်။

'ပြောပါသူငယ်ချင်း'

ကိုအောင်သူ၏မျက်နှာကို စူးစိုက်ကြည့်ရင်း ပြောသည်။

ညီမောင်မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ စို့နေသည်ကို တွေ့နေရဘည်။

'ငါ....ဒီက ခဏရှောင်နေရမယ်'

ညီမောင်က ပြောရင်း ကော်ကိုင်းမျက်မှန်ကို ချွတ်ကာ ျက်နှာပေါ်မှ ချွေးစများကို သုတ်လိုက်သည်။

'ဟင်...ဘာ....ဘာဖြစ်လို့လဲ'

ကိုအောင်သူက တအံ့တသြကြီး မေးလိုက်သည်။

'အေးကွာ....ဒီကိစ္စအပြည့်အစုံလဲ မင်းမသိတာဘေးကင်း ပါတယ်၊ ဒါပေမယ့် သဘောလောက်တော့ ပြောပြမယ်၊ ဒီလိုကွ စစ်ဆင်းရေးတစ်ခုမှာ ရန်သူဘက်က စာရွက်စာတမ်း တစ်ချို့ကို သိမ်းဆည်းရမိခဲ့တယ်၊ အဲဒီ စာရွက်စာတမ်းမှာ နာမည်ပါတဲ့လူတွေကို ရဲကလိုက်ဆွဲနေတယ်၊ ငါနဲ့ လုပ်ဖော်ကိုင်ဘက်အချို့လဲ ပါသွားပြီ၊ တစ်ချို့လဲ ရှောင်တိမ်းသွားကြပြီ။ ငါ့ဆီကိုလဲ အချိန်မရွေး ရောက်လာနိုင်တယ်'

'ဒါဖြင့် မင်းနာမည်လဲ ပါနေပြီပေါ့'

'ဟုတ်တယ်သူငယ်ချင်း၊ ရွှေမှာလုပ်စရာတွေ အများကြီး
သေးတယ်၊ ငါထောင်ထဲဝင်ပြီး အချိန်မဖြုန်းနိုင်ဘူး၊ ဒါ
ကြောင့် ရှောင်တိမ်းရတော့မယ်'

'ဖြစ်ရလေ သူငယ်ချင်းရယ်၊ မင်းတို့ဟာ ကျောင်းသား
ရေးရာမှာဟုတ်ဘော့ဘဲ တောတွင်းကလူတွေနဲ့ ပတ်သက်မှုတွေ
ရှိနေပါရော့လားကွာ'

'အောင်သူ....ဒါတွေကို ဆွေးနွေးမနေပါနဲ့တော့ကွာ၊ မင်း
အကူအညီတစ်ခုပေးနိုင်မလား'

'အကူအညီ ဟုတ်လား'

'ဟုတ်တယ် အောင်သူ ဒါပေမယ့် မင်းအန္တရာယ်ဖြစ်ရမယ့်
ကိစ္စ မဟုတ်ပါဘူး၊ အင်းလျားဟောက ငါ့ညီမဆီကို ဟော
စာကလေး သွားပေးဖို့ပါပဲကွာ'

သီမောင်က ပြောရင်း စောစောက ရေးထားသော စာ
ရွက်ကို ကိုအောင်သူလက်ထဲ ထည့်လိုက်သည်။

'ကဲ.... ဖတ်ကြည့်ပါအုံး၊ မင်းကို ထိခိုက်မှု မရှိဘူးဆိုတာ
တွေ့ရမှာပါ'

'ဟာ .. မဟုတ်တာ သူငယ်ချင်းရာ၊ မင်းနဲ့ပတ်သက်လာရင်
ငါကူညီပါ့မယ်၊ မင်းနဲ့ငါဟာ အယူအဆခြင်း မတူပေမယ့်
ညီအစ်ကိုရင်းတမျှ ချစ်ကြတာ မင်းအသိပါကွာ'

'မဟုတ်ဘူး အောင်သူ၊ မင်းက လူအေးလူရိုး စာကိုသာ
ကရှုစိုက်သူ၊ ငါ့ကြောင့် မင်းဒုက္ခဖြစ်စရာကို ငါ မခိုင်းရက်
ဘူး၊ ကဲကွာ.... စာကို ဖတ်လိုက်စမ်းပါ၊ ငါ့အဖို့ အချိန်ဟာ
အရေးကြီးပါတယ်ကွာ'



သည်တော့လည်း ကိုအောင်သူက မနေသာတော့၊ စာ
ခေါက်ကို ဖြန့်ကြည့်လိုက်သည်။

ညီမလေး....

ကိုကို ကိစ္စတစ်ခုနဲ့ ခရီးထွက်သွားတယ်၊ အဆင်
ပြေရင် ရောက်ကဲ့နေရာက စာရေးလိုက်မယ်၊ ကိုကို
မှာချင်တာက ညီမလေး လိမ်လိမ်မာမာနေဖို့နဲ့ မေမေ့
စကားကိုလည်း နားထောင်ဖို့ပဲ၊ ကျောင်းမှာ ကိစ္စ
ကြီးငယ်ရှိရင် ကိုကိုအချစ်ဆုံး သူငယ်ချင်းဖြစ်တဲ့ ကို
အောင်သူကို ဖွင့်ဟတိုင်ပင်နိုင်တယ်၊ ကိုကိုနဲ့ပတ်သက်
လို့တော့ မေမေ စိတ်မကောင်း မဖြစ်အောင် ကြည့်
ပြောထားပါ။

'ကိုကို'

'အဲဒီစာကို အင်းလျားဟောက ငါ့ညီမဆီကို သွားပေး
ပေးပါကွာ၊ ညီမာလး နာမည်နဲ့လိပ်စာလဲ စာရွက်ကျောမှာ
ရေးထားတယ်'

'ပေးပေးပါ့မယ်ကွာ၊ စိတ်ချပါ သူငယ်ချင်း'

ကိုအောင်သူဆီမှ စကားထွက်လာသောအခါ ညီမောင်က
ကိုအောင်သူ၏လက်ကို လှိုက်လှဲစွာ ကိုင်နှုတ်ဆက်လာသည်။

သုံးနှစ်ကျော်မျှ အတူနေခဲ့ရသော သူငယ်ချင်းကိုကြည့်ရင်း
ကိုအောင်သူ၏ ရင်ထဲတွင် ဆို့နင့်သွားမိသည်။

'ဒေါက်....ဒေါက်....ဒေါက်'

ထိုစဉ်တွင် အခန်းတံခါးကို ရုတ်တရက်ခေါက်သံကြောင့် ကိုအောင်သူ ရင်ထဲတွင် တုန်သွားသလို ညိုမောင် ကိုယ်တိုင်လည်း မျက်နှာပျက်သွားသည်။

'ညိုမောင်.... အောင်သူ ဘာလုပ်နေသလဲ၊ မီးမပိတ်သေးဘူးလား'

အဆောင်မှူးပါလား။

မီးရောင်မြင်သဖြင့် တံခါးခေါက်လိုက်ခြင်းဖြစ်သည်၊ ခုမှ ကိုအောင်သူ စိတ်အေးသွားရသည်။

'ဟုတ်ကဲ့ဆရာ....စာကျက်နေလို့ပါ၊ ခုပဲမီးပိတ်အိပ်မလို့ပါ'

ကိုအောင်သူက ပြောစဉ် ညိုမောင်က မီးခလုတ်ကို ပိတ်ချလိုက်သည်။

အဆောင်၏ စင်္ကြံ တစ်လျှောက် လျှောက်သွားသော ဆရာ၏ ဖိနပ်သံ တစတစ ပျောက်ကွယ်သွားသည်။

'သူငယ်ချင်း အောင်သူ၊ ဒီည ငါ ဒီအခန်းမှာ အိပ်လို့မဖြစ်ဘူး၊ ပုလိပ်က အချိန်မရွေး ရောက်လာနိုင်တယ်'

'မင်း ဘယ်မှာ အိပ်မှာလဲဟင်'

'ငါ သူငယ်ချင်း တစ်ယောက်ရဲ့ အခန်းမှာ သွားအိပ်မယ်၊ ကဲ....ငါသွားမယ် သူငယ်ချင်း'

'စိတ်ချကွာ၊ မင်းခိုင်းတဲ့တာဝန်ကို ငါ ဆက်ဆက်ဆောင်ရွက်လိုက်ပါမယ်'

ညိုမောင်က လွယ်အိတ်ကို လက်မှဆွဲရင်း တံခါးဂျက်ကို ဖွင့်လိုက်သည်၊ နောက် စင်္ကြံတစ်လျှောက် အကဲခတ်ကာ အပြင်သို့ ထွက်လိုက်သည်။



'ဂွတ်ဘိုင်.... သူငယ်ချင်း'

ညိုမောင်က ကိုအောင်သူ၏ ပခုံးကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း စင်္ကြံတစ်လျှောက် သွက်လက်စွာ လျှောက်သွားသည်၊ ကိုအောင်သူက စိတ်မကောင်းစွာဖြင့် ခေါင်းကို မသိမသာ ရမ်းခါနေမိချိန်တွင် ညိုမောင်၏ ခြေသံက တဖြည်းဖြည်း ဝေး၍ဝေး၍ သွားခဲ့ပြီတည်း။

* * *

[ ၁ ]

အတွေးမျှင်က လှစ်ကနဲ ပျောက်သွားသည်၊ သူ့ရှေ့က တယ်လီဖုံးက စူးစူးရှရှ မြည်ကြွေးနေဆဲ၊ ကိုအောင်သူက တယ်လီဖုံး စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်၊ သည်တော့မှ တတီတီ အော်မြည်နေသံက ရပ်သွားသည်။

'အောင်သူ ပြောနေပါတယ်'

'ကိုအောင်'

ကိုအောင်သူ မှတ်မိသောအသံက ဖုန်းလိုင်းအတိုင်း စီးဝင်လာသည်။

'ခိုင်လားဟင်....'

'ဟုတ်ပါတယ် ကိုအောင်'

'မနက် ခိုင်ဆက်သေးတယ်ဆို....'

'၁၀ – နာရီကျော်တာတောင် ကိုအောင်က မရောက်သေးဘူး'

'ဒီနေ့ ကိုအောင် ၁၁ – နာရီမှ ရောက်တယ် ခိုင်'

'ခုလဲ အကြာကြီး ခေါ်နေရတယ်'

'ဆောရီးပါခိုင်၊ အကြောင်းထူး ရှိလို့လား'

'သိပ်တော့ အရေးမကြီးလှပါဘူး၊ ဒါပေမယ့်.... ဒီလ ၂၅ – ရက်ဟာ ခိုင့် မွေးနေ့လေ'

'ဩြော်....'

'အဲဒါ ခိုင့်မွေးနေ့ လုပ်မလို့ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး ရင်းနှီးတဲ့ မိတ်ဟောင်း ဆွေဟောင်းတွေနဲ့ ပြန်လည်ဆုံတွေ့တဲ့ သဘောပါ'

'အင်း.... အင်း....'

'အဲဒီနေ့ ကိုအောင် လာခဲ့ရမယ်နော်'

'.... .... .... ....'

'ကိုအောင် နားထောင်နေလားဟင်'

'ပြောပါခိုင်.... နားထောင်နေပါတယ်'

'ကိုအောင် လာမယ်နော်'

'လာနိုင်အောင် ကြိုးစားပါ့မယ်'

'ဆက်ဆက်ကို လာရမှာနော်.... နောက်ပြီး ကိုအောင့်ဇနီးလေးလဲ ခေါ်လာခဲ့ပါလားဟင်'

'ဒါတော့ ခွင့်လွှတ်ပါခိုင်၊ အေးကလဲ အိမ်ကိစ္စတစ်ဖက်၊ သမီးကတစ်ဖက်နဲ့ မအားလှပါဘူး'



'ဒီလိုဆိုလဲ ကောင်းပါပြီလေ၊ အဲဒီနေ့ ညနေ ၆ – နာရီလောက် စ,မှာနော်'

'မှတ်မိပါပြီလေ'

'ခိုင် ကားလွှတ် ခေါ်ခိုင်းလိုက်မယ်နော်'

'နေပါစေ၊ ကိုအောင်က တစ်ခါတလေ မိုးချုပ်တဲ့အထိ အလုပ်ဆင်းရတာ၊ အဲဒီနေ့ အလုပ်များနေရင်လဲ အားတဲ့အချိန် လာရမှာမို့ပါ၊ ကိုအောင့်ဘာသာ အငှားကားနဲ့ လာခဲ့ပါ့မယ်'

'ဆက်ဆက်နော်.... ကိုအောင်'

'အင်းပါ'

ကိုအောင်သူက တယ်လီဖုန်းချပြီးသည်နှင့် ရှေ့စားပွဲပေါ်မှ တည်းဖြတ် ရွေးချယ်ရန် ရောက်ရှိနေသော နယ်သတင်းများကို လှမ်းကြည့်လိုက်မိသည်။

ယခုအချိန်ထိ မိမိတာဝန်ရှိနေသော အလုပ်များကို လုံးဝမကိုင်တွယ်ရသေးပါတကား။

\+ \+ \+

## အခန်း (၄)

မိုးညိုပြီးကာစ ငါးသုံးလုံး စီးကရက်တစ်လိပ်ကို လေးကြိမ်
မြောက် ချေမွလိုက်မိပြန်သည်။

ပန်းခက်ပန်းနွယ်တို့ဖြင့် လှပစွာ မွမ်းမံထားသော ငွေ
သား စစ်စစ် ဆေးလိပ် ပြာခံခွက်ကလေးထဲတွင်တော့ စီး
ကရက်တိုရှည်တို့သည် မွမွကျဲလျက် ရှိနေသည်။

ခိုင်က လေးလံစွာ သက်ပြင်းချလိုက်ရင်း အိပ်ရာပေါ်သို့
လှဲချလိုက်သည်။

ဟိုတုန်းက ကုန်လွန်ခဲ့ပြီဖြစ်သည့် ကာလတုန်းက ရင်ထဲ
ဝယ် ငြိတွယ်လာသည့် ဝေဒနာတစ်ရပ်ကို မေ့ပျောက်နိုင်
အောင် ကြိုးစားနေဆဲမှာပင် ဝေဒနာသစ်တစ်ရပ်က အလည်
ရောက်လာပြန်ချေပြီ။

ကိုအောင်...။

ဟုတ်ပါသည်၊ အသည်းနှလုံးပါ ပုံ၍ ချစ်ခဲ့ရသော ချစ်
ဦးသူ ကိုအောင်နှင့် သည်ဘဝ, သည်အခြေကျမှ ပြန်လည်
တွေ့ဆုံရခြင်းသည်ပင် ဝေဒနာဟောင်းသည် ပြန်လည် အသစ်
ဖြစ်ခဲ့ရခြင်း မည်ပါချေ၏။



ဖြူဖွေးနေသော ခြင်ထောင်အမိုးတွင် ကိုအောင်၏ အရိပ်
ပုံလွှာသည် ထင်ဟပ်လျက် ရှိနေသည်၊ ခိုင်က မျက်လုံးအစုံကို
မှိတ်လိုက်သည်၊ သည်တော့လည်း ခံ့ညား တည်ကြည်၍
ယောကျ်ားကောင်း ပီသသော ကိုအောင့် မျက်နှာသည်
ပျောက်ကွယ်မသွားလေသေး။

အင်းလျားကန် ဟိုတယ်တွင် အမှတ်မထင် ဆုံမိကြပြီး
ကတည်းက ကိုအောင်သည် သူမဘဝထဲသို့ ဝင်ရောက်လာခဲ့
လေပြီ ထင်၏၊

သူမကလည်း ဆက်စပ်၍ ရနိုင်မည်မဟုတ်သော အဝန္နစ်ခု
အတွက် ဝေဒနာသစ်တစ်ရပ်နှင့် စိတ်မောဖွယ်ရာ ကျ ကာတစ်ရပ်
မပွင့်လိုပါတော့။

ဒါပေမယ့် ။

ဒါပေမယ့် ကိုအောင်နှင့် ပတ်သက်သော အကြောင်းရပ်
တို့သည် သူမ ထံပါးဝယ် ရွေ့ပါမသွားလေခဲ့။

အဆုံးဆိုရသော် အတွေးအာရုံ၌ မပူးနှောင်နိုင်သည့်ကာ
လ၊ မျက်စိမှိတ်၍ အိပ်စက်သည့်ကာလမှာပင် ကိုအောင်တစ်
ယောက် အိပ်မက်ကမ္ဘာသို့ အလည် ရောက်လာခဲ့သေးသည်
တကား။

ခိုင်တစ်ယောက် အတွေးကွန်ယက်တွင် ရုန်း၍မထွက်နိုင်
သောအခါများစွာတွင် ကိုအောင်နှင့် ပထမဆုံး စတင်ဆုံတွေ့
ရသည့်နေ့ကိုလည်း အမှတ်တရရှိနေဆဲ။

သည်တုန်းက...

အဲဒီနေ့တုန်းက....

ညနေပိုင်းတွင် ဖြစ်သည်။

'ခိုဒီရေ ခိုင်....ဟေ့...မိခိုင်'

နာမည်ကိုခေါ်ကာ တံခါးကို တစ်ဘုန်းဘုန်းပုတ်နေသည်မို့ ခိုင်က တံခါးထဖွင့်ပေးလိုက်ရသည်၊ သူငယ်ချင်း နော်ကူဖောက တံခါးဝတွင်ရပ်နေသည်။

'မိခိုင် နင့်ဧည့်သည် ဧည့်ခန်းမှာရောက်နေတယ်'

'ဧည့်သည် ဟုတ်လား'

ခိုင်က ဇဝေဇဝါနှင့်ဆိုသည်၊ သူ့အတွက်ဆိုတော့ ဘယ်သူများဖြစ်နေမလဲ။

'ယောကျ်ားလား၊ မိန်းမလားဟေ့'

ခိုင်က နော်ကူဖောကိုမေးလိုက်သည်။

'အောင်မယ်လေး.. ရှည်ကျောလိုက်တဲ့ကောင်မနှယ်နော်၊ ယောကျ်ားဟဲ့ ယောကျ်ား၊ ရုပ်ချောချောခန့်ခန့်ညားညားနဲ့ပါရှင့်၊ နာမည်က ဘာတဲ့.... အဲ....ကိုအောင်သူဆိုလား'

နော်ကူဖော ပြောပြောဆိုဆို ထွက်သွားသည်။

ဘယ်သူပါလိမ့်....

သည်နာမည်က သူ့အသိထဲတွင် မရှိ။

သူငယ်ချင်းဖြစ်သူကလည်း နောက်ပြောင်ခဲ့ခြင်းတော့ ဟုတ်ဟန်မတူ။

နောက်ဆုံး ခိုင်က မှန်ရှေ့တွင် ခေတ္တမျှထိုင်ကာ ပါးကွက်ကျားလိမ်းထားသော ပါးပြင်ပေါ်မှ သနပ်ခါးကွက်များကို ညှိကာ ရေညှိရောင်တက်ထရှန် ပြောင်လုံချည်ကို လဲသည်။



ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသည့် ထက်ထရှန်အဖြူရောင် အလောက်(စ်)အကျႌကိုတော့ မလဲလေတော့။

ဧည့်ခန်းထဲတွင် ဧည့်သည်များနှင့် ကျောင်းသူများက ညံစည်ကားကား ရှိနေသလို စကားပြောသံများကလည်း အခန်းပြင်ပသို့ပင် လျှံထွက်နေသည်။

ခိုင်က လှေကားထိပ်တွင်ရပ်ရင်း ဧည့်ခန်းထဲရှိ ပုဂ္ဂိုလ်များကို မျက်လုံးဝင့်ကြည့်လိုက်သည်၊ ဧည့်ခန်းဘက်သို့နောက်ခိုင်းကာ အပြင်သို့ငေးကြည့်နေသူ တစ်ယောက်မှလွဲ၍ အခြား ဧည့်သည်များမှာ အသီးသီး စကားပြောနေသည်ကို တွေ့ရသည်။

ခိုင်ရပ်နေဆဲမှာပင် ထိုသူက လှေကားဘက်ကို တစ်ချက် ဝင့်ကြည့်လိုက်ပြန်သည်၊ နောက်အပြင်ဘက်သို့ ပြန်လှည့်သွားသည်။

ဧည့်ခန်းထဲရှိ ချောင်ကျကျနေရာများတွင် ချစ်သူမောင်နှံတို့ တီးတိုးစကားဆိုနေကြသည်လည်း ရှိသည်၊ သည်လိုမြင်ကွင်းများဘက်သို့ မျက်နှာမူရမည်ကို ထိုသူသည် ရှက်ရွံ့ မျက်နှာပူနေပုံရနေသည်၊ မိန်းကလေးဆောင်များကို ယခင်က ရောက်ဖူးဟန်မတူသည့်ဟန်မျိုးက ရှိနေသည်။

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း ယောကျ်ားပီသသော ကိုယ်အမူအရာဖြင့် ပြည့်စုံကာ ပီရိသောနှုတ်ခမ်း၊ ညှို့မှောင်းသောမျက်လုံး၊ ရိုးသားတည်ကြည်ပုံရသော မျက်နှာပိုင်ရှင်က အတွင်းဘက်သို့ မျက်လုံးတစ်ချက် ဝင့်လိုက်ပြန်သည်။

သည်တော့ ခိုင်နှင့် မျက်လုံးချင်း ဆုံမိသွားသည်။ သူ
ခိုင်ဘက်သို့ လျှောက်လာသည်။

'ကျွန်တော် မလဲ့လဲ့ခိုင်နဲ့ တွေ့ချင်လို့ပါ၊ ကျေးဇူးပြုပြီး

'ကျွန်မ လဲ့လဲ့ခိုင်ပါ၊ ခိုင့်ကိုတွေ့ချင်တယ်ဆိုတာ'

'အို....ဟုတ်ပါတယ်၊ ကျွန်တော် အောင်သူပါ၊ ကို
မောင်နဲ့ တစ်ခန်းဘည်းနေတဲ့သူငယ်ချင်း'

'အော် ကိုကို့ သူငယ်ချင်းလား၊ ကိစ္စရှိလို့လားဟင်....

အစ်ကို့ သူငယ်ချင်းဆိုတော့ ခိုင်က ရဲရဲတင်းတင်းဖြစ်သ
သည်။

'မလဲ့လဲ့ခိုင်အတွက် ကိုညီမောင်က စာတစ်စောင် ပေ
လိုက်ပါတယ်၊ နောက်ပြီး မလဲ့လဲ့ခိုင်နဲ့ ခဏလောက် လူ
လွတ်လပ်လပ်စကားပြောစရာလည်း ရှိပါတယ်'

သူက ပတ်ဝန်းကျင်ကို မျက်စိဝေ့ကြည့်ရင်း အသံတိုးတိုး
ဖြင့် ပြောသည်။

'လွတ်လွတ်လပ်လပ်....ဟုတ်လား'

ခိုင်က မေးလိုက်သည်။

'ဆော်ရီးပါ မလဲ့လဲ့ခိုင်၊ တစ်ခါမှမတွေ့ဖူးဘဲ ဒီစကား
မျိုးပြောမိတာခွင့်လွှတ်ပါ၊ ကိစ္စက ဒီလိုနေရာမျိုးမှာ မပြော
သင့်လို့ပါ၊ ကျွန်တော့်ကိစ္စလဲ မဟုတ်ပါဘူး၊ သူငယ်ချင်း ညီ
မောင့်ကိစ္စသာဖြစ်ပါတယ်'

'ကိုကို့ ကိစ္စ... ဟုတ်လား....'

ခိုင့်မျက်နှာတွင် ပူပန်မှုအရောင်ကလေး လက်ခနဲဖြစ်သွား
သည်။



'ဒီမှာ ညီမောင်ပေးခိုင်းတဲ့စာ၊ ဖတ်ကြည့်ပါဦး'

'ဒီမှာပဲ အနည်းအကျဉ်း ပြောကြတာပေါ့လေ'

ခိုင်က စာခေါက်ကလေးကို ဖြန့်ဖတ်လိုက်သည်။ စာဆုံး
သောအခါတွင် စိုးရိမ်ပူပန်မှုက မျက်နှာငယ် အထင်အရှား
ပေါ်နေသည်။

ခိုင်က ကိုအောင်သူမျက်နှာကို စူးစိုက်ကြည့်လိုက်မိသည်။
ယုံကြည်ကိုးစားထိုက်သော လူမျိုးဖြစ်ကြောင်း သူမ ဆုံးဖြတ်
မိလိုက်သည်။

'လာလေ ကန်းစောင်းဘက်လျှောက်ရင်း ပြောကြတာ
ပေါ့နော်'

ခိုင်ကဦးဆောင်ကာ ရှေ့မှထွက်သွားသောအခါ ကိုအောင်
သူက နောက်မှလိုက်သွားခဲ့ရတော့သည်။

အင်းလျားကန်စောင်းတွင်တော့ လမ်းလျှောက်နေသော
ကျောင်းသူ၊ ကျောင်းသားအချို့မှလွဲ၍ လူရှင်းနေပေပြီ။

ကိုအောင်သူက ညီမောင်၏ အဖြစ်အပျက်များကို သူသိ
သလောက် ပြောပြသည်။

'တကယ်တော့ သူဟာ ညတွက်ကိန်း မှန်သွားတယ်ပေါ့
လေ၊ ညကသာ ကျွန်တော့်အခန်းထဲမှာအိပ်ရင် အဖမ်းခံရပြီ
ပေါ့၊ မိုးမလင်းမှီမှာပဲ ရဲတွေလာရှာကြသေးတယ်'

ခိုင်၏ မျက်နှာလှလှလေး ပေါ်တွင် သောကရိပ်များက
ယှက်သန်းလျက်ရှိနေသည်။

'ကိုကို့အတွက် ခိုင်သိပ်စိတ်ညစ်ရတာဘဲကိုအောင်သူရယ်၊
မေမေသာ ဒီအကြောင်း ကြားသိရင်တော့ ရင်ကွဲရပြီ'

'မလဲ့လဲ့ခိုင် မေမေ့ကိုအကုန်မပြောဘဲ ခရီးထွက်တယ်လောက်ပဲ ပြောထားပေါ့၊ မဟုတ်ဖူးလား'

'ခုတော့ ဒီလိုပဲ စဉ်းစားမိပါတယ်လေ၊ ခိုင်တို့မှာက ဒီသားအမိသုံးယောက်ပဲရှိပါတယ်ရှင်၊ မေမေဟာ ကိုကို့ကို သိပ်ချစ်တယ်၊ သူတော်ကောင်း ဖြစ်စေချင်တယ် ဒါပေမယ့် ကိုကိုဟာ ဒီလိုဘဝကို မရောက်ခဲ့ပါဘူး ကိုအောင်သူရယ်'

ခိုင်ကပြောရင်း အင်းလျားရေပြင်ကို အမှတ်မထင်ငေးနေမိသည်။ ကန်ရေ၏ ဟို...အဝေးဝေးနေရာတွင်တော့ ရွက်လှေဖြူဖြူကလေးက လွင့်လျက်ရှိနေသည်။

'မလဲ့လဲ့ခိုင်တို့ဖေဖေရော'

'ဖေဖေဆုံးတာ တစ်နှစ်ကျော်ပါပြီ၊ ဖေဖေရှိတုန်းကတော့ ခိုင်တို့စီးပွားရေးက တည်ငြိမ်ခဲ့ပါတယ်၊ ဖေဖေက အဆောက်အဦ ကန်ထရိုက်တာပါ၊ ရုတ်တရက်ဖေဖေဆုံးသွားတော့ ခိုင်တို့မှာ ဖေဖေစုဆောင်းထားတဲ့ ငွေလေးပစ္စည်းလေးကို ထုခွဲစားသောက်ခဲ့ရပါတယ်'

'တက္ကသိုလ် ရောက်နေပြီး ဖြစ်တဲ့ ခိုင်တို့ မောင်နှမက ကျောင်းထွက်အလုပ်လုပ်မယ်ဆိုတာတောင် မေမေက ကန့်ကွက်ခဲ့တယ်၊ သားနဲ့သမီးကို ဘွဲ့ရအောင် ပညာသင်စေမယ်လို့ မေမေကကြေးကြော်ခဲ့သေးတယ်၊ ကိုကို့ကို မေမေက သိပ်အားထားတယ်၊ ဘွဲ့ရလို့ ကျောင်းထွက်ရင် ကိုကအမေနဲ့ညီမကို တာဝန်ယူစောင့်ရှောက်တဲ့ အချိန်ပဲလို့ မေမေက ဂုဏ်ယူမျှော်လင့်နေခဲ့တာကလား'



'တကယ်တော့ ကိုကိုဟာ မေမေမျှော်လင့်သလို ဂုဏ်ယူထိုက်တဲ့ သားကောင်းတစ်ယောက် ဖြစ်မလာခဲ့ပါဘူးရှင် ...'

အုံဆိုင်းယှက်မိုးနေသော သစ်ပင်ကြီးများဆီသို့ ကျီးငှက်တို့က အိပ်တန်းတက်ရန် တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသည်။

အမှောင်ရိပ်သည် ယှက်သန်းစပြုနေပြီ။

'မလဲ့လဲ့ခိုင် စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့တော့ ပြန်ကြရအောင်နော်၊ တကယ်လို့ အကူအညီလိုရင်လဲ ကျွန်တော့်ကို အစ်ကိုရင်းတစ်ယောက်လို သဘောထားပြီး တိုင်ပင်ပါ၊ ပြောပါ...ဟုတ်လား'

'ဒီလိုကြားရတာ ဝမ်းသာပါတယ်ရှင်၊ ခိုင့်ဆီကိုလဲ လာလာပါနော်'

သူတို့နှစ်ယောက် အဆောင်ဘက်သို့ ပြန်လျှောက်လာကြသည်။

'ဒီတစ်ခါ ကိုအောင်သူလာလည်ရင် မြင်မြင်ခြင်း သိနိုင်ပါပြီနော်'

စောစောက အဆောင်တွင် တစ်ယောက်နှင့်တစ်ယောက် မြင်နေသော်လည်း မသိဖြစ်ရပုံကို ခိုင်က ရည်ညွှန်းလိုက်ခြင်းဖြစ်သည်။

'ဟုတ်ပါရဲ့ဗျာ၊ ကျွန်တော့်တွက်ဆမှုမှားခဲ့တာပါ'

'ဘာကိုပါလိမ့် ကိုအောင်သူ'

'အော်...ညီမောင်ရဲ့ညီမဟာ ညီမောင်နဲ့တူရမယ်လို့မျှော်လင့်ထားတာကို...ခုတော့'

ညီမောင်က အသားညိုညို၊ အရပ်ရှည်ရှည်၊ သည်ကြားထဲ ကောင်ကိုင်မျက်မှန်တပ်၍ ပင်နီအင်္ကျီ ပိုသီပတ်သီနှင့် ရှိသော အခါ ဒညာသားရုပ်ပေါက်နေသည်။

ညီမောင့်ညီမသည် ညီမောင်နှင့် အနည်းအများတော့ တူစရာရှိသည်ဟု ထင်မှတ်ထားခဲ့သည် မဟုတ်ပါလော။

'ဆက်ပြောပါဦး ကိုအောင်သူ'

ခိုင်က ပြုံး၍ စကားထောက်ပေးလိုက်သည်။ ဒါပေမယ့် ကိုအောင်သူနှုတ်က ဆွံ့အသလို ဖြစ်နေသည်။

ဝင်းဝါ စိုပြည်နေသော အသား၊ ပျို့မြစ်နုနယ်သော အရွယ်၊ လှပနုနယ်သောမျက်နှာ၊ ညှို့ခတ်ပါသော အပြုံး၊ အလှခယ်ရှုံးလောက်သော ကိုယ်ခန္ဓာအလှ၊ ကြကြရှရှရှိသော ဟန်မူရာ၊ တကယ်တော့ ဖြစ်မျိုးမှမထင်သော သူမ၏အလှကို ကိုအောင်သူ ဖွဲ့မပြတတ်ပါလေ၊ ဖွဲ့ဆိုပြနိုင်သည်ထား သူ့နှုတ်ခမ်းက သည်စကားမျိုးပြောရဲလေမည် မဟုတ်။

'ဒီလိုပါ....ညီမောင်ညီမဟာ ညီမောင်နဲ့မတူတော့ ကျွန်တော်မသိပဲဖြစ်သွားတာပါ'

ကိုအောင်သူ၏ ဆက်စပ်မှုမရှိသောစကားကို ခိုင်က အပြုံးဖြင့် နားထောင်နေသည်။

'ကိုကိုက ခိုင်ဒီအဆောင်မှာရှိတယ်ဆိုတာ တစ်ခါမှမပြောဘူးလား'

'သူ့မှာ ညီမရှိတယ်ဆိုတာတောင် မနေ့ညကမှ သိရတာပါ ညီမောင်ကတော့ သူ့အသင်းအဖွဲ့က လွဲလို့ ဘာကိုမှမပြော၊ ဘာကိုမှစိတ်မဝင်စားတဲ့သူမှဟုတ်ပါဘူးလေ'



ကျောင်းဆောင်၏ဂိတ်ဝသို့ ရောက်လာသောအခါ နှစ်ယောက်စလုံး ရပ်တန့်လိုက်ကြသည်။

'ကျေးဇူးတင်ပါတယ် ကိုအောင်သူ၊ နောက်လဲ လာသည်ပါ၊ ကိုကိုနဲ့ပတ်သက်တဲ့ကိစ္စ ကြားရင်လဲ သိပါရစေနော်....'

'ကောင်းပါပြီ မလဲ့လဲ့ခိုင်၊ သွားမယ်နော်

## ထင် - ဝ၁၆ဝ

[က]

ခိုင်၏မျက်နှာပေါ်ဝယ် အပြုံးရိပ်ကလေးက ထင်ဟပ်လာသည်။

ကိုအောင်နှင့် စတင်တွေ့ရသော နေ့ကို စဉ်းစားမိလေတိုင်း ရှိုးသားသော ကိုအောင့်ဟန်ပန်ကိုမြင်ယောင်နေမြဲပင်။

သည်နောက်ပိုင်းတွင်တော့ ကိုအောင်နှင့်မကြာခဏ တွေ့ဖြစ်ကြသည်။ ကိုကို့သတင်းကို ပြောဆိုစုံစမ်းသည်လည်း ရှိကြသည်၊ ဘာသာရပ်အခက်အခဲများကို ကိုအောင့်ထံမှ အကူအညီတောင်းရသည်လည်း ရှိသည်။

သူတို့၏ ရင်းနှီးခင်မင်မှုက တစ်နေ့ထက်တစ်နေ့ တိုးလာသည်။ ကိုအောင်သည်ပင် ခိုင်တို့အိမ်သို့ ဝင်ထွက်စ ပြုနေပြီ၊ မေမေကိုယ်တိုင်ကလဲ သား၏သူငယ်ချင်းဖြစ်သည့် ကိုအောင့်

ကိုသားရင်းတစ်ယောက်ပမာ ဆက်ဆံလာသည်၊ ရင်းရင်းနှီးနှီးတိုင်ပင်သည်၊ အကြံတောင်းသည်၊ ဆိုဆုံးမ သမျှပြုသည်။

ဖြင့်ဦးလွင်မှ မိဝေးဖဝေး ကျောင်းလာတက်နေရသော ကိုအောင်သူအတွက် ခိုင်တို့အိမ်သည် စားအိမ် သောက်အိမ်ပမာ ဖြစ်ခဲ့လေပြီတည်း။

ယခင်က စာသင်ခန်းနှင့် အဆောင်၊ စာအုပ်နှင့်စာကြည့်တိုက်လောက်တွင်သာ ကျင်လည်နေခဲ့သော ကိုအောင့်အတွက် သွားလာလည်ပတ်စရာ အဖြစ် ခိုင်တို့အဆောင်နှင့်ခိုင်တို့ အိမ်က တိုးလာသည်၊ ခိုင်နှင့် အင်းလျားကန်ဘောင်တွင် လမ်းလျှောက်ရသည်ကလည်း မကြာခဏ။

ကြာတော့ ခိုင်နှင့်ကိုအောင်သူမှာ မေတ္တာကူးယှက် နှလုံးသားခြင်းဆက်မိကြပြီတည်း၊ ချစ်သူတို့ဘဝ ကြည်နူးခဲ့ရသည့် ရက်များ....ရက်များ....

အင်းလျားကန်စောင်းတွင် လမ်းလျှောက်ရင်း ရှေ့ရေးကို အတွေးပန်းချီချယ်ခဲ့ကြသည်လည်း အခါခါ၊ ဂန္ဓဝေါလမ်းနှင့် ခရေတောဝယ် မဒမာမပန်းနိုင် စိတ်ကူးယဉ်ခဲ့ရသည်ကလည်း အကြိမ်ကြိမ်၊

ယူဒသန့်စကြံနိုင်တစ်လျှောက်ဝယ် ချစ်ခွန်းကြွယ်ရင်း နောင်ရေးအတွက် ဆွေးနွေးကြသည်မှာလဲ အခါပေါင်းမရည်နိုင်တော့။

သူတို့နှစ်ဦးက တက္ကသိုလ်စည်းရိုးကိုကျော်၍ ကမာရွတ်အဝိုင်းကြီးအနီးရှိ ရွှေစံပယ်လက်ဘက်ရည်ဆိုင်တွင် နက်(စ်)



ကော်ပီ သွားသောက်ကြသည်က နေ့စဉ်ဝတ္တရားလို ဖြစ်နေသည်။

သည်တော့ သူတို့အတွဲသည် ဘဝတွင်ခွဲခွာ၍ ရနိုင်ဖွယ်မရှိကြောင်းကို တက္ကသိုလ်နယ်မြေတစ်ဝှမ်းတွင် ပြောစမှတ်လွှမ်းခဲ့ရသည်တည်း။

အချိန်တွေညှောင်း၍ ရက်လတွေ ပြောင်းခဲ့ပြီဖြစ်သော်လည်း ညီမောင်တစ်ယောက် တောခိုသွားပြီလိုလို နယ်ခြားကျော်သွားနေပြီလိုလို တိုက်ပွဲတွင် ကျဆုံးသွားပြီလိုလို မရေရာသော သတင်းများသာ ကြားနေခဲ့ရသည်၊ တိကျရေရာသောသတင်းက ရောက်မလာလေခဲ့။

သည့်ရက်ပိုင်းတွင် မေမေတစ်ယောက် သူမ၏တစ်ဦးတည်းသော သားကြီးအတွက် ရတက်ပွေနေရပြီ ဖြစ်ကြောင်းကို တွေ့ ခိုင်ကောင်းကောင်း ရိပ်စားမိစပြုလာသည်၊ အစားအသောက်မမှန်၊ အအိပ်မမှန် သည်ကြားတွင် သားအတွက် စိတ်ဆင်းရဲရသည့် ဝေဒနာပါထပ်ဆင့်လာသောအခါ မေမေ့အသားအရည်သည် မစိုပြေတော့၊ ကျန်းမာရေး ချို့တဲ့စပြုလာသည်၊ တစ်ခါတစ်ရံ မေမေချောင်းဆိုးသောအခါ သွေးစကလေးများ ပါတတ်သည်ကို သတိပြုမိသည်။

ခိုင် မျက်လုံး ပြူးရပြီ။

ဘုရား... ဘုရား.... ဖေဖေ့ကို သေမင်းနိုင်ငံသို့ ပို့လိုက်သည့် ဝေဒနာသည် မေမေ့ကို ထိပါးနေပြန်ပြီကောလား။

ခိုင်က ကျောင်းထွက်၍ မေမေ့ကို ပြုစုဖို့ ဆုံးဖြတ်၏။ မေး အခါတွင်တော့ မေမေက အပြင်းအထန် ကန့်ကွက်သည်၊ ခိုင့်

အခုနေနှင့် ဘဲ့ရရန် တစ်နှစ်ပဲ လိုတော့သည်မို့ ဆက်ဘက်ရမည်ဟု မေမေက တိုက်တွန်းသည်။

ခိုင့်ရှေ့တွင် သူမ ဘာမှမဖြစ်ကြောင်းကို ပြလို၍ ထူထူထောင်ထောင် နေပြသည်၊ အစားအသောက် များများစားပြသည်။

ဒါပေမယ့် သူမ ချောင်းဆိုးလိုသောအခါတွင်တော့ ခိုင့်ကွယ်ရာ၊ ခိုင်မမြင်သော နေရာသို့ ထ,သွားတတ်မြဲပင်။

'မမခိုင်.... မမခိုင်'

ခိုင်၏ အငွေ့းက ရပ်သွားသည်၊ အခန်းဝတွင်တော့ ဘိဘိက ရပ်နေသည်၊ သူမက ဦးကျော်မောင်၏ တူမဖြစ်ကာ ခိုင်တို့နှင့် လာနေခြင်း ဖြစ်သည်။

'ဘာလဲ.... ညီမရယ်'

ခိုင်က ခုတင်ပေါ်မှ ထ,ထိုင်ရင်း မေးလိုက်သည်။

'ရွှေဗမာမုန့်တိုက်က ဖုန်းလာနေတယ်ရှင့်....၊ မမခိုင်နဲ့ စကားပြောချင်လို့တဲ့'

ကောင်မလေးက ရှိရှိသေသေ ပြောလာသည်၊ ခိုင်က ခေါင်းညိတ်ပြရင်း တယ်လီဖုန်းရှိရာသို့ လျှောက်လာသည်။

သူမ မွေးနေ့အတွက် ရေခဲမုန့် မှာထားသော မုန့်တိုက်မှ ပို့ရမည့် အချိန်ကို မေးမြန်းရန်ပဲ ဖြစ်ပေမည်။

\+ \+ \+

အခန်း (၅)

'မေမေ.... ရေ....'

'မေမေ'

သမီးလေး၏ ကြည်လင်အေးမြသော အသံစာစာကလေးက အခန်းပြင်ဘက်မှ ထွက်လာနေသည်။

ကိုအောင်သူက စာဖတ်နေရာမှ ထ,သွားကာ တံခါးဖွင့်ပေးလိုက်သည်။

'ဟော.... ဖေဖေကြီးလဲ ပြန်ရောက်နေပြီ'

သမီးက ဝမ်းသာအားရအော်ရင်း ကိုအောင်သူ၏ ရင်ခွင်ထဲသို့ ပြေးဝင်လာကာ ပါးပြင်နှစ်ဖက်ကို မွှေးမွှေးပေးလိုက်သည်။

'သမီးလေး ကျောင်းပြန်တာ နောက်ကျပါလားဟင်'

ကိုအောင်သူက သမီးလေးကို ပွေ့ပိုက်ထားရင်း မေးလိုက်သည်။

'သမီးတို့ကျောင်းကားက လမ်းမှာ ပျက်နေရသေးတယ် ဖေဖေကြီးရယ်'

သမီးလေးက လူကြီးဆန်ဆန် ညည်းနေသည်ကို ကိုအောင်သူက ပြုံး၍ ကြည့်နေမိသည်။

'ဟော... သမီးလေး လက်ထဲမှာ အရုပ်ကလေးတွေပါလား၊ ဘယ်က ရလာတာလဲဟင် သမီး....'

သမီးလေးလက်ထဲမှ ကော်ရုပ်ကလေးနှင့် သကြားလုံး၊ ဘီစကွတ်၊ ချောကလက် စသည့် မုန့်ထုပ်ကလေးကို သတိပြုမိသဖြင့် ကိုအောင်သူက မေးလိုက်ခြင်းပင်....။

'ဒီနေ့ ကျောင်းမှာလေ သမီးသူငယ်ချင်း ခင်သီရိဝင်းရဲ့ မွေးနေ့လုပ်တယ် ဖေဖေ၊ အဲဒါ... သမီးတို့အားလုံးကို မုန့်ထုပ်နဲ့ အစားစရာတွေ လက်ဆောင် ပေးတယ်၊ သမီးတို့ကလဲ ခင်သီရိဝင်း ကျန်းမာ, ချမ်းသာပါစေ၊ ပညာတွေ အများကြီး တတ်ပါစေ၊ အသက် ရာကျော် ရှည်ပါစေလို့ ပြန်ပြောခဲ့ရတယ် ဖေဖေ'

'ဟာ... သိပ်ပျော်စရာ ကောင်းမှာပဲနော် သမီး'

'ဖေဖေကြီး'

'ပြောလေ... သမီးလေးရဲ့'

'သမီးမွေးနေ့ကျရင် ခင်သီရိဝင်းလိုပဲ ကျောင်းမှာ သွားလုပ်ချင်တယ် ဖေဖေကြီး ရယ်'

'လုပ်ရမှာပေါ့ သမီးလေးရယ်၊ သမီးလေးရဲ့ သူငယ်ချင်းတွေကို မုန့်တွေ, အစားစရာတွေ လက်ဆောင် ပေးရမယ်နော်'



'သမီးက လက်ဆောင်တွေ ပေးရင်လေ သူတို့က သမီးကိုလဲ ကျန်းမာပါစေ, ချမ်းသာပါစေ, ပညာတွေအများကြီး တတ်ပါစေ, အသက်ရာကျော် ရှည်ပါစေလို့ ပြန်ပြောမှာလား ဖေဖေဟင်'

'ပြောမှာပေါ့ သမီးလေးရဲ့'

ကိုအောင်သူက သမီးလေး နဖူးပြင်ကို မွှေးမွှေးမွှေးရင်း ပြန်ပြောသည်။

'ကဲ... သမီးလေး အင်္ကျီလဲရအောင် လာကွယ်၊ နောက် ရေချိုးပြီးရင် ထမင်းစားမယ် မဟုတ်လား'

အေးက မီးဖိုဆောင်မှ ထွက်လာကာ ကိုအောင်သူ ရင်ခွင်ထဲမှ သမီးလေးကို ပွေ့ယူလိုက်သည်။

'မောင်လဲ ရေချိုးတော့နော်၊ အေးလဲ သမီးလေးကို ရေချိုးပေးလိုက်ဦးမယ်'

'ကြည့်... အေးရေ၊ မောင်နဲ့ သမီး ရေချိုးလိုက်မယ်လေ၊ အေးက ထမင်းပွဲ ပြင်ထားနှင့်ပေါ့ ဟုတ်လား'

* * *

[ က ]

ကြည်လဲ့လဲ့ မီးချောင်း၏ အလင်းရောင်က အခန်းထဲတွင် ယှက်ဖြာကျဆင်းလျက် ရှိနေသည်။

ကျောင်းသားနှင့် ယနေ့တာဝန်။

ကိုအောင်သူက စာရေးစားပွဲတွင် ထိုင်ရင်း စာရွက်ဖြူပေါ်တွင် စာတစ်ကြောင်း ရေးချလိုက်သည်။

မနက်ဖြန် တိုက်တွင် ပေးရမည့် ဆောင်းပါးအတွက် အစဖျိုးလိုက်ခြင်းပဲ ဖြစ်သည်။

ယခုတစ်လော တက္ကသိုလ်နယ်မြေတွင် နိုင်ငံရေးသမားအချို့၏ သွေးထိုးမှုဖြင့် ကျောင်းသားများ လှုပ်လှုပ်ရွရွ ရှိနေကြသည်။

ဤသည်ကို အကြောင်းပြု၍ နေ့လည်က အယ်ဒီတာချုပ်က ဆောင်းပါးတစ်ပုဒ်ရေးရန် တာဝန်ပေးခဲ့သည်၊ ကျောင်းသားများ၏ လက်ငင်းတာဝန်နှင့် အတိုက်အခံ နိုင်ငံရေးသမားတို့၏ မြှောက်ပင့် သွေးထိုးမှုကို ခွဲခြားပြသသည့် ဆောင်းပါးမျိုးပင် ဖြစ်သည်။

'ဖေဖေကြီး ဟောဒီမှာ သမီးစာရေးပြီးပြီ ကြည့်ပါဦး'

သမီးလေးက ကိုအောင်သူအနားသို့ ရောက်လာကာ စာအုပ်ကလေးကို ထိုးပြလိုက်သည်။

လေးကြောင်းမျဉ်းပေါ်တွင် ဝိုင်းစက်စက် ဝလုံးကလေးများက ညီညီညာညာတန်းစီနေကြသည်။

သမီးကလေးက ဝလုံးလှလှကလေးများကိုပင် ရေးတတ်နေပေပြီ။

'ဟယ်…သမီးသိပ်တော်တာပဲ၊ ဝလုံးကလေးတွေက ညီနေတာပဲ'



ကိုအောင်သူက သမီးလေးကို ပွေ့ချီရင်း ချီးမွမ်းလိုက်သည်။

ဒီတော့ သမီးလေး၏မျက်နှာက ဝင်းပ ကြည်လင်သွားသည်။

'ဒီညအဖို့ သမီးတော်တော့နော်၊ ၉-နာရီထိုးပြီ သမီးရဲ့၊ အိပ်တော့ကွယ် ဟုတ်လား'

'ဖေဖေကြီးကော မအိပ်သေးဘူးလားဟင်'

'ဖေဖေကြီးက ဟောဒီမှာ စာရေးဖို့အလုပ်ရှိသေးတယ် သမီးလေးရဲ့၊ သမီးလေးအရင်အိပ်နော်၊ အေးရေ သမီးကို သိပ်ပါလားကွယ်'

ကိုအောင်သူက တစ်ဆက်တည်း ချစ်ဇနီးကို လှမ်းပြောလိုက်သည်။

'ဖေဖေကြီးအိပ်ရင် သမီးကိုဖက်ထားရမယ်နော်'

သမီးလေးက အေးခေါ်ရာနောက်သို့ လိုက်သွားရင်း ပြောလိုက်သည်။

* * *

[ ခ ]

'ကျောင်းသားနှင့် ယနေ့တာဝန်'

ကိုအောင်သူက ဆောင်းပါးခေါင်းစဉ်ကို ငုံ့ကြည့်လိုက်ပြန်သည်။

'တံလျှပ်ကိုရေထင်၍ ရွှေသမင်အလိုက်မှား' သည့် ယုံကြည်ယူကြုံမရဖွယ်အဖြစ်ဆိုးနှင့် ရင်ဆိုင်ခဲ့ရသော ကျောင်းသားတို့၏ ကျဆုံးခန်းသည် ဆုံးခန်းမတိုင်လေသေး။

သည်အကြောင်းအကုမျှားနှင့် ပတ်သက်လျှင် ကိုအောင်သူအတွက် ရေးစရာတွေမျှားပါဘိခြင်း။

ထိုစဉ်တွင် ကိုအောင်သူရင်ဝယ် နာကြင်မှုဝေဒနာတစ်ရပ်က ရုတ်တရက်ပေါ်လာသည်။

ညီမောင်....

ဟုတ်ပါသည်၊ ကျောင်းသားနှင့်နိုင်ငံရေးပြဿနာကို စဉ်းစားမိရင် သူ့ငယ်ချင်းညီမောင်၏ မျက်နှာသည် သူ့ရှေ့တွင်ပေါ်လာတတ်မြဲ၊ သူအာရုံကို ပူးမှောင့်လာဆဲ။

ကြာတော့ ကြာပြီ။

ဒါပေမယ့် ညီမောင့်အကြောင်း စဉ်းစားမိတိုင်း မီးရောင်ကို ရွှေတောင်ထင်မိရာမှ ဘဝပါပျက်ခဲ့ရအော ညီမောင့်အဖြစ်သည် အသစ်ဖြစ်မြဲထည်း။

သည်တုန်းက...

ညီမောင်တစ်ယောက် ညအမှောင်တွင် အခေါ်ခံမှုလိုက်သွားသည့်နေ့မှစ၍ သူ့သတင်း သူ့အကြောင်းသည် သူနှင့်အတူ ပျောက်ကွယ်သွားခဲ့သည်။

နောက်ဆုံးတော့....

လင်း - ၁၁၆၀



ညီမောင်တစ်ယောက် တောခိုသွားပြီ ဟူသော သတင်းထွက်လာသည်၊ နောက် နယ်ခြားရောက်သွားပြီဟု ကြားရပြန်သည်၊ သည်လိုနှင့် တစ်နေ့တော့ ညီမောင်တိုက်ပွဲတွင် ကျဆုံးသွားပြီဟု သတင်းရကာ ညီမောင်၏ဖြစ်ရပ်သည် နိဂုံးကမ္ပတ် အဆုံးသတ်သွားရတော့သည်။

ညီမောင်ကား နိုင်ငံရေးသမားအမည်ခံသူတို့၏ စစ်တုရင်ခုံပေါ်မှ နယ်ရုပ်ကလေးတစ်ခုအဖြစ် တာဝန်ကျေပွန်စွာအဆုံးခံသွားခဲ့လေပြီထင်၏။

စစ်တုရင်ပွဲတစ်ခုတွင် နယ်ရုပ်ဟူသည် နောက်ဆုံးလိုင်းရောက်ကာ တန်ခိုးကြီးမြင့်သွားသည့် အဖြစ်ဟူသည်ကလည်း ဖြစ်ခဲ့ပါဘိခြင်း။

လမ်းခရီးတွင် အစတေးခံရသည်သာ ဖြစ်ပါလေ၏။

ကိုအောင်သူက ညီမောင့်အကြောင်း၊ စဉ်းစားရင်း စိတ်မကောင်းစွာ သက်ပြင်းချလိုက်မိသည် ညီမောင့်အဖြစ်ဆိုးသည် ရင်ကျိုးဖွယ်ပါတကား။

ယနေ့ ခေတ်လည်က အယ်ဒီတာချုပ်ကိုယ်တိုင် တာဝန်ပေး ရေးစီခိုင်းခဲ့သော ဆောင်းပါးသည် ပြီးမြောက်ခဲ့လေပြီ။

တကယ်တော့ ညီမောင့် အဖြစ်သည် နိုင်ငံရေးသမားအမည်ခံ အာဏာရူးတစ်စု၏ အသုံးချ စေစားခံနေရသော ကျောင်းသားများအတွက် သင်ခန်းစာရယူဖွယ် အကြောင်းရပ်များပင် မဟုတ်ပါလား။

ညီမောင့်အကြောင်းသည် ဆောင်းပါးကောင်း တစ်ပုဒ်အဖြစ် ရုပ်လုံးပေါ် ပီပြင်ပြီးမြောက်ခဲ့ပြီ။

သို့လင့်ကစား ညီမောင်နှင့်ဆက်နွယ်၍ တရိပ်ရိပ်ပြေးနေသော အတွေးအာရုံကိုကား မှုဆုံးနိုင်သေး။

ညီမောင့်သတင်းကို ကြားရပြီးသည့် နောက်တွင်တော့ ခိုင့်မေမေသည် သား၏စိတ်ဖြင့် အိပ်ရာထဲတွင် ဘုံးဘုံးလဲသည့်အခြေသို့ ရောက်သွားတော့သည်။

ကိုအောင်သူကလည်း ခိုင့်မေမေ၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုအားပေးရန် ခိုင်တို့အိမ်သို့ မကြာခဏ ရောက်ဖြစ်ခဲ့သည်။

အားရှိစေမည့် အစားအစာများကိုလည်း ပို့ပေးခဲ့ပါ၏၊ ဒါပေမယ့် ခိုင့်မေမေ၏ကျန်းမာရေးကား ကြာလေအားရဖွယ်မရှိလေ ဖြစ်လာသည်။

တစ်လထက်တစ်လ အသားအရေတို့က ခမ်းခြောက်စ ပြုလာပြီ။

ခိုင်သည်ပင် တစ်နေ့ထက်တစ်နေ့ ကျောင်းပျက်ရက်များလာပြီဖြစ်ကြောင်း ကိုအောင်သူ သတိပြုမိလာသည်။

'ခိုင်ရယ်....ခိုင့်ကျန်းမာရေးလဲ ဂရုစိုက်ဦးနော်၊ တော်ကြာ ခိုင်ပါ လဲနေဦးမယ်'

နှစ်လသုံးလအတွင်း ဝယ် သိသိသာသာ ချောင်ကျသွားသော ခိုင့်မျက်နှာလေးကိုကြည့်ရင်း ကိုအောင်သူက စိုးရိမ်တကြီး သတိပေးရသည့် အခါများကလည်း မနည်းပါလေတော့။

တစ်နေ့....



ကိုအောင်သူ ခိုင်တို့နေထိုင်ရာ စမ်းချောင်းဘက်သို့ ထွက်လာခဲ့သည်၊ ခိုင်တစ်ယောက် ကျောင်းပျက်ခဲ့သည်မှာ သုံးရက်တိတိပင် ရှိနေပြီးမဟုတ်ပါလား။

ခိုင့်မေမေမှာ သားဖြစ်သူ၏စိတ်ဖြင့် အိပ်ရာထဲလဲသည့်နေ့မှစ၍ ခိုင်တစ်ယောက် အလုပ်များရတော့သည်၊ နောက်ဆုံးခြင်ကိုပစ်ထား၍မဖြစ်နိုင်သည့်အဆုံးတွင် အဆောင်တွင်မနေတော့ဘဲ အိမ်သို့ပြန်ပြောင်းရတော့သည်။

ခိုင်သည် အိမ်မှကျောင်းတက်သည်ဆိုလင့်ကစားကျောင်းပျက်ရက်က မျာ:စပြုလာသည်၊ ယခုလည်း သုံးရက်ဆက်တိုက်ပျက်နေသဖြင့် ကိုအောင်သူ စိတ်ပူလာသည်၊ ခိုင့်မေမေ ရောဂါအခြေအနေဆိုးနေလို့လား၊ ခိုင်ကိုယ်တိုင်ပင် ပင်ပန်းမှုဒဏ်ကြောင့် ဖျားနေပြီလား။

ကိုအောင်သူက သို့လော အတွေးပေါင်းစုံဖြင့် အတန်းပင်မတက်တော့ဘဲ စမ်းချောင်းဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

'ဟော....သား၊ မောင်အောင်သူလာလေ'

အိမ်ပေါ်သို့တက်မိသည်နှင့် ခိုင့်မေမေက အိမ်ရှေ့ခန်းရှိ အိပ်ရာပေါ်မှ ထ:၍ခေါ်လိုက်ခြင်းပင်။

ခိုင့်မေမေကား ကိုအောင်သူကို သားအရင်းနှင့်မခြား ချစ်၍ သားအရင်းကဲ့သို့ပင် အားကိုးအားထားပြုမြဲဖြစ်သည်။

'အမေ ဘယ့်နှယ်နေလဲဟင်၊ သက်သာရဲ့လား'

ကိုအောင်သူက သူမ၏အနီးတွင် ဝင်ထိုင်ရင်း ညင်သာစွာ မေးလိုက်သည်။

'ဒီလိုပါပဲ သားရယ်၊ သက်သာတယ်လို့ မရှိပါဘူးကွယ်'

သူမ၏ ပမ်းလျှလျှ ဖြေကြားချက်ကို ကိုအောင်သူက နား ထောင်ရင်း အိမ်ထဲသို့ မျက်စိဝင့်ကြည့်လိုက်မိသည်။

'ခိုင်ကောအမေ.... သူကျောင်းပျက်လို့ တစ်ခုခုများဖြစ် လားလို့ စိုးရိမ်နေတာ'

'ခိုင်လား.... ခိုင်က နေကောင်းပါတယ်ကွယ်၊ သူ့ကို ရှေတောင်ကြားလမ်းက အမေ့မိတ်ဆွေ တစ်ယောက်ဆီ လွှ လိုက်ရတယ်၊ ငွေကြေးကိစ္စကလေးတွေ အတွက်ပေါ့ကွယ်'

ကိုအောင်သူ သိလိုက်ပါသည်၊ သည်သားအမိမှာ ဝင်ငွေ မရှိဘဲလျှော် အဘယ်မျှလျှင် ကြာရှည် ထိုင်စားနိုင်ပါမည် နည်း။

ခိုင့်ဖေဖေ၏ လုပ်ငန်းတူလုပ်ဖက် မိတ်ဆွေတစ်ယောက်က ကြည့်ရှုထောက်မ မှုပြုနေကြောင်း ခိုင့်မေမေ့တစ်ခါကပြော ဖူးသည် ထင်၏။

'သမီးလေးခိုင်လဲ သနားစရာပဲကွယ်၊ ကျောင်းလဲ မှန်မှန် မတက်နိုင်၊ စာလည်း ကောင်းကောင်း မကြည့်အား၊ အမေ့ ကို ပြုစုရ၊ အိမ်မှုကိစ္စတွေက တစ်ဖက်နဲ့ စိတ်ရှေ့လူရှေ့ မှော နေရှာတယ်'

ခိုင့်မေမေကပြော၍ သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက် သည်၊ သူမ၏ မှုန်ပြိုင်းဝေဝေပြုနေပြီဖြစ်သော မျက်လုံးအစုံက အိမ်ပြင်ဘက်သို့ ငေးကြည့်နေသည်။

'အဆင်သင့်တုန်း သားကို တိုင်ပင်ချင်တာတစ်ခု ရှိတယ် ကွယ်'



'ဘာများပါလိမ့် အမေ'

'မင်းညီမ ခိုင့် ရှေ့ရေးနဲ့ ပတ်သက်လို့ ဆိုပါတော့ကွယ်'

ကိုအောင်သူ စိတ်ဝင်စားလာသည် ခိုင့်မေမေ၏မျက်နှာ ကိုစိုက်ကြည့်နေမိသည်။

'ဒီလိုပါသားရယ်၊ အမေဟာ ကိုယ့်ဝေဒနာ ကိုယ်နား ညိုခဲ့ပါပြီ၊ ဒီဘဝကကျော်ဖို့ဆိုတာ မလွယ်တော့ပါဘူး၊ မှာကိုအမေမကြောက်ပေမယ့် လောကအလယ်မှာ မျက်မှာ ကျန်ခဲ့မယ့် သမီးလေးအတွက်တော့ အမေ တွေးမိတိုင်း လးရတယ်၊ အမေ မျက်စိမှိတ်ခင်မှာ သမီးလေးအတွက် အားသွားစေချင်တယ်ကွယ်'

'ဗျာ... ဘာကိုပြောတာလဲ အမေ'

'အမေ မသေခင် သမီးလေးကို စိတ်ချရမယ့်လူနဲ့ နေရာ ပေးခဲ့ချင်တယ် သားရယ်'

'ခိုင့်ကို လက်တပ်စေတော့မယ် ဟုတ်လား အမေ'

ကိုအောင်သူ၏ ရင်ထဲဝယ် သိမ့်သိမ့်တုန် ခုန်လာသည်။ ဝမ်းသာကြည်နူးခြင်းပီတိသည် သူ့တစ်ကိုယ်လုံးကို လွှမ်း နေပြီ။

သူနှင့်ခိုင်၏ ချစ်ရေးကို ခိုင့်မေမေ သိရှိနေလေပြီလား...၊ ခိုင်ကပင် ပြောပြလိုက်လေပြီလား။

ညီသို့ပင် ဖြစ်စေတော့ ပင်ပန်းဆင်းရဲစွာ လျှောက်လှမ်း သော ခိုင့်ဘဝခရီးဝယ် သူသည် အဖော်အဖြစ် ရပ်တည် ခိုင့်ကို ကူညီနိုင်တော့မည်၊ ခိုင်၏ ပင်ပမ်းလွန်းသော မျှဝေယူနိုင်တော့မည်။

တကယ်တော့ ခိုင်နှင့်သူ၏ ဘဝခရီး သည်လောက်မြန်မြန် စရလိမ့်မည်ဟု သူ မထင်ခဲ့ရိုးအမှန်။

ခိုင်၏မေမေ နေကောင်းလျှင် ကိုအောင်သူက ပြင်ဦးလွင်မှ မိဘများကိုမှာကာ ခိုင့်မေမေနှင့် စေ့စပ်စကား ဆိုခိုင်းမည် ကိုအောင်သူ နောက်ဆုံးနှစ်စာမေးပွဲပြီးသောအခါ လက်ထပ် ကြမည်။

ဒါက ခိုင်နှင့်ကိုအောင်သူတို့ သဘောတူချမှတ်ထားသော စီမံချက် ဖြစ်လေသည်။

ခုတော့ ခိုင့်မေမေ ကြားဝင်လာသောအခါ ပို၍မြန် အကြောင်း ဆိုက်လာလေပြီ။

'မင်းညီမကိစ္စကို ဘယ်လိုသဘောရသလဲဟင်...သား'

'ကောင်း....ကောင်းပါတယ် အမေရယ်၊ ဒါပေမယ့် သဘောကလဲ ရှိသေးတယ် မဟုတ်လား'

'သားကပဲ မင်းညီမကို ဖျောင်းဖျရမှာပေါ့ကွယ်၊ ခိုင် သားကို ချစ်ခင်လေးစားသလို သားစကားကို ပယ်ရှား မဟုတ်ပါဘူး'

'ဟုတ်ကဲ့ပါ အမေ'

ကိုအောင်သူ ဖင်တကြွကြွဖြစ်နေပြီ၊ ခိုင်နှင့် တွေ့ချင်လှ ခိုင်ရောသူပါ နှစ်ဦးစလုံးကြည်နူးဝမ်းမြောက်စေမည့် သတ ကို သူတစ်ယောက်တည်း လက်ခံထားသည်မှာ မတရားဟု ထင်လာမိသည်။



'လာမယ့် တနင်္ဂနွေနေ့မှာ မောင်ကျော်မောင်နဲ့ သူ့မိဘ များ လာကြလိမ့်မယ်၊ အဲဒီနေ့မှာ သားလဲ ရှိနေစေချင်တယ် ကွယ်'

'မောင်ကျော်မောင်နဲ့ သူ့မိဘများ.... ဟုတ်လား အမေ၊ ဘာကိစ္စများပါလိမ့်'

'ဩော်.... ခုပြောတဲ့ကိစ္စ အတွက်ပေါ့ သားရယ်၊ မောင် ကျော်မောင်နဲ့ ခိုင်ရဲ့ စေ့စပ်ကြောင်းလမ်းဖို့ အတွက်ပါ'

'ဟင်....'

ကိုအောင်သူ၏ တစ်ကိုယ်လုံး တုန်လှုပ်မှုဖြင့် သွက်သွက် ါသွားသည်၊ မမျှော်လင့်ဘဲ ကြားလိုက်ရသည့် ခိုင့်မေမေ၏ ကားတစ်ရပ်သည် သူ၏ နှလုံးသားကို ဖောက်ယူသွားသည့် လား ခံစားလိုက်ရသည်။

ခိုင့်မေမေ၏ မျက်နှာကို သူက မယုံနိုင်သလို ငေးစိုက် ကြည့်နေခဲ့မိသည်။

စောစောပိုင်းကတော့ ခိုင့်မေမေ၏ စကားသည် သူ့ အတွက် ရည်စူးလေသည်ဟု စိတ်ကူးယဉ်ခဲ့မိသည်မှာ ယခုတော့ လေထဲမှာ ဆောက်ခဲ့သော အိမ်သည် ပြိုကွဲ ပျက်စီးရချေပြီ တကား။

'မောင်ကျော်မောင်ဆိုတာက အမေတို့နဲ့ ရင်းနှီးပြီးသား ရင်းတွေပါ၊ နောက်ပြီး အမေတို့ရဲ့ ကျေးဇူးရှင်တွေဆိုလဲ မှားပါဘူးကွယ်၊ ဒီလို.... သားရဲ့၊ မြန်မာ့အကျိုးဆောင် ကုမ္ပဏီဆိုတာ အဆောက်အဦ ကန်ထရိုက်လုပ်ငန်းကို ကြီးကြီး ားမား ကျယ်ကျယ်ပြန့်ပြန့်လုပ်နေတဲ့ လုပ်ငန်းကြီး တစ်ခု

ပေါ့ သားလဲ ကြားဖူးမှာပါ၊ အဲဒီကုမ္ပဏီသူဌေးက ဦးအုန်းကြည်တဲ့၊ လုပ်ငန်း ကြီးကြပ်သူကတော့ ခိုင့်ဖေဖေပဲပေါ့....၊ မောင်ကျော်မောင်က ဦးအုန်းကြည့်ရဲ့သားပါ၊ သူက ဆောက်လုပ်ရေး အင်ဂျင်နီယာဘွဲ့ကို နိုင်ငံခြားက ယူလာခဲ့သူ ဖြစ်တယ်၊ ခိုင့်ဖေဖေနဲ့ မောင်ကျော်မောင်က လက်တွဲပြီး လုပ်ကြတော့ မြန်မာ့အကျိုးဆောင်ကုမ္ပဏီဟာ တစ်စထက် တစ်စ တိုးတက်လာတယ်၊ ဦးအုန်းကြည်ကလဲ ခိုင့်ဖေဖေကို သဘောကျတော့ အခွင့်အရေးတွေ ပေးပါတယ်၊ ကူညီစောင့်ရှောက်မှု ပြုပါတယ်၊ ဒီအိမ်ဟာ ဦးအုန်းကြည် ဝယ်ပေးခဲ့တဲ့အိမ်ပါ သားရယ်’

ကိုအောင်သူကတော့ သိမ့်သိမ့်တုန်လျက် ရှိနေသော ရင်ထဲမှ ဝေဒနာကို ကြိတ်မှိတ် မျိုသိပ်ထားပေမင့် ခိုင့်မေမေသားသူ့မျက်နှာကို အကဲခတ်မိမည်ဆိုပါလျှင် တစ်ဖက်သူ၏ ဝေဒနာကို အခြေရှာ၍ ရပေလိမ့်မည်။

‘နောက်ဆုံးတော့ကွယ် ခိုင့်ဖေဖေ ဆုံးတော့လဲ ဦးအုန်းကြည်က ကျေးဇူးသိတတ်သူဖြစ်လို့ ထောက်ပံ့သမှု ပြုနေပါပဲ သူတို့ကျေးဇူးဟာ အမေတို့ မိသားစုအပေါ်မှာ တယ်လို့ မကုန်အောင် များလှပါပြီ’

‘ပြီးခဲ့တဲ့အပတ်တုန်းက ဦးအုန်းကြည်တို့ ဇနီးမောင်နှံက အမေနေမကောင်းတာ လာမေးရင်းနဲ့ ခိုင့်ကို အိမ်ထောင်ဖို့ စဉ်းစားရင် မောင်ကျော်မောင်ကိုပဲ ဖြစ်နိုင်ရင် စဉ်းစားဖို့ မေတ္တာရပ်ခံလာတယ်’



‘တို့ကျေးဇူးရှိတယ်လို့ အပေါ်စီးက တောင်းဆိုတာလဲ မဟုတ်တော့ အမေက မငြင်းနိုင်ခဲ့ဘူးပေါ့ကွယ်’

မောင်ကျော်မောင်ဆိုတာ ခိုင့်ထက် အသက်ကြီးချင် ကြီးပါလိမ့်မယ်၊ ဒါပေမယ့် လူကောင်း, သူကောင်းဖြစ်တယ် ဆိုတာကို သိထားပြီးမို့ အမေက ခေါင်းညိတ်လိုက်မိတယ်၊ ဒီကိစ္စ တရားဝင် ပြောဆိုဖို့ တနင်္ဂနွေနေ့ သူတို့ဘက်က လာကြမှာပါ’

သမီးဖြစ်သူ၏ ရှေ့ရေးတို့ တိုင်ပင်ဆွေးနွေးရသည်မို့ ထင်၏ ခိုင့်မေမေ၏ မျက်နှာသည် သွေးရောင် သန်း၍ လန်းလန်း ဆန်းဆန်း ရှိနေပေသည်။

‘အမေ.... ခိုင့်ကို ဒီကိစ္စ ပြောပြီးပြီလားဟင်’

ကိုအောင်သူက မေးလိုက်သည်။

‘မပြောရသေးဘူး သားရယ်၊ သားကို ပထမဆုံး တိုင်ပင်တာပါ၊ ခိုင်ဟာ အမေ့စကားကို ဘယ်တုန်းကမှ မပယ်ရှားခဲ့ပါဘူး၊ ခုကိစ္စမှာလဲ အမေ စိတ်မချမ်းသာတဲ့အလုပ်ကို လုပ်မှာ မဟုတ်ပါဘူးကွယ်၊ နောက်ပြီး.... သားက မင်းညီမကို ဖြောင့်ဖျပေးပါကွယ်၊ ဟုတ်လား’

ခိုင့်မေမေက ကိုအောင်သူ့မျက်နှာကို အားကိုးတကြီး ကြည့်နေသည်။

‘ကောင်းပါပြီ အမေ၊ ခိုင့်ရှေ့ရေးအတွက် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါမယ်’

စိတ်တင်းထားသည့် ကြားမှပင် သူ၏အသံက တုန်ခါလျှပ်ရှားသွားခဲ့ရပြီကော....။

ဤသည်မင်လျှင် ကိုအောင်သူတစ်ယောက် သည်အရေးအခင်းကို လက်မြှောက် အရှုံးပေးလိုက်ရခြင်း မည်ပါလေ၏။

'ကြော်....'

ကိုယ့်အသည်းနှလုံးကို ထုတ်ယူမည့်သူအား ဓားလက်နက်ကို ထက်ထက်သွေး၍ လက်ဆောင်ပေးရမည့် အဖြစ်မျိုးပါတကား....။

* * *

[ ၁ ]

ငယ်စဉ်က ဖတ်ရှုခဲ့ဖူးသော ဝေဿန္တရာ ဇာတ်တော်ကြီးကို ဖြတ်ခနဲ သတိရလိုက်မိသည်။

သားတော်နှင့် သမီးတော်ကလေးကိုသာမက မိဖုရားကိုပင် တစ်ပါးသူအား လက်သို့ ပေးလှူနိုင်ခဲ့သော ဝေဿန္တရာမင်းကြီး၏ ထူးမြတ်သော ဒါနခန်းကို အံ့မခန်းဖြစ်ခဲ့ရသလိုမင်းကြီး၏ကိုယ်စား ကိုအောင်သူ ရင်နင့်ခဲ့ရဖူးပါ၏။

ယခု....။

ကိုယ်တွေ့ ကြုံရပြီထင်၏၊ တကယ်တော့ ခိုင်သည် သူ၏ပိုင်ခွင့်ရှိသူ မဟုတ်သလို၊ တစ်ဖက်ကလည်း အလှူခံများ မဟုတ်လေကြ။



သို့ပါလျက် ကိုအောင်သူ ရင်ဝယ် သိမ့်သိမ့်တုန်မျှ ခံစားနေရပြီ။

ဖြေသိမ့်ခြင်းငှာ မတတ်သာသော ပူပန်သောက ဝေဒနာမီးသည် သူ့နှလုံးပြင်ကို တမြေ့မြေ့ လောင်မြိုက်နေသည်။

စေ့စပ်ပွဲဟုသာဆိုသည် ခိုင်တို့အိမ်ရှေ့တွင် ကားကြီး ကားငယ် အသွယ်သွယ်တို့က စည်ကားသိုက်မြိုက်ပါဘိခြင်း၊ ဂုဏ်ကြီးရှင်တို့၏ မျက်နှာသည် ထည်ထည်ဝါဝါနှင့် ပြုံးဝေနေကြသည်။

'သားရယ်.... အဲဒီနေ့ကျရင် သား ဆက်ဆက်လာပါကွယ် ခိုင့် အစ်ကိုနေရာမှာ သားက မားမားမတ်မတ် ရပ်ပေးဖို့ အမေ တောင်းပန်ပါတယ်'

ခိုင့်မေမေ၏ ကြိုတင် တောင်းပန်မှု၊ ကိုအောင်သူ့အတွက် ရှောင်ထွက်လွဲသွေရန် မဖြစ်နိုင်တော့ပြီမို့ ချစ်သူ၏ စေ့စပ်ပွဲသို့ အားခဲ၍ ရောက်ခဲ့ရခြင်းပါတည်း။

ဧည့်သည်များအတွက် လက်ဖက်ရည်နှင့်မုန့် လိုက်ချပေးနေရသော ခိုင်၏ လှုပ်ရှားမှုများက အသက်ဝိညာဉ် ကင်းမဲ့သည့် စက်ရုပ်တစ်ရုပ်နှယ်ပင်၊ ခိုင်နှင့် မျက်နှာချင်း မဆိုင်မိအောင် သတိထားနေရသည့်ကြားမှ ခိုင့်မျက်နှာလေးကို အမှတ်မထင် ကြည့်လိုက်မိသည်။

ဝမ်းနည်းကြေကွဲမှု ဝေဒနာကို ကြိတ်မှိတ်မျိုသိပ်နေရခြင်းကား သူမ၏မျက်နှာတွင် အထင်းသား မြင်နေရသည်။

ကိုအောင်သူက သက်ပြင်းတစ်ချက် ရှိုက်လိုက်မိပြန်ပြီ။

အသက်နှစ်ဆယ်ကျော်ရုံမျှသာ ရှိသေးသော ခိုင့်အတွက် ရွေးချယ်ပေးကြသည့် အိမ်ထောင်ဖက်မှာ အသက် (၄၀) နီးပါးမျှ ရှိလောက်ပြီ ဖြစ်သည်၊ အသားဖြူဖြူ ဝ,ဝနှင့် စည်းစိမ်ရှင်တို့၏ သင်္ကေတဖြစ်သော ဝမ်းပိုက်သည် ခပ်စူစူ ရှိနေပေပြီ။

သို့လင့်ကစား ကြင်နာခြင်း, သဘောကောင်းခြင်းစသော အရိပ်များကတော့ မျက်နှာပေါ်တွင် မြင်နေရသည်။

ခိုင့်မေမေ အသက်နှင့် စာလျှင် မောင်ကျော်မောင် ဖြစ်နိုင်သော်လည်း ခိုင့်အသက်နှင့် စာလျှင်တော့ ဦးကျော်မောင်ပါတည်း။

ဦးကျော်မောင်က ခိုင်ကို တနင်္ဂနွေနေ့တွင် လာရောက်တောင်းရမ်း စေ့စပ်ကြမည်ဆိုသော အကြောင်းကို ခိုင်သည် ဗုဒ္ဓဟူးနေ့ရောက်မှ သိခဲ့ရသည်။

သိသိခြင်းပင် ခိုင့်တစ်ယောက် ကိုအောင်သူ၏ အဆောင်သို့ အပြေးရောက်လာသည်။

အရေးကြီးသောကိစ္စ ပြောစရာရှိသည်ဟု ဆိုလာသည်၊ သူမအသံတွေ တုန်ယင်နေကာ နက်ဝန်းသော မျက်လုံးအစုံဝယ် မျက်ရည်ကြည်လဲ့လဲ့ ဝိုင်းနေသည်။

ခိုင် ရောက်လာသည့် အချိန်က နှင်းထုပင် မကွဲသေး၊ တက္ကသိုလ်နယ်မြေ တစ်ခုလုံးသည် နှင်းပဝါပါးပါးကို လွှမ်းခြုံထားဆဲ၊ သူတို့နှစ်ယောက်က အင်းလျားကန်စောင်းဖက် လျှောက်လာကြသည်၊ လမ်းလျှောက်နေသော ကျောင်းသူ ကျောင်းသားအချို့မှလွဲ၍ လူရှင်းနေသည်။



ကန်စောင်းမှ မရမ်းပင်၏ အရွက်ကလေးများတွင် နှင်းသီးကလေးများက တွဲခိုနေသည်။

'ခိုင်တို့တော့ ဒုက္ခရောက်ရပြီ ကိုအောင်ရယ်'

ထိုင်ပင် မထိုင်ရသေး ခိုင်က စကား စလာသည်။

'ထိုင်ပါဦး ခိုင်ရယ်၊ အေးအေးဆေးဆေး ပြောကြတာပေါ့နော်'

ကိုအောင်သူက ပြောရင်းပင် မရမ်းပင်၏ ခြေရင်းတွင် ထိုင်ချလိုက်သည်၊ ခိုင်မပြောမီကပင် သူမ ပြောမည့် စကားများကို ကိုအောင်သူ သိခဲ့ရပြီးပြီ မဟုတ်ပါလား။

'ခိုင့်ကိုလေ မေမေက ယောကျ်ား ပေးစားတော့မယ် ကိုအောင်ရယ်.... ခိုင်တို့ ဘာလုပ်ကြမလဲဟင်...'

ကိုအောင်သူက နှုတ်ခမ်းမွှန်မွှန်များအောက်ဝယ် ငြိမ်သက်နေသော ကန်ရေပြင်ကို ငေးနေရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်၊ နှုတ်မှတော့ စကားထွက်မလာနိုင်ခဲ့။

'ကိုအောင်.... ခိုင်ပြောတာ ကြားလားဟင်'

'ကြားပါတယ် ခိုင်ရယ်.... ကြားပါတယ်'

'ဩော်.... ဒါတောင် ကိုအောင်က အေးစက်စက် လုပ်မိနေရတယ်နော်၊ ပြောပါကိုအောင်ရယ်....ခိုင်တို့ ဘာလုပ်ကြမှာလဲ'

ခိုင်က အားမလို အားမရ ဖြစ်နေသည်မို့ ကိုအောင်သူ့ အကျီစ,ကို ဆွဲကိုင်လှုပ်ရင်း မေးလိုက်သည်။

'ဒီကိစ္စကို ကိုအောင်သိပြီးပါပြီခိုင်၊ ဘာလုပ်ရမယ်ဆိုတာလဲ ကိုအောင် အပြန်ပြန် အလှန်လှန် စဉ်းစားပြီးပါပြီ၊

နောက်ဆုံးရတဲ့ အဖြေက ကိုအောင်ရော ခိုင်ပါ နှလုံးသား အရေးကို ဦးစားမပေးဘဲ လူကြီးတွေ စိမံရာကို နာခံဖို့ဆိုတဲ့ အဖြေပဲ ရလာပါတယ် ခိုင်ရယ်'

'ဟင်.... ကိုအောင်ရယ်၊ ရက်စက်လှချေလား ကိုယ့်ချစ်သူကို သူတစ်ပါးလက် ထည့်ပေးဖို့ ဆုံးဖြတ်တယ်ပေါ့.... ဟုတ်လား'

ခိုင့်အသံက နာကြည်းသံ လွှမ်းနေကာ ပါးပြင်ဝယ် မျက်ရည်စတို့က တလိမ့်လိမ့် ကျဆင်းလာသည်။

'ဒီစကားကို ကိုအောင် ရင်နာနာနဲ့ ပြောရတာပါ ခိုင်ရယ်၊ ခိုင့် ရွှေရေး....'

'တော်ပါတော့ ကိုအောင်ရယ်.. တော်ပါတော့....၊ ကိုအောင်ကလွဲရင် ခိုင်ဘယ်သူမှ မယူဘူး သိလား'

ခိုင့်နှုတ်မှ ကြေကွဲသံနှင့် ဒေါသသံက ပေါင်းစပ်ထွက်ပေါ်လာသည်။

'ခိုင့် မေမေ အတွက်လဲ ထည့်စဉ်းစားရအုံးမယ်ခိုင်၊ ကိုအောင် တို့ဟာ ဇွတ်တရွတ်လုပ်ရမယ့်အရွယ်တွေ မဟုတ်တော့ပါဘူးကွယ်'

ကိုအောင်သူက နှင်းမှုန်တို့ဖြင့် မပီမသ ရှိနေသော ပတ်ဝန်းကျင်ကို ငေးနေရာမှ ပြောသည်။

'ကိုအောင်နဲ့ခိုင် ချစ်နေကြပြီ၊ ဘယ်သူ့ကိုမှမယူနိုင်ဘူးလို့ မေမေ့ကိုပြောမယ်၊ မေမေဟာ ခိုင့်ကိုချစ်သလို ကိုအောင့်ကိုလဲ ချစ်တာပဲ မဟုတ်လား၊ ဒီလိုသိရင် ခိုင်တို့စိတ်ဆင်းရဲရမယ့် အလုပ်ကို လုပ်မှာမဟုတ်ပါဘူး ကိုအောင်ရယ်'



ခိုင်က သူ့အတွေးကို ထုတ်ပြသည်။

'ခိုင်ရယ်.... ဒီကိစ္စမှာက ချစ်ခြင်းမေတ္တာတစ်ခုထဲ မဟုတ်ပါဘူး၊ ခိုင်ရဲ့ရှေ့ရေး.... ခိုင်တို့ရဲ့လက်ရှိစီးပွားရေး အခြေအနေနဲ့ ခိုင့်မေမေရဲ့ ကျန်းမာရေး အခြေအနေတွေပါ ရောယှက်နေပါတယ် ခိုင်'

ရှိုက်သံသဲ့သဲ့က ခိုင့်ဆီမှ ပြန်လွင့်လာသည်။

'ဆိုပါစို့ ခိုင်ရယ်.... ခိုင့်မေမေကို ကိုအောင်တို့ ချစ်နေပါပြီ၊ တခြားလူကို မယူနိုင်ပါဘူးလို့ ဖွင့်ပြောလိုက်တယ် ဆိုပါတော့၊ ခိုင့်မေမေက ဇွတ်ပေးစားချင်မှ ပေးစားမယ်၊ အဲဒီအခါ ကိုအောင်နဲ့ခိုင် စိတ်ချမ်းသာမှုရပါပြီထား၊ ဒါပေမယ့် ခိုင့်မေမေ စိတ်ဆင်းရဲရလိမ့်မယ်ခိုင်....၊ ခိုင့်မေမေဟာ ဘာ့ကြောင့် ခိုင့်ကို လက်ထပ်စေချင်တယ် ဆိုတာ ပြောခဲ့ပြီးပြီလို့ ထင်ပါတယ်၊ ဒီအချိန်မှာ ခိုင့်မေမေအဖို့ ရှေ့တိုးထမ်းပိုးနောက်ဆုတ် လှည်းတုတ် ဆိုတဲ့ ဘဝကို ရောက်နေရှာပြီခိုင်'

လေတစ်ချက် ဝင့်လိုက်သဖြင့် မရမ်းပင်ပေါ်မှ နှင်းသီးတို့က ကြွေကျလာသည်။

'ခိုင့်မေမေဟာ ခိုင့်ကိုယုံကြည်တာတစ်ကြောင်း၊ ကိုအောင်နဲ့ခိုင် ချစ်နေကြတာကို မသိတာလဲ ပါမှာပေါ့လေ၊ ဒါတွေကြောင့် တစ်ဘက်မှာ စကားလွန်ခဲ့ပြီ ထင်ပါတယ်ကွယ်၊ ဒီတော့ ကိုယ့်ကျေးဇူးရှင်တွေ အပေါ်မှာ စကားဖျက်ရမယ့် ခိုင့်မေမေရဲ့အဖြစ်ကိုလဲ ထည့်တွက်ကြည့်ပါဦး ခိုင်ရယ်'

'နောက်ဆုံး ခိုင့်မေမေသာ ဒီအဖြစ်မျိုးနဲ့ဆိုရင် လက်ရှိဝေဒနာနဲ့ စိတ်ထိခိုက်မှုပေါင်းပြီး ရေတိမ်နစ်ကဲ့အဖြစ်မျိုးတောင် ရောက်နိုင်တယ်ခိုင်'

နှင်းပွင့် နှင်းမှုန်တို့သည် တဖြေးဖြေး ပါးစပြုလာသည်၊ ဟိုအဝေး ရေလယ်ကျွန်းမှ စိမ်းလန်းသော သစ်ပင်အုပ်တို့ကို ဝိုးတဝါး မြင်နိုင်လာပြီ။

ခိုင့်ဆီမှ ငိုရှိုက်သံသည် ကိုအောင်သူ၏ ရင်ကို နင့်၍သွားစေခဲ့သည်။

'စဉ်းစားပါခိုင်ရယ်၊ လက်ရှိအခြေအနေက ခိုင့်မေမေ စိတ်ဆင်းရဲပြီး ရေတိမ်နစ်ရမည့် အခြေရောက်မှ ကိုအောင်နဲ့ခိုင် ပေါင်းဆုံရမယ့် အဖြစ်မျိုးပါ၊ ဒီလိုအဖြစ်မျိုးကို ခိုင် ရင်ဆိုင်နိုင်ပါ့မလားကွယ်'

'ကိုအောင် ဒီစကားကို လွတ်လွတ်လပ်လပ် ပြောနိုင်ခဲ့တာမဟုတ်ပါဘူးခိုင်၊ အတန်တန်စဉ်းစားပြီး ကိုအောင့် အသည်းနှလုံးနဲ့ရင်းပြီး ပြောခဲ့ရတယ်ဆိုတာ ခိုင်ယုံပါကွယ်'

စိတ်တင်းထားသည့်ကြားမှ ကိုအောင်သူ၏အသံက တုန်ယင်လှုပ်ရှားနေသည်။

ခိုင်မျက်ဝန်းမှ မျက်ရည်စတို့က နှင်းစက်နှင့် အပြိုင် ကျဆင်းလာသည်။

'ဘယ်လိုလုပ်ကြမလဲ ကိုအောင်ရယ်'

ခိုင်ကား ချစ်သူ၏ရင်ခွင် တိုးဝင်မှီခိုရင်း ရှိုက်ကြီးတငင် ငိုကြွေးနေပါပြီကော။



'ကိုယ့်စိတ်ကို ထိန်းပါခိုင်ရယ်၊ ကိုအောင်တို့အဖို့ ကံကြမ္မာကို ရိုးမယ်ဖွဲ့ပြီး စိတ်သောကကို မဖြေဖျောက်ရတော့မယ့် အချိန်ပါကွယ်'

'ခိုင်လေ.... မေမေ ဒုက္ခရောက်မှာကို မကြည့်ရက်သလို.... ကိုအောင် စိတ်သောက ခံစားရမှာကိုလဲ မမြင်လိုဘူး၊ နောက်ပြီး ကိုအောင်နဲ့ မခွဲနိုင်သလို မချစ်မနှစ်သက်တဲ့ လူကိုလဲ မယူနိုင်ဘူး၊ အို... ခိုင်သေသွားရင် ကောင်းမှာပါ ကိုအောင်ရယ်၊ ခိုင်သေလိုက်ရင် ကောင်းမှာပါနော်'

ခိုင်တစ်ယောက် ဘယ်လောက်ခံစားနေရရှာသည်ကို ကိုအောင်သူ သိပါလေ၏၊ သူကိုယ်တိုင်ပင် ခိုင်နှင့်ထပ်တူ ရင်ပွင့်မတတ် ခံစားနေရပြီ မဟုတ်ပါလား။

တစ်ခါတစ်ခါတွင် နှလုံးသားရေးကို ဦးစားပေးကာ ကိုယ်စိတ်ချမ်းသာမည့် ချစ်ရေးကို ဇွတ်မှိတ်၍ ဖန်တီးလိုစိတ် ပေါ်လာခဲ့သည်လည်း ရှိသည်။

သည်အခါတွင်တော့ မိမိ အပေါ်တွင် သားအရင်းလို ချစ်ခင်တွယ်တာ အားကိုးနေရှာသော ခိုင့်မေမေ၏မျက်နှာကို မြင်ယောင်လာခဲ့သည်၊ ထို့အတူ....

'သူငယ်ချင်း.... ငါမရှိရင် ငါ့ညီမလေးကို ဆိုဆုံးမပြီး ညီစောင့်ရှောက်ပါကွာ'

သူငယ်ချင်းဖြစ်သူ ညီမောင်၏ အသံက သူ့နားထဲတွင် ကပ်ပြောနေသည့်အလား ထင်လိုက်ရသည်။

သည်လိုသာ ခိုင်နှင့်ကြာကြာနေမိလျှင် လူသား တ[illegible] ယောက်သာဖြစ်သော သူ၏အသည်းနှလုံးသည် အရည်ပျော်[illegible] သူ၏ ဆုံးဖြတ်ချက်သည် ပြောင်းလဲပေတော့မည်။

ထိုစဉ် သစ်ပင်ကြားမှ နေလုံးရဲရဲကြီးက ရုတ်တရက် [illegible] ထွက်လာသည်၊ နှင်းမှုန်ပွင့်တို့ကလည်း လွင့်စင် ထွက်[illegible] ကုန်ပြီ၊ အလင်းရောင်သည် ကန်ဘောင် တစ်ခုလုံးကို ဖြန့်[illegible] စိုးမိုးစ ပြုလာနေသည်။

'ကဲ….ခိုင်ရယ် ထတော့ကွယ်၊ လူတွေမြင်ကုန်ရင် မကော[illegible] ဘူး၊ ပြန်ကြရအောင်နော်'

ကိုအောင်သူက ချစ်သူ၏ ပြည့်ဝန်းသော ပခုံးမို့မို့[illegible] ဆုပ်ကိုင်၍ ထိုင်ရာမှ ထစေလိုက်သည်။

ထိုနေ့ ထိုရက်မှစ၍ ကိုအောင်သူက ခိုင်နှင့်မတွေ့အော[illegible] ရှောင်နေလိုက်သည်၊ ခိုင်တို့အိမ်ဘက်သို့ပင် မသွားလေခဲ့[illegible]

ဒီည မတက်လျှင် မဖြစ်သော ခိုင်၏စေ့စပ်ပွဲသို့ တ[illegible] လာမှ ခိုင်နှင့် မျက်နှာချင်း ဆုံရသည်၊ သို့သော် စကားမ[illegible] မိကြလေသေး။

ကိုအောင်သူနှင့် ခိုင်မှ လွဲ၍ ခိုင့်မေမေရော….၊ ကြွရောက်[illegible] လာသည့် ပုဂ္ဂိုလ်များပါ ပြုံးပန်းလှိုင်လှိုင် ဝေလျက် ရှိ[illegible] ကြသည်။

အထူးသဖြင့် ဦးကျော်မောင်၏ မျက်နှာမှာ ရွှင်ပြလ[illegible] လှပါချေ၏။

သည်ည….။



ဟုတ်ပါသည်၊ သည်ညသည် ကိုအောင်သူ တစ်ယောက် [illegible]၏ အသည်းနှလုံးကို စွန့်ကြဲ ပေးလှူရသည့် ညမဲ မဟုတ် [illegible]သား။

'ဖေဖေကြီးရေ …'

'ဖေဖေကြီး….'

ကိုအောင်သူ နှစ်မျောနေမ[illegible] [illegible]တွေးလိုင်းသည် ရုတ် [illegible]ရက် ငြိမ်သက်သွားသည်၊ ပျံ့လွင့်နေသော စိတ်အစဉ်သည် [illegible]တံသို့ ပြန်လည်ဝင်ရောက်လာသည်။

ကိုအောင်သူက အိပ်ခန်းဘက်သို့ ငဲ့ကြည့်လိုက် မိသည်၊ [illegible]မီးကလေး အိပ်ရင်း ယောင်ယမ်းနေခြင်းပါတကား၊ သူ့ [illegible]က်မှ လက်ပတ်နာရီက နာရီပြန် နှစ်ချက်ထိုးပြီဖြစ်ကြောင်း [illegible]န်လျက် ရှိနေပြီတည်း။

အတိတ်ခရီးသို့ ပြန်လျှောက်လှမ်းရခြင်းကား မောပမ်းရ [illegible]ပါဘိခြင်း။

\+ \+ \+

## အခန်း (၆)

ပန်းဥယျာဉ်ထဲတွင် လိပ်ပြာကလေးတစ်ကောင် ပျော်မြူးနေသည့်အလား။

ခိုင်၏ လှုပ်ရှားမှုများက သွက်လက် မြူးကြွလျက် ရှိနေသည်။

ခေတ်မီပုံစံဖြင့် ဆောက်လုပ်ထားသည့် လှပသောနှစ်ထပ်တိုက်ကလေးရှေ့ရှိ ပန်းခြံထဲတွင်ကား ရောင်စုံ မီးလုံးကလေးများကို ပုလဲသွယ်ပမာ သီကုံးထားသည်။

မြက်ခင်းပြင်ပေါ်၌ စီရရီချထားသော စားပွဲကုလားထိုင်များတွင် ဧည့်သည်ပရိသတ်များက ရောက်ရှိနေကြပြီ ဖြစ်သည်။

သူတို့ခန္ဓာကိုယ်တွင် မွှမ်းမံဆင်သထားသော လက်ဝတ်ရတနာများ၏ အရောင်က တလက်လက် တောက်ပနေသော ရောင်စုံမီးလုံးများနှင့် အပြိုင်ကြဲလျက်ရှိနေသည်။



ရယ်မောသံ၊ စကားပြောသံ၊ နောက်ပြောင်ကြည်စယ်သံတို့က မြူးကြွသော တေးဂီတသံများကြားမှ တစ်ခါတစ်ခါ ပေါက်ထွက်လာသည်။

ခိုင်က စားပွဲတစ်ခုမှ တစ်ခုသို့ ကူးပြောင်းကာမိတ်ဟောင်းဆွေဟောင်း၊ မိတ်သစ် ဆွေသစ်များကို လိုက်လံ နှုတ်ဆက်နေသည်။

သည်နေ့... ခိုင်၏ ၂၅-နှစ်မြောက် မွေးနေ့ပွဲ ဖြစ်ပါ၏၊ ခိုင်၏အပြုံးသည် မြူးကြွ၍ ခိုင်၏အလှသည် တောက်ပလွန်းနေသည်။

ခိုင်က မိတ်ဆွေများကို လိုက်လံ၍ နှုတ်ဆက်ရင်း နောက်ဆုံးစားပွဲရှိထိုင်ခုံဝယ် မောပမ်းစွာထိုင်ချလိုက်သည်၊ နဖူးမှ ကျလာသောချွေးစကလေးကို လက်ကိုင်ပဝါကလေးနှင့် အသာဖိလိုက်သေးသည်။

လေအဝှေ့တွင် မျောပါလာသော ဆိပ်ဖလူးပန်း သင်းသင်းကလေးက မျောပါလာသည်။

'ဟော... ၆-နာရီတောင် ခွဲပါပြီကော'

လက်မှ လက်ပတ်နာရီကလေးကို မြှောက်ကြည့်ရင်း ခိုင်က ရေရွတ်လိုက်မိသည်။

ကိုအောင်တစ်ယောက် ၆-နာရီလာမည်ဟု ပြောထားခဲ့သည်၊ သို့ပါလျက် ယခု အချိန်ထိ မရောက်လာသေးပါတကား။

ကိုအောင်ကား ပြောပြီးသည့်စကားကို ဖျက်တတ်သည့် လူမျိုးမဟုတ်ကြောင်းကို ခိုင်ကောင်းကောင်း သိပါလေ၏။

ယခု သတင်းစာတိုက်တွင် အလုပ်မအားလပ်၍ ပေလား၊ အကြောင်းကိစ္စတစ်ခုခု ပေါ်နေ၍ပေလား၊ သည်နှစ်ခုတွင် တစ်ခုခုကြောင့်လည်း ဖြစ်ပေလိမ့်မည်။

တည်ကြည်ရိုးသား၍ ကတိစကားကို မဖျက်တတ်သည့် လူစားမျိုးကို ပြပါဆိုလျှင် ခိုင်သည် ကိုအောင်သူကိုသာ ညွှန်ပြရပေမည်။

ခိုင့်အား တခြားသူတစ်ယောက်နှင့် အိမ်ထောင်ပြုစေရေးအတွက် ကူညီဖြောင်းဖျပေးပါမည်ဟု ခိုင့်မေမေ့ပေါ်တွင် ကတိထားခဲ့သော ကိုအောင်သည် သူ့အသည်း ဝေဒနာကို လျစ်လျူရှုကာ ကြိတ်မှိတ်ခံစားရင်း သူ့ကတိစကားကို ကြိုးစားစောင့်ထိန်းခဲ့လေသည် မဟုတ်ပါလား။

သည်တုန်းက ကိုအောင်၏ မေတ္တာနှင့် စေတနာကို ခိုင်ကိုယ်တိုင်ပင်လျှင် သဘောမပေါက်နိုင်သေး၊ နှလုံးသားရေးရာထက် အရေးပါသည်မှာ သည်ကမ္ဘာတွင် မရှိဟု ခိုင်ထင်မှတ်နေဆဲ။

ယခုတော့ ခိုင်နားလည်ခဲ့ပါပြီ။

ကိုအောင်သည် တစ်ပါးသူအတွက် ကိုယ်ကျိုးစွန့်နိုင်ခဲ့သူသာတည်း။

ထိုအချိန်က....

ကျပ်တည်းကျဉ်းမြောင်းနေသောခိုင်တို့စားဝတ်နေရေး....

ခိုင့်မေမေ၏ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြစ်ရေး။

နောက်ပြီး ခိုင်၏ရွှေရေး။



တို့အတွက် သူ့အသည်းအသက်မက ချစ်သောခိုင့်ကို လက်လွှတ်ခဲ့ခြင်းဖြစ်၏၊ ဒီလိုလုပ်ဆောင်ခဲ့သဖြင့်လည်း ခိုင်တို့သားအမိဘဝ ခေါင်းထောင်လာနိုင်ခဲ့ပါ၏၊ နေ့လား ညလားဖြစ်နေသော ခိုင့်မေမေ၏ကျန်းမာရေးသည် တဖြည်းဖြည်း တိုးတက်ကာ လာခဲ့သည်။

ထို့အတူ ခိုင့်ဘဝသည်လည်းပျူပင်စရာဟူ၍ မြူတစ်ပေါက်မရှိအောင် လိုလေသေးမရှိ ပြည့်စုံခဲ့ပါလေ၏။

ဤသို့ဖြင့် ကိုအောင်သူက သူ့ကိုယ်သူအတွက် အနစ်နာခံကာ တည်ဆောက်ပေးခဲ့သော ခိုင့်ဘဝသည် သူမျှော်လင့်သလို ပြီးပြည့်စုံခဲ့သည်မှာ မှန်ပါ၏။

သို့သော် ကိုအောင်သည် ရုပ်ပိုင်းဆိုင်ရာကိစ္စတွင် အပြေထုတ်တော့ခဲ့သော်လည်း စိတ်ပိုင်းဆိုင်ရာကျတော့ အားနည်းလေပြီထင်၏။

ဒါကြောင့် ခိုင်တစ်ယောက် ချစ်လျက်နှင့်ဝေး၍ လောလောဆယ်တွင် ချစ်ဝေဒနာကို ခံစားရမည်မှန်သော်လည်း ရှေ့ဘုံပေါ်စံရလျှင် သောကဟူသမျှ ကွယ်ပျောက်ရမည်ဟု တွက်ဆခဲ့ခြင်းပါတည်း။

ဦးကျော်မောင်နှင့် ခိုင်လက်ထပ်ပြီးသောအခါ ဦးကျော်မောင်က ခိုင့်အတွက်ရည်စူးကာ အင်းလျားလမ်းတွင် ခေတ်မီဆန်းသစ်သော တိုက်တစ်လုံးကို ကိုယ်တိုင်ပုံစံထုတ်ကာ ကိုယ်တိုင်ကြပ်မတ်၍ ဆောက်လုပ်ပေးခဲ့၏၊ ခိုင်သွားလိုရာ သွားနိုင်ရန် ဖီးယက်ကားအသစ်ကလေးတစ်စီး၊ နောက်ပြီး သိန်းချီတန်သော လက်ဝတ်ရတနာများ၊ သိန်းပေါင်းများစွာခို

အောင်းနေသည့် ရတနာသေတ္တာသော့ စသည်တို့သည် ခိုင့်
လက်သို့ ရောက်ရှိလာခဲ့သည်။

ဦးကျော်မောင်ကလည်း ခိုင့်ကို ချစ်လွန်း အလိုလိုက်လွန်း
ပါ၏၊ ခိုင့်ဆန္ဒ ခိုင့်သဘောကို ထာဝစဉ် လိုက်လျောတတ်ပြ
ခိုင်ပါးစပ်ဟရုံမျှဖြင့် ခိုင်၏ လိုဆင်ဆန္ဒဟူသမျှ ပြီးမြောက်
မြဲတည်း။

ဒါပေမယ့်....

ယခုလို ပြီးပြည့်စုံနေသော လက်ရှိဘဝဝယ် ခိုင်ပျော်ပိုက်
လေသလားဆိုတော့ မပျော်ပိုက်နိုင်လေပါ၊ ဦးကျော်မောင်
ကို မမုန်းလင့်ကစား ချစ်၍မရခဲ့လေပါ။

ခိုင်သည် အသိအလိမ္မာနှင့် စဉ်းစားနိုင်စွမ်းရှိသော မိန်း
ကလေးပေမို့ ဦးကျော်မောင်ကို ဆန့်ကျင်ဘက်မပြု၊ မိန်းမ
ဝတ္တရားကို ကျေပွန်အောင်ဆောင်ရွက်ရင်း အပူရုပ်ကို ဟန်
လုပ်၍ ဖုံးကွယ်ကာ စိတ်ပျော်အောင်ကြိုးစားခဲ့သည်။

သည်တော့လည်း မိတ်ဆွေသူငယ်ချင်းများဖြင့် လည်ပတ်
ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ ပျော်ပွဲစားထွက်ခြင်း၊ ညေ့်ခံပွဲ၊ ပါတီ
ပွဲများသို့တက်ခြင်း စသောအထက်လွှာတို့၏အလေ့အထကြား
ဝယ် နွမ်းရိသောစိတ်ကို ဖြေသိမ့်နေခဲ့ရသည်။

ဒါပေမယ့် ခိုင်သည် အိမ်ထောင်ဘက်အပေါ်တွင် သစ္စာ
မပျက်လေခဲ့။

'ခိုင်ရယ်....ခဏတော့ ခိုင်စိတ်ဆင်းရဲမှာပါ၊ ဒါပေမယ့်
အချိန်ဟာ ခိုင့်ဘဝကို အနယ်ထိုင်စေပါလိမ့်မယ်ကွယ်....'

လိုစဉ်က ကိုအောင်ပြောခဲ့ နှစ်သိမ့်ခဲ့ဖူးပါ၏။



သို့သော် အချိန်ဟူသော သမားတော်သည် ယခုချိန်အထိ
ခိုင်၏ချစ်ဝေဒနာကို မကုစားနိုင်သေးပါတကား။

'ခိုင်ရေ ကိုယ်တို့ပြန်ဦးမယ်ကွယ်'

မိတ်ဆွေတစ်ယောက်က နှုတ်ဆက်လာသော် ခိုင်၏အတွေး
မျှင်က ရပ်သွားသည်။

ခိုင်က မိတ်ဆွေများကို ခေါင်းညိတ်ပြရင်း လက်ပတ်နာရီ
ကို ကြည့်မိပြန်သည်။

'၇-နာရီပင် ထိုးပါပြီကော'

ကိုအောင်တစ်ယောက် မရောက်လာသေး၊ ကိုအောင်၏
သတင်းစာတိုက်သို့ ဖုန်းဆက်ကြည့်ရန် ခိုင်စဉ်းစားမိလာသဖြင့်
တိုက်ထဲသို့ ဝင်လာခဲ့သည်။

စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ယူလိုက်သည်။

* * *

[ က ]

စားပွဲပေါ်တွင် ပြင်ဆင်တည်းဖြတ်ရမည့် သတင်းများနှင့်
သတင်းဓာတ်ပုံများက ပြန့်ကျဲလျက်ရှိနေသည်၊ သည်ညတွင်
ညအယ်ဒီတာက သံရုံးညေ့်ခံပွဲတစ်ခုသို့ တက်ရောက်နေသဖြင့်
၎င်းညအယ်ဒီတာ၏ တာဝန်ကို ကိုအောင်သူက လက်ခံ
ဆောင်ရွက်ပေးနေရခြင်း ဖြစ်သည်။

'ဆရာရေ သတင်းကြီးတစ်ပုဒ်ရနေပြီ၊ မျက်နှာဖုံးသတင်း ဖြစ်နိုင်ပါတယ်၊ ခဏစောင့်ပါဦး၊ နောက်ပြီး အုံးကျော်ကို လွှတ်ပေးပါ၊ ကျွန်တော် လမ်းမတော် ဂါတ်ထဲမှာ ရှိနေတယ်'

သတင်းထောက် မြင့်ဆွေထံမှ ဖုန်းဆက်လိုက်ခြင်းပင် ဖြစ်သည်၊ အုံးကျော်က ဓာတ်ပုံသတင်းထောက် ဖြစ်သည်၊ အခါတိုင်း မြင့်ဆွေနှင့် စကားပြောရလျှင် ထစ်ထစ်အအ ဖြစ်နေ၍ စိတ်မရှည်ဖြစ်ရသော်လည်း ယခုတစ်ခါတော့ အောင်သူ ဝမ်းသာသွားရသည်၊ ယခု လောလောဆယ်တွင် မျက်နှာဖုံးသတင်းက မရှိသေး၊ မြင့်ဆွေ လိုက်နေသော သတင်းသာ မျက်နှာဖုံးသတင်းဖြစ်ခဲ့လျှင် စောစောစီးစီး ဖောင်ပိတ်နိုင်ပေမည်။

ကိုအောင်သူက လိုအပ်ချက်များကို စီစဉ်ကာ ဓာတ်ပုံသတင်းထောက် အုံးကျော်ကို လမ်းမတော်ဂါတ်သို့ လွှတ်လိုက်သည်။

သတင်းစာတိုက် အပြင်ဘက်မှ မော်တော်ဆိုင်ကယ် စက်နှိုးသံ ထွက်ပေါ်လာသည်၊ ဓာတ်ပုံသတင်းထောက် ထွက်ခွာသွားပြီဖြစ်သည်။

ထိုစဉ် ကိုအောင်သူ၏ အာရုံထဲ၌ ခိုင့်မွေးနေ့ကို ဖြတ်ခနဲ သတိရလာသည်၊ ၆-နာရီလာခဲ့မည်ဟု ကတိပေးထားခဲ့သည်၊ ယခု ၆-နာရီခွဲပေတော့မည်။

'ကိုအောင်နဲ့တွေ့ရတာ ခိုင်သိပ်ဝမ်းသာပါတယ်ကိုအောင်၊ ခုလေ ခိုင့်မှာ အဖေရော၊ အမေရော၊ အစ်ကိုပါ မရှိတော့



ပါဘူး၊ အရေးကိစ္စရှိလို့မှ တိုင်ပင်စရာမရှိတဲ့ ဘဝပါ ကိုအောင်ရယ်၊ ဒါကြောင့် ကိုအောင့်ကို အဖေလို၊ အမေလို၊ အစ်ကိုလို အားကိုးပါရစေနော်'

ခိုင် ပြောခဲ့ဖူးသော စကားက ကိုအောင်သူ၏ အာရုံထဲတွင် ရစ်ဝဲလာသည်။

ရွှေဘုံပေါ်တွင် စံနေရလင့်ကစား သူ့မဘဝသည် ခြောက်သွေ့လွန်းလေပြီ ထင်၏။

ဒီလိုဆိုလျှင်တော့ သူမ၏ လက်ရှိဘဝကို တည်ဆောက်ပေးခဲ့သော မိမိ၏ အပြစ်ပေလား။

ကိုအောင်သူက သူ၏ ရင်ထဲမှ နာကျင်မှုဝေဒနာတစ်ရပ်ကို ကြိုးစား၍ မောင်းနှင်ပစ်မိသည်။

ဩြော်....

ခိုင်နှင့်ပတ်သက်၍ အတွေးကျယ်လေတိုင်း စိတ်မောဖွယ်ရာတို့သည် မဆုံးနိုင်လေပြီတကား။

ထိုစဉ်တွင် မော်တော်ဆိုင်ကယ်ရပ်သံနှင့်အတူ သတင်းစာတိုက်ပေါ်သို့ တက်လာသံကြားရသည်။

'ဓာတ်....ဓာတ်....ပုံရော၊ သ....သ... တင်းပါ။ အ....အ.... ပျံ့....စား... တွေ....ပဲ... ဆ....ဆရာရေ'

မြင့်ဆွေက ကိုအောင်သူစားပွဲသို့ လျှောက်လာကာ ပြောလိုက်သည်၊ နောက် စားပွဲတစ်လုံးတွင် ဝင်ထိုင်၍ သူ မှတ်သားလာသော သတင်းမှတ်စုများကို သတင်းရှည် ပြန်ရေးနေသည်၊ ထိုသတင်းကို ကိုအောင်သူက ကြည့်ရှုတည်းဖြတ်ရမည် ဖြစ်သည်၊ ဓာတ်ပုံသတင်းထောက် အုံးကျော်က

ကင်မရာကိုဆွဲ၍ အမှောင်ခန်းထဲသို့ ဝင်သွားသည်၊ သူ ရိုက်လာသော ဓာတ်ပုံများကို ချက်ချင်းဆေး၍ ကူးရန် ဖြစ်သည်။

'ဟော့.... တ....တ.... တရုတ်.... တ.... တပုံမှ.... မ....မပျက် စေ....စေ....နဲ့နော်'

'အေးပါ....ငါနားလည်ပါတယ်ကွ'

အမှောင်ခန်းထဲမှ အုံးကျော်ကို မြင့်ဆွေက လှမ်းပြော လိုက်သဖြင့် အမှောင်ခန်းထဲမှ ပြန်လည်တုံ့ပြန်လိုက်ခြင်း ဖြစ်သည်၊ မြင့်ဆွေက ပါးစပ်မှ အမြဲမပြတ် ချွတ်လေ့မရှိသော ဆေးပေါ့လိပ်ကို အငွေ့တထောင်းထောင်းထအောင်ဖွာရင်း သတင်းကို အပြီးရေးချနေသည်။

ကိုအောင်သူက သူ့ရှေ့သို့ ရောက်လာသောသတင်းကို ကောက်ကိုင်၍ ယူဖတ်ကြည့်လိုက်သည်။

သွေးဆောင်လှမ်းသော အညှီအဟောက် သတင်းတစ်ပုဒ်ပဲ ဖြစ်သည်၊ ထူးနေသည်က လူသိများသော ပုဂ္ဂိုလ်ကြီး တစ်ယောက်၏ အမည်ပါနေခြင်းပင်။

ဒီအချက်က စိတ်ဝင်စားဖွယ် ဖြစ်ပေလိမ့်မည်၊ ဇာတ်လမ်း ကတော့ ရိုးရိုးကလေး ထူး၍ မဆန်းသော ဖြစ်ရပ်ပင်။

ယနေ့ ညနေပိုင်းက ထိုပုဂ္ဂိုလ်ကြီးသည် လမ်းမတော်ရှိ နာမည်ကြီးဟိုတယ်တစ်ခု ဖြစ်သော 'ကန်တုံ' ဟိုတယ်တွင် ဝီစကီကို တစိမ့်စိမ့်သောက်ရင်း သူ၏လက်စွဲတော် ဟိုတယ်မယ် အချောအလှကလေး၏ ပြုစုယုယမှုဖြင့် အပမ်းဖြေနေသည်။

လင် - ၁၁၈၆



အရက်ပုလင်းကလည်း တစ်ဝက်ကျိုးနေပြီ၊ အမူးဒီဂရီ ကလည်း တစ်စတစ်စ တက်လာနေပြီ။

ထိုစဉ်တွင် သူ့လက်စွဲတော် ဟိုတယ်မယ်ကလေးက အခြား အခန်းမှ ဖောက်သည်များက ခေါ်သဖြင့် ထွက်သွားသည်။

ကြာတော့ ထိုပုဂ္ဂိုလ်ကြီး ဒေါ်ပွလာသည်၊ အရက်သွေး ကလည်း ကြွလာသည်။

'ငါရှိနေလျက်နဲ့ ဘယ်သူက ငါ့ကို ကျော်ပြီး ငါ့ ကောင်မလေးကို ခေါ်ရသလဲကွ'

ပုဂ္ဂိုလ်ကြီးက ကြွေးကြော်ရင်း ဒယိမ်းဒယိုင်နှင့် ထလိုက် သည်၊ နောက် သူ၏ဟိုတယ်မယ်ရှိမည်ထင်သော အခန်းများ ကို တစ်ခန်းပြီး တစ်ခန်း လိုက်ဖွင့်သည်။

'ဟော....'

ပုဂ္ဂိုလ်ကြီးက အခန်းတစ်ခန်းကို ဆွဲဖွင့်လိုက်ပြန်သည်၊ သည်အခါတွင်တော့ အခန်းထဲမှ မြင်ကွင်းတစ်ခုက သူ့ကို ကျောက်ရုပ်တစ်ခုပမာ ဖြစ်သွားစေခဲ့သည်၊ နောက် ရင်လည်း တဒိန်းဒိန်းခုန်လာသည်၊ အရက်မူးပင် ပြေသွားခဲ့ရသည်။

အခန်းထဲတွင်ကား ယောကျ်ားပျို တစ်ယောက် နှင့် မိန်းမရွယ်တစ်ယောက်တို့က ထမင်းစားနေကြသည်။

မိန်းမပျို၏အလှနှင့် ယောကျ်ား ပီသသော သူမ၏ တွဲ ဘက်ကို မြင်လျှင် လိုက်ဖက်သောစုံတွဲဟု မှတ်ချက်ပြုလောက် ပါပေ၏။

မိန်းမပျိုက ကြက်သားကြော်တစ်တုံးကို ခက်ရင်းဖြင့် ထိုးကာ အမျိုးသား၏ပါးစပ်သို့ ခွံ့ကျွေးနေသည်၊ ထိုအခိုက်

တံခါးတွန်းပွင့်သံနှင့်အတူ အပေါက်ဝတွင် ရပ်နေသောသူကို မြင်လိုက်ရသည်နှင့် အမျိုးသမီးလက်မှ ခက်ရင်းသည် လွတ်ကျသွားခဲ့ရသည်။

သည်နောက်တွင်တော့ ဟိုတယ်တွင်းမှ သေနတ်သံများ ထွက်ပေါ်လာသည်၊ ပုဂ္ဂိုလ်ကြီးက ယမ်းငွေ့မပြယ်သေးသော လက်ယာမှ သေနတ်ကို ငုံ့ကြည့်လိုက်မိသည်၊

စောစောက ချစ်ခွန်းတုံ့တင်ဖြစ်နေသော စုံတွဲကတော့ သွေးအိုင်ထဲတွင် လဲကျသေဆုံးလျက်ရှိနေသည်။

ကြမ်းပေါ်တွင် လဲကျသေဆုံးနေသော မိန်းမပျိုကား ထိုပုဂ္ဂိုလ်ကြီး၏ အချစ်ဆုံး နံပါတ်သုံး ဇနီးချောပါတည်း။

ကိုအောင်သူက မှုခင်းသတင်း၏ အဓိကအချက်များကို ဖတ်ရှုပြီးချိန်လောက်တွင် ဓာတ်ပုံသတင်းထောက် အိုးကျော်က ချွေးတရွှဲရွှဲဖြင့် အမှောင်ခန်းမှ ထွက်လာသည်၊ သူ့လက်ထဲမှ ဓာတ်ပုံတစ်ထပ်ကို စားပွဲပေါ်သို့ တင်ပေးလာသည်။

ကိုအောင်သူက ဓာတ်ပုံများကို တစ်ခုခြင်းယူ၍ ကြည့်လိုက်သည်၊ အိုးကျော်ကား တိုက်၏ လက်ရွေးစဉ် ဓာတ်ပုံသတင်းထောက် ပီပီ ရိုက်လာသော ပုံများကလည်း စုံနေသဖြင့် ရိုက်ကူးပုံ ရှုထောင့်ကလည်း သစ်ဆန်းပါဘိခြင်း။

'ကန်တုံ' ဟိုတယ်၏ ဓာတ်ပုံ။

မန်နေဂျာ တရုတ်အမျိုးသား ဓာတ်ပုံ။

အဖြစ်အပျက်တို့ကို ရှင်းပြနေသည့် ဟိုတယ်မယ်လေး၏ပုံ။

ဖရိုဖရဲဖြစ်နေသော ထမင်းစားပွဲများ။



သွေးအိုင်ထဲမှ အလောင်းနှစ်လောင်း။

အခင်းဖြစ်စဉ်ကသုံးသော သေနတ်ကျည်ဆံများသာ မက ထိုပုဂ္ဂိုလ်ကြီး ဓာတ်ပုံ။

သေသူ အမျိုးသားနှင့် အမျိုးသမီး တွဲရိုက်ထားသော ဓာတ်ပုံ။

ထိုပုဂ္ဂိုလ်ကြီး၏ အခြားဇနီးနှစ်ယောက်ပုံများ ဖြစ်သည်။

ထူခြားသည်က ထိုပုဂ္ဂိုလ်ကြီး ဝဏ္ဏကျော်ထင် ဘွဲ့ယူစဉ်က ရိုက်ကူးထားသောပုံကို ရှာဖွေလာခဲ့ခြင်း ဖြစ်သည်။

ကိုအောင်သူက ထိုပုဂ္ဂိုလ်ကြီး၏ ဓာတ်ပုံကို စူးစိုက်ကြည့်ရင်း ဦးကျော်မောင်၏မျက်နှာကို ကွက်ကနဲ မြင်ယောင်လာသဖြင့် တစ်ကိုယ်လုံး တုန်လှုပ်သွားမိသည်။

နောက်ပြီး သွေးအိုင်ထဲတွင် လဲကျနေသော အလောင်း ဓာတ်ပုံများကလည်း သူ့စိတ်ကို လေးလံထိုင်းမှိုင်းလာစေခဲ့ပြန်သည်။

'ကလင်....ကလင်....ကလင်....'

ထိုစဉ် စူ စူးရှရှ မြည်လာသော တယ်လီဖုန်းသံကြောင့် ကိုအောင်သူ၏ အာရုံက ပြောင်းသွားသည်၊ ရှေ့မှ တယ်လီဖုံးကို ကောက်ကိုင်လိုက်သောအခါ ကြည်လင်သောအသံကလေးက တယ်လီဖုံးခွက်ထဲမှ လိမ့်ဆင်းလာသည်။

'အော် ... ခိုင်လား'

'ဟုတ်ဘယ် ကိုအောင်ရယ်၊ ကိုအောင့်ကိုစောင့်နေတာ'

'ဆောရီးခိုင်.... ကိုအောင် အလုပ်များနေလို့'

'မလာနိုင်တော့ဘူးလားဟင်'

'လာမှာပါခိုင်၊ ၇-နာရီတောင် ကျော်ပြီနော်'

'ဘယ်အချိန်လာလာ ဖြစ်ပါတယ် ကိုအောင်ရယ်၊ တခြား လူစိမ်းတွေ ကျနေတာပဲ'

'ခိုင်... ကိုအောင် ၇ - နာရီခွဲလောက်မှ အလုပ်ပြီးမယ်၊ လာမှာနဲ့ဆိုရင် ၈-နာရီလောက် ရောက်မယ်၊ ဘယ့်နှယ်လဲ'

'ဖြစ်ပါတယ်၊ ကိုအောင့်အလုပ်က ၇-နာရီ ၃၀ မှာ ပြီးမယ်နော်'

'ဟုတ်ပါတယ်ခိုင်'

'ဒီလိုဆို ခိုင် ၇-နာရီ ၃၀ မှာ သတင်းစာတိုက်ကို ကားလွှတ်ကြိုခိုင်းလိုက်မယ်'

'နေပါစေခိုင်.... ဒုက္ခမရှာပါနဲ့'

'ခုနစ်နာရီခွဲ ကား ရောက်လာ လိမ့်မယ်နော်....၊ ဒါပဲ ကိုအောင်'

တစ်ဖက်မှ ဖုံးချသွားသံကို ကြားလိုက်ရသည်။

သတင်းတည်းဖြတ်ရခြင်း၊ စာမျက်နှာနှင့် ဓာတ်ပုံအထားအသို ပြင်ဆင်ရခြင်းကို နာရီဝက်အတွင်း ပြီးအောင် လုပ်ရပေမည်၊ ကိုအောင်သူက စဉ်းစားရင်း ရှေ့မှ သတင်းရှည်ကြီးကို လှမ်းယူလိုက်သည်။

မနက်ဖန် သတင်းစာ ရောက်ချိန်တွင် ဂယက်ထစေမည်ဖြစ်သည့် သတင်း တစ်ပုဒ်က ပြည့်စုံ ပြီးမြောက် ပေတော့မည်တည်း။

* * *



[ ၁ ]

'ဆရာက အယ်ဒီတာ ဦးအောင်သူပါလား ခင်ဗျာ'

ကိုအောင်သူက သူ့ ရှေ့ရှိ အလုပ်များကို လက်စသတ်ပြီး ချိန်တွင် လူတစ်ယောက် ကိုအောင်သူ၏ စားပွဲရှေ့သို့ တန်းတန်း မတ်မတ် ရောက်လာကာ မေးလိုက်ခြင်းဖြစ်သည်။

စားပွဲရှေ့တွင် ရပ်နေသူကို ကိုအောင်သူက မော့ကြည့်လိုက်သည်၊ အရပ် ထောင်ထောင်မောင်းမောင်း၊ အသား လတ်လတ်၊ ခန္ဓာကိုယ်ဝဝ၊ မျက်နှာပွပွ၊ ထိပ်ပြောင်ပြောင်နှင့် အသက် လေးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်က စားပွဲရှေ့တွင် ရပ်လျက် ရှိနေသည်။

'ဟုတ်ပါတယ်.... ကျွန်တော် အောင်သူပါ၊ ဘာကိစ္စ ရှိပါသလဲ၊ ထိုင်ပါ'

ကိုအောင်သူက ပြောလိုက်သော်လည်း စိတ်ထဲတွင် ထင့်ကနဲ ဖြစ်သွားသည်၊ ဘာကိစ္စများပါလိမ့်၊ တစ်နေ့တစ်နေ့ င်းတို့၏ ခံစားချက်၊ မကျေနပ်ချက် များကို အယ်ဒီတာ စားပွဲတွင် လာ၍ ရင်ဖွင့်ကြသည်ကလည်း နေ့စဉ်မပြတ် ရှိနေသည်၊ သည်လိုသာဆိုလျှင် ခိုင့်ဆီသွားရန် နောက်ကျဦးမည်။

'ကျွန်တော့်နာမည် အေးတင်ပါ ဆရာ့ကို မခိုင်က အကြိုခိုင်းလိုက်လို့ပါ'

'သြော်.... ဟုတ်လား၊ ကျွန်တော်လဲ အလုပ် အားပါပြီ၊ ကဲ....သွားကြရအောင် ဦးအေးတင်'

ကိုအောင်သူက ဦးဆောင်ကာ သတင်းစာတိုက် ပေါ်မ
ဆင်းလာလည်၊ သတင်းစာတိုက် ရှေ့တွင်တော့ သစ်လွင် ခ
ညားသော မာစီဒီးကားနက်ကြီးက ဝင့်ကြွားစွာ ရပ်လျက်
ရှိနေသည်ကို တွေ့လိုက်ရသည်။

'ကားပေါ်တက်ပါ ဆရာ'

ဦးအေးတင်က ကား၏ နောက်ခန်းတံခါးကို ရိုသေစွာ
ဖွင့်ပေးပါသည်။

* * *

[ ၈ ]

'လာလေ ကိုအောင်၊ ခိုင်က လာမှလာနိုင်ဦးမလားလို့'

ကိုအောင်သူ ပန်းခြံထဲသို့ ဝင်လျှင်ဝင်ခြင်း ရောင်စုံ မီး
သွယ်များ အောက်တွင် ရပ်ရင်း ခိုင်က ဆီးကြိုလာသည်။

'ဒီနေ့မှ ညအယ်ဒီတာအစား ဝင်လုပ်ပေးနေရတယ် ခိုင်
အဲဒါကြောင့် နောက်ကျနေရတာပါ'

ကိုအောင်သူက သူ နောက်ကျ ကတိပျက်ခြင်းအကြောင်း
ကို အားနာစွာ ရှင်းပြသည်။

'မအားတာ ဘယ့်နှယ် လုပ်မလဲ ကိုအောင်ရယ်၊ ကဲ...
ထိုင်လေ'



ခိုင်က ပြောရင်း အနီးရှိ စားပွဲလွတ်တွင် ဝင်ထိုင်လိုက်
သည်။

ချက်ချင်းပင် အိုက်စ်ကရင်နှင့် မုန့်ပွဲများ ရောက်လာသည်။

'စားနော် ကိုအောင်၊ နောက်ကျတဲ့သူမို့ များများ စား
ရမယ်'

ကိုအောင်သူက ပြုံးနေလိုက်သည်၊ ပတ်ဝန်းကျင်ကို လှည့်
လည် ကြည့်မိသည်၊ ပရိသတ်အချို့က ပြန်စ ပြုနေပြီ၊ သည်
အချိန်တွင် ဝင်လာသော ပရိသတ်ကလည်း ရှိနိုင်မည် မဟုတ်
တော့၊ ကိုအောင်သူသည် ခိုင့်မွေးနေ့တွင် 'နောက်ဆုံးရောက်ခဲ့
သူပင်။

'ဩော်.... ခိုင်၊ ဦးကျော်မောင် တစ်ယောက်လဲ မမြင်
ပါလား'

'အစ်ကိုကြီးက နယ်မှာ ဆောက်လုပ်မယ့် အစိုးရစက်ရုံ
တစ်ရုံ ကန်ထရိုက်ရလို့ နယ်ဆင်းသွားရတယ် ကိုအောင်'

'ဩော်.... ဩော်....'

'အစ်ကိုကြီးကတော့ ရန်ကုန်မှာ နေရတဲ့ ရက်ထက် နယ်
ဘက် ထွက်ရနေတာက များပါတယ် ကိုအောင်ရယ်'

ကိုအောင်သူက ပြောစရာစကား ရှာမတွေ့သည်မို့ ခိုင့်
မျက်နှာကိုသာ ငေးကြည့်နေလိုက်မိသည်။

'ခိုင့်လဲ နေရတာ ပျင်းလာရင် ရုပ်ရှင်ကြည့်လိုက်၊ သူငယ်
ချင်းတွေနဲ့ ပျော်ပွဲစား ထွက်လိုက်၊ ပါတီတွေ တက်လိုက်နဲ့
အချိန်ဖြုန်းနေရတာပဲ၊ တစ်ခါတစ်ခါ ခိုင် ကျောင်းပြန်
တက်ဖို့တောင် စဉ်းစားမိတယ်၊ အစ်ကိုကြီးကလဲ တက်ဖို့

အားပေးတယ်၊ နောက်တော့လဲ မတက်ချင်ပြန်ဘူး၊ တကယ်တော့ စာသင်ပြီး ဘွဲ့ရရင် အလုပ်တစ်ခုခုဝင်လုပ်မှ သဘာဝကျတော့မှာပေါ့နော်၊ ခုတော့.... ခိုင် စာဆက်သင်ပြီး ဘာလုပ်ရမှာလဲ၊ ဘွဲ့လက်မှတ်ကို ချောင်ထိုးထားရမှာဘဲ မဟုတ်လား ကိုအောင်’

ခိုင်က စကားကို ခေတ္တရပ်လိုက်သည်။

စပ်မြင့်ဆီမှ မြူးကြွသော တေးတစ်ပုဒ်က လွင့်ပါလာသည်။

‘ဟိုတုန်းက....ဟိုဘဝတုန်းက ဆိုပါတော့ ကိုအောင်ရယ် ခိုင် ဘွဲ့ရရင် အလုပ်လုပ်ပြီး မေမေ့ကို ကျွေးမွေးစောင့်ရှောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲရှိတယ်၊ ခုတော့.... ခိုင့်မှာ ဘာ ရည်ရွယ်ရမယ်လို့ မယ်မယ်ရရ မရှိတော့ဘူး၊ စားပြီးအိပ်၊ အိပ်ပြီး လျှောက်လည်နဲ့ အဓိပ္ပာယ်မရှိတဲ့ဘဝမှာ ကျင်လည်နေရသလိုပဲ’

ခိုင်က ပြောပြီး တေးဂီတစင်မြင့်ဆီသို့ ငေးကြည့်နေသည်၊ တီးဝိုင်းက အချိန်စေ့ပြီမို့ သူတို့၏ တီးမှုတ်သော ကိရိယာများကို သိမ်းဆည်းနေကြသည်။

ခန်းခြံထဲတွင် ဧည့်ပရိသတ်က ရှင်းလင်းစ ပြုပြီ။

‘ဒါပေမယ့်.... ခိုင်ရယ်၊ ခိုင့်ဘဝ ပြီးပြည့်စုံနေပြီပဲ ဘာများ လိုသေးလို့လဲ’

‘ဩြော်.... ကိုအောင်....’

ကိုအောင်သူ၏ စကားကြောင့် ခိုင်က သူ့မျက်နှာကို စူးစိုက် ကြည့်လာသည်ကို သတိပြုမိလိုက်သည်။



‘လူတစ်ယောက်ဟာ ရွှေဘုံပေါ်မှာ စံပြီးနေရရုံနဲ့ ဘဝတစ်ခုဟာ ပြီးပြည့်စုံပြီရယ်လို့ ကိုအောင် ထင်နေတုန်းပဲလား ဟင်....’

ခိုင့်အသံ တုန်ယင် လှုပ်ရှားလာသည်ကို ကိုအောင်သူ သတိပြုမိလိုက်သည်။

မှားလေပြီ....။

ကိုအောင်သူက သူ့အမှားကို သူ ချက်ချင်းသိလိုက်သည်။ အသိတ်၏ ခံစားချက်ရှိသူချင်း သည်စကားမျိုးကို မပြောသင့် အစမဖော်သင့်ပါတကား။

ခိုင်၏ မျက်ဝန်း နက်နက်လေးတဲမှ မျက်ရည်ဥများက တလိမ့်လိမ့် ဆင်းလာနေသည်။

‘ကဲပါ ခိုင်ရယ်.... ကိုအောင်နဲ့ ခိုင်ဟာ ကိုယ့်ဘဝကိုယ် တည်ဆောက်ခဲ့ကြပြီမို့ နောက်ကြောင်းတွေ မစဉ်းစားတာ ကောင်းပါတယ်ကွယ်၊ မဟုတ်ဘူးလားဟင်’

‘ခိုင်လဲ ကိုယ့်ဘဝကိုယ် နားလည်ခဲ့လို့ နောက်ကြောင်းကို မစဉ်းစားမိအောင်၊ မပြောမိအောင် ဆင်ခြင်ပါတယ် ကိုအောင်ရယ်’

ခိုင်က စီးကျလာသော မျက်ရည်စကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း ပြန်ပြောသည်။

ထိုစဉ်တွင် သူတို့ စားပွဲနှင့် မလှမ်းမကမ်းရှိ စံပယ်ခြုံက သိမ့်ခနဲ လှုပ်သွားသဖြင့် ကိုအောင်သူ စူးစိုက် ကြည့်လိုက်မိသည်။

ကိုအောင်သူ ရင်ထဲတွင် ထင့်ခနဲ ဖြစ်သွားရသည်၊ ပန်းခြံ
ကွယ်မှ လူရိပ်သဏ္ဍာန်တစ်ခုက ထိုနေရာမှ ထွက်သွားသည်ကို
တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ကိုအောင်သူ၏ စိတ်အစဉ်က နောက်ကျို ထိုင်းမှိုင်းသွား
သလို ခံစားလိုက်ရသည်၊ နောက်ပြီး စောစောက သတင်း
စာတိုက်ရှိ အလုပ်စားပွဲပေါ်မှ ဓာတ်ပုံများကို မြင်ယောင်
လာသည်။

ဖရိုဖရဲဖြစ်နေသော စားပွဲကုလားထိုင်များကြားမှ လူသေ
အလောင်းနှစ်ခုနှင့် သွေးကွက်များ.... သွေးကွက်များ....။

'ကိုအောင် ဘာဖြစ်လို့လဲဟင်.... ဘာတွေ့လို့လဲ'

ရုတ်တရက် ပြောင်းလဲသွားသော သူ၏ အမူအရာကို အကဲ
ခတ်မိဟန်တူသော ခိုင်က မေးလိုက်သည်။

'ဟို.... ဟို.... ဩော်.... ဘာမှ မဟုတ်ပါဘူး ခိုင်ရယ်၊
ကိုအောင်လဲ ပြန်မှ ထင်တယ်'

'ကဲ ... ကိုအောင် ရေခဲမုန့်လဲ စားပါဦး၊ ခိုင်ရဲ့ ၂၅-နှစ်
မြောက် မွေးနေ့အတွက် ဆုလေးဘာလေး တောင်းပေးပါဦး၊
ကြည့်စမ်း.... ရေခဲမုန့်တွေတောင် ပျော်ကုန်ပြီ'

ခိုင်က ပြောရင်း ရေခဲမုန့် အသစ်တစ်ပွဲကို ကိုယ်တို
ထယူလာသည်။

'စားပါ ကိုအောင်၊ နောက်ပြီး.... ဦးအေးတင်က
ကိုအောင့်အိမ်ကို လိုက်ပို့ပေးလိမ့်မယ်'

ခိုင်က ပြောရင်း မုန့်ပွဲကို ကိုအောင်သူရှေ့သို့ ထိုးပေးလိုက်
သည်။



'ခိုင်တစ်ယောက် မွေးနေ့ပေါင်း တစ်ရာအထိ ကျင်းပ
ပြီး တစ်သက်လုံး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ရှိပါစေ
ယ်....'

ကိုအောင်သူက ဆုတောင်းရင်း ရေခဲမုန့်ကို ခပ်စားလိုက်
ည်၊ သင်းပျံ့မွှေးထုံ၍ ချိုလွင်အေးမြသော ရေခဲမုန့်
သားက ကိုအောင်သူ၏ ရင်ကို ကြည်လင်အေးမြ သွား
စေခဲ့ပြီတည်း။

* *

[ ဃ ]

'သမီးလေးရေ.... အိပ်တော့နော်'

အေးက ပြောရင်း သမီးကလေးအနီးသို့ လျှောက်သွား
ည်။

'ဟင့်အင်း.... မအိပ်သေးဘူး၊ ဖေဖေကြီးလာမှ အိပ်မယ်'

ပြတင်းပေါက်မှ လမ်းမကြီးဘက်သို့ ငေးကြည့်နေသော
မီးလေးက ပြန်ပြောလိုက်သည်။

'ကိုးနာရီတောင် ထိုးပြီ သမီးလေးရယ်'

'ဖေဖေကြီးက သိပ်ကြာတာပဲ မေမေရယ်၊ သမီးလေ.ဖို့
နဲ့ဝယ်နေတာလား မသိဘူးနော်'

'ဟုတ်မှာပေါ့ သမီးလေးရယ်၊ နောက်ပြီး.... ဖေဖေကြီးက အလုပ်များချင် များနေမှာ သမီးရဲ့၊ အိပ်တော့နော်.... သမီး'

'ဖေဖေကြီး သနားပါတယ်နော်၊ ထမင်းလဲ မစားရ သေးဘူး မေမေရဲ့'

အေးက စားပွဲပေါ်တွင် အသင့်ပြင်ထားသော ထမင်းစားပွဲကို လှမ်းကြည့်လိုက်မိသည်၊ အကြိမ်ကြိမ် ပြန်ပြန်၍ နွေးထားသဖြင့် ငါးဖယ်ဆုတ်ဟင်းမှာ ညိုရောင်ပင် သန်းနေပေပြီ။

'မေမေပဲ ဖေဖေကြီးကို စောင့်နေမယ်နော်၊ မနက်ဖြန် သမီးက ကျောင်းတက်ရဦးမှာ၊ အိပ်တော့နော် သမီးလေး'

အေးက သမီးလေးကို ရင်ခွင်ဝယ် ပွေ့ပိုက် ချော့မော့ လိုက်သည်။

'သမီး မအိပ်ချင်သေးဘူး မေမေရယ်၊ ဖေဖေကြီးမျက်နှာကို ကြည့်ချင်သေးတယ်၊ တော်ကြာ.... သမီးက အိပ်နေရင် ဖေဖေကြီး လိုက်ရှာပြီး ဝယ်ခဲ့ရတဲ့မုန့်တွေ လွှင့်ပစ်လိုက်ရမှာပေါ့ မေမေရယ်နော်'

အေးက စကားတတ်လွန်းသော သမီးလေးကို လက်လျှော့လိုက်ရသည်၊ သူမကိုယ်တိုင်ပင် မောင်တစ်ယောက် နောက်မကျစဖူး နောက်ကျနေသဖြင့် ပူပန်စိတ် ဝင်လာသည်။

အေးတို့ တစ်လမ်းကျော်ရှိတိုက်တွင် တယ်လီဖုန်းရှိသည်ကို အေး သိသည်၊ ထိုအခန်းကိုသွား၍ သတင်းစာတိုက်သို့



ဖုန်းဆက်ရလျှင် ကောင်းမည်လား၊ အေးက စဉ်းစားရင်း ထိုအခန်းသို့ လှမ်းကြည့်မိသည်။

အခန်းက မီးရောင်ပင် မရှိတော့ အိပ်ကုန်ပြီထင်၏၊ အိပ်နေသူများကို တံခါးခေါက် နှိုးရမည်လည်း အေးက အားနာနေမိပြန်သည်။

'ဟော.... ဖေဖေကြီး ပြန်လာပြီ'

အိမ်ရှေ့လမ်းမပေါ်မှ ကားရပ်သံ ထွက်လာသဖြင့် သမီးလေးက တံခါးချက်ကို လှမ်းဖွင့်သည်၊ အေးက ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်၊ တစ်ဖက်ခန်းတွင် နေသော ကျွန်းမာရေးဌာနမှ ဆရာမ ဇနီးမောင်နှံက ကားပေါ်မှ ဆင်းလာသည်ကို တွေ့လိုက်ရသည်။

'သမီးလေးရေ.... ဖေဖေကြီး မဟုတ်ဘူးကွယ့်.... ဟိုဘက်ခန်းက ဦးဦးနဲ့ ဒေါ်ဒေါ်တို့ ပြန်လာကြတာ'

မိခင်ဖြစ်သူ၏ စကားကြောင့် လှေကားဆီသို့ စိတ်အားထက်သန်စွာ စူးစိုက်ကြည့်နေသော သမီးလေး၏ မျက်နှာကလေးမှာ စိတ်ပျက်မှု အရိပ်အယောင် သန်းသွားသည်။

နောက် မျက်နှာကလေးအိုအိုနှင့် ငိုတော့မည့်ကဲ့သို့ ပြောင်းသွားသည်၊ အေးက သမီးလေးကို ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

\+ \+ \+

## အခန်း ( ၇ )

စထရင်းဟိုတယ်၏ ခန်းမဆောင်ထဲတွင် လူရှင်းစပြုနေပြီ၊ သို့သော် သောက်စားနေသူများ လုံး၀ ရှင်းလင်းသည့် အဆင့်ထိတော့ မရောက်သေး။

လက်ကျန်မပြတ်သေးသူ၊ စကားဝိုင်း ကောင်းနေသူ၊ ရေချိန် မမီသေးသူ အချို့ကတော့ ဝိုင်းမပျက် ရှိနေဆဲပင်၊ ခန်းမထဲရှိ စားပွဲသုံးဝိုင်းလောက်တွင် သောက်စားသူများက ရှိနေသည်။

ကောင်တာ၏ ရှေ့တည့်တည့် စားပွဲတွင် လူလေးဦးပါသော ဝိုင်းက ရှိနေသည်၊ ထိုဝိုင်းမှ လူလေးဦးစလုံးမှာ အသက်လေးဆယ်ကျော် ဝန်းကျင်သို့ ရောက်နေပြီ ဖြစ်သည့် လူကြီးပိုင်း၀င်စ အရွယ်များပင် ဖြစ်ကြသည်၊ သူတို့ရှေ့ရှိ စားပွဲပေါ်တွင်တော့ ဘီယာပုလင်းခွံများ၊ ပုလင်းသစ်များနှင့် စားသောက်ဖွယ်ရာ အမြည်းများက ဝိုင်းပြည့်တမျှ ရှိနေသည်။



သူတို့ကား မြန်မာ့အကျိုးဆောင် ကုမ္ပဏီ၏ ပိုင်ရှင် အင်ဂျင်နီယာကြီး ဦးကျော်မောင်နှင့် ငယ်ပေါင်း မိတ်ဆွေရင်းများပင် ဖြစ်သည်။

'ဟေ့.... ဖိုးကျော်မောင် ကြုံကြိုက်တုန်း မောင်ရင့်ကို ပြောရဦးမယ်'

'ဘာများလဲ ကိုဖြူကြီးရဲ့'

ဦးကျော်မောင်က စားပွဲပေါ်မှ ဘီယာခွက်ကို ထပ်ဖြည့်ရင်း မေးလိုက်သည်၊ သို့သော်.... ဦးဖြူကြီးက ပြန်မဖြေသေးဘဲ ဘီယာခွက်ကို ကောက်ယူမော့နေသည်။

သူ၏ အမည်ရင်းမှာ ဦးဖြူကြီး မဟုတ်ပါ၊ သို့သော်.... အသက် ၄၀ - အရွယ်မှာပင် တစ်ခေါင်းလုံး ဆံပင်များဖြူနေသည်ကို အစွဲပြု၍ ငယ်ပေါင်းမိတ်ဆွေများက သူ့အား ဖြူကြီးဟု ခေါ်ကြခြင်း ဖြစ်သည်။

'ဒီလို ဖိုးကျော်မောင်ရဲ၊ မောင်ရင်က မိန်းမ ငယ်ငယ်ချောချောကလေး ယူထားလေတော့ မိန်းမကို သိပ်ပြီး အလိုမလိုက်နဲ့လို့ ပြောချင်တာပါကွာ'

'ဟင်....'

ဦးဖြူကြီးက သည်စကားကို လေးလေးနက်နက် ပြောခြင်းလား၊ ရယ်စရာပြောခြင်းလား သူ သတိမထားမိသော်လည်း စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားရသည်။

သည်လို အဓိပ္ပာယ်ဆောင်သော စကားမျိုးကို သူ့အား ပြောလာသူ နှစ်ဦးရှိနေခဲ့ပြီး မဟုတ်ပါလား၊ ခါတိုင်းအချိန်

ဆိုလျှင် သည်စကားကို ရယ်မောလိုက်မိမည် ဖြစ်သော်လည်း ယခုတော့— ငိုင်သွားခဲ့ရသည်။

'ဆိုပါဦး ကိုဖြူကြီးရယ် ခင်ဗျား ဘာကို ဆိုလိုတာလဲ....'

ဦးကျော်မောင်က စိတ်ဝင်စားစွာ မေးလိုက်သည်။

'ဩြော်.... ညွှံပါပေ့ ဖိုးကျော်မောင်ရယ်၊ ကိုရှင် မိန်းမ ငယ်ငယ်ယူပြီး သိပ်အလိုလိုက်နေရရင် သူ့လို တစ်ခေါင်းလုံး ဖြူသွားမှာစိုးလို့ ဖြစ်မှာပေါ့ကွာ.'

သည်စကားကို ကြားဖြတ်ပြောလိုက်သူက ဦးကျော်မောင်၏ ဘေးတွင် ထိုင်နေသော 'ကိုဆယ်'ပင် ဖြစ်သည်။

ကိုဆယ်ကား ပျော်ပျော်နေ၍ ပျော်ပျော် တွေးတတ်သူ တစ်ဦးပင်၊ ယခု သူက သည်စကားကိုဖြတ်ပြောကာ တဟားဟား ရယ်ချလိုက်သည်၊ ကွမ်းစားလွန်း၍ ရေညှိရောင်ထနေသော သွားများကြားမှ ရွှေသွားနှစ်ချောင်းက ဝင်းဝင်းတောက်သွားသည်။

'အေးကွ.... ဒါလဲ ဖြစ်နိုင်တယ်'

အမဲသားကျော် တစ်တုံးကို ကောက်ဝါး၍နေ သော ဦးခင်ညွန့်က ဝင်၍ ထောက်ခံလိုက်သဖြင့် ဦးဖြူကြီးမှာ အောင့်သက်သက် ဖြစ်သွားရသည်။

'ဟေ့ .... ကိုခင်ညွန့် ခုချိန်ထိ မိန်းမ မရနိုင်ဘဲ လောက အကြောင်းကို မသိသေးဘဲ ခင်ဗျားက ဘာနားလည်လို့ ဝင် ထောက်ခံရတာလဲ'



ဦးဖြူကြီးက ပြန်ပြောသဖြင့် အားလုံး ဝိုင်း၍ ရယ်မောကြရသည်၊ သည်တော့လည်း ဦးဖြူကြီး၏ စကားက လမ်းစပြတ်သွားရသည်၊ သို့သော်.... ဦးကျော်မောင် ရင်ထဲတွင်တော့ သည်စကားသည် ပျောက်မသွားတော့။

လွန်ခဲ့သော တစ်ပတ်လောက်က ထင်သည်၊ သည်လို.... အဓိပ္ပာယ်တူသော စကားမျိုးကို တစ်စုံတစ်ယောက်က ပြောခဲ့ဖူးသည် မဟုတ်ပါလား။

ဦးကျော်မောင်၏ အတွေးသည် ထွေပြား၍ စိတ်အာရုံသည် ဝေဝါးလာသည်၊ သူ့စိတ်က အရက်ဝိုင်းမှ လွင့်စင်သွားကာ ဇနီးသည် ခိုင့်ထံသို့ ပြေးလွှားနေသည်၊ အပြုံးမန်းဝေနေသော ဇနီးသည် ခိုင့်မျက်နှာ လှလှလေးက သူ့ထံပါးသို့ ဝင်ရောက်လာပြန်သည်။

ဦးကျော်မောင်က မသိမသာ သက်ပြင်း ချလိုက်မိသည်၊ ဝေခွဲ၍ မရနိုင်သော ဝေဒနာတစ်ရပ်သည် သူ့ရင်ကို တင်းကြပ်စေခဲ့ပြီးတည်း။

'ဟေ့ .... ဖိုးကျော်မောင် ဘာငိုင်နေတာလဲကွ၊ မင်း လက်ကျန် ရှင်းလိုက်တော့လေ.... ပြန်ကြရအောင်'

သူ၏ အမူအရာကို ရိပ်မိဟန်တူသော ဦးခင်ညွန့်က ပြောလိုက်ခြင်းပင်၊ သည်တော့မှ ဦးကျော်မောင်က ပြောင်ရှင်းနေပြီဖြစ်သော မိတ်ဆွေများရှေ့မှ ဘီယာခွက်များကို သတိပြုလိုက်မိလေတော့သည်။

* * *

[ က ]

မိုးပြာရောင် ဖီးယက်ကားကလေးက ကမ္ဘာအေးဘုရား
လမ်းမကြီးအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ တရိပ်ရိပ်
ပြေးလျက်ရှိနေသည်။

အမှောင်ထုအောက်တွင် လဲလျောင်းနေသော ကတ္တရာ
လမ်းမကြီး၏ လမ်းဘေးတစ်လျှောက် မီးနီကျင်ကျင် လမ်း
ခေတ်တိုင်များ၏ အလင်းရောင်က လမ်းပေါ်တွင် ထိုးကျ
နေသည်။

သည်တော့ ညိုမှောင်သော ကတ္တရာလမ်းမကြီးမှာ အညို
ရောင်၊ အဖြူရောင်တို့ဖြင့် နှောနေသည့် မြွေကြီးတစ်ကောင်
အလား ထင်မှတ်ရတော့သည်။

ခိုင်က ကားကို ဂရုတစိုက်မောင်းရင်း လိမ္မာ၍ စကား
တတ်သော ချိုသဲအေးကလေး၏ မျက်နှာကလေးကို မြင်
ယောင်ကာ မသိမသာ ပြုံးလိုက်မိသည်။

ခိုင်နှင့် အေးကို ကိုအောင်သူက မိတ်ဆက်ပေးခဲ့သည့်
နောက်ပိုင်းတွင် ခိုင်တစ်ယောက် အေးတို့အိမ်သို့ မကြာခဏ
ရောက်လာတတ်သည်၊ လှ၍ ချစ်စဖွယ်ကောင်းကာ ရိုးသား
သော အေးကို ခိုင်က ခင်မင်မိသလို အရွယ်နှင့်မလိုက်အောင်
စကားတတ်သော သမီးလေးကိုလည်း ချစ်ခင်တွယ်တာမိ
သည်။

တစ်ခါတစ်ရံတွင် ခိုင်က အေးတို့အိမ်တွင်ပင် ထမင်း
လာစားသည်လည်း ရှိသည်၊ သည်တော့ သမီးလေးနှင့် ခိုင်က



ရင်းနှီးလာသည်၊ သံယောဇဉ်တွယ်လာကြသည်၊ တနင်္ဂနွေ
နေ့မျိုးတွင် သမီးလေးက ခိုင်တို့တိုက်သို့ လိုက်လာတတ်သည်။

သည်နေ့ညနေတွင်လည်း ခိုင်တစ်ယောက် ရိုးတုမ္ဗကီတွင်
အလှကုန်ပစ္စည်းများ သွားဝယ်ရင်း အပြန်တွင် သမီးလေး
ချိုသဲအတွက် ချောကလက်ဘစ်ထုပ်ဝယ်ယူကာ သူတို့ရန်ကင်း
တိုက်ခန်းသို့ လှည့်ဝင်ဖြစ်ခဲ့သည်။

'ဟော...အန်တီခိုင် လာပြီ'

ခိုင်ကို မြင်သည်နှင့် သမီးလေးက ခိုင့်ထံ ပြေးလာကာ
ခိုင့် လက်ကိုဆွဲ၍ ညှော်ခန်းထဲဝင်လာသည်။

'အန်တီခိုင် သမီးလေးဖို့ ချောကလက်တစ်ထုပ် ဝယ်လာ
တယ်၊ ရော့...သမီး'

ခိုင်က ပြောရင်း ချောကလက်ထုပ်ကို သမီးလေးလက်သို့
ပေးလိုက်သည်။

'အို...ဒုက္ခရှာလို့ ခိုင်ရယ်၊ အားနာစရာကြီး'

အေးက အားနာစွာ ဆိုသည်၊ ကိုအောင်သူကတော့ ဘာမှ
မပြော ပြုံး၍ ကြည့်နေလိုက်သည်။

'ကိစ္စမရှိပါဘူး အေးရယ်...'

ခိုင်က သမီးလေးကို ပွေ့ချီရင်း ပြန်ပြောသည်။

'အန်တီခိုင်ရယ်... သမီးက မုန့်မစားချင်ဘူး၊ ရုပ်ရှင်
ကြည့်ချင်တာ၊ သမီးကို လိုက်ပို့ပါလား အန်တီရယ်...ဟင်'

'ဟော...သမီးလေး လုပ်ပြန်ပြီ'

ဒီတစ်ခါတွင်တော့ ကိုအောင်သူ ဝင်ပြောလိုက်မိသည်။

'ဟုတ်လား .. သမီးက ရုပ်ရှင်ကြည့်ချင်တယ်....'

ခိုင်က သမီးလေး၏ ပါးဖောင်းဖောင်းလေးကို ငုံ၍ မွှေးရင်း မေးသည်။

'မနက်ဖြန် သမီး ကျောင်းပိတ်တယ်၊ ဒါကြောင့် ရုပ်ရှင်ကြည့်ချင်တာ အန်တီခိုင်ရဲ့'

'သမီးလေးရေ...'

အေးက သမီးလေးကို ဟန့်တားရန် ကြိုးစားနေသည်။

'အေးရေ...သမီးလေးကို ရုပ်ရှင်ပြရအောင်နော်'

ခိုင်က အေးကိုပြောရင်း ကိုအောင်သူ၏ သဘောထားကို မေးသည့်အနေဖြင့် လှမ်းမေးကြည့်သည်။

'ခိုင်လဲ သမီးလေးပြောတိုင်း လိုက်လုပ်နေပြန်ပြီ'

ကိုအောင်သူက ပြောသည်။

'ဟုတ်သားပဲ ခိုင်ရယ်'

အေးကပါ ဝင်၍ ထောက်ခံသည်။

'ခိုင်လဲ ဒီနေ့ ရုပ်ရှင်ကြည့်ချင်နေတယ် အေးရယ်၊ သမီးကို လိုက်ပို့ရင်း သွားကြရအောင်ကွယ်၊ ကဲပါ အေးရယ်.... သမီးကို အကျီလဲပေးပါဦး'

ခိုင်က ဇွတ်တရွတ်ပြောနေသည်မို့ အေးက ငြင်းရမည်ကို အားနာလာသည်၊ သို့ကြောင့် စားကြည့်စားပွဲတွင် ထိုင်နေသော ကိုအောင်သူကို လှမ်းကြည့်ကာ သဘောထား ယူလိုက်သည်။

'ကဲလေ-သမီးလေးနဲ့အေးသာ လိုက်သွားပါကွယ်၊ မောင် စာရေးစရာတွေ ရှိနေသေးလို့ပါ၊ ကိုအောင် မလိုက်တော့ဘူးနော် ခိုင်၊ အေးတို့နဲ့သွားပေါ့'



ကိုအောင်သူက အေးကို ပြောပြီးသည်နှင့် ခိုင့်ကိုပါ ...လိုက်ခြင်း ဖြစ်သည်။

...ယခု ရုပ်ရှင်အပြီးတွင် ခိုင်က အေးကိုသားအမိကို ရန်ကင်း ...လိုက်ပို့ပြီး ပြန်လာခဲ့ခြင်း ဖြစ်သည်။

ကုက္ကိုင်းလမ်းဆုံ ရောက်သောအခါ ကားကလေးက ...ကသို့လ်ရိပ်သာလမ်းဘက်သို့ ချိုးကွေ့ဝင်လိုက်သည်၊ ထိုစဉ်...င် လမ်းဘေးဝဲယာတွင် ငြိမ်သက်နေသော သစ်ပင်များက ...ပ်ရှားယိမ်းထိုးလာသည်၊ မိုးပေါက်ကလေးများက တဖွဲဖွဲ ...ဆင်းလာနေပြီ။

* *

၁ ]

ဦးကျော်မောင်က ညှော့ခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် ...မ်းလျှောက်နေရာမှ အနီးရှိ ဆိုဖာပေါ်တွင် ထိုင်ချလိုက် ...ည်၊ လှုပ်ရှားနေသော ခန္ဓာကိုယ်သည် ထိုင်လိုက်သော ...ခါ အနားရသွားပြီဖြစ်သော်လည်း လှုပ်ရှားပြန့်လွင့်နေ ...သော စိတ်အစဉ်ကပေါ့ အနားမရလေသေးပါတကား။

သူ၏ မျက်လုံးအစုံက တိုင်ကပ်နာရီဆီသို့ ရွေ့လျားသွား ...သည်။

'၁၀-နာရီပင် ထိုးပါပြီကောလား'

ယခင်က ခိုင်တစ်ယောက် ညဥ့်နက်မှ အိမ်ပြန်ရောက်သေ
လည်း သူ့စိတ်တွင် ဘယ်လိုမှ မခံစားခဲ့ရလေပါ။

ယခုတော့....

ယခုတော့....။

ဦးကျော်မောင်ရင်ထဲတွင် တင်းကျပ်ဆို့နင့်သော ဝေဒန
က ကပ်ငြိစ ပြုနေလေပြီ။

'ဟော့....ဖိုးကျော်မောင်၊ မင်း မိန်းမ ငယ်ငယ်ချောချေ
လေး ယူထားသူမို့ သတိပေးရဦးမယ်၊ မိန်းမကို သိပ်အ
မလိုက်နဲ့ကွ'

စကားသံတစ်ခုက သူ့နားထဲဝယ် ပဲ့တင်ရိုက်ခတ်လ
သည်။

ဘာကို ဆိုလိုတာလဲ....

ဘာကို ပြောချင်တာလဲ....။

သူတို့စကားသည် ခိုင်ရှိနှင့်ပတ်သက်နေသည်ကတော့ အမှန်
ဒါပေမယ့် သည်စကား၏ အဓိပ္ပာယ်ကို ဦးကျော်မော
ပြည့်ပြည့်စုံစုံ မစဉ်းစားနိုင်သေး။

ခိုင်နှင့်ပတ်သက်၍ အတွေးကြွယ်မိသောအခါ ရင်မော
သည်ကတော့ အမှန်။

ခိုင့်ကို သူ အသက်လောက် ချစ်ခဲ့ပါ၏၊ လိုလေသေးမရှိ
အောင် ထားခဲ့ပါ၏၊ ခိုင့်မျက်နှာ ညှိုးသည်မရှိအောင် အလို
လိုက်ပါ၏။

သူ မရှိချိန်တွင် ခိုင်တစ်ယောက် သွားလာလည်ပတ်နိုင်ရန်
ပင် သူမအတွက် ကားတစ်စီး ဝယ်ပေးခဲ့ပါ၏။



ခိုင်သည် ကားကို ကိုယ်တိုင်မောင်း၍ အလည်အပတ်
များနေသည်မှအပ ခိုင်နှင့်ပတ်သက်၍ ပြောပလောက်သော
အပြစ် မရှိလေသေး။

တစ်ခါတစ်ရံတွင်တော့ ခိုင့်အား ညဥ့်နက်အောင် သွား
လာ လည်ပတ်ခြင်းမပြုရန် ပြောမည်ဟု စိတ်ကူးမိသည်လည်း
ရှိသည်၊ ဒါပေမယ့် မပြောရက်ခဲ့၊ ပြောမထွက်ခဲ့။

သူ ခိုင့်ကို မချုပ်ချယ်ချင်၊ ခိုင်သည် မိခင်ဖြစ်သူ၏ စကား
ကို နားထောင်ကာ သူ့ကို လက်ထပ်ခဲ့သည်။

သို့သော်လည်း သူမက ဇနီးတစ်ယောက်၏ တာဝန်ကို
ကျေပွန်အောင် ကြိုးစားခဲ့သည်ကိုလည်း သူသိပါလေ၏။

နောက်ပြီး သူ နယ်ထွက်နေသောအခါ သူမတစ်ယောက်
တည်း အိမ်တွင် ပျင်းရိစွာ အချိန်ဖြုန်းနေရမည့် အဖြစ်မျိုး
လည်း မဖြစ်စေချင်သည်က အမှန်။

ဒါကြောင့်ပင် သူမ၏ မိတ်ဆွေသူငယ်ချင်းများအိမ်သို့
သွားလာလည်ပတ်ရန်ပင် ဦးကျော်မောင်က တိုက်တွန်းခဲ့ရ
သည်လည်း ရှိသည်။

ဒါပေမယ့် မရေရာသော အတွေးရိပ်တို့က သူ့စိတ်ကို
ဖြေသိမ့်ခြင်းငှာ မစွမ်းသာအောင် နှောင့်ယှက်နေပြီ။

တဖွဲဖွဲကျနေသော မိုးဖွဲကလေးများက တဖြည်းဖြည်း
မိုးသီး မိုးပေါက်များ ဖြစ်လာသည်၊ လေတစ်ချက်ဝှေ့လိုက်
သောအခါ သစ်ပင်ကြီးငယ်တို့က ယိမ်းထိုးသွားသည်။

ထိုစဉ် အိမ်ရှေ့ ဆင်ဝင်အောက်တွင် ကားရပ်သံကြားရသဖြင့် ဦးကျော်မောင်က တံခါးသော့ကို ထယူကာ သော့ဖွင့်လိုက်သည်။

ဖီးယက်ကားလေးထဲမှ ခိုင်က အပြေးကလေး ထွက်လာကာ အိမ်ထဲသို့ ဝင်လာသည်။

'ဟော….အစ်ကိုကြီး၊ မအိပ်သေးဘူးလားဟင်'

ခိုင်က ကိုယ်ပေါ်မှ မိုးရေစက်များကို ခါချရင်း ပြောလိုက်သည်။

'မအိပ်သေးဘူးခိုင်၊ အစ်ကိုကြီးလဲ အိပ်မပျော်တာနဲ့ ခိုင့်ကိုစောင့်ရင်း စာထိုင်ဖတ်နေတာ'

ဦးကျော်မောင်က မုသားတစ်ဝက်ရောသော အဖြေကို ပေးရင်း တံခါးကို ပြန်ပိတ်လိုက်သည်။

'ခိုင်လဲ သူငယ်ချင်းတစ်ယောက်နဲ့ ရုပ်ရှင်သွားကြည့်တာ အစ်ကိုကြီးရယ်၊ နောက်ပြီး သူငယ်ချင်းကို ရန်ကင်းလိုက်ပို့နေလို့'

'ဪ—'

ဦးကျော်မောင်က ဘာမှတော့ မပြောမိ၊ ခိုင်ပြောသည်ကို ခေါင်းညိတ်နေလိုက်သည်။

'အစ်ကိုကြီး တစ်ခုခုသောက်ဦးမလား၊ ခိုင် သွားယူလိုက်မယ်လေ'

'မသောက်တော့ဘူး ခိုင်ရယ်၊ အစ်ကိုကြီး ဗိုက်ပြည့်နေပြီ'



'ဒါဖြင့် ခိုင် အက်ျီသွားလဲလိုက်ဦးမယ်နော်'

'သွားလေ ခိုင်၊ တော်တော်ကြာ အအေးမိနေဦးမယ်'

ဦးကျော်မောင်က တုံ့ပြန်ပြောရင်း၊ လှေကားပေါ်တက်သွားသော ခိုင်၏ နောက်ကျောကို ငေးကြည့်နေမိသည်။

+ + +

## အခန်း (၈)

စားပွဲပေါ်မှ တယ်လီဖုန်းခေါ်သံက မြည်ကြွေးလာသည်။

ဦးကျော်မောင်က လက်ထဲရှိ သတင်းစာကိုချကာ ဖုန်းကို ကောက်ယူလိုက်သည်။

'ခိုင်လားဟင်'

တစ်ဖက်မှအသံက တိုက်ရိုက်ဝင်လာသည်။

'ကျွန်တော် ကျော်မောင်ပါ၊ ဘာကိစ္စရှိလို့ပါလဲ'

ဦးကျော်မောင်က ဖြေလိုက်သည်။

'ဪ....ခိုင်နဲ့ စကားပြောချင်လို့ပါ'

'.... .... .... ....'

'ခိုင် အပြင်ထွက်သွားပါတယ်'

'.... .... .... ....'

'ခိုင် ပြန်လာရင် နေဝန်းသတင်းစာတိုက်ကို ပြန်ဆက်ပါ လို့ ပြောပေးပါ ခင်ဗျာ'



'.... .... .... ....'

'ကောင်းပါပြီ၊ ဘယ်သူလို့ ပြောလိုက်ရမလဲ'

'သတင်းစာတိုက်ဆိုရင် သူသိပါတယ် ခင်ဗျာ၊ အရေးကြီး ကိစ္စလေး ရှိလို့ပါ၊ ကျေးဇူးတင်ပါတယ်'

'.... .... .... ....'

တစ်ဖက်က ဖုန်းချသွားသော်လည်း ဦးကျော်မောင်က တ်တရက် ဖုန်းမှချမိဘဲ ငိုင်နေမိသည်။

ဘယ်သူပါလိမ့်၊ ခိုင့်မိတ်ဆွေထဲကပဲ ထင်၏။

သည်သတင်းစာတိုက်တွင် သူနှင့် သိကျွမ်းသူ မရှိခဲ့။

ခိုင်ဟု ရင်းရင်းနှီးနှီးခေါ်၍ ဖုန်းဆက်လာသူကား ခိုင်နှင့် တ်ဆွေရင်း ကျောင်းနေဖက်ထဲကပေပဲလား။

ဦးကျော်မောင်က ဖုန်းကိုချကာ အတွေးစုံကြွယ် ရင်း ဖါပေါ်တွင် ကျောမှီချလိုက်သည်။

ရှေ့မှ ဖတ်လက်စသတင်းစာကို ကောက်ယူမိသော်လည်း တ်ဝင်စားမှုမရှိတော့ပြီ၊ သူ့စိတ်က ခိုင့်ဆီသို့ ရောက်နေခဲ့ ည်။

ယခုတော့ ခိုင်နှင့်ပတ်သက်သည့် တွေးစရာများက များလှ ါဘိတောင်း။

ထိုစဉ် အိမ်ရှေ့မှ ကားရပ်သံ ကြားလိုက်ရသည်။

မကြာမီပင် လက်ကိုင်အိတ်ကလေးကို ဝှေ့ယမ်း ရင်း က ဧည့်ခန်းထဲ ဝင်လာသည်။

'ဟော.... အစ်ကိုကြီး၊ ဒီနေ့ ကုမ္ပဏီမသွားရဘူးလား င်'

ညှော်ခန်းတွင် ထိုင်နေသော ဦးကျော်မောင်ကို ခိုင် မေးရင်း တစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ဝင်ထိုင်လို သည်။

'အစ်ကိုကြီး ဒီနေ့ ကိစ္စရှိလို့ စောစောပြန်လာတာ ခို မနက်ဖြန် ခရီးထွက်ရဦးမယ်၊ ပြင်ဆင်စရာလေးတွေ ပြ အောင်ပါ'

'ဟင် .. ဟုတ်လား၊ ဘယ်လောက်ကြာမလဲဟင်'

'အလွန်ဆုံး တစ်ပါတ်ပါခိုင်၊ အစ်ကိုကြီး အဝတ်အ ငါးစုံလောက် ပြင်ထားပေးနော်'

'ကောင်းပါပြီ အစ်ကိုကြီး'

ခိုင်က ပြောရင်း မတ်တတ်ရပ်လိုက်သည်။

'ဩော်....ခိုင်'

'ဟုတ်ကဲ့ ပြောပါ အစ်ကိုကြီး'

ခိုင်က ပြန်ထိုင်လိုက်သည်။

'စောစောက ခိုင့်အတွက် ဖုန်းလာတယ်၊ ခိုင်ရောက် ပြန်ဆက်ဖို့ မှာသွားတယ်'

'ဘယ်သူပါလိမ့်'

ခိုင်က ခိုးတဝါး စဉ်းစားလိုက်သည်။

'နာမည်တော့ မပြောသွားဘူး၊ နေဝန်းသတင်းစာတို ဆိုရင် ခိုင် သိပါတယ်တဲ့'

'ဩော်.... ခိုင့် မိတ်ဆွေတစ်ယောက်ပါ'

ခိုင်က ပြောရင်း တယ်လီဖုန်းကို လှမ်းယူလိုက်ချိန် ဦးကျော်မောင်က အပေါ်ထပ်သို့ တက်လာခဲ့သည်။



'အစ်ကိုကြီး....ခိုင် အပြင်ခဏသွားလိုက်ဦးမယ်၊ မိတ်ဆွေ တစ်ယောက်က အရေးတကြီး ကိစ္စရှိလို့တဲ့'

ခဏကြာသောအခါ ခိုင်က အပေါ်ထပ်တက်လာကာ ပြောသည်။

'ကိစ္စရှိရင်သွားလေ ခိုင်ရဲ့'

ဦးကျော်မောင်က ပြောလိုက်သည်။ ခိုင် အိမ်ပေါ်မှ ဆင်းသွား၍ မကြာမီပင် ကားစက်နှိုးသံနှင့်အတူ အရေး တကြီး မောင်းထွက်သွားသံကို ကြားလိုက်ရသည်။

ဦးကျော်မောင် ပင့်သက် ရှိုက်ရပြန်ပြီ။

ခိုင်တစ်ယောက် ဘာတွေ အရေးကြီးနေပါလိမ့်၊ သည် တစ်လော ခိုင်နှင့် ပတ်သက်လာတိုင်း ပဟေဠိတွေက များ လာသည်ဟု ထင်မိသည်။

ယခုလည်း ဖုန်းဆက်သည်နှင့် အရေးတကြီး ထွက်ခွာသွား ပြန်လေပြီ၊ သည်သတင်းစာတိုက်နှင့် ခိုင်က ဘယ်လိုများ ပတ်သက်လို့လဲ... ။

ဦးကျော်မောင်ကား အဖြေမထွက်လာသော အတွေးများ အတွက် ခေါင်းနောက်လာသည်၊ သို့ကြောင့်ပင် ရေခဲသေတ္တာ ထဲမှ ဂျော်နီဝါကား အရက်ပုလင်းနှင့် ဖန်ခွက်တစ်လုံးကို ထုတ်ယူလိုက်သည်။

အရက်နှစ်ခွက်လောက် ဝမ်းထဲရောက်သွားသောအခါ ထုံ ထိုင်းနေသော ခေါင်းက ကြည်လင်သလို ဖြစ်လာသည်။

ထိုစဉ် ဦးကျော်မောင်က အကြံတစ်ခု ရလာသဖြင့် တိုက်ဝ သို့ ထွက်ခဲ့သည်၊ ဒရိုင်ဘာ ဦးအေးတင်၏ အခန်းကို လှမ်း

ကြည့်လိုက်သောအခါ မီးရောင်လက်လက် ထွက်နေသည်ကို တွေ့ရသည်။

'ကိုအေးတင်'

'ဗျာ ... လာပါပြီ ဆရာ'

ဦးကျော်မောင်၏ ခေါ်သံကြောင့် ဦးအေးတင်က အခန်းထဲမှ အပြေးထွက်လာသည်။

'လာပါဦးဗျာ'

ဦးကျော်မောင်က ပြောပြီး အိမ်ထဲ ဝင်လာသည်၊ မကြာမီမင် ဆင်ဝင်အောက်တွင် ကားရပ်သံကြားကာ ဦးအေးတင်က ဝင်လာသည်။

'ခင်ဗျားကို ဘယ်သူက အပြင်ထွက်မယ်ပြောလို့ ကားထုတ်လာတာလဲဗျ'

လူကိုခေါ်သည်ကို ကားပါ ထုတ်လာသဖြင့် ဦးကျော်မောင် စိတ်တိုသွားသည်။

'ဆရာ အပြင်ထွက်မယ်ထင်ပြီး....'

'ကဲဗျာ.... ထားပါတော့ ထိုင်ပါဦး'

တကယ်တော့ ဦးအေးတင်က သူ့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခြင်းသာ ဖြစ်သည်။

မိမိကသာ ရင်ထဲတွင် ဘလောင်ဆူ၍ စိတ်စောနေခြင်း မဟုတ်ပါလား။

'ကိုအေးတင် ခင်ဗျားဟာ ဖေဖေတို့ ရှိစဉ်ကတည်းက ကျွန်တော်နဲ့ ဆွေမျိုးရင်းချာလို နေခဲ့ကြတာနော်'



ဦးအေးတင် ထိုင်မိသည်နှင့် ဦးကျော်မောင်က စကားစလာလေသည်။

'နောက်ပြီး ကျွန်တော်မရှိရင် ဒီအိမ်မှာ ခင်ဗျား လူကြီးပဲ၊ အိမ်မှာ ထိန်းသိမ်း စောင့်ရှောက်ဖို့ ကျွန်တော် အပ်ထားခဲ့တာ မဟုတ်လား'

'ဟုတ်.... ဟုတ်ပါတယ် ဆရာ'

ဦးအေးတင်က ဒီအိမ်တွင် ဘာပြဿနာများ ရှိလေပြီလဲဟု အထိတ်တလန့် တွေးမိလိုက်သည်။

အိမ်ကြီးပေါ်တွင် ဦးကျော်မောင်နှင့် ခိုင်တို့ လင်မယားက အပေါ်ထပ်၌ အိပ်၍ ဘိဘိက အောက်ထပ်တွင် အိပ်သည်။

ခြံထောင့်ရှိတစ်ထပ်တိုက် တန်းလျားတွင် ဦးအေးတင်တို့ ဇနီးမောင်နှံကတစ်ခန်း, ခြံစောင့်ကုလားကလေး ရန်ကေးက တစ်ခန်းနှင့် ကျန်သော အခန်းတွင် ဥယျာဉ်မှူးဖြစ်သည့် ဦးလှကြိုင်က နေသည်။

ဦးကျော်မောင်က သူတို့အားလုံးအပေါ် ဝယ် ဆွေမျိုးရင်းချာလို သဘောထားသကဲ့သို့ သူတို့ကလည်း ဦးကျော်မောင် အပေါ်တွင် သစ္စာရှိကြပါ၏။

ယခု ဒီအိမ်တွင် ပြဿနာပေါ်ပြီ ထင်၏၊ အိမ်ပေါ်မှ ပြဿနာလား, ခြံထဲမှ ပြဿနာလား, ဦးအေးတင်က စဉ်းစားရပြီ။

ဦးအေးထင်သည် မျက်စိထဲတွင် ကုလားကလေး ရန်ကေး၏ မျက်နှာ ပေါ်လာသည်။

ကုလားကလေး ရန်ကောက ခေါင်းတုံးဆံတောက် ဆံပင်တိုတိုကလေးကို ဆီရွှဲအောင်လိမ်း၍ အိမ်ကြီးပေါ်သို့ ရမယ်ရှာသွားကာ ကောင်မလေးဘိဘိ၏ အနီးတွင် ရစ်၍ရစ်၍ နေလေ့ ရှိသည်ကို သတိရလာသည်၊ သည်ကုလားကလေးသည်ပင် ကောင်မလေးကို တစ်ခုခုလုပ်ပြီ ထင်၏။

ကောင်မလေး ဘိဘိက ခိုင်၏ လက်စွဲအချစ်တော် ဖြစ်သည်၊ သည်တော့ ကောင်မလေးက ခိုင့်ကို ပြန်တိုင်, ခိုင်က ဦးကျော်မောင်ကို ပြော။

သည်ကစသည့် ပြဿနာပဲ ဖြစ်နိုင်သည်။

မည်သည့် ပြဿနာပင်ဖြစ်စေ သည်ခြံထဲတွင်ဖြစ်လျှင် မိမိတာဝန်မကင်းသည်ကတော့ အမှန်။

'ကိုအေးတင်'

'ခင်ဗျာ'

'ခင်ဗျားကို ညီအစ်ကိုအရင်းလို သဘောထားပြီး တိုင်ပင်တာနော် တခြား ဘယ်သူမှတော့ သိဖို့မလိုဘူး ကြားလား'

'ဟုတ်ကဲ့ပါ ဆရာ'

'ကျွန်တော်မရှိတုန်း အိမ်ကို ဘယ်သူလာသလဲ၊ ခိုင်နဲ့ ပတ်သက်ဘဲ့ လူတွေကို ပြောတာနော်'

'အရင်လာနေကျ မိန်းကလေးတစ်သိုက်ပဲ မကြာခဏ လာတာတွေ့ရပါတယ်၊ ခိုင့်မွေးနေ့ လုပ်တဲ့ညကတော့.... ကျွန်တော် မမြင်ဖူးတဲ့လူတွေ များများ ပါလာပါတယ်၊ ထူးထူးခြားခြား မှတ်မိလိုက်တာကတော့ အယ်ဒီတာဦးအောင်သူဆိုတာပဲ'

ထင် - စာပေ



ဦးအေးတင်က စကားကိုရပ်ကာ ဦးကျော်မောင်၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

အိမ်တွင်းရေးပြဿနာ တစ်ခုခုကြောင့်ကိုတော့ ဦးအေးတင် သိလိုက်ပြီ၊ သည်တော့... သိသမျှ အမှန်အကန်ပြောမှ သူတို့ပြဿနာတွင် မိမိ နေသာပေတော့မည်။

'ဘာကြောင့် သူ့ကိုမှ ထူးထူးခြားခြား မှတ်မိခဲ့ရတာလဲ ကိုအေးတင်'

'ဒီလိုပါဆရာ... မွေးနေ့လုပ်တဲ့နေ့က ဦးအောင်သူကို နေဝန်း သတင်းစာတိုက်မှာ ကျွန်တော်ပဲ ကားနဲ့သွားကြိုခဲ့ရလို့ပါ'

'ဘာ.... နေဝန်းသတင်းစာတိုက် ဟုတ်လား'

ဦးကျော်မောင်က လှုပ်လှုပ်ရှားရှားဖြစ်သွားသည်၊ စောစောက ခိုင့်ထံ ဖုန်းဆက်၍ ခိုင်တစ်ယောက် ရေးကြီးသုတ်ပြာ ထွက်သွားသည်မှာ ထိုတိုက်မှ ဖုန်းလာ၍ပင် မဟုတ်ပါလား။

'သူက သတင်းစာတိုက်မှာ ဘာလုပ်သလဲ'

'အယ်ဒီတာပါ၊ အပြန်ကျတော့ ကျွန်တော်ပဲ သူ့အိမ်ကို လိုက်ပို့ပါတယ်'

'ဘယ်မှာ နေသလဲ'

'ရန်ကင်းက အစိုးရတိုက်ခန်းမှာပါ'

'ဘယ်အချိန်လောက် ပြန်သွားသလဲ'

'သူက နောက်ဆုံးမှ ရောက်လာသလို ပြန်တော့လဲ နောက်ဆုံး ပြန်ပါတယ် ဆရာ'

ထိုစဉ် ဦးအေးတင်၏စိတ်ထဲတွင် မခိုင်မွေးနေ့ကအကြောင်း ရပ် တစ်ခုကို ပြန်သတိရလိုက်မိသည်။

ဒါကတော့ သူတွေ့သည်မဟုတ်၊ ဥယျာဉ်မှူး ဖြစ်သော ဦးလှကြိုင်က ပြန်ပြောပြခြင်းပင်။

'ကျုပ်လေ အဲဒီညက ခုံတွေသိမ်းဖို့ ပန်းခြံထဲသွားတော့ စံပယ်ပန်းခြုံအကွယ်က စားပွဲမှာ စကားပြောနေသံကြားလို့ ရပ်နေမိတယ်၊ မခိုင်နဲ့ လူတစ်ယောက်ပဲ၊ မခိုင်က ငိုနေတယ် ကွ၊ တစ်ခုခုတော့ တစ်ခုခုပဲ'

'ဦးလှကြိုင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒါတွေ က တို့အလုပ်မဟုတ်ဘူးကွ၊ မျက်စိမှိတ်၊ နားပိတ်၊ ပါးစပ် ပိတ်နေတာ အန္တရာယ်အကင်းဆုံးပဲ၊ ဒီအကြောင်းတွေကို ဘယ်သူမှ လျှောက်မပြောနဲ့ ကြားလား'

ဦးအေးတင်က ပြာပြာသလဲ ပိတ်လိုက်ရသည်။

သည်ကိစ္စကို ဦးကျော်မောင်အား ပြောသင့်ပါမည်လား၊ မပြောဘဲနေလိုက်ကော ဖြစ်ပါမလား၊ အကယ်၍ ဦးလှကြိုင်ကို ယခု မိမိလိုပင် ခေါ်မေးသော် ဒီအကြောင်း ဖွင့်ပြောလိုက် လျှင် ဖုံးကွယ်ထားသော မိမိအပေါ်တွင် ပြဿနာဝင်လာ ချေမည်။

'နောက် အိမ်ကိုလာတာ တွေ့သလား၊ ဒီပြင် ခင်ဗျား ဘာသိသလဲ ကိုအေးတင်'

ဦးအေးတင် မနေသာတော့ပြီ၊ အမေးက ရှိလာပြီ မဟုတ် ပါလား။

လွင် – ၈၁၈၀



'အိမ်ကိုလာတာကတော့ သတိမထားမိဘူး ဆရာ၊ ဦးလှ ကြိုင် ပြောတာတစ်ခုတော့ သိခဲ့ရတယ်'

'ပြောစမ်းပါဦးဗျာ'

ဦးကျော်မောင် စိတ်ဝင်စားစွာ မေးလိုက်သည်၊ သူ၏ မျက်လုံးအစုံက တောက်ပြောင် စူးရှလျက် ရှိသည်။

'ဒီလိုပါ ဆရာ၊ ကျွန်တော် သိမြင်ခဲ့တာတော့ မဟုတ် ပါဘူး၊ ဦးလှကြိုင် ပြန်ပြောခဲ့တာပါ'

ဦးအေးတင်က ခိုင်၏ မွေးနေ့ညက ဦးလှကြိုင် ပြောပြ သော အကြောင်းကို ပြန်ပြောလိုက်သည်၊ နောက် ဦးကျော် မောင်ကို မသိမသာ အကဲခတ် ကြည့်လိုက်မိသည်။

လင်မယားကြားတွင် ပ ဝင် ပတ်သက်ရခြင်းသည် အဆိပ် ပြင်းသော မြွေနှင့်ကစားရဘိသို့ အန္တရာယ်ရှိကြောင်း ဦးအေး တင် သိပါသည်။

သို့သော် ဘယ်လိုမှ မတတ်နိုင်တော့ပါပြီ။

မီးဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် အံကိုတင်းတင်း ကြိတ်ထားသော ဦးကျော်မောင်၏ မျက်နှာကို ကြည့်ရင်း ဦးအေးတင် လန့်သွားမိသည်။

ဘာအောင့်မျှအကြာတွင် သူ့မျက်နှာပေါ်တွင်ရှိနေသော ဒေါသအရောင်တို့က ပျောက်လွင့်သွားသည်၊ ပင်ကိုမျက်နှာ သည် ပြန်ပေါ်လာသည်။

သက်ပြင်းချသံကို ဦးအေးတင် ကြားလိုက်ရသည်။

'ကိုအေးတင် ကျွန်တော် မနက်ဖြန် ခရီးထွက်မယ်၊ မနက် ဂ - နာရီ လေယာဉ်ကွင်းအရောက် သွားဖို့ရှိတယ်၊ ပြင်

ထားပါဗျာ၊ နောက်ပြီး အိမ်ကိစ္စ အထွေထွေလဲ ခင်ဗျား ကြည့်ရှုထားစေချင်တယ်'

ဦးကျော်မောင်က ပြော၍ မတ်တပ် ရပ်လိုက်သဖြင့် ဦးအေးတင်ကပါ ထိုင်ရာမှ ထ,လိုက်သည်။

ဦးကျော်မောင်နှင့် နှစ်ပေါင်းများစွာ အတူ နေခဲ့ရသည်မို့ သူ့အကြောင်းကို ဦးအေးတင် သိပါလေ၏။

ယခု မခိုင်နှင့်ပတ်သက်သည့် ကိစ္စများကို သုမရှိစင် ကြည့်ရှုပေးဖို့ တာဝန်အပ်ခဲ့ခြင်းသာ ဖြစ်သည်။

ယခု ဦးကျော်မောင်၏ မျက်နှာတွင် ဝမ်းနည်းကြေကွဲခြင်း, စိတ်မချမ်းမြေ့ခြင်း, ခေါင်းရှုပ်ခြင်းဟူသော အရိပ်သဏ္ဍာန်တို့က ရောထွေးစုပေါင်း၍ ထင်နေလေပြီတည်း။

\+ \+ \+

အခန်း (၉)

'ညီမောင် မသေသေးဘူးခိုင်'

'ဟင်....'

ကိုအောင်သူ၏ စကားကြောင့် ခိုင်တစ်ယောက် ပါးစပ်လေးဟကာ တဒင်္ဂမျှ သတိလစ်သလို ဖြစ်သွားရသည်။

'ဘာရယ်....ကိုအောင်'

'ညီမောင် မသေသေးဘူး ခိုင်၊ ညီမောင် မသေသေးဘူး'

'ကိုကို မသေသေးဘူး ဟုတ်လား ကိုအောင်၊ ကိုကို သေဘူးနော်၊ ဘယ်မှာလဲဟင်....သူ ဘယ်မှာလဲ'

ခိုင်က မယုံကြည်ဖွယ်စကားကို ကြားရသည်မို့ ဝမ်းသာတ်က သတိလက်လွတ် ဖြစ်သွားသည်။

'ခိုင် သတိထား၊ ဣန္ဒြေမပျက်စေနဲ့'

ကိုအောင်သူက အသံအုပ်အုပ်နှင့် သတိပေးကာ ပတ်ဝန်းကျင်ကို မျက်စိဝေ့ကြည့်သည်။

အအေးဆိုင်ထဲတွင် လူသိပ်မရှိလှ၊ နောက်ပြီး မိမိတို့အာ
ရှုပြုနေခြင်းမရှိသည်ကို သိမှ ကိုအောင်သူ သက်ပြင်းချ
သည်။

ကိုအောင်သူ တယ်လီဖုန်းဖြင့် မှာကြားချက်အရ ခိုင်
ချက်ချင်း သတင်းစာတိုက်ကို လိုက်လာသည်၊ ကိုအောင်သူ
သူမကို တိုက်ဝမှ စောင့်ကြိုနေကာ အနီးရှိ လူရှင်းသေ
အအေးဆိုင်ထဲသို့ ခေါ်သွားသည်။

ယခု ကိုအောင်သူထံမှ သတင်းကို သိလိုက်သောအခါ
ခိုင်တစ်ယောက် ပထမတော့ မယုံနိုင်အောင် ဖြစ်သွားမိသေ
သည်။

‘ ခု ကိုကို ဘယ်မှာလဲဟင် ကိုအောင်၊ ခိုင် တွေ့ချင်လို
တာ ကိုအောင်ရယ်၊ မေမေရှိရင် သိပ်ဝမ်းသာမှာပဲနော်

‘ ညီမောင် ရန်ကုန်ကို ရောက်နေတယ်၊ ဒါပေမယ
ဘယ်မှာတည်းတယ်ဆိုတာ မပြောဘူး ခိုင်၊ သူက ခိုင်နဲ့ တွေ
ချင်တယ်၊ ခိုင့်ကို ဒီနေ့ ကျိုက္ကလို့ဘုရားကို ခေါ်ခဲ့ပါတဲ့
နောက်ပြီး သူ ရန်ကုန်မှာရှိနေတာကို ဘယ်သူမှ မသိပါစေ
တဲ့၊ သူ ဒီရောက်နေတာ ခိုင်နဲ့ ကိုအောင်ပဲ သိသေးတယ်
မှာသွားတယ် ’

ကိုအောင်သူက ပြောရင်း ရှေ့မှ နို့အေးဖန်ခွက်
ကောက်ကိုင်ကာ အခြားဖန်ခွက်တစ်ခုကို ခိုင့်ရှေ့သို့ တိုးပေ
သည်။

‘ ကိုအောင်နဲ့ ဘယ်လိုတွေ့တာလဲဟင် ’

ခိုင်က မေးသည်။

ကျွဲ – ၈၁၆၉



‘ ဒီခနဲ့ နေ့လယ်ပိုင်းက သိမ်ဖြူတိုက်နယ်က မြူနီစပါယ်
ကြီးတစ်ယောက်ရဲ့ သတင်းစာရှင်းပွဲကို ကိုအောင် တက်ခဲ့
ယ်၊ အပြန်မှာ တိုက်ကလာကြိုမယ်ဆိုတဲ့ကားကလဲ မရောက်
သေးတာနဲ့ ဘတ်စ်ကားနဲ့ပဲ ပြန်မယ်ဆိုပြီး လဝိုင်းတံဆိပ်
တ်စ်ကားဂိတ်မှာ ကားစောင့်နေတုန်း အဲဒီမှာ ညီမောင်နဲ့
ားတွေ့ကြတာပဲ၊ ပထမတော့ သူ့ကို မမှတ်မိဘူး၊ သူ့
်ကလဲ သိပ်ပြောင်းနေပြီ၊ နောက်ပြီး သေပြီလို့ပဲ ထင်နေ
ယ် မဟုတ်လား ’

ကိုအောင်သူက စကားရပ်ကာ နို့အေးကို တစ်ကျိုက်
သောက်လိုက်သည်။

‘ သူကတော့ ကိုအောင့်ကို မှတ်မိနေတယ်၊ သူ့ကပဲ
မ်းသာအားရ လာနှုတ်ဆက်ခဲ့တာယ်၊ အံ့သြလွန်းလို့ ကိုအောင်
ာမှမပြောနိုင်ဘဲ သူ့မျက်နှာကြည့်ပြီး ငိုင်နေမိတာ အကြာ
ြီးပဲ၊ နောက်တော့ သူကပဲ ခိုင်နဲ့ တွေ့ချင်တယ်ပြောတယ်၊
ိုအောင်က ခိုင့်အိမ်ကို လိုက်ပို့ပေးမယ်ဆိုတော့ အိမ်သွားလို့
ဖြစ်ဘူးတဲ့၊ ဒါပြင့် ငါ့အိမ်လိုက်ခဲ့ဆိုတော့ ခေါင်းခါတယ် ’

‘ သူက ပြောတယ်၊ ငါ့ကြောင့် မင်းရော ခိုင်ပါ ဒုက္ခ
ရောက်သွားမှာကို သူ မကြည့်နိုင်ဘူးတဲ့၊ သူ ရန်ကုန် ခဏ
ာတာ၊ ဒီက တာဝန်တွေပြီးရင် ပြန်မယ်လို့ ပြောတာပဲ၊
ရေးတကြီးမှာတာကတော့ သူ ဒီမှာရှိကြောင်း ဘယ်သူမှ
ပြောဖို့ပဲ အထပ်ထပ် မှာသွားတယ် ခိုင်၊ ကိုအောင်လဲ
့အကြောင်း ဘာမှ မသိသေးဘူး၊ ညနေတွေ့မှ သိရမှာပဲ ’

ခိုင်က လက်ပတ်နာရီကို မြှောက်ကြည့်လိုက်သည်၊
လေးနာရီခွဲပေတော့မည်။

'ကျိုက္ကလိုဘုရားမှာ ဘယ်နှစ်နာရီ ချိန်းထားလဲဟင်'

'အချိန်အတိအကျတော့ မပြောသွားဘူး ခိုင်၊ ညနေလို့
ပြောတာပဲ'

'ခိုင်တော့ သွားစောင့်နေချင်ပြီ ကိုအောင်ရယ်၊ တော်ကြာ
လွဲသွားမှာ စိုးရိမ်နေမိတယ်'

'ကောင်းပါတယ်လေ၊ ကိုယ်က ကြိုရောက်နေသင့်တာ
ပေါ့'

'ကိုအောင် အလုပ်ပြီးပြီလားဟင်'

'ပြီးပါပြီ ခိုင်၊ ကဲ... ခိုင် ကားပေါ်ကစောင့်၊ ကိုအောင်
သတင်းစာတိုက်ပေါ် ခဏတက်ဦးမယ်၊ ချက်ချင်း ပြန်လာ
မယ်နော်'

* * *

[ က ]

ဆည်းလည်းသံကလေးများက သာသာကလေး ထွက်ပေါ်
လာနေသည်၊ လေငြှေ့လိုက်တိုင်း စေတီတော်မြတ်၏ စိန်ဖူး
တော်တွင် တပ်ဆင်ထားသော ခေါင်းလောင်းများမှ လှုပ်ခါ
မြည်ကြွေးသံသည် ကျိုက္ကလှိုစေတီတော်အား ကြည်ညိုသဒ္ဓါ



...ွားများဖွယ်ဖြစ်သလို ညနေခင်း၏ အလှကို လှစ်ပြနေ
...ယောင် ထင်ရပေသည်။

'ဘယ်နှယ့်လဲ ကိုအောင်ရယ်....'

ခိုင်က သူမဘေးတွင်ရပ်ကာ ကားလမ်းဆီသို့ ငေးကြည့်
...နေသည့် ကိုအောင်သူကို ပြောလိုက်ခြင်းပင်။

'လာတော့ လာမှာပါ ခိုင်ရယ်၊ သူ့ကိစ္စမပြီးပြတ်သေး
ဖြစ်ဟန်တူပါတယ်'

ပြောမယ့်သာ ပြောရသည်၊ ကိုအောင်သူ အားမရှိလှ၊
...နောက်ဆက်တောင်စွယ်တွင် မေးတင်ကာ နီနီရဲရဲ နေဝန်း
...ကြီးက သူ့ကို နှုတ်ဆက်နေလေပြီ။

နေလုံးပျောက်လျှင် အမှောင်ရိပ်သည် တစ်ညတာ စိုးမိုး
...ရန်အတွက် ရောက်လာတော့မည်။

ရင်ပြင်တော်ပေါ်ရှိ ညောင်ညိုကြီး အုပ်ဆိုင်းထားမှု
...ကြောင့် ဘုရားရင်ပြင်သည် အပြင်လောကထက် အမှောင်၏
...ခြုံခြင်းကို ခံနေရပြီး ဘုရားပေါ်တွင်တော့ သူတို့ နှစ်
...ယောက်တည်း။

ဘုရားဖူးသူဟူ၍ မရှိတော့။

ကိုအောင်သူ၏ အတွေးက ယောက်ယက်ခတ်စ ပြုလာ
...ည်၊ သည်အချိန်၊ သည်လို လူသူကင်းရှင်းသည့် နေရာတွင်
...င်နှင့် နှစ်ယောက်တည်း ဆက်နေ၍ သင့်ပါမည်လော။

တစ်စုံတစ်ယောက်က တစ်မျိုးတမည်ထင်ခဲ့သော် ခိုင်သာ
...စ်နာပေလိမ့်မည်။

သို့ေ ာ် အစ်ကို့အား တွေ့ချင်စောဖြင့် လည်တဆန့် ဖြစ်နေရှာသော ခိုင်ကတော့ သည်လိုအတွေးတွေကို ပျောက်နေလေပြီ ထင်၏၊ သူမ မျက်လုံးအစုံက ကား ပေါ်တွင်သာ စူးစိုက်လျက် ရှိနေသည်။

'ဟော...ကိုအောင်...ကိုအောင်'

ခိုင်က ကိုအောင်သူကို လှမ်းခေါ်သည်။

ဘုရားရှေ့ လမ်းပေါ်တွင် အငှားဂျစ်ကားတစ်စီး လာသည်။

ကားပေါ်မှ လူတစ်ယောက် ဆင်းကျန်ခဲ့သည်။ ချက် ပင် အငှားဂျစ်ကားက ပြန်ထွက်သွားသည်။

'ဟုတ်တယ် ခိုင်၊ သူ...သူ...ညီမောင်'

ကိုအောင်သူက ဝမ်းသာအားရပြောကာ ရဝ်ပြဝ်ပေ အောက်သို့ ဆင်းလာသည်၊

ညီမောင်ကလည်း သူတို့ကို မြင်သွားကာ သူတို့နှစ်ယေ ဆီသို့ ရှေ့ရှုလာနေသည်။

'ကို...ကိုကိုရယ်'

ခိုင်က ညီမောင့်ကို ပြေးဖက်ကာ ရှိုက်ကြီးတငင် ငို လိုက်မိသည်၊ သေစာရင်းသွင်းထားခဲ့သည့် အစ်ကိုဖြစ် ပြန်တွေ့ရသဖြင့် ဝမ်းသာခြင်းနှင့် ကွယ်လွန်သူ မိခ အောက်မေ့တသခြင်းတို့က ပူးပေါင်းကာ သူမ၏ ဘ လှုပ်လှုပ်တုန်စေပြီ ဖြစ်သည်။

'ညီမလေး....'



ညီမဖြစ်သူ၏ ဆံပင်ကလေးကို သပ်ပေးရင်း ဆို့နင့်စွာ ါလိုက်သည်။

'ကိုကို....ကိုကို....ဘယ်မှ မသွားရတော့ဘူးနော်၊ ခိုင်တို့နဲ့ ရမယ် ဟုတ်လား'

'ကဲ...ညီမရယ်၊ ကိုကို ပြောပါရစေဦး၊ ကိုကို ဒီမှာ ာကြာမနေနိုင်ဘူး၊ ကိုကို့မှာ လုပ်စရာတွေရှိသလို အန္တရာယ် ကလဲ ဝိုင်းနေတယ်'

'ဩော်....ကိုကိုရယ်'

ခိုင်က ဝမ်းနည်းစွာ ရေရွတ်လိုက်သည်၊ ကိုအောင်သူ တော့ ဝရမ်းပြေးပမာဖြစ်နေသော ညီမောင်ကို ကြည့်ရင်း မသာ သက်ပြင်းချရလေပြီ။

'အောင်သူ...သူငယ်ချင်း၊ စောစောက ငါစီးလာတဲ့ ားဟာ မသင်္ကာစရာ ကောင်းနေတယ်၊ စုံထောက်ဘက်က ထင်နေတယ်၊ ငါအဆင်းမှာ ငါ့မျက်နှာကို သေသေ ျာ ကြည့်သွားတယ်၊ ဟိုတုန်းက ငါ့....ငါ့ခါတ်ပုံဟာ ဲ့ဆီမှာ ရှိနေခဲ့တယ် မဟုတ်လား၊ ဒီတော့ တို့အဖို့ သတိ ိုင်မှ တော်ကာကျမယ်၊ တကယ်လို့ ကားသမားဟာ ောက်ဘက်က ဖြစ်နေရင် အကူအညီခေါ်ပြီး ပြန်လာမှာပဲ ဒီနေရာက ချက်ချင်းသွားမှ ဖြစ်မယ်'

ညီမောင်၏ စကားကြောင့် ခိုင်မှာ အထိတ်တလန့် ဖြစ် ားရှာသည်။

'ဟင်....ကိုကို ဘယ်သွားမှာလဲဟင်'

ိုးရိမ်ပူပန်မှုဖြင့် တုန်ယင်နေသော ခိုင်က မေးသည်။

'ဒီည ကိုကို အင်းတံကော်မှာ သွားအိပ်ရမယ်၊ ကို
မပြန်မီ ထပ်ပြီး ဆက်သွယ်မယ် ညီမ....နော်'

'ဟင့်အင်း....ကိုကို မသွားရဘူး၊ ခိုင်တို့အိမ်မှာ လိုက်အိ
အဲဒီကနေပြီး လုပ်စရာရှိတာ လုပ်ပါ၊ အစ်ကိုကြီးကဆိုရင်
ကိုကို့ကို ဘယ်လိုမှ နှောင့်ယှက်မှာ မဟုတ်ဘူး'

'မဖြစ်ဘူး ခိုင်.... မဖြစ်ဘူး၊ ကိုကို့ လက်ရှိဘဝကို ညီ
မသိဘူး၊ နောက်ပြီး ညီမရဲ့ ခင်ပွန်းကိုလဲ ကိုကို့အကြော
အသိပေးလို့ မဖြစ်သေးဘူး၊ အဲ့ဒါကို ကြပ်ကြပ်သတိထား
ညီမလေးရယ်၊ ညီမလေးနဲ့ အောင်သူကလွဲလို့ ဘယ်သူ့ကိ
သိလို့မဖြစ်ဘူး သိလား၊ ဒါဟာ ကိုကို့အတွက် သေ
ရှင်ရေးကိစ္စပဲ'

'ဒီလိုဆိုရင်လဲ မင်းသွားလိုရာကို ခိုင်က လိုက်ပို့မယ်၊ ငါ
လိုက်လာမှာပဲ'

ကိုအောင်သူက ဝင်ပြောသည်။

'မဖြစ်ဘူး အောင်သူရာ၊ မင်းတို့နှစ်ယောက် ငါနဲ့ ပ
သက်နေရင် မင်းတို့မှာ အန္တရာယ်ရှိတယ်၊ ငါ့ဘာသာ တ
ရှာသွားမယ်'

'အို....ကိုကိုရယ်၊ ကိုကိုနဲ့ပတ်သက်လို့ အန္တရာယ်ရှိရှိမက
ချက်ချင်းပဲ အသတ်ခံရပါစေ ကိုကိုသွားမယ့် နေရာ
လိုက်ပို့မှာပဲ'

'ဟုတ်တယ် ညီမောင်၊ ဒီအချိန်, ဒီနေရာမှာ မ
ကားရဖို့ မလွယ်ဘူး၊ ရရင်လဲ ဒီခရီးကို လိုက်ပို့မှာ မဟုတ်



နောက်ပြီး မင်း ကုန်းကြောင်းလျှောက်ကားရှာနေတာက ခိုင့်
ကားနဲ့ သွားတာထက် ပိုပြီး အန္တရာယ်ရှိတယ် ညီမောင်'

အောင်သူ၏ တွက်ဆမှုက မှန်ကန်နေသည်ကို ညီမောင်
လက်ခံရပြီ၊ လမ်းပေါ်တွင် တလည်လည် ကားရှာနေရခြင်း
ကား ကိုယ့်သေတွင်း ကိုယ်တူးသလိုသာ ရှိချိမ့်မည်။ သို့သော်
ကိုယ့်ပြဿနာတွင် မဆီမဆိုင်သူများကို ဆွဲမသွင်းလို၊ ဒုက္ခ
မရောက်စေလို။

'ကဲ....ကိုကိုရယ်၊ ဘာငိုင်နေတာလဲ သွားမယ်'

ခိုင်က စိတ်မရှည်သလိုပြောကာ ကားဆီသို့ ထွက်သွား
သည်။

'ဟုတ်တယ် ညီမောင်၊ **စောစောက** ကားက မင်း ထင်
သလို ထောက်လှမ်းရေးဖြစ်နေလို့ ပြန်လာရင် ခက်နေမယ်၊
သွားကြစို့ကွာ၊ ကားပေါ်ကျမှ စကားပြောကြတာပေါ့'

ကိုအောင်သူက ညီမောင်၏ ပခုံးကို ဖက်၍ ခေါ်သွား
သည်။

စေတီမြတ်၏ ထီးတော်မှ ဆည်းလည်းသံကလေးများက
ပြန့်လွင့်နေဆဲ၊ သို့သော် အမှောင်ထုကတော့ ပိပိပြင်ပြင်ကြီး
စိုးမိုးခဲ့ချေပြီ။

*  *  *

[ ခ ]

တိုက်ရွှေဝယ် ကားရပ်သံ ထွက်ပေါ်လာသည်။

ခိုင် ပြန်လာပြီဖြစ်ကြောင်း ဦးကျော်မောင် သိလိုက်သည်။

အိမ်ဖော်ကောင်မလေး ဖွင့်ပေးသော သံတံခါးမှ ခိုင်က ဝင်လာသည်၊ ဦးကျော်မောင် မျက်လုံးအစုံက နာရီဆီသို့ ရောက်သွားသည်၊ ၁၀-နာရီ ဆယ့်ငါးမိနစ် ရှိပြီ။

ယနေ့ နေ့လည် နာရီပြန် ၂-ချက်လောက်က ထွက်သွားသော ခိုင်သည် ယခု ည ၁၀-နာရီခွဲကာနီးမှ ပြန်ရောက်လာခဲ့လေသည် တကား။

ဦးကျော်မောင်က ရင်ထဲတွင် ဆူပွက်လာသော ဝေဒနာကို ကြိုးစားမျိုသိပ်ရင်း ရွှေမှ အရက်ခွက်ကို ကောက်ယူမော့ချလိုက်သည်။

'ဟော အစ်ကိုကြီး၊ မနက် ခရီးထွက်ရဦးမှာ မဟုတ်လား၊ သိပ်မသောက်နဲ့တော့နော်'

ခိုင်က ပြောရင်း ဦးကျော်မောင်၏ လက်ထဲမှ ဖန်ခွက်နှင့် အရက်ပုလင်းကို ဆွဲယူကာ ရေခဲသေတ္တာထဲတွင် သွားထည့်လိုက်သည်၊

'ခိုင်ရယ်…တစ်နေ့လုံး မင်း ဘယ်သွားနေတာလဲဟင်'

မေးချင်ပါ၏၊ သည်စကားကို ဦးကျော်မောင် မေးလိုက်ချင်ပါ၏။



ဒါပေမယ့် ခိုင် သိနိုင်၊ ကြားနိုင်လောက်အောင် သူ့နှုတ်က ထွက်မလာခဲ့၊ ရင်ထဲတွင် ပျောက်ကွယ်သွားခဲ့ရပြန်ချေပြီ။

ခိုင် ပြန်လာလျှင် မေးမည်၊ ပြောမည်ဟု ရည်ရွယ်စဉ်းစားထားသော စကားလုံးများကား ဘယ်ဆီသို့ လွင့်စဉ်လေပြီမသိ။

သူ၏ စကားတစ်လုံး၊ အကြည့်တစ်ချက်ကြောင့် ခိုင်တစ်ယောက် မျက်နှာညိုးသွားမည်ကို သူ မလိုလား။

မလုပ်ရက်ခဲ့ပါလေ။

'ခိုင် အပြင်ထွက်ဖို့မရှိရင် ကားသိမ်းလိုက်မယ်နော်'

ဦးအေးတင်က ဝင်လာကာ ခိုင့်ကို ပြောသည်။

'မရှိတော့ပါဘူး ဦးအေးတင်၊ သိမ်းပါတော့'

ခိုင်ကပြောရင်း ဦးကျော်မောင်ကို လှမ်းကြည့်သည်။

'အစ်ကိုကြီး.... ခိုင် ရေချိုးလိုက်ဦးမယ်နော်၊ နောက် အစ်ကိုကြီး ခရီးသွားဖို့ ပစ္စည်းတွေ ပြင်ထားပေးမယ် ဟုတ်လား'

'ရပါတယ် ခိုင်ရယ်.... ရေချိုး၊ ထမင်းစားဦး'

စောစောက ဘလောင်ဆူနေသော ဦးကျော်မောင်သည် ခိုင့်မျက်နှာကိုမြင်၍ ခိုင့်အသံကြားရသောအခါ ပျောက်လွင့်သွားခဲ့ပြီ ထင်၏။

သို့သော် အိမ်ပေါ်ထပ် လှေကားသို့ တက်သွားသော ခိုင်၏ နောက်ကျောပြင်ကို ငေးကြည့်ရင်း တိတ်တခိုး သက်ပြင်းတစ်ချက်တော့ ချလိုက်မိပါသေး၏။

ခိုင်၏ အလှသည် ပွင့်စပန်းနှယ် လန်းဆန်းနေဆဲရှိသလို ခိုင့် ကိုယ်ခန္ဓာအလှကလည်း တက်ကြွဖူးပွင့်နေဆဲ။

ယောကျ်ားရှိသည် ဆိုလင့်ကစား သူမ၏ အလှသည် မြူးမြူးကြွကြွ ရှိနေသည်၊ ခိုင်၌သာ သားသမီးရှိမည်ဆိုသော် သားသမီးကိစ္စနှင့် အိမ်မြဲပေမည်။

သားသမီးတို့သည် အထီးကျန်ဆန်သော ခိုင့်ဘဝကို ပြေသိမ့်ဖွယ်ဖြစ်ပေလိမ့်မည်၊ သို့သော် ဦးကျော်မောင်၏ တောင့်တချက်တို့ မပြည့်ခဲ့လေပါ။

သားသမီးကံဇာတာသည် သူတို့အပေါ်တွင် မပါခဲ့လေ ယောင်တကား။

* * *

ရေပန်းပွားများက အဆက်မပြတ်ကျနေသည်။

ရေအောက်တွင် တစ်ကိုယ်လုံး ဝင်စိမ်လိုက်ရသောအခါ တစ်နေ့တာလုံး ခန္ဓာကိုယ်ပင်ပန်းရမှုတို့သည် ပျောက်လွင့်သွားလေပြီ ဖြစ်သည်။

သို့သော် အစ်ကိုဖြစ်သူနှင့်ပတ်သက်၍ စိတ်မောရခြင်း ဝေဒနာက ခန္ဓာကိုယ်မှ ဖယ်မသွားလေသေး။

သေပြီဟု ထင်မှတ်ထားခဲ့သော အစ်ကို မသေဘဲ ပြန်လာသဖြင့် ဝမ်းသာပျော်ရွှင်ရသော်လည်း သူ၏ လက်ရှိဘဝသည် ရေရေရာရာမရှိမှုကြောင့် စိတ်မောရသည်။



ညနေပိုင်းက အစ်ကိုဖြစ်သူကို ကျိုက္ကလိုဘုရားတွင် ခဏ တွေ့ရပြီး ခိုင်က ကားဖြင့် အင်းတကော်ကို လိုက်ပို့သည်၊ လမ်းခရီး ကားပေါ်တွင် စကားအနည်းအပါးပဲ ပြောဖြစ်ခဲ့သည်။

ကိုကိုညီမောင်ကား လျှို့ဝှက်သိုသိပ်လွန်းသလို အရာရာ မယုံသင်္ကာမှုဖြင့် ကြည့်ရှု၍ မဲမဲမြင်တိုင်း ကြောင့်လန့်နေသည် ကို တွေ့ရသည်။

သူ့အကြောင်း ဘာမှ တိတိကျကျမပြော၊ အထူးတာဝန် ဖြင့် ရန်ကုန်လာသလို မကြာမီ သူ့အကြောင်း ဝမ်းသာစရာ ကြားရမည်၊ ယခုတော့ နှုတ်ပိတ်နေပါဟုလည်း ဆိုသည်။

ကိုကိုနှင့် ပတ်သက်၍ ခိုင် မတွေးတတ်နိုင်တော့၊ သည်ကိစ္စ ကို အစ်ကိုကြီးနှင့် ဖွင့်ဟတိုင်ပင်ရန်လည်း ခိုင် စိတ်ကူးမိ သေးသည်။

သို့သော်....သို့သော်....ကိုကိုက သူ့အကြောင်း ဘယ်သူမှ မပြောနှင့်၊ သူ၏ သေရေးရှင်ရေးဖြစ်သည်ဟု ဆိုသောအခါ တွင်လည်း ခိုင် တွေဝေရပြန်သည်။

ကိုကို ဘာတွေလုပ်နေသည်ကိုတော့ ခိုင် မသိလေပါ၊ သို့သော် သူမကြောင့် ကိုကိုတစ်ယောက် အန္တရာယ်ဖြစ်မည် ကိုတော့ စိုးမိပါ၏။

အစအဆုံးမရှိသော အတွေးများကိုဖြတ်၍ ရေချိုးကန် ထဲမှ ထလိုက်ကာ မွေးပွတဘက်ရှည်ကြီးကို ဆွဲယူလိုက်သည်၊

ရေချိုးကန်ထဲရှိ ကိုယ်လုံးပေါ်မှန်ကြီးထဲတွင်တော့ သူမ၏ အလှသည် ဝင်းဝါစိုပြေသော အသားအရေနှင့် ပေါင်းစပ်၍ ကြွကြွရွရွ ရှိနေသည်။

ခိုင်က ကိုယ်ပေါ်မှ ရေစက်များကို တဘက်ဖြင့် သုတ်နေရင်း မျက်နှာက ညှိုးလျှော်သွားပြန်သည်။

'မေမေ....'

မေမေသာရှိလျှင် ကိုကိုတစ်ယောက် မသေကြောင်းသိရလျှင် ဘယ်လောက် ဝမ်းသာပေလိမ့်မည်နည်း၊ မေမေသည် ဖေဖေသေပြီးသည့်နောက် ခိုင်တို့မောင်နှမ၏ ရှေ့ရေးကို မျှော်ကြည့်ကာ တက္ကသိုလ်ပညာကို သင်ယူနိုင်သည် အထိ လုံးပမ်းခဲ့ရရှာ၏။

ဒါကို ခိုင်တို့မောင်နှမအား လုံးဝအသိမပေးဘဲ ထားခဲ့သည်၊ နောက်ဆုံး ကြွေးပတ်လည်ဝိုင်းကာ အိပ်ရာထဲ လဲသည်အထိ မိဘမေတ္တာကို ပြခဲ့၏။

ဒါပေမယ့် ကိုကိုသည် ညီမနှင့် မေမေကို ပစ်ပယ်ကာ သူ၏ ယုံကြည်ရာလုပ်ငန်းကို ဦးစားပေးခဲ့ချေသည်၊ တစ်ဦးတည်းသော ညီမနှင့် အမေကို ကျောခိုင်းကာ သူ၏ ဘဝ တက်လမ်း ပညာရေးကိုပင် အဆက်ဖြတ်ခဲ့၏။

ယခု ကိုကို ရန်ကုန်မြေကို နင်းလာပြန် ပြီ၊ သို့သော် လျှို့ဝှက်မှုများသော သူ၏ လုပ်ရပ်များကား ခိုင်၏ စိတ်နှလုံးကို မဘင်မကျနှင့် သောကများစေလေပြန်ပြီ။



ခိုင်က မောပန်းစွာ သက်ပြင်းချလိုက်မိသည်။

သူမ၏ စိတ်အစဉ်က မဆုံးနိုင်သော အတွေးမျှင်များဖြင့် သုံးသွေးရစ်ပတ်နေလေပြီတည်း။

+ + +

## အခန်း (၁၀)

လေးပင်သော သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်မိသည်၊ ဒါပေမယ့်.... ရင်ထဲ တင်းကြပ် ပိတ်ဆို့နေသော ဝေဒနာသည် ဖယ်ခွာ၍ မသွားလေခဲ့။

'ငါ.... ဘာလုပ်ရမလဲ'

'ဘာလုပ်ရမလဲ'

အဖြေကား ပေါ်မလာ။

ရှေ့မှ အရက်ပုလင်းသည်ပင် တစ်ဝက်နီးပါးမျှ လျော့ပါးနေပြီ။

စားပွဲပေါ်မှ အရက်ခွက်ကို ကောက်ယူကာ တရှိန်ထိုး မော့ချလိုက်မိပြန်သည်။

မျက်နှာတပြင်လုံး ရဲရဲနီနေကာ မျက်လုံးအစုံတွင် ဒေါသအငွေ့တို့ ယှက်သန်းလာသည်။

မှန်ပါသည်။



ဦးကျော်မောင်၏ သည်းခံနိုင်မှု စွမ်းအားက ဆုံးခန်းတိုင်ပါလေပြီတည်း။

ပူလောင် ပြင်းဗျသော ဒေါသမီးသည် သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံ ဖိစီးလျက်ရှိကာ သောကမီးလျှံက ရင်ထဲတွင် အလုံးညီးညီး လောင်မြိုက်နေလေပြီကော။

ညနေပိုင်းက....

ဟုတ်ပါသည်၊ သည်နေ့ညနေပိုင်းက စထရင်းဟိုတယ်တွင် မိတ်ဆွေတစ်ယောက်က ပါတီပွဲတစ်ခု လုပ်သည်၊ ရင်းနှီးသော မိတ်ဆွေခြင်းမို့ ဦးကျော်မောင် ထိုပွဲသို့ တက်ဖြစ်ခဲ့သည်။

မိတ်ဆွေများဖြင့် သောက်စားပြီး ပြန်လာသောအခါတွင် မှောင်ရိပ်သန်းစ ပြုပြီ။

မြို့တော်၏ လမ်းမ လမ်းသွယ်တို့တွင် လျှပ်စစ်မီးရောင်တို့ဖြင့် ထိန်ထိန်ငြီးစ ပြုပြီဖြစ်၏။

မာစီဒီး ကားနက်ကြီးက သိမ်ဖြူလမ်းမှအတိုင်း တောင်ဘက်မှမြောက်ဘက်သို့ မောင်းလာသည်၊ နောက် သိမ်ဖြူကွင်းကို ကွေ့ပတ်၍ ယာဘက်ကို ချိုးကွေ့လိုက်သည်။

ကန်တော်ကြီး၏ ရေပြင်သို့ ဖြတ်သန်း ရှပ်တိုက်လာသော အေးမြသည့်လေက အရက်ရှိန်ကြောင့် ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေသော ဦးကျော်မောင်၏ စိတ်ကို ကြည်ကြည်လင်လင် ဖြစ်လာစေခဲ့သည်။

ဗုဒ္ဓ၏ဆံတော် ကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်မြတ်မှ ထွက်ပေါ်နေသော ဆီမီးရောင်တို့က ကန်ရေပြင်ကို ထင်ဟပ်လာ

သောအခါ ရွှေရောင်ပြောင်စင်းသော စေတီတော်မြတ်သ
ကြည်ညိုသဒ္ဓါပွားဖွယ်အဆင်းကို ဆောင်နေသည်။

'ဟော့.... ဟော့.... ကိုအေးတင် ခဏရပ်စမ်းဗျား'

ကား၏ အမြင်ဘက်တွင် တရိပ်ရိပ်ကျန်နေသော အ
ဝတ္ထုများကို ငေးကြည့်နေရင်းမှ ဦးကျော်မောင်က ရု
တရက် ပြောလိုက်ခြင်း ဖြစ်သည်။

မာစီးဒီးကားနက်ကြီးက မြင်းစီးကျွန်းအလွန်တွင် ရပ်တ
သွားသည်။

'ဟိုမှာ.... ဟိုမှာ.... မြင်းစီးကျွန်းထဲကို မောင်းဝင်သွ
တာ ခိုင့်ကားလေး မဟုတ်လား'

ဦးကျော်မောင်ကပြောရင်း လက်ညှိုး ညွှန်ပြလိုက်သည်
ထိုအချိန်တွင် မိုးခိုးရောင် ဖီးယက်ကားကလေးက ကျွန်းဆွယ
ကို ပတ်၍ ဝင်သွားပြီ ဖြစ်သည်။

'ခိုင်.... ခိုင်.... ဒီကို ဘာလာလုပ်တာပါလိမ့်'

ဦးကျော်မောင်က ဇဝေဇဝါစိတ်ဖြင့် ရေရွတ်လိုက်သည်
နောက်ပြီး.... သူမဘေးတွင် ယောကျ်ားပျိုတစ်ယောက် ပ
လာသည်ကိုလည်း ထင်ထင်ရှားရှား မြင်လိုက်ရသေးသည်
မဟုတ်ပါလား။

ချက်ချင်း....

ဝေခွဲမရသလိုဖြစ်နေသည့် ဦးကျော်မောင်၏ မျက်နှာက
ထင်းမာလာသည်။

'အိမ်ကိုပဲ မောင်းတော့ဗျာ'



ဦးကျော်မောင်ကပြောရင်း ထိုင်ခုံနောက်မှီတွင် စိတ်ရှုပ်
ထွေးစွာ မှီချလိုက်မိသည်။

တစ်ခွက်....။

နှစ်ခွက်....။

အိမ်ရောက်ရောက်ချင်း ရေခဲသေတ္တာထဲမှ အရက်ပုလင်း
ကို ထုတ်ကာ ခွင့်ဆင့် သောက်ချလိုက်မိသည်။

အရက်ကို အမူးအလဲသောက်၍ စိတ်နောက်စရာကို မေ့
လိုက်သည့် သဘော။

မလွယ်ပါ....။

ခိုင့်မျက်နှာ....။

ကျွန်းဆွယ် အမှောင်ရိပ်သို့ ဝင်သွားသော သူမ၏ကား။

နောက်ပြီး.... နောက်ပြီး....။

ခိုင့်ဘေးမှ ယောကျ်ားပျိုတစ်ယောက်။

တောက်....

ရိုင်းလိုက်လေ မိခိုင်ရယ်....။

ဦးကျော်မောင် ဒေါသတကြီး ရေရွတ်ရင်း လက်ထဲမှ
အရက်ဖန်ခွက်ကို ပေါက်ခွဲလိုက်သည်။

နောက်....။

အရက်ပုလင်းကကည်း ဧည့်ခန်းထဲရှိ ခိုင့်ဓာတ်ပုံကြီးဆီသို့
အရှိန်နှင့် ဝင်သွားပြန်သည်။

'ခွမ်း.... ချလွမ်.... ချလွမ်....'

အိမ်ပေါ် ဧည့်ခန်းဆီမှ ဆူဆူညံညံ အသံများကြောင့် မီးဖိုဝ
ထဲမှ ဘိဘိသည် လည်းကောင်း, ခြံထဲမှ ဦးအေးတင်, ကုလား

လေး ရန်ကေးနှင့် ဥယျာဉ်မှူးကြီး ဦးလှကြိုင်တို့က ပြေး
ဝင်လာကြသည်။

လှပသော ညှော်ခန်းသည် အရုပ်ဆိုး အကျည်းတန်နေပြီ၊ ပုလင်းကွဲ, မှန်ကွဲများ ပြန့်ကြဲနေသည်၊ ညှော်ခန်းတွင် အစဉ်အမြဲ နေရာယူထားသော ခိုင်၏ ဓာတ်ပုံကြီးက အစိတ်စိတ် အမွှာမွှာ ကွဲကျေ၍ ပြုတ်ကျနေသည်။

ဒါပေမယ့်....

ဓာတ်ပုံထဲမှ ခိုင်၏ အပြုံးကတော့ တောက်ပနေဆဲ၊ ညှော်ခန်း အလယ်တွင်ကား မားမားကြီး ရပ်နေသော ဦးကျော်မောင်။

'ဟော.... ဘာလဲကွ၊ ဘာကြည့်နေတာလဲ၊ မင်းတို့ကို ဘယ်သူက ခေါ်လို့လဲ၊ ခုထွက်သွားကြစမ်း'

ဦးကျော်မောင်က လှမ်း၍ ကြိမ်းဝါးလိုက်သည်၊ သည်တော့လည်း ဘီဘီက အိမ်ထဲဝင်ပြေးသွားသလို, ဦးအေးတင်တို့ကလည်း ကတိုက်ကရိုက် လှည့်ထွက်ခဲ့ကြရတော့သည်။

'ကိုအေးတင်.... ခဏနေဦး၊ ခုချက်ချင်း ကားထုတ်ခဲ့စမ်းဗျာ'

ဦးကျော်မောင်က ပြောရင်း အိမ်ပေါ်သို့ ဒေါသတကြီး ဖြေးတက်သွားသည်၊ ပြန်ဆင်းလာသော အခါတွင်တော့ ပွိုင့် ၃၈ - ဗို့ စပါယ်ရှယ် ခြောက်လုံးပြူးက ပေါက်တော့မည့် မြွေကဲ့သို့ သူ့လက်တွင် အသင့်ရှိနေပြီတည်း။

* * *



'မြင်းစီးကျွန်းကို မောင်း'

မာစီဒီးကားနက်ကြီးက ဦးကျော်မောင်၏ အမိန့်မဆုံးမီပင် ဒေါသတကြီး ပြေးထွက်သွားသည်။

'အချစ်ကြီးရင် အမျက်ကြီးတယ် မိခိုင်ရေ'

ဦးကျော်မောင်က ရေရွတ်ရင်း လက်ထဲမှ သေနတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

သူ၏ မျက်စိထဲတွင် ခိုင်၏ ရုပ်ပုံလွှာက ပေါ်လာသည်။

'ငါ....ငါ....ငါဟာ မင်းကို အစွမ်းကုန် အလိုလိုက်ခဲ့တယ် မိခိုင်၊ ခုတော့ မင်း လုပ်ရက်ပေ့ကွာ၊ ငါ့အသည်းနှလုံးကို ချေမွဖျက်ဆီးခဲ့သလို မင်းတစ်ကိုယ်လုံးကိုလဲ ငါ ချေမွ ဖျက်ဆီးရတော့မယ် မိခိုင်၊ မင်းအတွက် အမိုက်ဇာတ်လမ်းက ရုပ်တန်းကရပ်ဖို့ အချိန်ရောက်နေပြီ'

ဦးကျော်မောင်က စဉ်းစားရင်း တဖြည်းဖြည်း ဒေါသတကြီး ဖြစ်လာသည်၊ စဉ်းစားဆင်ခြင်နိုင်မှု အသိစိတ်သည် သူ့ကိုယ်မှ ဖယ်ခွာသွားခဲ့ပြီတည်း။

'မြင်းစီးကျွန်း'

ကားနက်ကြီးက မြင်းစီးကျွန်း အဝင်ဝတွင် ရပ်တန့်သွားသည်၊ အမှောင်ထုက ကျွန်းတစ်ခုလုံးကို လွှမ်းခြုံကြီးစိုးနေသည်၊ အချိန်က ညကိုးနာရီ မထိုးတတ်သေး၊ သို့သော် လူနေအိမ်ခြေဝေးသော သည်ကျွန်းတစ်ဝိုက်တွင်တော့ နက်ရှိုင်းသော အမှောင်ထုကြောင့် ကြောက်ဖွယ်လိလိ တိတ်ဆိတ်လျက်ရှိနေသည်။

'ကိုအေးတင်...ခင်ဗျား ဒီကစောင့်၊ ကားကို ပြန်လှည့်ထား'

ဦးကျော်မောင်က ပြောကာ လူတစ်ရပ်ကျော်ထိ မြင့်မား ထူထပ်စွာပေါက်နေသော တောမြက်ရိုင်းများကို ဖြတ်ကျော် ရင်း ကျွန်း၏ အတွင်းပိုင်းကို ဝင်လာသည်။'

ပင်သက်ရင့်လှပြီဖြစ်သော ကုက္ကိုပင်ကြီးများ၊ မရမ်းပင် များ၊ သရက်ပင်ကြီးများ၏ ပိတ်ဆို့အုံဆိုင်းနေသော အရိပ် က တစ်ကျွန်းလုံးကို ပို၍ မှောင်မိုက်နေစေပြန်သည်။

တစ်ချက် တစ်ချက်တွင် ပေါ်ထွက်လာသော ပုရစ်သံများ က ည၏ တိတ်ဆိတ်မှုကို ဖြိုဖျက်သလို ရှိနေသည်။

ဒေါ်သလောင်မြိုက်၍ သောကဝေဒနာကို ခံစားနေရပြီ ဖြစ်သော ဦးကျော်မောင်အဖို့ကတော့ ဘာကိုမှ မစဉ်းစား၊ ဘာကိုမှ မတွေးတော့၊ သူ့အာရုံတွင် ခိုင်...ခိုင်။

သူ့အပေါ် ဝယ် သစ္စာဖောက်ခဲ့သော ခိုင်တစ်ယောက်သာ ရှိနေခဲ့ပါ၏။

'ဟော... တွေ့ပြီ'

မြက်ပင်ရှည်ကြီးများ ဖုံးအုပ်နေသော တောင်ကမူတစ်ခု၏ အကွယ်တွင် မီးပြာရောင်ကားကလေးက ရပ်နေသည်။

ဗီးယက်ကား။

ခိုင့်ရဲ့ ကား။

ကားကလေးက ကန်ရေပြင်ကို မျက်နှာပြုကာ ရပ်ထား သည်။



ကန်ရေပြင်မှတစ်ဆင့် ရောင်ပြန်ရိုက်ခတ်လာသော ရွှေတိဂုံ စေတီတော်၏ ကြည်ညိုဖွယ် မီးရောင်လဲ့လဲ့ကသာ အမှောင် ကို ဝိုးတဝါး ဖြိုခွင်းနေသည်။

ကားပေါ်တွင်တော့ အရိပ်သဏ္ဌာန် နှစ်ခု။

ခိုင်၊ နောက်တစ်ယောက်က ယောကျ်ားပျိုတစ်ယောက်။ ခိုင့်ဘေးတွင် ထိုင်နေသည်။

သူတို့နောက်မှ အန္တရာယ်ဆိုးကို သူတို့ သတိမပြုနိုင်သေး။

ဦးကျော်မောင်က သေနတ်ကို တင်းကျပ်စွာဆုပ်ကိုင်ရင်း ားနောက်သို့ ကပ်သွားပြီး... ။

'ဩော်... သိမ်ကြည်နူးနေကြတယ်ပေါ့'

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းထွက်လာသော အသံကြောင့် ားထဲမှစုံတွဲက အထိတ်တလန့် ဖြစ်သွားကြသည်။

'ဟင်...အစ်ကိုကြီး'

အမျိုးသမီး၏ အသံက ချောက်ချားမှု လွှမ်းနေသလို မှုအရာကလည်း တုန်လှုပ်နေသည်။

'မှန်တယ် ခိုင်၊ တစ်ချိန်ကတော့ မင်းကို ချစ်ခဲ့ရတဲ့ လိုလိုက်ခဲ့ရတဲ့ အစ်ကိုကြီးပါပဲ၊ ခုတော့ မင်းရဲ့ သစ္စာမဲ့မှု တွက် လူသတ်သမားဖြစ်ရတော့မယ့် ကျော်မောင်လေကွာ၊ ါမျက်နှာကို နောက်ဆုံး ကြည့်ထားပေတော့'

ဦးကျော်မောင်က ပြောရင်း လက်ထဲမှသေနတ်ကို မြှောက် ိုက်ပြီး သေနတ်ပြောင်းသည် ခိုင်၏ မျက်နှာနှင့် တည့်မတ် ာ ရှိနေသည်။

'အစ်ကိုကြီး....အစ်ကိုကြီး....ခိုစ် ပြောပါရစေဦး'

ခိုင်က ကားထဲမှထွက်လာကာ အလန့်တကြား ဆိုသည်
'ဟား... ဟား.... ဟား.... သစ္စာဖောက်ရဲ့တဲ့ မိန်း
ခုတော့ သေရမှာ ကြောက်နေပြီလား၊ ဒီလိုနေရာမှ
ယောကျ်ားတစ်ယောက်နဲ့ အချိန်မတော် ရောက်နေတဲ့ မှင်း
မိန်းမမျိုးအတွက် ဖြေရှင်းချက်မရှိတော့ဘူးကွ ဟား...
ဟား....ဟား....'

အရူးတစ်ယောက်ပမာ ရယ်မောလိုက်သော ဦးကျော်
မောင်၏ အသံနက်ကြီးကြောင့် သစ်ပင်ထက်တွင် အိပ်တန်း
တက်နေသော ကျေးငှက်များပင် လန့်ဖြန့် အော်ဟစ်ကာ
ကောင်းကင်သို့ ပျံတက်သွားကြသည်။

'အစ်ကိုကြီး....အစ်ကိုကြီး'

'တိတ်စမ်း မိခိုင်၊ မင်းအတွက် ထိုက်တန်တာကတော့
ဟောဒါပဲ'

'ဒိုင်း....'

ပြင်းထန်သော သေနတ်သံ။

ကျေးငှက်တို့၏ လန့်ဖြန့် အော်မြည်သံတို့က တိတ်ဆိတ်
ငြိမ်သက်နေသော ပတ်ဝန်းကျင်ကို ဆူညံလှုပ်ရှားသွားစေ
ပြီတည်း။

'ခိုင်....'

သူချစ်ရသော ခိုင်ကတော့ သူ့ရှေ့တွင် သွေးအိုင်ထွန်း၍
လဲကျနေလေပြီ။

'ဟင်....ခင်ဗျား....ခင်ဗျား ရက်စက်လှချေလားဗျ'

လင်း - စာပေ



ကားထဲမှလူရွယ်က စောစောက မင်သက်မိသလိုဖြစ်နေ
မှ အော်ဟစ်ရင်း ကားပေါ်မှ ခုန်ဆင်းလိုက်သည်။
'ဩ်... ရက်စက်တယ် ဟုတ်လား၊ အဲဒါ သစ္စာမဲ့တဲ့
လူတို့ရဲ့ သွားရာလမ်းကွ၊ ဟောဒါက မင်းအတွက်၊ ငါ့
အသည်းကို ကြေမွအောင် လုပ်ခဲ့တဲ့အတွက်ကွ'
ဦးကျော်မောင်က ပြောရင်း သေနတ်မောင်းကို ဆွဲလိုက်
ပြန်သည်။

'ဒိုင်း....'

'အား....'

သေနတ်သံနှင့်အတူ လူရွယ်က အနောက်ဘက်သို့ လွင့်စဉ်
လဲကျသွားသည်။

'ဟား....ဟား....ဟား....ဘယ့်နှယ်လဲ မိခိုင်၊ မင်း နောက်
မလိုက်နိုင်တော့ဘူးမဟုတ်လားကွ'

ဦးကျော်မောင်က သွေးအိုင်ထဲတွင် လဲကျနေသော ခိုင့်ကို
ငုံကြည့်ရင်း အရူးတစ်ယောက်လို ရယ်မောကာ နောက်ခိုင်း
လိုက်သည်။

'ရက်စက်ပါပေ့ အစ်ကိုကြီးရယ်'

'ဟင်....'

ဦးကျော်မောင် လန့်သွားသည်၊ ခိုင့်အသံက သူ့နောက်မှ
ထွက်ပေါ်လာခြင်းပင်။

ဆံပင် ဖွားလျား။

တစ်ကိုယ်လုံး ရဲရဲနီသော သွေးများဖြင့်....။

ခိုင်က လဲရာမှ ထရပ်လိုက်သည်။

'ဟင်.... မင်း.... မင်း....'

ဦးကျော်မောင်က တုန်လှုပ်စွာ ရေရွတ်ရင်း သေနတ်မောင်းကို ၂-ချက် ဆင့်ဆွဲလိုက်သည်။

'ဒိုင်း....'

'ဒိုင်း....'

'အောက်မယ်လေး.... ရက်စက်ပါပေ့ အစ်ကိုကြီးရယ်.... ခိုင် ရှင်းပြပါရစေဦး'

'ဟိုက်....'

ဦးကျော်မောင် မျက်နှာပျက်ရပြီ, ရင်ခုန်ရပြီ, တုန်လှုပ်သော စိတ်ကို မထိန်းနိုင်တော့....။

'မင်း.... ရွှေမတိုးနဲ့.... ရွှေမတိုးနဲ့'

ဦးကျော်မောင်ကနောက်ဆုတ်,နောက်ဆုတ်နှင့် သွားရင်း ရပ်လိုက်သည်၊ သူ့နောက်တွင် ချောက်ကမ္ဘားအစွန်းပဲ ရှိသည်၊ နောက်ဆုတ်ရန် မြေမရှိတော့၊ ရေလှိုင်းဂယက်တို့၏ ရိုက်ခတ်သံသဲ့သဲ့ကို ကြားနေရသည်။

ခိုင်က ရွှေသို့ တရွေ့ရွေ့ တိုးလာနေဆဲ။

'ရွှေမတိုးနဲ့.... မင်း.... ရွှေမတိုးနဲ့....'

ဦးကျော်မောင်က ထိတ်လန့်တကြားအော်ရင်း သေနတ်မောင်းကို အဆက်မပြတ် ဆွဲလိုက်သည်။

'ဒိုင်း....'

'ဒိုင်း....'

'ချောက်....'

'ချောက်....'



ဟော.... ကျည်ဆန်ကုန်ပြီ။

ခိုင်က ရွှေတိုးလာနေဆဲ။

ဦးကျော်မောင်က မျက်နှာမှ ချွေးသီးချွေးပေါက်များကို သပ်ချရင်း လိပ်ပြာလွင့်မတတ် ခံစားနေရသည်။

'ရွှေမတိုးနဲ့.... ရွှေမတိုးနဲ့၊ သွား.... သွား.... ထွက်သွားစမ်း'

'အား....'

ဦးကျော်မောင်က အသံနက်ကြီးဖြင့် အော်ရင်း ချောက်ထဲသို့ ဒလိမ့်ခေါက်ကွေး ကျသွားခဲ့ပြီတကား။

ချောက်ကမ္ဘားအစွန်းတွင်တော့ ခိုင်က အားပါးတရ ရယ်မောနေသည်။

* * *

'အား....'

ဦးကျော်မောင်က ထိတ်လန့်ရင်မောစွာဖြင့် အော်ဟစ်ရင်း လန့်နိုးသွားသည်၊ ကြောက်မက်ဖွယ် အိပ်မက်ဆိုးကြီးပါတကား။

'ဒုံး....'

'ဒုံး....'

'အစ်ကိုကြီး.... အစ်ကိုကြီး တံခါးဖွင့်ပါဦး'

အိပ်ခန်းအပြင်ဘက်မှ တံခါးခေါက်သံနှင့် ခိုင်၏အသံက
အဆက်မပြတ် ပေါ်ထွက်လာသည်။

ဦးကျော်မောင်က မျက်နှာမှ ချွေးသီးချွေးပေါက်များကို
သပ်ချရင်း အိပ်ခန်းတံခါးကို ထဖွင့်လိုက်သည်။

'ဘာဖြစ်လို့လဲဟင်.... အစ်ကိုကြီး အလန့်တကြား အော်
သံကြားလို့ ခိုင်တောင် လန့်နိုးသွားတယ်'

'ဘာမှမဖြစ်ပါဘူး ခိုင်ရယ်.... အိပ်မက်မက်ပြီး ယောင်
အော်တာ ထင်ပါရဲ့'

ဦးကျော်မောင်က ခိုင်၏ စိုးရိမ်တကြီးဖြစ်နေသော မျက်
နှာကလေးကို စိုက်ကြည့်ရင်း ဖြေသည်။

သို့သော်.... သူ့အသံက တုန်လှုပ်မှု မပြယ်တတ်သေး။

'အစ်ကိုကြီးကလဲ ဘာတွေများ မက်နေတာလဲ အလန့်
တကြားနဲ့'

ခိုင်က အပြုံးနှင့် ဆိုသည်။

'အလကားပါ ခိုင်ရာ .. အစ်ကိုကြီးကို သောက်ရေ တစ်
ခွက် ပေးကွယ်'

ဦးကျော်မောင်က စကားကို ဖြတ်ပစ်သည်။

'အစ်ကိုကြီး မနက်ဖြန် ခရီးထွက်ရဦးမှာဆိုတော့ ပြန်
အိပ်လိုက်ဦးနော်၊ ခုမှ နာရီမြန် နှစ်ချက်ပဲ ရှိသေးတယ်'

ခိုင်က သောက်ရေခွက်ကိုပေးရင်း ပြောသည်။

'ကဲ.... ခိုင်လဲ သွားအိပ်တော့လေ၊ အစ်ကိုကြီးလဲ ပြန်အိပ်
ဦးမယ်'



ခိုင်ထွက်သွားသည်ကို ငေးကြည့်ရင်း ဦးကျော်မောင်
သက်ပြင်းတစ်ချက် ရှိုက်လိုက်ရပြန်သည်။

သူ့အဖို့ ဒီည ပြန်လည် အိပ်နိုင်ပါဦးမည်လား။

\+ \+ \+

## အခန်း (၁၁)

'ဟော.... ဒီသားအမိတွေ ဘယ်က ပြန်လာကြသလဲဟေ့'

အေးက သမီးလေးကို လက်မှဆွဲ၍ လှေကားပေါ်အတက်တွင် လှေကားမှ ဆင်းလာကြသော ကျန်းမာရေးဆရာမ ဒေါ်ခင်တင့်နှင့် ဦးလှစိန်တို့ ဇနီးမောင်နှံတို့က အေးတို့သားအမိကို နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

သူတို့လင်မယားက ရိုးသား၍ သဘောကောင်းသည်၊ အေးတို့၏ အိမ်နီးချင်းကောင်းများလည်း ဖြစ်သည်။

'ဩြော်.... ဒီနေ့ မောင်အလုပ်ပြန်တာ နောက်ကျနေလို့ အိမ်ရှေ့ တိုက်ခန်းကနေ မောင့်ဆီ ဖုန်းသွားဆက်တာပါ ဆရာမ'

'အေးကွယ်.... သတင်းစာ လုပ်ငန်းဆိုတာကလဲ အလုပ်များသားနော်၊ ဒီညတော့ ပြန်လာနိုင်မယ် မသူတ်လား'

'မောင်နဲ့ စကားမပြောခဲ့ရဘူးဆရာမရယ်၊ ညနေကတည်းက ကိစ္စရှိတယ်ဆိုပြီး ထွက်သွားတယ် ပြောတာပဲ'



အေးက စိတ်ပျက်အားလျော့စွာ ပြောလိုက်သည်၊ သည်တော့လည်း ဦးလှစိန်နှင့် ဒေါ်ခင်တင့်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိသည်။

ယခုတစ်လော အေးတစ်ယောက်တာမှမသိရှာသော်လည်း ကိုအောင်သူတစ်ယောက် ခြေမျှားနေသည်ကိုတော့ ကိုလှစိန်ရော ဒေါ်ခင်တင့်ပါ သတိပြုမိလာသည်။

သည်အိမ်သို့ မိုးပြာရောင် ကားကလေးဖြင့် မကြာခဏလာတတ်သော မိန်းမချောကလေးနှင့် ကိုအောင်သူကို ထိုကားဖြင့် တပူးတွဲတွဲ တွေ့ရမြဲ ဖြစ်လေသည်။

ကိုအောင်သူ၏ ဂုဏ်သိက္ခာကို သူတို့ လေးစားသော်လည်း ကြားထဲက အေးကိုတော့ သနားခဲ့မိကြသည်။

တစ်ခါတလေတွင် အေးအား ထိုကိစ္စကို ဖွင့်ဟ သတိပေးမည်ဟု ဒေါ်ခင်တင့် စဉ်းစားမိခဲ့သေး၏၊ သို့သော်.... ဦးလှစိန်က ဟန့်တားခဲ့သည်။

'ကိုယ်က စေတနာနဲ့ ပြောပေးမယ့် ဆေးအတွက်လေး ဆိုတာမျိုး ဖြစ်နေရင်လဲ မကောင်းဘူးပေါ့ကွာ'

ဦးလှစိန်၏စကားကြောင့် ဒေါ်ခင်တင့်က ဒီကိစ္စကို မေ့ထားခဲ့သည်။

သို့သော် ထာဝစဉ် သာသာယာယာရှိနေလေ့ရှိသည့် အေးတို့အိမ်ခန်းလေးမှာ ခြောက်သွေ့နေမြဲ၊ မယားကိုချစ်၍ သမီးလေးကို ခင်တွယ်ကာ ထာဝစဉ် အိမ်မြဲတတ်သည့်ကို အောင်သူတစ်ယောက် မယားနှင့်သမီးလေးကို လစ်လျူရှုကာ

အိမ်မကပ်နိုင်ဖြစ်နေသည်ကိုတော့ ဒေါ်ခင်တင့်က အိမ်နီးချင်းပေမို့ နေ့စဉ်သိနေခဲ့ရသည်။

'အေးကွယ် ... အပြင်လုပ်ငန်းတွေ အတွက် သွားနေရသလားမှမသိဘာ အေးရယ်၊ တကယ်လို့ ကိုအောင်သူ ညဉ့်နက်ထိမရောက်ရင် ဆရာမတို့အခန်းမှာ လာအိပ်နော်....ဟုတ်လား'

'ကျေးဇူးတင်ပါတယ် ဆရာမရယ်'

အေးတစ်ယောက် တံခါးသော့ကို ဖွင့်နေရသော်လည်း စက်ရုပ်တစ်ရုပ်နှင့်မခြား ရှိနေသည်။

'သမီးလေး အိမ်ထဲဝင်လေ'

အိပ်ခန်းထဲသို့မဝင်သေးဘဲ လှေကားဆီသို့ ငေးကြည့်နေသောသမီးလေးကို ခိုင်က ပွေ့ချီလိုက်သည်။

သမီးလေးမျက်နှာသည် မသာမယာရှိနေသည်။

တစ်အိမ်လုံးတွင် လူသုံးယောက်သာရှိသော မိသားစုတွင် တစ်ယောက်လျော့နေခြင်းသည်ပင် သိသာလွန်းလှပါ၏။

ခါတိုင်း သမီးလေး၏ အေးမြကြည်လင်သော သီချင်းသံကလေးနှင့် အဖေ၊ အမေတို့၏ ပျော်ရွှင်ရယ်မောသံတို့က ကြည်နူးဘွယ်အတိရှိပါလေ၏။

ယခုတော့ မောင်တစ်ယောက် ညဉ့်နက်မှ ပြန်လာလေ့ရှိသလို အချစ်ဆုံး သမီးလေးကိုပင် ပြန်မကြည့်နိုင်အောင် ရှိနေလေသည်တကား။

'မောင် ခုတလော သိပ်အလုပ်များတယ်နော်'



မိုးချုပ်မှရောက်လာတတ်သော မောင့်ကို အေးကပြောခဲ့မိသည်။

'ဟုတ်တယ် အေးရယ်.... မောင့် မိတ်ဆွေတစ်ယောက်နဲ့ ပတ်သက်တဲ့ကိစ္စရော၊ အလုပ်ကိစ္စရော လုပ်နေတယ်ကွယ်'

ကိုအောင်သူကပြန်ပြောခဲ့သည်၊ သို့သော် အေးက ထိုစကားကိုမကြား၊ ဟိုတစ်နေ့က မိတ်ဆွေတစ်ယောက် ပြောသည့်စကားကို ကြားယောင်လာမိသည်။

'ဒီမှာအေးရေ၊ ကိုတီသိမလို့ ချစ်လို့ပြောတာပဲနော်၊ ကိုအောင်သူကိုလဲ ကြည့်ရှုထိန်းသိမ်းထားဦး၊ အမျိုးသမီးတစ်ယောက်နဲ့ တွဲနေတာ မကြာခဏတွေ့တယ်'

ဟူသည်ကတစ်မျိုး၊ 'တစ်ယောက်သောအသိကလည်း.... ဟိုနေ့ကဗျာ ကျွန်တော်ပဲခူးကပြန်လာတော့ အင်းတိုင်နားမှာ ကိုအောင်သူကို တွေ့ရတယ်၊ မောင်းကလဲမောင်းနေပြီမို့ သူ့ဘေးကအမျိုးသမီးကို အေးမှတ်လို့ နှုတ်ဆက်မိတော့မလို့' စသည်ဖြင့်တစ်ဖုံ။

အစုံစုံသောမောင့်သတင်းတွေက မကြားလို မကြားရက်ပါဘဲလျက် အေး၏နားထဲသို့ တိုးဝင်လာကြလေသည်။

ဒီကိစ္စကိုတော့ အေးက မောင့်ကိုမမေးရက်ခဲ့ပါ၊ မောင့်သိက္ခာကိုစော်ကားသလိုဖြစ်မည်ကိုတော့ အေး ဝိုးရိမ်မိပါ၏။ မည်သို့ဆိုစေ မပြောသော်လည်းကံရာရှိနေလင့်ကစား မောင်တစ်ယောက် အေးကွယ်ရာတွင် လုပ်ချင်ရာလုပ်သည်ဆိုဦးတော့ အေးနှင့် သမီးကိုတော့ ပစ်ပယ်မည်မဟုတ်၊ တစ်နေ့ မောင်သည် အမြင်မှန်ရပါလိမ့်မည်။

ရင်ထဲတွင် ခံစားနေရသော ဝေဒနာတစ်ရပ်ကို အေးက
ဘည်သို့သည်နှယ် ဖြေသိမ့်ခဲ့ပါ၏။

ဒါပေမယ့် သူမနှလုံးသားသည် ကျောက်သားပကတိ
မဟုတ်လေသည်ကတော့ အမှန်ပင်။

'သမီးလေး...သမီးလေးရယ်....'

အေးကက သမီးလေးကိုကြည့်ရင်း ရေရွတ်မိလိုက်သည်၊
သမီးလေးကား ပြတင်းပေါက်တွင်ရပ်ကာ ဖအေလာမည့်
လမ်းသို့ ငေးကြည့်နေသည်။

'သမီးရယ်....ထမင်းစားမယ်နော်'

အေးက သမီးနားသို့ သွားရပ်ကာ ပြောလိုက်သည်၊
သို့သော် သူမအသံက တုန်ရီလှုပ်ရှားနေကာ မျက်နှာက
ညှိုးလျနေသည်။ မျက်လုံးအစုံတွင် မျက်ရည်ကြည်တို့က ရစ်ဝဲ
လျက်ရှိနေပြီ။

'မစားသေးဘူး မေမေရယ်၊ ဖေဖေကြီးလာမှ စားမယ်'

သမီးလေးကပြန်ပြောရင်း လမ်းမဘက်သို့ ကြည့်မြဲကြည့်
နေသည်။

'ဩော်....သမီးရယ်'

အေးက မချမ်းမြေ့သောစိတ်ဝမ်းဖြင့် ညည်းညူရပြန်ပြီ။

တကယ်တော့ အေးကိုယ်တိုင် မောင်ပြန်လာမှစားမည်ဟု
မောင့်ကိုစောင့်ရင်း ထမင်းမစားဖြစ်ခဲ့သည်ကလည်း အကြိမ်
ပေါင်း များခဲ့လေပြီ။



မျက်ဝန်းနက်နက်ထဲမှ မျက်ရည်စတို့က အေး၏ပါးပြင်
ပေါ်သို့ လိမ့်၍ကျဆင်းနေပြီကော။

* *

က ]

မိုးက တစ်စတစ်စ သဲလာသည်။

သွပ်ခေါင်မိုးနှင့် မိုးပေါက်များ၏ ထိတွေ့သံက အဆက်
ပြတ်ပေါ်လာသည်၊ မိုးသည်းနေလင့်ကစား ဗိုလ်တထောင်
စေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းရောင်က မီးရောင်နှင့် ထိ
တွေ့နေသည်မို့ ဝင်းဝင်းလက်လက်နှင့် ကြည်ညိုဘွယ်အဆင်း
ကို ဆောင်နေသည်။

ရင်ပြင်တော်ထောင့်ရှိ ဇရပ်ငယ် တစ်ခုထဲတွင်တော့ လူ
သုံးဦးက ရှိနေသည်။

ကိုအောင်သူ၊ ညီမောင်နှင့် ခိုင်ပဲဖြစ်ကြသည်။

သည်နေ့ညနေပိုင်းက ညီမောင်က ကိုအောင်သူထံ ဖုန်း
ဆက်သည်၊ ကိုအောင်သူက ခိုင့်ထံဆက်သည်၊ နောက် သူတို့
သုံးဦး လူရှင်းသော ဗိုလ်တထောင်စေတီသို့ ရောက်လာခဲ့ကြ
သည်။

'ကဲ....ညီမောင် ဘာမှ စဉ်းစားမနေပါနဲ့ တော့ကွာ ငါ့ဆီမှာလိုက်အိပ်၊ မနက်ဖြန်မနက် ထသွားပေါ့၊ မဟုတ်ဘူးလား'

ကိုအောင်သူက ညီမောင့်မျက်နှာကိုကြည့်ကာ ပြောလိုက်သည်။

ညီမောင်က လုပ်ရမည့်တာဝန်တွေပြီးပြတ်ပြီဖြစ်၍ မနက် (၄) နာရီတွင် မော်တင်ဆိပ်ကမ်းမှထွက်မည့် ကြားမော်တော်ဖြင့် လိုက်မည်။

သို့အတွက် ဒီညရန်ကုန်ထဲတွင်ပင် အိပ်ရမည်။ သို့ရာတွင် တစ်ည ဘာတည်းခိုအိပ်စက်ရန် စိတ်ချရသောနေရာကို စဉ်းစားနေသည်။

သို့အတွက် ကိုအောင်သူက သူ့အိမ်လိုက်အိပ်ရန် ပြောခြင်းဖြစ်သည်။

မဖြစ်ဘူးအောင်သူ၊ မင်းနေတဲ့နေရာက ပတ်ဝန်းကျင်လူများဟာယ်၊ သီးသန့်မကျဘူး၊ ငါ့အဖို့ သိပ်သတိထားနိုင်မှ ဖြစ်မယ်အောင်သူ'

'ကိုကိုရယ်....ဒီလိုဆို ခိုင်ကိုအိမ်လိုက်ခဲ့၊ အိမ်က ခြံဝင်းနဲ့ဆိုတော့ သီးသန့်ကျတယ်၊ အိမ်မှာလဲ အစ်ကိုကြီး ခရီးထွက်နေတော့ ခိုင်နဲ့ ကောင်မလေးပဲ ရှိတယ်၊ ဘယ်သူတွေမှာမှ မစိုးရိမ်ရဘူး၊ မနက်ဖြန်မနက်စောစော သင်္ဘောဆိပ် ဆင်းတော့ ခိုင့်ကားနဲ့ပဲ လိုက်ပို့ရစ် ပိုအဆင်ပြေတာပေါ့ ကိုကိုရယ်'

'ဟုတ်တယ်ညီမောင်၊ ခိုင်ပြောတာ ကောင်းတယ်၊ မင်း ဒီထက်ကောင်းတဲ့ လုံခြုံတဲ့နေရာမရှိတော့ဘူး'



ကိုအောင်သူက ဝမ်းသာအားရ ခိုင့်စကားကို ထောက်ခံသည်။

အစီအစဉ်ကောင်းတော့တွေ့ပြီ၊ သို့သော် ညီမောင့်စိတ်ထဲတွင် ချီတုံချတုံဖြစ်နေသေးသည်၊ မိမိကြောင့် ညီမဖြစ်သူကို ပါဝင်ပတ်သက်နေမည်ကိုလည်း စိုးရိမ်နေသည်။

'ကဲ....ကိုကို သွားကြရအောင်'

နောက်ဆုံးတော့ ခိုင်တို့တိုက်သို့ လိုက်သွား၍ တစ်ညတာ တည်းခိုနေကာ မနက်ဖြန် သင်္ဘောဆိပ်ဆင်းမည်၊ ဒီလောက် ဆို ဘာပြဿနာမှ မရှိကောင်းလေပါ။

ညီမောင်က ခိုင့်အိမ်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

သဲသဲမဲမဲရွာနေသော မိုးက အရှိန်လျော့စ ပြုနေပြီ။

ကိုအောင်သူက နာရီကို ကြည့်လိုက်သည်၊ ည - ၉ နာရီ ထိုးပြီ ဖြစ်သည်။

ဇင်းနောက် သုံးယောက်သား ခိုင့်ကားကလေး ရပ်ထားသို့ မိုးဖွဲဖွဲကြားမှ အပြေးထွက်သွားကြသည်။

ညီမောင်က ခိုင့်ဘေးမှာထိုင်ကွာ၊ ခိုင်တို့ခြံထဲဝင်ရင် ညီမောင်က ကားထဲငုံ့နေပေါ့၊ ဒါမှ တံခါးဖွင့်ပေးတဲ့လူ မမြင် ဘူ မဟုတ်ဘူးလား'

'အေး.....ကောင်းတယ်'

ညီမောင်က ခေါင်းညိတ်ရင်း ခိုင့်ဘေးတွင် ဝင်ထိုင်လိုက်သည်၊ ကိုအောင်သူက ကားနောက်ခန်းသို့ ဝင်ထိုင်လိုက်သည်။

'ခိုင် ကိုအောင့်ကို အိမ်လိုက်မပို့နဲ့တော့နော်၊ ကိုအော
ကုက္ကိုင်းထောင့်မှာ ဆင်းပြီး တစ်ခုခု စီးသွားမှယ်'

'အို.... ကိုအောင်ကလဲ လိုက်ပို့မှာပေါ့'

ခိုင်က ကိုအောင့် စကားကို ကန့်ကွက်သလို ဆိုသည်။

'ကိုအောင့်ကို လိုက်မပို့တာ အကြောင်းမဟုတ်ဘူး ခို
မတော်တဆ ချက်ကင်တွေ ဘာတွေနဲ့တွေ့နေရင် ညီမော
အတွက် စိုးရိမ်ရတယ် မဟုတ်လား၊ အကောင်းဆုံးကတော
ညီမောင်ကို ခိုင်တို့အိမ်ထဲ အမြန်ဆုံး ရောက်သွားဖို့ အ
ကြီးပါတယ်ကွယ်'

သည်တော့လည်း ခိုင်က ခေါင်းညိတ်ရသည်။

ကားကလေး တရိပ်ရိပ် ပြေးနေသည်၊ ကုက္ကိုင်းထော
ရောက်သောအခါ ရပ်လိုက်သည်၊ ကိုအောင်သူက ကားပေ
မှ ဆင်းရင်း ညီမောင့်ကို ကြည့်လိုက်သည်။

ညီမောင်က ကားထဲမှ လက်ထုတ်ပေးလာ၍ ကိုအောင်
က တင်းကြပ်စွာ ဆုပ်ကိုင်ရင်း စကားမပြောနိုင်အောင် ဖြ
နေမိသည်။

'ကျေးဇူးတင်ပါကယ် သူငယ်ချင်း၊ တို့များ ပြန်တွေ့
အေးအေးဆေးဆေး စကားပြောကြရအောင်ကွာ'

ကိုအောင်သူက ဆို့နင့်စွာ ခေါင်းညိတ်ရင်း လက်ကို ပြ
ရုပ်သိမ်းလိုက်ချိန်တွင်တော့ ကားကလေးက ထွက်ခွာစပြု
ပြီ ဖြစ်သည်။

*  *  *



[ ခ ]

'တီ.... တီ.... တီ....'

ခြံရှေ့ဝယ် ကားရပ်မိသည်နှင့် ခိုင်က ကားအတွင်းမီးကို
ပိတ်လိုက်ကာ ကားဟွန်းကို သုံးချက်ဆက်တီးလိုက်သည်၊ ထို
အချိန်တွင် ခိုင့်ဘေးမှ ညီမောင်က ခေါင်းငုံ့ထားသည်၊
သည်လိုဆိုတော့ အပြင်မှမြင်ရန် မလွယ်ကူတော့ပေ။

ကုလားလေး ရန်ကေးက ခြံတံခါးကို ဖွင့်လိုက်သည်နှင့်
တစ်ပြိုင်နက် ခိုင်က ကားကလေးကို အိမ်ဆင်ဝင်အောက်
ရောက် မောင်းသွားကာ ရပ်လိုက်သည်၊ ဆင်ဝင်အောက်
မီးလုံး ဖွင့်မထားခြင်းကပင် ကံကောင်းခြင်း တစ်ရပ် ဖြစ်
နေသည်။

ကားရပ်သည်နှင့် ဘီဘီက အိမ်သေ့နှင့် ရောက်လာကာ
တံခါးဖွင့်ပေးသည်၊ တံခါးဖွင့်ပြီး ကောင်မလေးက ထွက်
သွားသေး၊ ခိုင့်ကို ရပ်စောင့်နေပြန်သည်။

သည်လိုဆိုလျှင် ကိုကို့ကို ကားထဲမှ အိမ်ပေါ်သို့ တင်ဖို့
က်နေသည်။

နောက်တော့ ခိုင်က ဘာလုပ်ရမည်ကို ဖြတ်ခနဲ သတိရ
လိုက်သည်။

'ဘီဘီရေ.... ဦးအေးတင်ကို ခဏ သွားခေါ်ပေးစမ်းပါ
ကွယ်၊ မမက ခေါ်ခိုင်းတယ်လို့ပြော.... ကြားလား'

'ဟုတ်ကဲ့.... မမ'

ကောင်မလေးက ပြောကာ ထွက်သွားသည်၊ သည်တော့မှ ခိုင်က အစ်ကိုဖြစ်သူကို ကားထဲမှခေါ်ကာ အိမ်ပေါ်ထပ်သို့ လိုက်ရိုက်တက်သွားသည်။

'ကိုကို ဟောဒီအခန်းထဲမှာပဲ နေနော်..၊ နောက်ပြီးမှ ခိုင် ကော်ဖီနဲ့မုန့် လာပို့မယ်'

ခိုင်က အစ်ကိုဖြစ်သူကို ဦးကျော်မောင်၏ အခန်းထဲ ပို့ ထားကာ သူမ၏ အိပ်ခန်းသို့ဝင်၍ အဝတ်အစား လဲသည်။

ခိုင် အောက်ထပ် ဆင်းလာသောအခါ ဧည့်ခန်းထဲတွင် ဦးအေးတင်က အသင့် စောင့်နေသည်။

'မခိုင် ခေါ်တယ်ဆိုလို့'

ဦးအေးတင်က မေးလိုက်ခြင်း ဖြစ်သည်။

'ကားကို ဂိုဒေါင်ထဲ မထည့်ပါနဲ့တော့၊ မနက်ဖြန်စော စော ခိုင်သွားစရာရှိနေတယ်၊ ကားသိမ်းလိုက်ရင် ဦးအေးတင် ထုတ်ပေးရ, ပြုရနဲ့ အလုပ် များနေမှာမို့ပါ.... ဟုတ်လား'

'ကောင်းပါပြီ.... မခိုင်'

ဦးအေးတင်ကပြောကာ အိမ်ထဲမှ ထွက်သွားသည်၊ သူ့ စိတ်ထဲတွင်တော့ ထူးထူးဆန်းဆန်းလို ဖြစ်နေသည်၊ ယခင်က ကားကို ဂိုဒေါင်တွင် သိမ်းနေကျဖြစ်ပါလျက် ယခု မသိမ်းနဲ့ဟု ဆိုသည်၊ စဉ်းစားမရအောင် ဖြစ်နေသည်။

ဘိဘိက ဘံတံခါးသော့ကို ပိတ်နေသည်ကို စောင့်ကြည့် ရင်း ခိုင်က ပြောသည်။



'မနက်ဖြန် မနက်စောစော မမ အပြင်ထွက်စရာရှိတယ်၊ ညီမ အိပ်ရာက ထနေစရာမလိုတော့ဘူးနော်၊ သံတံခါးသော့ ကိုလဲ မမ့ အပြင်ကပဲ ပိတ်သွားမယ်၊ ကြားလား'

'ဟုတ်ကဲ့ မမ'

'မမ ဒီည ထမင်းမစားတော့ဘူးကွယ်၊ ကော်ဖီတစ်အိုးနဲ့ မုန့်သုံးမျိုးလောက် မမအခန်းကို ယူလာခဲ့နော်'

'ဟုတ်ကဲ့ မမ'

ကောင် မ လေး က မီးဖိုထဲဝင်သွားသောအခါတွင်တော့ ခိုင်က အိမ်ပေါ်ထပ်သို့ တက်လာသည်။

ခိုင်က အခန်းထဲရောက်၍ မကြာမီပင် ကောင်မလေးက ကော်ဖီနှင့်မုန့်များ လာပို့သည်။

'အေး....အေး....ထားခဲ့ပါကွယ်၊ ညီမလဲ အိပ်တော့နော်၊ တခြားကိစ္စ မရှိတော့ပါဘူး၊ မနက်ဖြန်မှပဲ ပန်းကန်တွေ သိမ်းပေတော့'

ကောင်မလေးက ခေါင်းညိတ်ကာ အခန်းထဲမှ ထွက်ခွာ သွားသည်။

'ကိုကို တံခါးဖွင့်ပါဦး၊ ခိုင်ပါ'

ခိုင်က ကော်ဖီပန်းကန်ကိုကိုင်ကာ အခန်းထဲဝင်သွားသည်၊ နောက် ကော်ဖီနှင့် မုန့်များကို စားရေးစားပွဲပေါ်သို့ တင်ပေး လိုက်သည်။

'ကိုကို ကော်ဖီသောက်, မုန့်စားဦး၊ ခိုင် အိပ်ရာခင်းလိုက် ဦးမယ်နော်'

သည်နောက်တော့ ကွဲကွာနေသော မောင်နှမနှစ်ယောက် စကားပြောဖြစ်ကြသည်။

အစ်ကိုဖြစ်သူသည် သူ၏ အကြောင်းအရာနှင့်ပတ်သက်၍ လျှို့ဝှက်လွန်းနေသည်ကို ခိုင် သတိထားမိသည်၊ မကြာမီ အားလုံး ပြေလည်သွားမည်ဟုသာ ပြောသည်။

အထူးသဖြင့် သူ လိုလိုလားလား ဖွင့်ပြောတာတစ်ခုတော့ ရှိသည်၊

ဒါကတော့ သူ့တွင် အိမ်ထောင်ဖက်တွေ့ထားပြီ ဖြစ်ကြောင်းနှင့် အခြေအနေအေးဆေးလျှင် လက်ထပ်ယူမည် ဖြစ်ကြောင်းပင်၊ နောက်ဆုံး မေမေဆုံးသည်မှအစ ခိုင့် အိမ်ထောင်ရေးအခြေအနေပါ မေးမြန်း ပြောဆိုခဲ့ကြသေးသည်၊ ထိုသူက စကားဝိုင်းသိမ်းခဲ့သော်လည်း လျှို့ဝှက်လွန်းသော ကိုကို၏ နောက်ကြောင်းအတွက် ခိုင် စိတ်မောခဲ့ပါလေသည် တကား။

* * *

[ ၁ ]

'သိန်းရွှေ....သိန်းရွှေ၊ ဟေ့... မိန်းမ...မိန်းမ ထစမ်းပါဦးဟ'



ဦးအေးတင်က အိပ်မောကျနေသော ဇနီးကို ကမန်းတန်း လှုပ်နှိုးသည်။

'အင်း.... ဝါး....'

'ဟာ....ဒီမိန်းမကလဲ အိပ်ဖို့ပဲသိတယ်၊ ထပါဦးကွ'

ဦးအေးတင်က စိတ်မရှည်သလို ခပ်ကြမ်းကြမ်း လှုပ်နှိုးသည်၊ သည်တော့ အိပ်ပျော်နေသော ဇနီးက နိုးသွားသည်။

'အို....ရှင်ကလဲ၊ ဒီအသက်အရွယ်ကြီးနဲ့ သေခါနီးတာင် ဘယ်လိုဖြစ်နေတာလဲတော့'

'ဟာ....မိန်းမကလဲ ဒုက္ခပါပဲ၊ ဘာတွေလျှောက်ပြောနေလဲဟ၊ အဲဒါမဟုတ်ဘူးကွ'

'ဒါဖြင့် ဘာလဲရှင့်'

မိန်းမဖြစ်သူက လှူးလဲထလာသည်။

'လူဟ....လူ....လူ'

'ဟောတော့....ဘယ်မှာတုန်းဟင်'

'ဟေ့....ခုမရှိတော့ဘူးဟ၊ တိုးတိုးပြောစမ်းပါ၊ စောက ငါအိပ်ရာကထပြီး နောက်ဖေးထွက်တော့ တိုက်ထဲမီးရောင်မြင်လို့ ငါလှမ်းကြည့်တော့ ခိုင်က သံတံခါးပိတ်နေတယ်၊ ဆင်ဝင်မီးရောင်နဲ့ မြင်ရတာကတော့ ကားက ယောကျ်ားတစ်ယောက် ထိုင်နေတာပဲ'

'ဟောတော့....ဘယ်က ယောကျ်ားလဲဟင်'

'ဒါကတော့ ဘယ်သိမလဲကွ၊ ကားလဲထွက်ရော ကုလားလေး ရန်ကေး ခြံတံခါးလာဖွင့်တော့ အဲဒီယောကျ်ားက

ခေါင်းငုံ့ပြီး ပါသွားတယ်၊ ရန်ကော မမြင်နိုင်အောင်
ကွာ’

‘ဟင်....ဒီလိုဆို ဒီယောကျ်ားက ညက တိုက်ပေါ်
ရှိနေမှာပေါ့နော်’

‘အေးပေါ့ဟ’

‘ဒီမှာ ကိုအေးတင် အဲဒါဟာ တကယ့် မီးခဲပဲ၊
မျက်စိနဲ့ ရှင့်ပါးစပ်ကို ကြပ်ကြပ်သာ ပိတ်ထားပေတော့
ထုံးစံအတိုင်း ရှင်အာတော့ ချောင်မနေနဲ့၊ ဘယ်သူ့မှ
မပြောနဲ့ ကြားလား၊ သူများကိစ္စမှာ ကိုယ်ပါ အချော
ရောနှော်ပါနေမယ်၊ အဲဒါ ကျုပ် ကြပ်ကြပ် သတိပေးလို
ပါရဲ့’

‘အေးပါကွာ မိန်းမရာ၊ မင်းပြောတဲ့စကားကို
ဘယ်တုန်းက လွန်ဆန်ဖူးလို့လဲ’

‘သူဌေးကိုလဲ သွားမပြောနဲ့၊ မိုးမီးလောင်ကုန်လိမ့်မ
ကြားလား’

‘မပြောပါဘူးကွာ၊ သူများကိစ္စ ကိုယ်က ဘာဝင်ပါ
စရာ လိုလို့လဲ၊ ခုတော်ဝင် အိပ်ရေးပျက်လှပြီ၊ ကဲ.... တို့ကော
အိပ်ကြတော့မလား ဟဲ... ဟဲ....ဟဲ....’

‘သွားစမ်းပါ အရှက်မရှိတဲ့ မျက်နှာကြီးနဲ့၊ ရှင်ဟာ
အရောဝင်ရင်တစ်မျိုး၊ ရှင့်ဟာရှင် အိပ်ချင်အိပ် မအိပ်
နေပေါ့’

မိန်းမဖြစ်သူက စောင်ခေါင်းမြီးခြုံကာ အိပ်သွားပြီ
သော်လည်း ဦးအေးတင်က ငုတ်တုတ်ကြီး ထိုင်နေဆဲပင်။



‘ဦးအေးတင်.... ဒီအိမ်မှာ ကျွန်တော်မရှိရင် ခင်ဗျား
ကြီးပဲ၊ ဒီတစ်အိမ်လုံးကို ခင်ဗျားပဲ ကြည့်ရှုပါ၊ ခင်ဗျား
ဝန်ပဲ၊ ကျွန်တော် ခရီးထွက်နေတုန်း ပေါ်ပေါက်လာတဲ့
ခြေအနေတွေအတွက် ခင်ဗျားကို ယုံကြည်စွာ တာဝန်
အပ်ပါတယ်၊ စိတ်ချပါရစေ ကိုအေးတင်’

ခရီးမထွက်မီက မှာကြားသွားသော ဦးကျော်မောင်၏
ကားသံက သူ့နားထဲတွင် ပဲ့တင်ရိုက်ဟီးလျက် ရှိချေပြီ
သည်။

\+ \+ \+

## အခန်း (၁၂)

ဦးကျော်မောင် ရင်မောသွားရသည်၊ တစ်ပတ်ခန့် အ
လွှက်နေရာမှ ပြန်ရောက်သည်နှင့် ရင်မောသွားရသည်၊ အ
တွင် ခိုင့်ကို မတွေ့ရသောကြောင့် ခိုင်တစ်ယောက် အပြ
ထွက်သွားပြီ ထင်၏။

တကယ်တော့ အိမ်ပြန်မှရောက်မိကပင် သူ့နှလုံးသား
မားနဲ့ မှန်းသလို ခံခဲ့ရပြီ မဟုတ်ပါလား၊ ဦးကျော်မောင်
လေယာဉ်ဆိုက်သည်နှင့် လူတစ်ယောက်ဆီသို့ လေယာဉ်ကွ
မှပင် ဖုန်းဆက်သည်၊ အဆင်သင့်ပင် တွေ့လိုက်ရသည်။

'ကျွန်တော်ပါ အန်ကယ်၊ အန်ကယ် စုံစမ်းခိုင်းတဲ့က
စုံစမ်းသိရပါပြီ၊ ကိုအောင်သူဆိုတာ နေဝန်းသတင်းစာတိ
က အယ်ဒီတာပါ၊ နေတော့ ရန်ကင်းက တိုက်ခန်းမှာ
ပါတယ်၊ မိန်းမလဲ ရှိဘယ်၊ တက္ကသိုလ်တုန်းက မမခိုင်နဲ့
နီးတဲ့ မိတ်ဆွေတွေ ဖြစ်ပါတယ်'

'ဘာ့ရင်းနှီးတာလဲကွ၊ ရှင်းရှင်း ပြောစမ်းကွာ'



ဦးကျော်မောင်က ဒေါသတကြီး စကားဖြတ်ပြီး ဟောက်လိုက်သည်။

'ဪ... ဒီ.... ဒီလိုပါ အန်ကယ်၊ တက္ကသိုလ်ကျောင်းတုန်းက သူတို့နှစ်ယောက်ဟာ လူသိများခဲ့တဲ့ သမီးရည်းစားတွေ ဖြစ်ခဲ့ပါတယ်'

သည်စကား ကြားလိုက်ရသောအခါ ဦးကျော်မောင်၏ ရင်တွင် ဆို့သွားခဲ့ရသည်။

'ဪ.... သူတို့က အဟောင်းကို အသစ်လုပ်၍ပြန်ပေါင်းထုပ်နေလေသည်ကိုး'

ဦးကျော်မောင် နာကြည်းစွာ ရေရွတ်လိုက်မိသည်။

တွေဝေ ထိုင်းမှိုင်းသည့်စိတ်ဖြင့် အိမ်ပြန်ရောက်ခဲ့ရသော်လည်း ခိုင့်ကို မတွေ့ရသောအခါ ပို၍ မောရပြန်သည်။

ရေခဲသေတ္တာထဲမှ ဝီစကီပုလင်းကိုထုတ်ကာ နှစ်ခွက် ဆင့်သောက်ချလိုက်သည်၊ သို့သော်... ရင်ထဲမှ ပူပန်မှု ပဋိဒေဝမီးသည် သူ့ခန္ဓာမှ ဖယ်သွေ၍ မသွားလေခဲ့။

နောက်တော့.... လက်ထဲမှ အရက်ဖန်ခွက်ကို ဒေါသတကြီး ပေါက်ခွဲပစ်လိုက်မိလေသည်။

အိမ်ရှေ့ခန်းမှ ကွဲရှသံများကြောင့် ဘိဘိက ညှော်ခန်းထဲ ပြေးဝင်လာသည်၊ ဒေါသဖြစ်နေသောမျက်နှာဖြင့် ဦးကျော်မောင်ကိုလည်းကောင်း၊ ဖန်ခွက်အကွဲအရှ ပြန့်ကြဲနေသည်ကိုလည်းကောင်း မြင်ရသောအခါ ကောင်မလေးကပင် လန့်သွားသည်။

'ကိုအေးတင်ကို သွားခေါ်စမ်းဟေ့'

ဦးကျော်မောင်ကပြောသဖြင့် ဘီဘီက အပြင်ထွက်သွားသည်၊ ချက်ချင်းပင် ဦးအေးတင်ရောက်လာသည်။

'ခိုင် ဘယ်သွားသလဲ'

'ကျွန်တော် မသိပါဘူးဆရာ'

'ဒါဖြင့် ခိုင်နဲ့ပတ်သက်တာ ဘာသိသလဲ'

ဦးအေးတင် တုန်လှုပ်သွားရပြီ။

ဟိုညကကိစ္စကို သူသိသွားပြီထင်၏၊ မည်သူက ပြောလိုက်လေပြီလဲ၊ သည်လိုဆိုလျှင်တော့ မိုးကိုမီးလောင်ပေတော့မည်။

ဦးအေးတင်က ဘာမှမပြောဘဲ ငိုင်နေလိုက်မိသည်။

'ပြောစမ်းဗျာ'

ဦးကျော်မောင်၏ ဒေါသတကြီးအော်ဟစ်လိုက်သံကြောင့် ဦးအေးတင်မှာ တုန်လှုပ်သွားမိသည်။

သည်ကိစ္စအားလုံး ဖုံးကွယ်၍မလွယ်ကြောင်း သိလိုက်ပြီ၊ မိမိမပြောလျှင် မိမိတာဝန်သာဖြစ်မည်။ အလိုတူ အလိုပါ ဖုံးကွယ်ထားသည်ဟု ထင်ပေတော့မည်။

'ကိုအေးတင်'

စိတ်တိုနေသည့်ဒေသက ဟိန်းထွက်သွားသည်။

'ကျွန်တော်လဲပြောမလို့ပါဘဲ၊ ဆရာကမမေးသေးတော့ မပြောရဲလို့ပါ'

'ဘာကိုလဲဗျ'

'ဟိုညကကိစ္စကိုပါ'

'ရှင်းရှင်းပြောဗျာ'

ဦးကျော်မောင် စိတ်မရှည်သလိုဖြစ်လာသည်။



'အဲဒီညက ကျွန်တော်နောက်ဖေးထွက်ရင်း အိမ်ထဲက လင်းနေတော့ လှမ်းအကြည့် ကားထဲမှာ ယောကျ်ား စ်ယောက်ထိုင်နေတာကို တွေ့လိုက်ရတာပါ'

'ဘာဗျ''''ညဘက်....ယောကျ်ားတစ်ယောက် ဟုတ်လား'

ဦးကျော်မောင် မျက်နှာမှာ အံ့သြခြင်း၊ တုန်လှုပ်ခြင်း ယှက်ပေါ်လာသည်။

'ဟုတ်ပါတယ်ဆရာ'

'အဲဒီညတုန်းက .... .... .... ....'

ဦးတင်အေးက အစချီကာ ထိုညကအကြောင်းကို ပြောပြ ိုက်သည်။

ဦးကျော်မောင်၏မျက်နှာက ကြားလိုက်ရသည့် စကားကို ယုံနိုင်မအောင် ဖြစ်သွားသည်၊ နောက် ဒေါသစိတ်ဖြင့် စ်ကိုယ်လုံး တုန်ယင်လာသည်။

မကြာမီပင် ဝမ်းနည်းကြေကွဲခြင်း၊ စိတ်မချမ်းမသာခြင်း သော အရိပ်အယောင်များက ဒေါသစိတ်များကို ဖုံးမောင်း တ်လိုက်ပြန်သည်။

ဦးကျော်မောင်၏မျက်နှာပေါ်တွင် စိတ်ဆိုးခြင်း၊ ဒေါသ က်ခြင်း၊ နာကြည်းခြင်း၊ ကြေကွဲခြင်း၊ စိတ်မချမ်းသာခြင်း သော အရိပ်အယောင်များက တစ်လှည့်စီ ပေါ်လိုက် ျာက်သွားလိုက် ဖြစ်နေသည်။

'ကိုအေးတင် သွားတော့ဗျာ'

ယခု ဦးကျော်မောင်၏အသံက တုန်ယင်လှုပ်ခါနေပြီ ဖြ
ကြောင်းကိုတော့ ဦးအေးတင် မှန်းဆနိုင်လိုက်၏။

* * *

[ က ]

ကိုအောင်သူက သမီးလေးကိုကြည့်ရင်း အံ့ဩသလို ဖြ
သွားသည်၊ ခါတိုင်းဆိုလျှင် သူ့ကိုမြင်သည်နှင့် ဖေဖေကြီး
လာပြီဟု အသံစူးစူးကလေးအော်ဟစ်ရင်း သူ၏လည်ပင်းသို
ပြေးဖက်လေ့ရှိသော သမီးလေးကား ယခုတော့ သူ့က
ကြိုဆိုသမှုပင် မပြုပါတကား။

သမီးလေး၏အမူအရာသည် သူ့အပေါ်တွင် စိမ်းသလိ
ကြောက်သလိုဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ရင်ထဲတွင် နင
ခနဲဖြစ်သွားရသည်။

'လာပါဦးသမီးလေးရယ်၊ ဖေဖေကြီးဆီကို လာပါဦး'

ကိုအောင်သူက ပွေ့ချီကာ သမီးကလေး၏ ပါးဖောင်း
ဖောင်းကလေးကို မွှေးမွှေးပေးလိုက်သည်။

'ဘာဖြစ်လို့လဲသမီးလေးရယ်....ဟင်၊ မေမေဆူလို့လား....
ဟုတ်လား'

'မောင်ပြန်လာတာနောက်ကျလို့ သမီးက စိတ်ဆိုးနေတာ
နဲ့တူပါတယ် မောင်ရယ်'



သည်စကားကို အေးက ဝင်ပြောသည်။

'ဟုတ်လား သမီးလေး'

ကိုအောင်သူက သမီးလေးကို မေးသည်။

တကယ်တော့ သည်နေ့တစ်လည်း ကိုအောင်သူ အိမ်ပြန်
မိုးချုပ်ခဲ့သည်မဟုတ်ပါလား။

သူ သတင်းစာတိုက်မှ ပြန်ကာနီးတွင် ခိုင်တစ်ယောက်
သတင်းစာတိုက် ရောက်လာသည်။

သူမအဖို့ ညီမောင်နှင့်ပတ်သက်သည့်သတင်းစကား ကြား
မကြား လာ၍မေးခြင်းဖြစ်သည်၊ သည်နောက်တော့ တရုတ်
ပျော်ပွဲစားရုံတစ်ခုတွင် ညစာသွားစားခြင်း ဖြစ်သည်၊ သ
ကြောင့်ပင် အိမ်ပြန်မိုးချုပ်ခဲ့ရခြင်း ဖြစ်သည်။

'သမီးလေးရယ်....ဖေဖေကြီးက တိုက်မှာအလုပ်တွေ များ
နေလို့ပါကွယ်၊ နောက်နေ့ကျရင် စောစောပြန်လာမယ်နော်
ကဲ....ဖေဖေကြီးကို စကားပြောပါဦးသမီးရယ်'

သည်လိုဆိုတော့လည်း သမီးလေး၏မျက်နှာက ပြုံးယောင်
သန်းလာသည်။ ဖအေ့လည်ပင်းကို တိုး၍ဖက်ကာ မွှေးမွှေ
ပေးလိုက်သည်။

'သမီးလေးတို့ကျောင်းက သီချင်းသစ် သင်သေးလားဟု
သမီးလေး'

'နှစ်ပုဒ်တောင်သင်ပြီးပြီ၊ ဖေဖေကြီးက အိမ်မှာမရှိတော
သမီးက ဘယ်သူ့ကိုဆိုပြရမှာလဲ'

'အို ဟုတ်လား၊ ဒီည ဖေဖေကြီးကို နှစ်ပုဒ်လုံး ဆိုပြ
ရမယ်နော်'

သမီးလေးကပြုံး၍ ခေါင်းညိတ်ပြသည်၊ သူမ၏ အပြစ်ကင်းမဲ့သောမျက်နှာကလေးက ဝင်းဝါကြည်လင်လျက် ရှိလာခဲ့ပြီ။

'မောင် ရေချိုးဦးနော်... ထမင်းစားရအောင်'

ကိုအောင်သူ၏မျက်လုံးက အဲသင့်ပြင်ထားသော ထမင်းပွဲသို့ ရောက်သွားသည်။

'အေးရေ... မောင်အပြင်မှာကြုံတာနဲ့ စားလာခဲ့ပြီကွာ၊ မစားတော့ဘူးနော်'

ကိုအောင်သူစကားကြောင့် အေး၏ မျက်နှာကလေးမှာ ကွက်ခနဲပျက်သွားသည်။

ဒါကိုတော့ ကိုအောင်သူတစ်ယောက် မရိပ်မိနိုင်ခဲ့ပါလေတကား။

* * *

[ ၁ ]

'ဟော... အစ်ကိုကြီးတောင် ပြန်ရောက်နေပြီ'

အိမ်ရှေ့တွင် ကားရပ်သံကြားပြီး မကြာမီပင် ခိုင် တစ်ယောက် သူမအခန်းသို့ပင် မဝင်သေးဘဲ ဦးကျော်မောင်၏ အိပ်ခန်းသို့ ဝင်လာကာ ခုတင်ပေါ်တွင်ထိုင်ရင်း မေးလိုက်သည်။



'ဟုတ်တယ်....နေ့ခင်းကတည်းက ရောက်တယ်'

'ခိုင်လဲ မိတ်ဆွေတစ်ယောက်နဲ့ မြို့ထဲ ထမင်းသွားစားနေတာနဲ့ နောက်ကျသွားတယ် အစ်ကိုကြီး'

'ဩော်....ဟုတ်လား'

ဦးကျော်မောင်က ဒီလောက်ပဲ ပြောလိုက်မိသည်၊ မိတ်ဆွေတစ်ယောက်နဲ့ မြို့ထဲ ထမင်းသွားစားနေတယ်တဲ့၊ နာမည်ဖော်မပြောသော်လည်း သူမ၏ မိတ်ဆွေအမည်ကို ဦးကျော်မောင် ခန့်မှန်းနိုင်ခဲ့ပါ၏။

'အစ်ကိုကြီး ဘာယူဦးမလဲဟင်၊ ခိုင် ရေသွားချိုးလိုက်ဦးမယ်'

'အစ်ကိုကြီး စောစောကမှ ထမင်းစားပြီးတယ်ခိုင်၊ ခိုင့်ကိုတောင် စောင့်နေသေးတယ်၊ ၁၀–နာရီလောက်ကျမှ မိုင်လိုတစ်ခွက်လောက် အပို့ခိုင်းပေးပါကွယ်'

'ဟုတ်ကဲ့ အစ်ကိုကြီး'

ခိုင်က အခန်းထဲမှ ထွက်သွားသည်ကိုကြည့်ရင်း ဦးကျော်မောင်က သက်ပြင်းချလိုက်မိသည်။

သူ၏ ဦးနှောက်သည် ဆူဝေလာသည်အထိ စဉ်းစားခဲ့သော်လည်း ခိုင်နှင့်ပတ်သက်သောအမြဲ လုပ်ရမည့် ဆုံးဖြတ်ချက်တို့က ပေါ်မလာခဲ့လေတကား။

တကယ်တော့ ဦးကျော်မောင် တစ်ခုမဟုတ် တစ်ခုတော့ လုပ်ရပေတော့မည်၊ လက်က ခေါင်းအုံးအောက်ရောက်သွားသည်၊ ခြောက်လုံးပြူးသေနတ်ကို ဆုပ်ကိုင်လိုက်မိပြီ၊ ထိုစဉ်

တွင် ခရီးမထွက်ခင်တစ်ညက ကြောက်မက်ဖွယ် အိပ်မက်ဆိုးကို မြင်၍ သတိရလိုက်သည်။

ဘုရား....ဘုရား....သည်လိုအဖြစ်မျိုးတော့ မဖြစ်စေလိုပါ။

သူသည် ခိုင့်ကို ချစ်လှပါ၏၊ သေကွဲသေသော်လည်းကောင်း၊ ရှင်ကွဲသေသော်လည်းကောင်း အကွဲမခံနိုင်ပါ။

ခိုင့်ကို သူမကိစ္စနှင့်ပတ်သက်၍ ဖွင့်ဟမေးကာ နောက် ဒီလိုမဖြစ်ရန် ဆိုဆုံးမရမည်လော၊ သည်အခါ သူမ ဝန်ခံလျှင် ကောင်း၏၊ ဝန်မခံဘဲ သူမက ယခုမှ မထူးတော့ဘူးဟူ၍ သဘောထားကာ မိမိကို စွန့်ပယ်သွားခဲ့ရင်ကော။

'ဘာလုပ်ရမလဲ'

'ဘာလုပ်ရမလဲ'

ဦးကျော်မောင်၏ ခေါင်းသည် အတွေးတွင် ချာချာလည်ခဲ့ပြီ၊ အချို့ အချို့သော ဦးကျော်မောင် မိတ်ဆွေများက အိမ်မှ ဇနီးကို နေချင်သလိုနေ၊ သွားချင်သလိုသွား၊ လုပ်ချင်ရာလုပ်၊ မချုပ်မချယ်၊ လွတ်လပ်ခွင့်ပေးထားကြသည်ကို တွေ့ရသည်။

သူတို့ကိုယ်တိုင်ကလည်း အပြင်တွင် လုပ်ချင်ရာလုပ်၍ ပွေချင်သလို ပွေနေကြသည် မဟုတ်လား။

ဦးကျော်မောင်က ဒီလိုမဟုတ်၊ ခိုင့်ကို ချစ်သည်၊ တစ်လင်တစ်မယားစနစ်ကို နှစ်သက်သည်၊ သူကိုယ်တိုင် ခိုင်မှလွဲ၍ တစ်ခြားတစ်ပါး မိန်းကလေးများနှင့် အရောအဝင်ပင် မနေခဲ့ဖူးခဲ့၊ ခိုင်သည် သူ့အသက်၊ သူ့အသည်း၊ သူ့နှလုံး။



ယခုလဲ ခိုင်တစ်ယောက် အလည်အပတ်များရာမှ စခြင်းပဲ ဖြစ်မည်၊ ဒီလိုဆိုလျှင် ခိုင် အပြစ်မထွက်အောင် ပြောလျှစ်ထားတာ ဒါကလဲ ချုပ်ချယ်ရာကျနေမည်။

သူမ၏စိတ်ကို ချိုးနှိမ်စော်ကားရာ ကျတော့မည်၊ သူမ မျက်နှာညိုမှုကို ဘာမှ မလုပ်လိုသည်က အမှန်။

သည်လိုဖြစ်ရသည်မှာလည်း ခိုင့်အဆိုးဟု ဦးကျော်မောင် မမြင်ပါ၊ ခိုင့်ဘဝကို နားလည်ပါ၏။

သူကလည်း ခိုင့်ကိုထား၍ အလုပ်ကိစ္စနောက်ကို လိုက်နေမိခြင်း၊ ကိုယ်နှင့် သက်တူ ရွယ်တူကို မယူမိခြင်း၊ ခိုင်သွားလိုရာသို့ မလိုက်နိုင်ခြင်းသည် သူ့တာဝန်ဖြစ်သလို ခိုင့်အနေနှင့်လည်း အသက်ကြီးသူကို လင်လုပ်ရခြင်း၊ အထီးကျန်ဆန်ခြင်း၊ ချစ်ဦးသူကိုစွန့်ပစ်၍ မိမိနှင့် ထက်ထပ်ရခြင်း စသည်များကလည်း သူမအနေဖြင့် မဖြေသိမ့်နိုင်သည့် အကြောင်းရပ်များသာ ဖြစ်ချိမ့်မည်။

ခိုင့်အကြောင်းကို စထင်ကြားစကတော့ ခေါင်းမီးတောက်ခဲ့ရသည်၊ မောဟမီး၏ ဆွဲဆောင်မှုနှင့် ဒေါသမီး၏ လောင်မြိုက်မှုကို ခံခဲ့ရသေးသည်။

ဒါပေမယ့် သွေးအေးလာသောအခါ ရင့်ကျက်သော အသိဉာဏ်ဖြင့် စဉ်းစားနိုင်ခဲ့သည်။

ဒေါသတရားကို ချုပ်တည်းနိုင်စွမ်း ရှိခဲ့သည်၊ အမှားနှင့် အမှန်ကို ခွဲခြားနိုင်သလို အကျိုးမဲ့မှုနှင့် အကျိုးရှိမှုကို နှိုင်းဆနိုင်ခဲ့သည်။

ဦးကျော်မောင်၏ အဓိက လိုအပ်ချက်မှာ ခိုင့်ကို လက် မလွှတ်ရရေးနှင့် ခိုင်တစ်ယောက် အပြစ်ထွက်မှု ကင်းသွား ရေးပင် ဖြစ်သည်။

အိပ်ရာပေါ်တွင် ဘယ်ပြောင်းညာလူးနှင့် စိတ်ကူးယဉ် ကမ္ဘာတွင် ကူးယက် ချာချာလည်နေရသော ဦးကျော်မော တစ်ယောက် အာရုံကျင်း၍ အလင်းရောက်ချိန်လောက်မှနှစ်နှ ခြိုက်ခြိုက် အိပ်ပျော်သွားသည်၊ ခိုင်နှင့်ပတ်သက်၍ အကြ ကောင်း တစ်ချက်သည် သူ့ခေါင်းထဲတွင် ဝင်းဝင်းလက်လ ခဲ့လေပြီတည်း။

\+ \+ \+

အခန်း (၁၃)

'ကိုအေးတင် ပန်းဆိုးတန်းဆိပ်ကမ်းကို မောင်းဗျာ'

ကားပေါ်ရောက်သည်နှင့် ဦးကျော်မောင်က ပြောလိုက် သည်။

'ဟုတ်ကဲ့ ဆရာ'

တက္ကသိုလ်ရိပ်သာလမ်းပေါ်သို့ ရောက်သည်နှင့် မာစီဒီး ကားနက်ကြီးက လေးမှလွှတ်သော မြားကဲ့သို့ အရှိန်နှင့် ပြေးထွက်သွားသည်။

ညနေပိုင်းတွင် ဦးကျော်မောင်မှာ အပြင်ထွက်လေ့မရှိ သဖြင့် ဦးအေးတင်က အံ့ဩနေမိသေးသည်။

'ဟိုဘက်နားမှာ ရပ်ဗျာ'

ကားကြီးက မြစ်ရေပြင်ကို မျက်နှာပြုကာ ရပ်သွားသည်။

မိုးတဖွဲဖွဲကျနေသဖြင့် လေညင်းခံသူများက ဗောဓေါ် တွင်နှင့် ဆိပ်ကမ်းပေါ်တွင်ပါ ရှင်းလင်းနေသည်။

'ကိုအေးတင်'

'ခင်ဗျာ...'

'ကျွန်တော် ခင်ဗျားကို သွေးသားရင်းလို၊ ညီအစ်ကိုရင်းလို သဘောထားပြီး တိုင်မင်ချင်တာတစ်ခုရှိတယ်'

ဦးကျော်မောင်က မြစ်လယ်တွင် ကျောက်ချထားသော နိုင်ငံခြားသင်္ဘောကြီးများကို ငေးကြည့်ရင်း ပြောသည်။

'ဟုတ်ကဲ့...ပြောပါ ဆရာ'

'ကိစ္စကတော့ ကျွန်တော့် အိမ်တွင်းရေးကိစ္စမဲ့ ဆိုပါ တော့၊ ခင်ဗျားလဲ သိသင့်သလောက် သိထားပြီပဲ ဗျာ၊ ခင်ဗျားကို ယုံကြည်ရမယ့်လူမို့ တိုင်ပင်တာပါ၊ ခင်ဗျား နှုတ်လုံဖို့တော့ အရေးကြီးတယ်နော်'

'စိတ်ချပါ ဆရာ၊ မိန်းမကိုတောင် မပြောပါဘူး'

'ဒီလိုဗျ...ဦးအေးတင်'

ဦးကျော်မောင်က စကားကို ခေတ္တရပ်ကာ ဦးအေးတင် ဘက်သို့ လှည့်လာသည်။

'ခိုင်နဲ့ပတ်သက်ပြီး ကျွန်တော့်မှာ ဆုပ်စားစား ရှားဆို ဘဝကို ရောက်နေရတယ်၊ ခိုင့်ကိုလဲ မပစ်နိုင်၊ ဒီ အတိုင်း ဆက်နေလို့ကလဲ မဖြစ်၊ ကဲ...ဘယ်လောက်ခက်သလဲဗျာ'

'ဟုတ်ကဲ့ ဆရာ'



'နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော် ချလိုက်တယ်၊ ဒါကတော့ ခိုင်တစ်ယောက် ဒီလောက် အပြင် မထွက်ရအောင် သွားလာလည်ပတ်မှုမရှိအောင် လုပ်ဖို့ပါပဲ'

ဦးကျော်မောင်က အိတ်ထဲမှ ဆေးပြင်းလိပ်ကိုထုတ်၍ မီးညှိနေသည့်အတွက် စကားက ခေတ္တပြတ်သွားသည်။

ဦးအေးတင်က နားစိုက်ထောင်နေမိသည်၊ သူကိုယ်တိုင် ပင် ဦးကျော်မောင်၏ စကားအပေါ်တွင် စိတ်ဝင်စားနေမိပြီ ဖြစ်သည်။

'ဒီအစီအစဉ်မှာ ကျွန်တော်ကိုယ်တိုင်လုပ်လို့ မရနိုင်ဘူး၊ ပြင်ပအကူအညီ လိုလာပြီ၊ ဒီတော့ ယုံကြည်စိတ်ချရတဲ့ ခင်ဗျားကို စဉ်းစားမိလာတယ်'

'ဟုတ်ကဲ့ ပြောပါခင်ဗျာ'

'ဒီလိုဗျ ခိုင်တစ်ယောက် အပြင်ကပြန်လာတဲ့ ညတစ်ည မှာ လမ်းကဖြတ်ပြီး ဖမ်းခေါ်သွားဖို့ပဲ၊ ပြန်ပေးဆွဲတဲ့ သဘောပေါ့ဗျာ'

'ခင်ဗျာ...ပြန်ပေးဆွဲရမယ်၊ ဟုတ်လား'

ဦးအေးတင်က အလန့်တကြား ပြောလိုက်မိသည်၊ သူ့ နားသူပင် မယုံသလို ဖြစ်သွားသည်။

ယောကျ်ားလုပ်သူက မိန်းမကို ပြန်ပေးဆွဲမည် ဆိုပါ လား။

'တကယ် ပြန်ပေးဆွဲမှာ မဟုတ်ဘူးဗျ၊ ခိုင် နောက်ကို အပြင်ထွက် လည်ပတ်မှု မလုပ်ရဲအောင် လုပ်ဇာတ်တစ်ခုလုပ် တယ် ဆိုပါတော့ဗျာ'

ဦးကျော်မောင်က စကားကိုရပ်ကာ ဦးအေးတင်မျက်နှာကို အကဲခတ်သည်၊ ဦးအေးတင်ကား ဘာမှ နားမလည် သဘောမပေါက်သေးသလို ဇဝေဇဝါ ဖြစ်နေပုံကို အကဲခတ်မိလိုက်သည်။

'ဒီလိုဗျ....ကိုအေးတင်၊ ခင်ဗျားက ယုံကြည်စိတ်ချရပြီး လုပ်ရဲတဲ့လူနှစ်ယောက်လောက် ရှာရမယ်၊ ခိုင် ညဘက် အိမ်အပြန်မှာ လမ်းကနေ ဖမ်းခေါ်သွားရမယ်၊ လုံခြုံတဲ့ နေရာမှာထားပြီး ကျွန်တော့်ဆီကို စာပို့မှာရမှာက ငွေငါးသောင်းနဲ့ ရွေးဖို့ပဲ၊ ကျွန်တော်က ချက်ချင်းလိုက်ရွေးမယ်၊ ရဲလဲ မတိုင်ဘူး၊ ဘယ်သူမှလဲ အသိမပေးဘူး၊ သူတို့ ပြန်ပေးဆွဲလို့ ကျွန်တော်က လိုက်ရွေးတယ်ဆိုတာ ခိုင် သိရုံလောက်ပဲ၊ နောက်တော့မှ သည်ဖြစ်ရပ်ကိုထောက်ပြပြီး လည်ပတ်မှုလျှော့ဖို့ ကျွန်တော်ကြည့်ပြောမယ်၊ ဘယ့်နှယ်....သဘောပေါက်သလား'

'ဟုတ်ကဲ့....သဘောပေါက်ပါတယ်၊ ကျွန်တော့်ကို ခိုင် မှတ်မိသွားရင် ဘယ့်နှယ်လုပ်ရမလဲ'

ဦးအေးတင်က သူ စဉ်းစားမိသည်ကို ပြောသည်။

'ဒါကတော့ ခင်ဗျားက ခိုင်နဲ့ မျက်နှာချင်းဆိုင်ရမှာ မဟုတ်ဘူး၊ ခင်ဗျားလူနှစ်ယောက် လုပ်ရမှာ၊ ခင်ဗျားက နောက်ပိုင်းကနေ၊ ခိုင်နဲ့ မျက်နှာချင်းဆိုင်လို့ လုံးဝမဖြစ်ဘူး'

'သဘောပေါက်ပါတယ် ဆရာ'

'ဒီလိုဆို ခင်ဗျား ကျွန်တော့်ကို ကူညီနိုင်မလား'



ဦးကျော်မောင်က ဦးအေးတင်မျက်နှာကို စူးစိုက်ကြည့်ကာ မေးလေသည်။

'ဟုတ်ကဲ့ ကူညီပါ့မယ် ဆရာ'

'ကျွန်တော် အဓိကပြောချင်တာကတော့ ခိုင့်ကို နာကျင်မှု လုံးဝမရှိစေရဘူး၊ လက်ဖျားနဲ့တောင် မတို့ရဘူး၊ ခင်ဗျားတို့ဆီက အကြောင်းကြားတာနဲ့ ကျွန်တော်ကိုယ်တိုင် ချက်ချင်းလိုက်ရွေးမယ်၊ ဒီကိစ္စမှာ ခင်ဗျားသုံးစွဲဖို့နဲ့ ခင်ဗျားလူတွေအတွက် ငွေသုံးထောင်ထုတ်ပေးမယ်၊ ခင်ဗျားသုံးတဲ့လူတွေက စိတ်ချရမယ့်လူတွေလဲဖြစ်ရမယ်၊ ခင်ဗျားကတော့ ခိုင်မတွေ့နိုင်တဲ့ နေရာကနေပြီး ခိုင့်ကို မျက်ခြေမပြတ် စောင့်ရှောက်ရမယ်၊ ဖြစ်နိုင်မလား ကိုအေးတင်'

'ဖြစ်ပါတယ် ဆရာ၊ ဆရာ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော် အတတ်နိုင်ဆုံး ကူညီပါ့မယ်'

'ဒီလိုကြားရတာ ဝမ်းသာပါတယ် ကိုအေးတင်၊ အသေးစိတ်အစီအစဉ်ကို ဆက်ပြီး တိုင်ပင်ကြတာပေါ့၊ ဒါထက် ဒီကိစ္စလုပ်ဖို့ ယုံကြည်စိတ်ချရတဲ့ လူနှစ်ယောက်ကော ခင်ဗျား ရှာနိုင်မလား'

ထိုစဉ် ဦးအေးတင်၏ မျက်လုံးတွင် လူတစ်ယောက်၏ပုံ ပေါ်လာသည်။

'ဟုတ်ကဲ့...ကျွန်တော့် အပေါင်းအသင်းတွေထဲမှာ ရှာလို့ရနိုင်ပါတယ်၊ လောလောဆယ်မှာတော့ ဒီအလုပ်နဲ့ အသင့်တော်ဆုံး လူတစ်ယောက်ကို တွေ့ထားပါပြီ'

'ဟုတ်လား ဗျ၊ ရန်ကုန်ကလား၊ နယ်ကလား'

'နယ်ဘက်တပါ ဆရာ၊ ခုတော့ ရန်ကုန်ကို ခဏရောက်နေပါတယ်၊ သူ့နာမည်က ပုဏ္ဏကကျော်ခင်ပါတဲ့'

\+ \+ \+

အခန်း ( ၁၄ )

'ပုဏ္ဏကကျော်ခင်'

သူ့လက်ထဲမှ အရက်ခွက်ကို ကိုင်မြှောက်ကာ တစ်ရှိန်ထိုး မော့ချလိုက်သည်၊ ချက်အရက်၏ ချဉ်စုပ်စုပ်အနံ့နှင့် စူးရှရှ ပူလောင်သော အာနိသင်က သူ့နှာခေါင်းဝကို နှုတ်ဆက်ကာ လည်ချောင်းထဲကို ကျဆင်းသွားခဲ့သည်။

'ဩြော်....ဘာလိုလိုနဲ့ ဒီရွာရောက်တာ တစ်လတောင် ကျော်ခဲ့ပါပြီကော'

ပုဏ္ဏကကျော်ခင်က နှုတ်မှရေရွတ်ရင်း သူ့ရှေ့ရှိ ပန်းကန်ထဲမှ ငရုပ်သီးနိုင်းချဉ်းနှင့် ဆီပြန်ချက်ထားသော ဖားသားဟင်းကို ကောက်ယူဝါးလိုက်သည်၊ နောက် ဒန်ခွက်ထဲမှ ကုန်နေပြီးဖြစ်သော အရက်ကို ပုလင်းထဲမှ လောင်းဖြည့်လိုက်

ပြန်သည်၊ တကယ်တော့ ၁၀-နှစ်ကျော်က ရန်ကြေးကို ပြန်
လည် ပေးဆပ်ရေးအတွက် သည်ရွာသို့ ရောက်နေခဲ့ခြင်း
ဖြစ်သည်။

ထိုစဉ်တွင် ပုဏ္ဏကကျော်ခင်၏ မျက်စိထဲတွင် ကျေနပ်
အားရမှုဖြင့် ပြုံးနေသော မျက်နှာကြီးတစ်ခုက ဖြတ်ခနဲ
ပေါ်လာသည်။

'တောက်....'

ပုဏ္ဏကကျော်ခင်က ဒေါသတကြီး တက်ခေါက်လိုက်မိ
သည်။

'ဘဂျမ်း....ဘဂျမ်း....မင်း ပြေးနိုင်သလောက် ပြေးဦးပေါ့
ကွာ၊ မင်းကို လက်စားမချေရရင် ရွာကို ပြန်မဝင်ဘူးကွ၊
ပုဏ္ဏကဆိုတဲ့ နာမည်ကိုပါ ပြောင်းလိုက်မယ်ဟေ့'

သူက တစ်ယောက်တည်း ဒေါသတကြီး ကြိမ်းမောင်းရင်း
အရက်ခွက်ကို ကောက် မော့ ချ လိုက် သည်၊ ကျော် ခင် က
ရဲဘော်ဖြူလူထွက်တဖြစ်လဲ ဓားပြခေါင်းဆောင်။

ဘဂျမ်းက ကျေးရွာကာကွယ်ရေးခေါင်းဆောင် တက်ကြွ
သော လူငယ်တစ်ဦး။

ကျော်ခင်က ဘဂျမ်း၏ ဘကြီးဖြစ်သူကို သတ်ဖြတ်ခဲ့သလို၊
ဘဂျမ်းက ကျော်ခင်ကို ထောင်ထဲပို့ခဲ့သည်။

သည်တော့ သူတို့နှစ်ဦးက ကမ္ဘာ့ရန် ဖြစ်ခဲ့ကြရတော့
သည်။

ကျော်ခင်၏ဇာတိက ထိန်တောရွာ ဖြစ်သည်၊ ထိုရွာသည်
ပုသိမ်ခရိုင် ရေကြည်မြို့နှင့် ၁၀-မိုင်ခန့် ဝေးသော အရပ်တွင်



တည်ရှိ နေသည်၊ ထိုစဉ်က သည်နယ်မြေကို အုပ်ချုပ်နေသူ
များမှာ ရဲဘော်ဖြူများဖြစ်သည်၊ ကျော်ခင်က ရဲဘော်ဖြူ
အဖြစ် လက်ခံ လိုက်သည်။

မကြာလိုက်ပါ၊ သတ်ရဲ၊ ဖြတ်ရဲ၊ လုပ်ရဲ၊ ကိုင်ရဲ လူကြီးများ
ခိုင်းသမျှ တာဝန်ကို လက်မနှေး ရင်ဆိုင်ရဲသော ကျော်ခင်တစ်
ယောက် ခါးတွင် ခြောက်လုံးပြူး ချိတ်နိုင်သည့် ကျော်ခင်
ဖြစ်လာခဲ့သည်။

ထိုမှုမက ထိန်တောနှင့် ထိန်တောဝန်းကျင်ဖြစ်သည့် ရွာ
သာ၊ သစ်ဆိမ့်ကုန်း၊ နွားရေတိုက်၊ ညောင်ချောက်၊ ဘုရား
လေး စသော ရွာများကိုပင် အပိုင်စားရသူ ဖြစ်လာခဲ့သည်။

သည်တော့ ကျော်ခင်ဟေ့ဆိုလျှင် သည်နယ် တစ်လွှား
တွင် ဖိန့်ဖိန့်တုန်မျှ ထင်ရှားခဲ့သတည်း။

သို့သော် ခွေးရူးကောင်းစားတစ်မှန်းတည့် ဟူသောစကား
အတိုင်း အစိုးရတပ်များ ထိုနယ်ဝင်လာကာ လူထု အပေါ်
ဗိုလ်ကျနေသော ရဲဘော်ဖြူများနှင့် အကြမ်းဖက် ရောင့်စို
သောင်းကျန်းသူ သူပုန်များကို တိုက်ခိုက် ရှင်းလင်းခဲ့သည်။

သည်တော့ လက်နက် မရှိသည့် လူထုကိုသာ စော်ကားရဲ
သော ရဲဘော်ဖြူများမှာ အစိုးရတပ်ကို ရင်မဆိုင်ရဲဘဲ သေ
သူသေ၊ နာသူနာ၊ ပြေးသူပြေး၊ လက်နက်ချသူချဖြင့် ကစဉ့်
ကလျားဘဝဖြင့် ပြိုကွဲသွားကြသည်။

သည်အခါတွင် ကျော်ခင်က သူ့တပည့် ၅-ယောက်နှင့်
အတူ အစိုးရတပ်တွင် လက်နက်ချသည်၊ လက်နက် ချသည်ဟု
ဆိုလင့်ကစား သူတို့ ချလာသည့် လက်နက်များက မီးကျိုး

မောင်းပျက်များသာ ဖြစ်သည်၊ လက်နက်ကောင်းတွေကို တစ်နေရာတွင် ဝှက်ထားခဲ့သည်။

သူတို့တွင် အကြံအစည်က ရှိနေပြီ မဟုတ်လား။

ကာလပျက်ချိန်ဖြစ်နေသည်မို့ အစိုးရတပ်က ရှေ့သို့ခရီး ဆက်ဦးမည် ဖြစ်သည်၊ သည်တော့ လက်နက် ချလာသော ကျော်ခင်တို့အုပ်စုကို အကျယ်ချုပ် သဘောဖြင့် ရွာသူကြီး ဦးရွှေဇံ၏ တူတော် ကာလသား ခေါင်းဆောင် ဘဂျမ်း ဦးဆောင်စေသည့် ကျေးရွာ ကာကွယ်ရေးအဖွဲ့ကို ဖွဲ့ပေးခဲ့သည်။

လပေါ်ချေပြီ၊ အစိုးရတပ် ရှိစဉ်က ခေါင်းငုံ့နေသော ကျော်ခင်နှင့် တပည့်များက ခေါင်းထောင်လာပြီ။

ရွာသူကြီးကိုသော်လည်းကောင်း၊ ကာကွယ်ရေး ခေါင်းဆောင်နှင့်အဖွဲ့ကိုသော်လည်းကောင်း မှုစရာ မလို၊ ဒင်းတို့ ဘယ်တုန်းက ငါ့မျက်နှာ ကြည့်ရဲလို့တုန်း။

ဝှက်ထားသော လက်နက်များကို ထုတ်ယူသည်၊ နောက် ရွာနီးချုပ်စပ်တွင် ဓားပြတွက်တိုက်သည်။

ရဲဘော်ဖြူ ကျော်ခင်သည် ယခု ဓားပြခေါင်းဆောင် ကျော်ခင်ဖြစ်လာခဲ့ပြီ။

ရွာသူကြီး ဦးရွှေဇံနှင့် ကာကွယ်ရေးဘဂျမ်းတို့က သည် ဓားပြမှုများသည် ကျော်ခင်လက်ချက်မှန်းသိသည်၊ သို့သော် တိုင်သူမရှိ၊ သတင်းပေးသူမရှိ၊ သက်သေလိုက်မည့်သူ နတ္ထိ။

နောက်ပြီး ကာကွယ်ရေးတွင်ရှိသည့် လက်နက်အင်အားက ဂျပန်ရိုင်ဖယ်နှစ်လက်၊ လုပ်သေနတ်နှစ်လက်နှင့် ဒူးလေး၊ ဝါး



…နှံသာ ဖြစ်သည်၊ ကျော်ခင့်ထံတွင်တော့ ခြောက်လုံးပြူး၊ …ိုင်ဖယ်၊ စတင်း၊ လက်ပစ်ဗုံးအထိ ရှိနေသည် မဟုတ်လား။

ကျော်ခင်၏ ဓားပြမှုများကို သတင်းပေးသူ၊ တိုင်ကြားသူ များကလည်း နောက်နေ့တွင် လက်သည် မပေါ်ဘဲ သေဆုံး ကြသည်သာ၊ ဒါပေမယ့် ကျော်ခင်တို့ကတော့ ဘာမှမဖြစ်၊ …ပန်းပန်လျက်ရှိမြဲ။

* * *

[ က ]

'မဖြစ်ဘူး ဘကြီး၊ ဒီအတိုင်းဆိုရင် မဖြစ်တော့ဘူး'

ဘဂျမ်းက သူ့ခါးမှ ကွမ်းထုတ်ကလေးကို ဆွဲထုတ်ကာ …မ်းနေယာရင်း ပြောလိုက်သည်။

ဘဂျမ်းကား ရပ်ရေး ရွာရေးတွင် ဖျတ်လတ် တက်ကြွသူ …စ်သလို လူချစ် လူခင်များသူ တစ်ဦးပင်။

သူ၏ ကိုယ်ခန္ဓာက သာမန် လူဗလံလောက်ပဲ ရှိသည့်အထဲ …င် ခါးက အနည်းငယ် ကိုင်းနေသေးသည်။

ရယ်စရာရှိလျှင် နဂိုကပင် ပြဲလှသောပါးစပ်ကို အစွမ်းကုန် …၍ ကွမ်းစား လွန်း သဖြင့် မည်းနက်နေသော သွားများကို …ကုန် ဖော်လှစ်ကာ မေးနေသော မျက်စေ့ ပိတ်သည်ထိ …းပါးတရ ရယ်မောတတ်သည်။

သူ၏ ပုံသဏ္ဌာန်သည် ကာကွယ်ရေးခေါင်းဆောင်အဖြစ် ဘယ်လိုမှ လေးစားလောက်သူဟု ထင်စရာမရှိလောက်သော် လည်း စိတ်ဓာတ်ရေးရာနှင့် ဦးနှောက်စွမ်းအား ထက်မြက်မှု သတ္တိရှိမှုတွင်တော့ ယှဉ်ပြိုင်သူရှားခဲ့သည်၊ ဒါကြောင့်လည်း ကာလသားခေါင်းဘွဲ့ကို ရယူနိုင်ခဲ့ခြင်းပင်။

'ဘဂျမ်း- ဘာကို ပြောတာလဲကွ၊ နှင့်ဟာ ရှင်းရှင်းလုပ် ပါဟာ'

သူကြီးဖြစ်သူ သူကြီးဦးရွှေဇံက ဘဂျမ်းစကားကို ပြန်မေး လိုက်သည်။

'ဩော်- ဘကြီးကလဲ ဟိုကောင်- ကျော်ခင့် အကြောင်း ပေါ့၊ လက်နက်အားကိုးနဲ့ သူတလူ ငါတမင်း လုပ်နေတာကို ကြည့်ပြီး ကျွန်တော့် ရင်ထဲက ကလိကလိ ဖြစ်နေပြီဗျ'

ဘဂျမ်းက ပါးစပ်ထဲမှ ပလုပ်ပလောင်းဖြစ်နေသော ကွမ်း ဖတ်များကို လက်ထဲ ထွေးထုတ်ကာ ဒေါနှင့်မောနှင့် ပြော လိုက်ခြင်း ဖြစ်သည်၊ စကားပြောပြီးမှ လက်ထဲမှ ကွမ်းဖတ် များကို ပါးစပ်ထဲ ပြန်ထည့်ရင်း ဘကြီးဖြစ်သူကို လှမ်းကြည့် လိုက်သည်။

'ဟုတ်တယ် ဘဂျမ်း၊ ငါလဲ သိပါတယ်ကွာ၊ မတတ်နိုင်လို့ ကြည့်နေရတာပါ'

'ကောင်းဗျာ- ဘကြီးက ရွာသူကြီး၊ ကျွန်တော်က ကာ ကွယ်ရေးခေါင်းဆောင်၊ ဒီနှစ်ယောက်မှ မတတ်နိုင်ဘူးဆိုရင် ရွာကလူတွေ သူလုပ်သမျှ ခံရတော့မှာပေါ့ ဟုတ်လား'



'ဒီလိုလဲ မဟုတ်သေးဘူးကွာ၊ ကဲ- ဘဂျမ်း မင်း ဘာလုပ် ချင်သလဲ ပြောပါဦး'

'ကျွန်တော်ကတော့ ဒီကောင့်ကို ဖမ်းပြီး ရေကြည်ဂါတ်ထဲ သွားပို့လိုက်ချင်ပြီ'

'ဟာ- သက်သေအထောက်အထား၊ တိုင်ကြားသူမရှိ၊ သက် သေမရှိနဲ့ဆိုရင် ပြန်လွှတ်လာမှာပေါ့ကွ၊ ဒီကောင်လွှတ်လာရင် ငါရောမင်းရော သေပြီပေါ့ကွာ'

'ဟာ- ဘကြီးကလည်းဗျာ၊ ဒီကောင့်ကြောက်လို့ မတိုင်ရဲ တာပါဗျ၊ ဒီကောင် ဖမ်းမိရင် တိုင်တဲ့လူတွေပြည့်လို့ အများ ကြီးပဲ ရှိတယ်'

ဘဂျမ်းက ပြောရင်း ကွမ်းတစ်ယာကို ထပ်၍ယာနေပြန် သည်။

'ဟော.... သူကြီးမင်းနဲ့ ကာကွယ်ရေး ခေါင်းဆောင်ကြီး ပါလား၊ ဘာတွေများ တိုင်ပင်နေကြသတုန်းဗျ'

ထိုစဉ်တွင် လမ်းမဘက်မှ လှမ်းပြောလိုက်သော အသံ ကြောင့် ဦးရွှေဇံမျက်နှာပျက်သွားသည်။

လမ်းပေါ်တွင်တော့ ကျော်ခင်နှင့် သူ့တပည့်နှစ်ယောက် က ရပ်လျက်ရှိနေသည်။

'ဩော်....မောင်ကျော်ခင်အိမ်ပေါ်တက် ရေနွေးသောက် လာပါဦးကွာ.... နောင်နှစ် အတွက် လယ်ကိစ္စ၊ ကိုင်းကိစ္စ ဆွေးနွေးနေတာပါ'

ဦးရွှေဇံက ပျာပျာသလဲဖြေကာ အိမ်ပေါ်သို့ပင် ဖိတ်ခေါ် နေသည်။

ကျော်ခင်နှင့် တပည့်နှစ်ယောက် ဒယိမ်းဒယိုင်နှင့် ခြံဝ
ထဲဝင်လာကြသည်၊ သူတို့ပါးစပ်မှ ထန်းရည်နံ့ များ
တထောင်းထောင်းထွက်နေသည်။

'ဘယ်ကပြန်လာကြတာလဲ မောင်ကျော်ခင်'

'ထန်းတောကပါဗျာ၊ ဒါထက် ကာကွယ်ရေး ခေါ
ဆောင်ကြီးကို မေးချင်းမယ်၊ ကျုပ်တို့ ရွာနီးချုပ်စပ်မ
ခေးပြတွေထနေတယ်လို့ ကြားရတယ်၊ ဘယ်လိုလဲ မဖမ်းနို
တော့ဘူးလားဗျ'

ကျော်ခင်၏ခနိုးခနဲ့စကားကြောင့် ဘဂျမ်း ကွက်ခနဲ မျ
နှာပျက်သွားကာ ကျော်ခင်နှင့် မျက်နှာချင်းဆိုင်လိုက်သည
ကျော်ခင်က အရပ် ထောင်ထောင်မောင်းမောင်း အသား
ဆံပင်တိုတိုနဲ့ သူ့ခွန်အားဗလက ကျွဲကြီး တစ်ကောင်ပမ
ဘယ်သူမှ ထိမထင်သည့်ပုံစံမျိုးဖြစ်သည်။

ဘဂျမ်းနှင့်ယှဉ်သောအခါ ဆင်နှင့်ဆိတ်လို ကွာလှသည
ဘဂျမ်းက ပါးစပ်ထဲမှ ကွမ်းဖတ်များကို ထွေးပစ်လို
ခါ ကျော်ခင်၏မျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်သည်။

'ဒီမှာကိုကျော်ခင်၊ စောင့်ကြည့်ပါဦးဗျာ၊ မကြာပါဘ
သူခိုး ခေးပြရဲ့နောက်ဆုံးလမ်းဟာ ဘာဆိုတာမြင်ရလိမ့်မယ

ဘဂျမ်းစကားကြောင့် ကျော်ခင်မျက်နှာက ရဲရဲနီသွ
သည်။

'တယ်အပြောကြီးလိုက်ပါလားကွ ဘဂျမ်းရဲ့၊ စောင့်ကြ
ရဦးမှာပေါ့ကွာ၊ နောက်တော့ ခေးပြတွေပဲ ဖမ်းနိုင်မလာ



လက်သည်မပေါ်ဘဲသေနေတဲ့ မင်းမသာကိုပဲ လိုက်ပို့ရမလား ဆိုတာ...ဟား....ဟား....ဟား'

ကျော်ခင်က ပြောပြောဆိုဆိုနှင့် အိမ်ဝင်းထဲမှ ထွက်သွားသည်ကို ကြည့်ရင်း ဘဂျမ်း တက်ခေါက်လိုက်မိသည်။

'ဘယ့်နှယ်လဲဘကြီး ကျွန်တော်တို့ကိုတောင် စော်ကားသွားပြီ၊ ကြာရင် မလွယ်ဘူးဗျ'

ဘဂျမ်းက ဒေါသမပြေသေးသောစိတ်ကို ချုပ်တည်းကာ ပြောလိုက်သည်။

'ငအေးကွာ...ဘဂျမ်း၊ မင်းပဲကြည့်ပြီး စိစဉ်ပါတော့ကွာ၊ ဒါပေမယ့် ပိုင်ပိုင်နိုင်နိုင် ပိပိရိရိတော့ ရှိပစေဟေ့ ကြားလား'

* * *

[ ခ ]

ကာကွယ်ရေးခေါင်းဆောင် ဘဂျမ်းတစ်ယောက် အလုပ်များနေပြီ၊ ကျော်ခင်၏ အသွားအလာနှင့် လှုပ်ရှားမှုများကို စုံစမ်းထောက်လှမ်းသည်၊ တစ်နေ့ ၎င်းတို့ ခေးပြတိုက်ပြီး ကျော်ခင်၏အိမ်တွင် သောက်စားကြသည်။ ကျော်ခင်နှင့် တပည့်နှစ်ယောက် မူးနေကြသည်။

သည်တွင် ဘဂျမ်းတို့ ကာကွယ်ရေးက ဝိုင်းဖမ်းလိုက်နိုင်သည်။

ညဉ့်နက်ပြီမို့ ရေကြည်ဂတ်သို့ ညတွင်းချင်း တရားခံများ မပို့နိုင်၊ သည်တော့ သူကြီး ဦးရွှေဇံအိမ်တွင် ကြိုးတုပ်၍ အစောင့်ဖြင့် တစ်ညတာ ထားရသည်။

မိုးလင်းတော့ ကျော်ခင်ရောတပည့်ပါ မရှိပြီ၊ အစောင့် ကာကွယ်ရေးကို ငွေထိုး သွေးဆောင်ကာ ထိုကာကွယ်ရေးရော လက်နက်ပါ ယူဆောင်သွားခဲ့လေပြီ။

သူကြီးဦးရွှေဇံ တုန်လှုပ်နေသလောက် ဘဂျမ်းက ဒေါပွနေသည်၊ သည်ရန်သည် မလွယ်တော့၊ ကျော်ခင်အကြောင်းကို သိထားသည်မို့ မိမိတို့အတွက် ကြိုတင် ကာကွယ်ရေး စီစဉ်ရသည်။

ဦးရွှေဇံက ဂတ်တဲသွား အကူအညီတောင်းသည်၊ သေနတ် သုံးလက်ရသည်၊ ဘဂျမ်းက သူကြီးအိမ်ကို ခိုင်ခန့်သော ခြံစည်းရိုးကာသည်၊ ကင်းမပြတ် ချထားသည်။

သည်တော့ အံတကြိတ်ကြိတ်ဖြစ်နေသော ကျော်ခင် တစ်ယောက် ရွာအနားကို မကပ်နိုင်တော့ပြီ၊ သည်ရွာကိုခြေဦး မလှည့်နိုင်လေတော့၊ တစ်နေ့ လက်နက်အပြည့်အစုံဖြင့် အစိုးရ တပ်သားငါးဦး ထိန်တောသူကြီး ဦးရွှေဇံအိမ်သို့ ရောက်လာသည်၊ သူတို့နှင့်အတူ ကျော်ခင်ကို ကြိုးတုပ် ဖမ်းဆီးလာသည်။

သူကြီး ဝမ်းသာသွားသည်၊ သူ့ရန်က အေးရတော့မည်



ကျော်ခင်တစ်ယောက်ကတော့ ညိုးငယ်သော မျက်နှာနှင့် ငေးကြည့်နေသည်၊ သည်လိုဆိုတော့လည်း ဦးရွှေဇံက သနားသွားမိသည်။

'ဘယ့်နှယ်မောင်ကျော်ခင်၊ မင်း ငါတို့ကို တော်တော်ဒုက္ခပေးခဲ့တာပဲကွာ'

သူကြီးစကားကို ဘယ်လိုမှ မတုန့်ပြန်ဘဲ တစ်ဘက်လှည့်သွားသည်။

သူကြီးအိမ်ရှေ့တွင် ရွာသူရွာသားများဖြင့် စည်ကားနေသည်၊ ဖမ်းမိလာသော ဓားပြဗိုလ်ကြီး ကျော်ခင်ကို လာကြည့်ကြခြင်းပင်၊ ပျော်ကြသည်၊ ဝမ်းသာကြသည်၊ သူတို့အပေါ်တွင် လက်နက်အားကိုး ညှဉ်းပန်းခဲ့သူအား ဖမ်းမိခဲ့ပြီ မဟုတ်ပါလား။

'ကာကွယ်ရေးခေါင်းဆောင် ဘယ်မှာလဲ'

လက်မောင်းတွင်အရစ်ရှိသော တပ်သား ခေါင်းဆောင်က မေးသည်။

'မြို့ကို ကာကွယ်ရေးကိစ္စနဲ့ တက်သွားပါတယ်'

သူကြီးက ဖြေသည်။

'အေးဗျာ၊ သူနဲ့တွေ့ချင်တယ်၊ လာအောင်စောင့်ရမှာပဲ'

တပ်သားများက သူကြီးအိမ်တွင် ထမင်းစားရင်း အေးဆေးစွာ စောင့်ဆိုင်းလျက်ရှိကြသည်၊ ထိုအချိန်တွင် ဘဂျမ်းက မြို့မှပြန်လာသည်၊ ရွာထိပ်အရောက်တွင် မောကြီးပန်းကြီးနှင့် ပြေးလာသော သူ၏ဦးကြီးတော်သူ ဦးစံပန်းနှင့် ရင်ဆိုင်မိသည်။

'ဟိတ်ကောင် ဘဂျမ်း၊ ရွာထဲမဝင်နဲ့၊ သူကြီးအိမ်မှာ ရောက်နေတဲ့စစ်သားတွေကို ငါမသက်သာဘူး၊ မင်းကိုပဲ မေးနေတာပဲကွ၊ နောက်ပြီး ကျော်ခင်ကိုလဲ ကြိုးနဲ့တုပ် ဖမ်းလာတယ်'

ဦးစဗန်းက အပြည့်အစုံ ပြောပြလိုက်သည်။

'ဟုတ်လားဦးကြီးစဗန်း၊ ဒီလိုဆို ကျွန်တော် ရှောင်နေမယ်'

'အေး.... ဒါကောင်းတယ်'

* * *

ထိန်တောရွာသူကြီးအိမ်တွင် တပ်သားများ လည်တဆန့်ဆန့် ဖြစ်နေကြပြီ။

'ဟော ကောင်တွေ ငါ့ကို ကြိုးဖြေစမ်းဟေ့'

ကျော်ခင်က ပြောသဖြင့် ယူနီဖောင်းဝတ်ထားသူ တစ်ယောက်က လာဖြေပေးသည်။

ဦးရွှေဇံမျက်လုံးပြူးသွားသည်။ ကျော်ခင်၏ လှည့်ကွက်တွင် ကျကျနန မိပါလေပြီ။

'တစ်ယောက်တော့ လွတ်သွားတယ်၊ ဒီတစ်ယောက်ပဲ ဆုံးမရမှာပဲ'

ကျော်ခင်က သူကြီးဦးရွှေဇံကို လက်ညှိုးထိုးကာ ပြောလိုက်ခြင်းဖြစ်သည်၊ အခြေမလှသဖြင့် အိမ်ရှေ့တွင် ပွဲတမျ



စည်ကားနေသူများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်၊ ဦးရွှေဇံရိပ်မိပြီ၊ ကျော်ခင်က သူနှင့် ဘဂျမ်းကိုသတ်ရန် ညာကွက်ဆင်လာခြင်းပါတကား။

ပြေးနိုင်မှလွတ်ပေတော့မည်။

ဦးရွှေဇံက ရုတ်တရက် အိမ်အောက် ခုန်ချလိုက်သည်။

'ဒိုင်း.... ဒိုင်း.... ဒိုင်း'

ဘယ်အချိန်က သူ့လက်ထဲရောက်နေသည် မသိရသော ကျော်ခင့်လက်ထဲမှ ခြောက်လုံးပြူးက သုံးချက်ဆက်တိုက် မြည်ဟည်းသွားခဲ့လေပြီတည်း။

* * *

ထိုနေ့မှစ၍ ကျော်ခင်တစ်ယောက်မှာ ပျောက်ကွယ်သွားပြီ ဖြစ်၏။

'တွေ့ကြသေးတာပေါ့ ကျော်ခင်ရယ်၊ ရာဇဝတ်ဘေး ဆိုတာ လွတ်အောင်မပြေးနိုင်ပါဘူးကွာ'

ဘဂျမ်းက နာကျည်းစွာ ရေရွတ်လိုက်မိသည်၊ ထိုနေ့မှစ၍ ဘဂျမ်းတစ်ယောက် ကျော်ခင်၏ ခြေရာကိုခံ၊ သတင်းကို ထောက်လှမ်းစုံစမ်းသူပြုသည်၊ ဂါတ်ထဲမှ တာဝန်ရှိသူများ နှင့် ဆက်သွယ်ကာ သတင်းပေးသည်။

သူကြီးဦးရွှေဇံသေဆုံး၍ တစ်လမပြည့်မီပင် ကျော်ခင်ကို ခြေရာခံမိသည်။

သည်တစ်ခါတော့ ဘဂျမ်း အလစ်မပေးတော့၊ ရေကြည် ဂါတ်ကို အကြောင်းကြားသည်၊ နောက်ဆုံး ကျော်ခင် တစ်ယောက် ပုလိပ်လက် အပ်ခံလိုက်ရသည်၊ တရားရုံးပေါ်တွင် ကျော်ခင်က ဘဂျမ်းကို ဒေါသမီး ဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် ကြည့်သည်။

သူ၏ အမှုများကို စစ်ဆေးကာ ပြစ်မှုအဖုံဖုံအတွက် ထောင်ဒဏ် ၁၀–နှစ်ကျခံရန် အမိန့်ချလိုက်သည်၊ ပုလိပ်များ ခေါ်ရာသို့ လိုက်မသွားမီ ကျော်ခင်က ဘဂျမ်းကိုကြည့်ကာ စကားတစ်ခွန်းပြောခဲ့သည်။

'ဘဂျမ်း....မင့်း ထမင်းသာ ဝအောင်စားထားလိုက်'

* * *

[ ၈ ]

ထောင် ၁၀–နှစ်ဟုဆိုသော်လည်း လျော့ရက် ဆုမှတ်ရက် စသည်တို့ဖြင့် ၁၀–နှစ်ပြည့်အောင် ထောင်ထဲတွင်မနေရဘဲ ကျော်ခင်တစ်ယောက် လွတ်လာသည်။

ထောင်မှ ထွက်ထွက်ချင်း ကျော်ခင်က ထိန်တောသို့ ပြန်သွားသည်၊ သူ အတွေ့ချင်ဆုံးသူကို ရှာသည်၊ ထိုသူကား ကာကွယ်ရေးခေါင်းဆောင် ဘဂျမ်း၊ ကျော်ခင်အကြောင်းကို သိထားသောဘဂျမ်းက ကျော်ခင်ထောင်မှ လွတ်သည့်သတင်း



သည်နှင့် ရှောင်သွားသည်၊ ကျော်ခင်က ဘဂျမ်းကို မြေလှန်ရှာတော့သည်။

တစ်နေ့ ကျော်ခင် သတင်းတစ်ခု ရသည်၊ ဘဂျမ်း တစ်ယောက် မြောက်ဥက္ကလာ (ည) ရပ်ကွက်တွင် ရောက်နေပြီဟူသော သတင်းပင်။

ကျော်ခင် အချိန်မဆိုင်းဘဲ ချက်ချင်းထလိုက်သည်၊ မတွေ့၊ ဂွတ္တလစ်ရောက်သည် ကြားတော့ ဂွတ္တလစ်ကို လိုက်ပြန်သည်၊ ရောက်သည်တော့ ထိုနေရာမှာလဲ မတွေ့၊ သူ၏အညှိုးသည် ဘဂျမ်းအပေါ်တွင် တိုးတထက် တိုးလာနေပြီ ဖြစ်သည်။

သည်လိုနှင့် ဘဂျမ်းကို ရှာရင်း ရန်ကုန်တွင် တစ်လကျော်မျှ သောင်တင်နေသည်။

သူ ခေတ္တ ခိုအောင်းနေသည်က ဒညင်းကုန်းရှိ မိတ်ဆွေဟောင်းကြီး ဓား အေးသိန်းအိမ်တွင် ဖြစ်သည်။

ဘဂျမ်း....ဘဂျမ်း....။

သူ့ကို ထောင်ထဲတွင် ၁၀–နှစ် ခန့် ငရဲ ခံစားစေခဲ့သည့် ဘဂျမ်းကို လက်စားခြေ မပြီးမချင်း ရွာကိုမပြန်တော့ဟု ကျော်ခင် တစ်ယောက် ဆုံးဖြတ်ခဲ့ပြီး မဟုတ်ပါလား။

\+ + +

## လွင်-စာပေ

၅၇-ဗိုလ်ချုပ်လမ်း၊ ၆၃-ရပ်ကွက်

### အခန်း ( ၁၅ )

'ဟေ ....အေးသိန်း.... အေးသိန်း၊ ဘယ်သွားနေကြ
သလဲကွ'

အိမ်ရှေ့မှ ခေါ်သံကြောင့် အတိတ် ဖြစ်ရပ် ပေါ် တွင်
တမှုးတမေ့ ဖြစ်နေသော ကျော်ခင်၏အတွေးစက ပြတ်သွား
သည်။

အိမ်ဝတွင် သူ၏မိတ်ဆွေဟောင်းကြီးက ရပ်နေသည်။

'ဟော.... ကိုကြီးတင် လာဗျ၊ ဘယ်က မျက်စေ့လည်လာ
သလဲ'

ကျော်ခင်က ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

'မင်းနဲ့တွေ့ချင်လို့ လာတာကွ၊ မင်း.... ဒီမယ် ရှိနေတယ်
ဆိုတာတော့ အေးသိန်းက ပြောလိုက်လို့ သိရတယ်၊ ဒါပေ



မယ့် မအားဘူးကွာ.... ဒါထက် အေးသိန်း တစ်ယောက်
ရောကွ'

'အေးသိန်း ကြက်တိုက်သွားနေတယ်၊ ဒီနေ့ စိုင်းကောင်း
တယ်လို့ ပြောတာပဲ'

'ဟုတ်လား'

ဦးအေးတင်က ဝင်ထိုင် လိုက်သည်၊ ဖားသားဟောင်း နှင့်
ချက်အရက် မကာန့်တတ်သေး။

'ကဲ.... ချလိုက်ဦး ကိုကြီးတင်၊ ဖားသားတင်းက ညက
ကျွန်တော်နှင့်အေးသိန်း ထွက်ရိုက်ကြတာ'

ကျော်ခင်ကပြောရင်း ခွက်ထဲသို့ အရက် အပြည့်လောင်း
ပေးလိုက်သည်။

'ကဲ.... ကိုကြီးတင်ရဲ့ကိစ္စ ဆိုပါဦး'

'ဒီလိုကွ.... ကျော်ခင်ရ.... ငါ့ဆရာသမားနဲ့ ပတ်သက်ပြီး
အလုပ်ကလေးတစ်ခု လုပ်စရာရှိတယ်၊ လွယ်လွယ်ကူကူ ပေါ့
ပေါ့ပါးပါးလေးပါကွာ'

ဦးအေးတင်က ရှေ့မှအရက်ခွက်ကိုကောက်ယူကာ တစ်ရှိန်
ထိုး မော့ချလိုက်သည်၊ နောက် ဖားသားကျော်ကုန်းရိုးတစ်ခု
ကို ကောက်ဝါးနေသည်။

'ဒီ အလုပ် ပေါ်လာတော့- မင်းကို ဒီမှာရှိနေတာ သိလို့
ချက်ချင်း ထလာတာကွ'

'အပြည့်အစုံဆိုစမ်းပါဦးဗျာ၊ ကျွန်တော်လည်း ငွေပြတ်
နေလို့ ကြားဖြတ်အလုပ်ကလေးတစ်ခုလုပ်ဖို့ စဉ်းစားနေတာနဲ့
အတော်ပဲ'

'ဒီလိုကွ ကျော်ခင်ရ'

ဦးအေးတင်က ဦးကျော်မောင်၏ အကြံအစည်ကို အပြည့်အစုံပြောပြလိုက်သည်။

'ငွေက ၃၀၀၀ တောင် ပေးမှာကွ'

ကျော်ခင်က လေးနက်စွာ စဉ်းစားနေရာမှ ခေါင်းညိတ်လိုက်သည်၊ မဆိုးပါဘူး၊ တကယ်တော့ သည်အလုပ်လောက်က ကျော်ခင့်အတွက် ငှက်ပျောသီးနွှာစားရသလို လွယ်ပါဘိခြင်း။

ဒါပေမယ့်.... နောက်တစ်ယောက် လိုသေးတယ်မဟုတ်လား'

ကျော်ခင်က ပြောလိုက်သည်။

'အေးကွ ကျော်ခင်ရ ငါလဲစဉ်းစားနေတာပဲ'

'ဟော ....ငါသတိရပြီ အေးသိန်းပါခေါ်ရင်ကော'

'ဟုတ်တယ်ကိုကြီးတင်၊ သူလိုက်မယ်ဆိုရင် သိပ်ကောင်းပေါ့ဗျာ၊ တစ်နေ့တစ်နေ့ သူတို့ကြက်တွေနဲ့လုံးနေတာပဲ'

ထိုအခိုက် လူတစ်ယောက် အိမ်ပေါ်တက်လာသည်။

'ဟော ကိုကြီးတင်ပါလား၊ ရောက်နေတာကြာပြီလား'

အိမ်ဝတွင် ပိန်ညှောင်ညှောင်၊ အရပ်ရှည်ရှည်၊ တစ်ကိုယ်လုံးတွင် အရုပ်မျိုးစုံ ထိုးထားသော အင်္ကျီချွတ်နှင့်လူတစ်ယောက် တက်လာသည်၊ သူ့လက်ထဲတွင် သေနေပြီဖြစ်သော တိုက်ကြက်တစ်ကောင်ကို ခြေနှစ်ချောင်းမှ ဆွဲလာသည်။

သူကား အေးသိန်း၊ ခေါ်အေးသိန်းပဲ ဖြစ်ပါ၏။



'မကြာသေးပါဘူးကွာ၊ ဘယ့်နှယ်လဲ မင်းကြက်ပွဲ ဟန်ရဲ့လား'

ဦးအေးတင်က မေးလိုက်သည်။

'မေးမနေနဲ့တော့ ကိုကြီးတင်၊ ဟောဒါသာ ကြည့်ပါတော့....'

ကြက်သေကိုမြှောက်ပြရင်း ပြောသည်။

'လမ်းမှာတင် ဒေါသထွက်ထွက်နဲ့ ရိုက်သတ်ပစ်လိုက်တယ်၊ ကြည့်ပါဦးဗျာ ခွတ်လက်မစုံ ကိုယ့်ထက်လဲ ငယ်တဲ့ကောင်ကို မြန်မလှန်နိုင်ရုံမကဘူး စည်းဝိုင်းထဲက ထွက်ပြေးရတယ်လို့၊ ပါသမျှငွေသာမကဘူး အင်္ကျီပါ ကျွတ်သွားတယ်'

အေးသိန်းက ပြောရင်း ချက်အရက် အသစ်တစ်လုံးနောက်ဖေးခန်းမှ ဆွဲယူကာ ဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

'ကိုကြီးတင် ထမင်းစားပြီးမှ ပြန်၊ တိုက်ကြက်သားနဲ့ကျွေးမယ်ဗျို့'

'ငါမစားသေးဘူး အေးသိန်း၊ ကိစ္စရှိလို့လာတာကွ၊ မင်းနဲ့လဲ တိုင်ပင်ချင်သေးတယ်'

'ဟုတ်လား၊ ဘာများတုန်း'

အေးသိန်းက စိတ်ဝင်စားစွာ မေးရင်း အရက်ကိုကောက်မော့လိုက်သည်။

ဦးအေးတင်က ကိစ္စကိုပြန်၍ပြောလိုက်သည်၊ ခေါ်အေးသိန်းကား စဉ်းစား၍ပင်မနေတော့။

'လုပ်မယ်ဗျာ ကိုကြီးတင်၊ မလုပ်လို့လဲ မဖြစ်သေးဘူး
ရှိသမျှ ကြက်ပွဲမှာကုန်ခဲ့ပြီ'

'ကဲ....ကိုကြီးတင် ပထမအဆင့်တော့ ပြီးပြီ၊ ဒီတော့
တစ်ခွက်တစ်ဖလား ချလိုက်ကြဦးစို့'

ကျော်ခင်ကပြောကာ အရက်များ ထပ်ဖြည့် လိုက်သည်
နောက်တော့ အရက်ဝိုင်းကလေး စိုစိုပြေပြေ ဖြစ်လာသည်

ခေး အေးသိန်း၊ ပုဏ္ဏားကျော်ခင်၊ ကျွန်းပြန်အေးတင်

တစ်ချိန်က ဒီသုံးဦး ရန်ကုန်မြို့တွင် ဒိုးလိုမွှေ ရေလိုနှောက်
ခဲ့သည့် လူတကြီးများဖြစ်သည်။

ဒုစရိုက်လောကတွင် ဖိန့်ဖိန့်တုန်ခဲ့ရသော လမ်းမတော်
ဖိုးတုတ်၏တပည့်အဆက်အသွယ်များလည်း ဖြစ်ခဲ့ဖူးကြသည်
ဗိုလ်တထောင်မိုးလို လူမိုက်ကြီးကိုပင် အာခံရဲကြသူများ
ပေတည်း။

* * *

[ က ]

အေးသိန်းကား ၁၂-လက်မဓားမြှောင်ကို မြေ့မြေ့
သွေးကာ ခါးကြားမှ ချလေ့မရှိဘဲ ထစ်ခနဲဆိုသည်နှင့် ဓား
ရောက်သွားလေ့ရှိသဖြင့် သူ့ကို ဓားအေးသိန်း ဟူ၍လည်း
ကောင်း။



ပုဏ္ဏားကာဘီလူးကဲ့သို့ ခက်ထန် ကြမ်းတမ်းကာ ဘီလူးကဲ့သို့
ပင် သန်မာထွားကြိုင်းသော ကျော်ခင်ကို ပုဏ္ဏားကျော်ခင်
ဟူ၍လည်းကောင်း။

လူသတ်မှု ၂ မှုဖြင့် တစ်ကျွန်းကျခဲ့ဘူးသော ဦးအေးတင်
ကို ကျွန်းပြန်အေးတင် ဟူ၍လည်းကောင်း။

မြေအောက်ကမ္ဘာထဲတွင် ဘွဲ့အသီးသီးပေးခြင်း ခံထားရ
သူများပင်။

သို့သော် လူဆိုးလူမိုက်တို့၏ နောက်ဆုံးသွားရာလမ်းကား
ဖြောင့်ဖြူးလေ့မရှိသည်မှာ သဘာဝတရားပင်တည်း။

နောက်ဆုံး သူတို့သုံးယောက်စလုံး အမှု အသီးသီးဖြင့်
အဖမ်းခံလိုက်ရရာမှ ထောင်ဒဏ်အသီးသီး ကျသွားခဲ့ကြသည်။

ထောင်မှလွတ်သောအခါတွင်လည်း ပုလိပ်က သူတို့ခြေကို
စောင့်ကြည့်နေပြီး သူတို့အတွက် အမှားမခံနိုင်လေတော့
နောက်ဆုံးအခြေအနေအရ လူစုခွဲသွားသည်။

ပုဏ္ဏားကျော်ခင်က သူ့ဇာတိ ထိန်တောသို့ ပြန်ကာ
ရဲဘော်ဖြူ ဓားပြအဖြစ် ခံယူကာ ဒုစရိုက်လမ်းကို ဆက်
လျှောက်သည်။

ဓားအေးသိန်းကတော့ မိန်းမရနေပြီဖြစ်သဖြင့် ဆိုးခိုး
တိုက်ခိုက်မှုများကို မပြုသော်လည်း ဗီဇက မပျောက်ချင်
သေး။

ပန်းဆိုးတန်းရှိ (ယခု ရွှေဂုံရှုပ်ရှင်ရုံနေရာ) ကျူးကျော်တဲ
များတွင် နေထိုင်ရင်း အရက်ရောင်းသည်၊ ဖဲဝိုင်း ဒိုင်ခံသည်၊
ထစ်ခနဲဆိုလျှင် ဓားအေးသိန်းဟူသော နာမည်ပါလာမြဲ။

ထိုနယ်အပိုင်းတွင် သူနှင့်ပတ်သက်သော အမှုအသေးအဖွဲ့များက ထပ်နေပြီ။

နောက်ဆုံး ပုလိပ်က သူ့ကို နယ်နှင်ကာ ဒညင်းကုန်းသို့ ပို့လိုက်သည်၊ ခါးအေးသိန်းကတော့ အပြုံးမပျက်၊ ဒညင်းကုန်း ရောက်ခါမှ တိုက်ကြက်များမွေးကာ ကြက်ပွဲနောက် လျှောက်လိုက်နေခဲ့သည်။

ကျွန်းပြန် အေးတင်ကား ကျွန်းမှ ပြန်ရောက်လာသော အခါ အရွယ်ကထောက်နေပြီ ဖြစ်သည်။

အရွယ်ကျသလို စိတ်ဓာတ်ကလဲ ကျသည်။ မကောင်းမှုကို လှည့်၍ပင်မကြည့်တော့။ မိတ်ဆွေတစ်ယောက်၏ဆက်သွယ်မှုဖြင့် ဦးကျော်မောင်၏ ဖခင်ထံတွင် ကားဒရိုင်ဘာ ဝင်လုပ်သည်။

နှောင်တရနေပြီမို့ ခြေသုတ်ပုဆိုး မြေဆွယ်ကျိုးသည့်နှယ် နေထိုင်သည်။ သို့သော် ဦးအေးတင်တစ်ယောက် ထောင်ထဲမှ ဝါသနာတစ်ခု ပါလာသည်။ ဒါကတော့ ထောင်ထဲတွင် ဦးအေးတင်က အင်္ဂလိပ် ဆရာတစ်ယောက်နှင့် ဆုံခဲ့ရခြင်းပင်၊ မြေဒါး၊ ဟင်းရိုင်း၊ ကန့်၊ သွပ် စသည်တို့ကို ဖမ်းပုံဖမ်းနည်း နောက် ရွှေဖြစ်ငွေဖြစ်အတွက် ရွှေလုပ်ငန်းစဉ်များကို အင်္ဂလိပ်ဆရာထံမှ သိရသဖြင့် ဦးအေးတင် စိတ်ပါလာသည်။

'ကျုပ်လဲ ပေါက်မြောက်ဖို့နီးနေပြီ၊ ခုတောင် ရွှေဖြစ်ဖို့ နည်းတစ်ခုထဲအတွက် ထောင်ကျခံလိုက်ရတာဗျ၊ ထောင်ကလွတ်ရင် ကျုပ်ဘဝဟာ ပြည့်စုံပြီပေါ့၊ ကျုပ်ဟာ ဒီလုပ်ငန်းကို ဘယ်လောက်ယုံကြည်သလဲဆိုရင် ရွှေမဖြစ်ဘဲ မိန်းမမယူ



ဘူးလို့ ဘုရားမှာ သစ္စာပြုထားခဲ့တယ်၊ ဒီတစ်ခါထောင်ကထွက်ရင်တော့ လူပျိုကြီးဘဝ ကျွတ်ရတော့မှာပေါ့ဗျာ၊ ဟဲ....ဟဲ....'

အင်္ဂလိပ်ဆရာကား ဗဟုသုတကြွယ်ဝသည်။ အပြောကောင်းသည်၊ ထို့ကြောင့် သူ့စကားကို နားထောင်ရသော အကျဉ်းသားများပင် ချက်ချင်းထ၍ အင်္ဂလိပ်ထိုးချင်စိတ် ပေါက်ခဲ့ရသည်၊ ဒါကြောင့်ပင် ရွှေဖျော်၊ ငွေဖျော်၊ ဆရာဇော်ဆိုလျှင် ဗေဒင် ဆရာ၊ အင်္ဂလိပ်ဆရာအဖြစ် ထောင်ထဲတွင် မသိသူမရှိ ဖြစ်ခဲ့ရသည်။

ထိုဆရာ ထောင်ကျသည်မှာ သူလုပ်သော အင်္ဂလိပ်တ်ရွှေကို ဂိုလမ်း (ရွှေဘုံသာ) တွင် သွားရောင်းရာမှ လိမ်လည်မှုဖြင့် အဖမ်းခံရခြင်း ဖြစ်သည်။

'ဟုတ်တယ် ကျုပ်ချက်တဲ့ ရွှေမှာ ဓာတ်တစ်ခုထဲ ရောဖို့ ကျန်တယ်၊ အဲဒါရောပြီး မီးဖုတ်လိုက်ရင် အခေါက်ရွှေပကတိ ဖြစ်ပြီပေါ့၊ ဒါက ရှင်အစ္စဂေါနရဲ့ နည်းပဲ၊ ဒါလဲထောင်ထဲ ရောက်မှစဉ်းစား မိတာပါ၊ ဒါကြောင့်.... ဒီတစ်နည်းတွက် ကျုပ်ထောင်ကျရကျိုး နပ်ပါတယ်ဗျာ'

မည်သို့ ဆိုစေ၊ ဦးအေးတင် တစ်ယောက် ကျွန်းကပြန် ထောင်ကထွက်သည်နှင့် ဖိုဆင်လေတော့သည်။

နေ့လယ်ဘက် ကားမောင်း၍ ညဘက် အားချိန်ရသည်နှင့် အင်္ဂလိပ်ထိုး၍ ရွှေဖြတ်လမ်းကို မှန်းခဲ့သည်၊ ယခင် ဆဲဆို စိန် ခေါ်နေလေ့ရှိသော ပါးစပ်သည် ယခုအခါ...

သောကြာမရက၊ သီဟ ၂ပါး၊ ထုံကြသွားသော်၊ ရွှေသား
စစ်စစ်၊ တစ်ကျပ်တွင်၌၊ ထုံးကိုတစ်ပဲ ဖြစ်သေခဲ့သော်၊ နက်မြ
အရောင် မှောင်၏ဆက်ကြီး အဆုံးမထိုက်၊ လွှင့်ပစ်လိုက်ချင်
ဆော်စင် ၃၀ အရည်တွင်ဝယ်၊ ဖြစ်လေချင်မှ ရွှေစင် ဓမ္မစေ
အမှန် ဖြစ်၏။

စသည့် အင်္ဂါယနည်းမ ရွှေဖြစ်ငွေဖြစ် လင်္ကာကို နှုတ်တက်
ရွရွ ရွတ်ဆိုနေလေပြီ။

ယခု ဗိုဇတူ၊ စရိုက်တူ၊ ရာဇဝင်လူဆိုးကြီး သုံးဦးက ပြန်
လည် ဆုံတွေ့မိကြလေပြီတည်း။

* * *

[ ၁ ]

'ဒါထက် အေးသိန်း၊ မင်းမိန်းမနဲ့ မင်းသားကော မမြင်
ပါလား၊ ဘယ်သွားနေသလဲကွ'

'ဒီမိန်းမ အကြောင်းတော့ မမေးပါနဲ့ ကိုကြီးတင်ရာ...
ကျွန်တော် ကြက်မွေးတာ၊ ကြက်တိုက်တာ၊ အရက်ချက်တာကို
မကြိုက်ဘူးတဲ့၊ သွားကာလဲ မအေ လေပေါက်မျိုးပဲ၊ ဖအေ
ကြက်တိုက်တာကို သားကရှက်တယ်တဲ့ဗျာ နောက် သားကို
လက်ဆွဲပြီး သူ့ အမေအိမ် ဆင်းသွားလေရဲ့၊ တစ်လကျော်ပြီ
လေ... သွားစမ်းပါစေဗျာ... တစ်သက်လုံး- ပြန်မလာရင်



တောင် ကြိုက်သေးတယ်၊ ကျွန်တော်ကလဲ သူ့ကို တစ်သက်
လုံး လုပ်ကျွေးပါ့မယ်လို့ စာချုပ်ထားတာမှမဟုတ်ဘဲ၊ မိန်းမ
အိမ်က ဆင်းခါနီးမှာ ကျွန်တော့်ကို ကြာလေ-- တိုက်
ကြက်ရှုပ်နဲ့တူလာလေတဲ့ဗျာ- ပြောသွားလိုက်တာ...တောက်-
ရင်စိတ်မျိုးနဲ့ဆိုရင် မလွယ်ဘူး'

'ဟော့... အေးသိန်း၊ ဒါတွေထားစမ်းပါကွာ၊ မင်းကလဲ
န်းမရှေ့ကျ တစ်မျိုး၊ ဒီတော့... အကျိုးရှိမဲ့ အလုပ်ကိစ္စကို
ိုင်ပင်ကြရအောင်'

ကျော်ခင်က ဝင်ပြောလိုက်သဖြင့် သူတို့စကားက ပြန်ပေး
ရန် ကိစ္စဘက်ကို ရောက်သွားသည်။

'ငါစီစဉ်ထားတာက ဒီလိုကွ၊ မင်းတို့ နားထောင်ပြီး
အပ်ချက်, ဟာကွက်တွေကို မင်းတို့ ထပ်ပြီး ဖြည့်စွက်ကြ
ပါကွာ'

ဦးအေးတင်က ဆေးပြင်းလိပ်ကို တုတ်ယူမီးညှိရင်း ပြော
ိက်သည်။

'လော လော ဆယ် လမ်းမတော် ကားစတင်း အဆက်
သွယ်တစ်ဦးဆီက ဘောက်ဆော အနက်ရောင်ကားတစ်စီး
ားထားတယ်၊ နောက်ပြီး ပုရွက်ဆိပ်ကုန်းက လက်တဲတစ်ခု
တစ်ညစခန်းချဖို့ နေရာလဲ စီစဉ်ထားပြီးပြီ၊ အဲဒီနေရာက
ရှင်းတယ်၊ ချောင်ကျ တယ်၊ ကားလမ်းနဲ့လဲ နီး တယ်၊
အပ်ရင်သုံးဖို့ မေ့ဆေးလဲ ရှာထားခဲ့ပြီးပြီ၊ လုပ်ရမှာကတော့
ကောင်မလေး ဒီည ဘယ်သွားဘယ် ဆိုတာ ငါ ငှားထားတဲ့
ားနဲ့ မင်းတို့နောက်ရောင်ခံလိုက်ကြည့်၊ သူအပြန်မှာ စောင့်

ကြည့်ပြီး လူရှင်းတဲ့ နေရာမှာ ကောင်မလေးကို တို ငှားတ ကားပေါ် ပြောင်းတင်၊ မျက်စေ့ အဝတ် စီးပြီး ပရွက်ဆိ ကုန်းက လယ်တဲကို သွားမယ်၊ ကောင်မလေးကို ပြန်ပေးဆ ကြောင်းပြောပြီး သူယောကျ်ားကို ငွေငါးသောင်းနဲ့ ကိုယ် တိုင် လာရွေးဖို့ ကောင်မလေး ကိုယ်တိုင် စာရေးခိုင်းမယ် စာကို အေးသိန်းက ငါ့သူဌေးဆီ ချက်ချင်းပို့၊ နောက်ပြ လာရမယ်၊ သူဌေးကလဲ ငွေငါးသောင်း ယူပြီး ချက်ချင် လိုက်ရွေးမယ်၊ တကယ့် ငွေအစစ်တော့ မဟုတ်ဘူးပေါ့ကွာ အလုပ်က ဒီလောက်ပါပဲ၊ သူဌေးက သူ့ မိန်းမ သူပြန်ခေါ် သွား၊ တို့ကလဲ ငှားထားတဲ့ကားနဲ့ပြန်လာ လူစုခွဲရုံပဲ၊ မလွယ် လား....'

'လွယ်တော့လွယ်ပါတယ် ကိုကြီးတင်ရာ၊ ကောင်မလေ က ရှုတ်ရှုတ်ရက်ရက် အော်ဟယ်, ဟစ်ဟယ်လုပ်ရင် ဘယ့်နှယ် လုပ်မလဲ'

အေးသိန်းက ဝင်ပြောသည်။

'အေးသိန်းကလဲကွာ.... မင်းမေးခွန်းက သိက္ခာကျလိုက် တာ၊ ဒါတွေ ငါတာဝန်ထားစမ်းပါကွာ'

ကျော်ခင် ပြောလိုက်သော စကားကြောင့် ဦးအေးတ မျက်လုံးပြူးသွားရသည်။

'ဟေ့.... ဟေ့.... ငါပြောဦးမယ် ကျော်ခင်၊ သူဌေး ဒီကိစ္စမှာ ထိခိုက် နာကျင်အောင် ဘာမှမလုပ်ရဘူးလို့ သ ပေးထားတယ်ကွ၊ သူ့ မိန်းမကို သူသိပ်ချစ်တာ'



'ဟာဗျာ....ကိုကြီးတင်ကလဲ၊ တင်ငါသည်ပါဆိုနေမှ (ဂ) ပါးသီလ စောင့်ခိုင်းသလိုဖြစ်နေပြီဗျာ'

ကျော်ခင်က စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။

'ဒီကိစ္စ ငါ့တာဝန် ထားပါကွာ၊ လိုအပ်ရင် မေ့ဆေး သုံးရမှာပေါ့'

ဦးအေးတင်က ပြောရင်း အေးသိန်းဘက်သို့ လှည့်ကြည့် သည်။

'အေးသိန်း.... မင်းကို ကြိုတင် ပြောချင်တာ . တစ်ခုရှိ တယ်'

'ဘာလဲဗျ ကိုကြီးတင်ရဲ့'

'ကောင်မလေးက တောင့်လဲတောင့်၊ လှလဲလှ၊ ငယ်လဲ ငယ်တယ်ကွ'

'အဲဒါ ဘာဖြစ်လဲ'

'မင်း....ငါပြောချင်တာက ဒီကိစ္စမှာ တို့အစီအစဉ်ချောဖို့ပဲ အဓိကထားပါနော်၊ မင်းအကြောင်း ငါသိလို့ ပြောတာပါ ကွာ'

'ဟာဗျာ.... ကိုကြီးတင်ကလဲ မလုပ်ပါဘူးဗျာ'

'ငါနဲ့ မကင်းရာမကင်းကြောင်းတွေဖြစ်တဲ့အပြင် သူဌေးနဲ့ အကြီးအကျယ် ပြဿနာတက်ရမယ့် ကိစ္စမို့ ပါကွာ'

'ဘယ်နေ့ ထပ်တွေ့ပြီး အပြီးသတ် စီစဉ်မလဲ ကိုကြီးတင်'

'သန်ဘက်ခါ နောက်ဆုံး ဆုံမယ် ဒီအိမ်မှာပဲ'

သူတို့ လူချင်း ခွဲလိုက်ချိန်မှာတော့– အနောက်ကျွန်းတွင် နေဝန်းခိုစ ပြုနေပြီ၊ ဇနီးချောအတွက် သောက ဖက်နေရှာ

သော သူဌေးကြီးတစ်ယောက်၊ ရွှေဘုံပေါ်စံရင်း အထီးကျန်ဆန်နေရသည့်မိန်းမချောတစ်ဦး၊နောက်ပြီး လက်မရှိရာဇဝင်လူဆိုးကြီးသုံးဖော်နှင့် ထူးထူးဆန်းပြားသော အကြံအစည်တစ်ခု၊ တကယ်တော့.... ကြောက်မက်ဖွယ် အန္တရာယ် အရိပ်ဆိုးကြီးသည် ထိုသူတို့အပေါ်သို့ အုပ်မိုး ကျဆင်းစ, ပြုနေပြီကိုတော့... သူတို့ မသိနိုင်, မမြင်နိုင်, မမှန်းဆနိုင်သေးပါတကား။

+ + +



အခန်း (၁၆)

သူငယ်ချင်း....

ဒီစာဟာ မင်းဆီရောက်ဖို့ မသေချာဘူးဆိုတာ သိပါတယ်၊ ဒီလို မရေရာမသေချာတဲ့အလုပ်ကို ငါလုပ်လိုက်ပြီ သူငယ်ချင်း၊ ဒါကတော့ မင်းဆီကို ဒီစာမရောက်တောင်မှ ငါ့ရင်ထဲမှာ ပြည့်သိပ်မွန်းကျပ်နေတဲ့ ဝေဒနာတွေကို ဖွင့်အံထုတ်လိုက်ရင် သက်သာမယ်ထင်လို့ပါ သူငယ်ချင်း။

ငါဟာ ကျောင်းသားသမဂ္ဂမှာဝင်လုပ်ပြီး မကြာခင်မှာပဲ မြေအောက် အဖွဲ့အစည်းတစ်ခုနဲ့ ဆက်ခဲ့မိတယ်၊ မြေအောက်ဆရာကြီးတွေက တို့ကျောင်းသား

ခေါင်းဆောင်တွေကို အစိုးရဆန့်ကျင်ဖို့ ကျောင်း
သားနဲ့ ပြည်သူလူထုကြားမှာ တိုးဝင်ပြီး ဆန္ဒပြပွဲ
တွေ၊ ဆူပူမှုတွေ ဖန်တီးဖို့ ညွှန်ကြားခဲ့ကြတယ်။
နောက်ဆုံးတော့ မစီးသိတဲ့အတိုင်း တို့ရန်ကုန်
တက္ကသိုလ်က ကျောင်းသားလေးယောက်နဲ့၊ မန္တလေး
တက္ကသိုလ်က ကျောင်းသားနှစ်ယောက် စုစုပေါင်း
ခြောက်ယောက်ဟာ ပုလိပ်ကိုရှောင်ရင်းနဲ့ တောခို
လိုက်ကြရတယ်။
ကိုတောထဲရောက်သွားတဲ့ ခြောက်ယောက်လုံးဟာ
တက်ကြွတဲ့ ကျောင်းသား ခေါင်းဆောင်တွေ ချည်းပဲ
ဖြစ်ကြတယ်၊ ပထမဆုံး သာယာဝတီခရိုင် တောင်ညို
ဒေသ စခန်းကို ရောက်သွားကြတယ်။
အဲဒီစခန်းကိုရောက်တာနဲ့ တို့တွေကို သူရဲကောင်း
တွေအဖြစ် ဂုဏ်ပြုမှာပဲလို့ စိတ်ကူးယဉ်ကြသေးတယ်၊
ဒါပေမယ့် စခန်းမှာ တို့ကို ဘာတာဝန်မှ ပေးအပ်
ခြင်းမပြုခဲ့သလို နေရတာက ကြမ်းခင်းထားတဲ့တဲ
စုတ်ထဲမှာ စောင်မရှိ၊ ခေါင်းအုံးမရှိဘဲ အိပ်ကြရ
တယ်၊ အစားအသောက်ကျတော့ ငါးပိတစ်ကော်နဲ့
ဆန်နီထမင်း၊ တစ်ခါတစ်လေ ပိန်းဥနဲ့ရောထားတဲ့
ဆန်ပြုတ်၊ ဒီကြားထဲ ပြေးရလွှားရနဲ့ ငတ်တဲ့ရက်တွေ
ကလဲ မနည်းဘူး။
ဒါပေမယ့် တော်လှန်ရေးဆိုတာ ပန်းခင်းလမ်း
မဟုတ်ဘူးဆိုတာ ငါတို့ခံယူကြသူတွေအဖို့ ငတ်တာ



ဆင်းရဲတာ၊ ပင်ပန်းတာဟာ မဆန်းပါဘူး သူငယ်
ချင်း။

ငါတို့မခံနိုင်တာက တို့ တောခိုကျောင်းသားတွေ
အပေါ်မှာ ယုံကြည်မှုမရှိဘဲ့အချက်ဘဲ၊ တို့ကျောင်း
သားတွေဟာ ကိုလိုနီပညာရေးစနစ်ကို လက်ခံသင်
ယူလာခဲ့ဖူးတဲ့ နေ့ရှင်ပေါက်စတွေ၊ ပစ္စည်းမဲ့ ဘဝ
လမ်းကြောင်းကို ပစ်ပယ်ခဲ့ကြသူတွေ၊ ဒါကြောင့်
တွေဝေနိုင်တယ်၊ ဖောက်ပြန်နိုင်တယ်လို့ ကောက်
ချက်ချခံရတယ်။

တောတွင်းရောက်ရင် ကိုယ့် ယုံကြည်ချက်တွေ
အတွက် အသက်စွန့်လုပ်မယ်လို့ အားခဲထားတဲ့တို့
အတွက် ချမှတ်ပေးထားတဲ့တာဝန်က ထမင်းချက်၊
ထင်းခုတ်၊ ရိက္ခာရှာ စတဲ့အလုပ်တွေပါပဲ၊ အဲဒီ
တောင်ညိုစခန်းမှာ တစ်နှစ်လောက်နေပြီးတော့ ငါ
ရယ်၊ တက္ကသိုလ်ကအတူလာတဲ့ ကျောင်းသား နှစ်
ယောက်ရယ်ကို ပဲခူးရိုးမအရှေ့ခြမ်းမှာရှိတဲ့ တောင်ငူ
ခရိုင်ကို ပို့လိုက်တယ်။

အဲဒီစခန်းရောက်တော့ ဗဟိုကော်မတီအဆင့်ရှိတဲ့
ခေါင်းဆောင်ကြီးတွေနဲ့ နီးနီးကပ်ကပ် နေရပြီလေ၊
သည်တော့မှ ငါတို့အထင်ကြီးခံရတဲ့ ပါတီရယ်၊ ဗဟို
ကော်မတီတွေ ထိပ်ပိုင်းလူကြီးတွေရဲ့ အကြောင်းကို
သိကြရတယ်။

လူငယ်တွေလော်ပြတ်နေချိန်မှာ ပိန်းဥကို ရေလုံ ပြုတ်စားနေချိန်မှာ လူကြီးတွေက ဟောလစ်နဲ့ ဘိစကွတ်နဲ့ ဆန်ဖြူထမင်းနဲ့ ဆူဆူဖြိုးဖြိုး ဖြစ်နေကြတယ်၊ တို့ လူငယ်တွေ ဖျားနာရင် ကုဖို့ဆေးမရှိဘူး၊ အလွန်ဆုံး ဆေးမြီးတိုပဲ သုံးနိုင်ပေမယ့် လူကြီးတွေ ဖျားနာရင် နိုင်ငံခြားထိုးဆေး၊ စားဆေးတွေ၊ ဆေးမှူးတွေက အသင့်သင့်။

လူငယ်တွေကို အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး တင်းကြပ်တဲ့ စည်းကမ်းချက်တွေ ထုတ်ပြန်ထားပေမယ့် လူကြီးတွေကတော့ ဒီကိစ္စတွေ ရှုပ်နေတယ်။

အဲဒီစခန်းမှာ သုံးနှစ်ကျော်လောက် နေလိုက်ရတယ်၊ ငါလဲ တော်တော်စိတ်ကုန်သွားမိတယ်၊ သူတို့ ကြွေးကျော်နေတဲ့ တော်လှန်ရေးဆိုတာ ဘာလဲ၊ ငါ တွေ့ခဲ့၊ ရင်ဆိုင်ခဲ့ရတာကတော့ တောခိုလာသူ အချင်းချင်း မလိုရင် မလိုသလို သတ်ဖြတ်ပစ်တဲ့ ဇာတ်တူသားစားမှုတွေ၊ ကိုယ့်ထမင်းရှင် ရွာသူရွာသားတွေကို ရွာလုံးကျွတ်သတ်ဖြတ်တာတွေ၊ ဓားပြတိုက်သလို ဆက်ကြေးတောင်းတာတွေ၊ အစိုးရစစ်တပ်ကျတော့ ရင်မဆိုင်ရဲဘဲ တပြေးတည်း ပြေးနေရတာတွေဟာ ဒီနေ့ သူတို့ရဲ့တော်လှန်ရေးပဲလို့ ငါတို့ မြင်လာတယ်၊ ငါ့အမှား ငါမြင်လာပြီသူငယ်ချင်း၊ ဒါပေမယ့် မီးရောင်ကို ရွှေရောင်ထင်မိတဲ့ ငါ့ဘဝ အမှားဟာ ပြုပြင်ချေဖျက်ဖို့ မလွယ်တော့ဘူးလေ။



တို့စခန်းမှာ ငါ့လိုပဲ စိတ်ဓာတ် ကျနေသူတွေက အများကြီး၊ ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ဖွင့်ဟ မတိုင်ပင်ရဲကြဘူး၊ အဲ ...ပေါက်ကြားသွားရင်တော့ ပြန်လည် ပြင်ဆင်ရေးသမား၊ ငြိမ်းချမ်းရေးသမား၊ သစ္စာဖောက်ဆိုတဲ့ စွဲချက်နဲ့ အသတ်ခံရမှာပဲ၊ အဲဒီလိုအသတ်ခံရသူတွေကလဲ များလှပြီသူငယ်ချင်း။

ဟော....ဟော.... ခုတောင် ငြိမ်းချမ်းရေး သစ္စာဖောက်... သတ်....သတ် ဆိုတဲ့ ကြွေးကြော်သံ တွေဟာ ဆူဆူညံညံနဲ့ ထွက်ပေါ် လာနေပြီ၊ ဒါကတော့ အလင်းဝင်ဖို့ကြိုးစားတဲ့ တို့ကျောင်းသားခေါင်းဆောင် တစ်ယောက်ကို လူသတ်ကုန်းထုတ်သွားတဲ့ အသံတွေပါ။

နောက်ဆုံးတော့ ငါဟာ လက်နက်ချအလင်းဝင်ပြီး ကိုယ့်မိုက်မှု ကိုယ်ခံယူဖို့ ဆုံးဖြတ်ခဲ့ကြတယ်၊ အရင်းနှီးဆုံးသူငယ်ချင်း နှစ်ယောက်နဲ့ တိုင်ပင်မိတယ်၊ သူတို့ကလဲ သဘောတူကြတယ်၊ အလင်းဝင်ဖို့ကိစ္စက အစိုးရပိုင်းနဲ့ ဆက်သွယ်ရမှာနဲ့ ဘာနဲ့ဆိုတော့ မလွယ်လှဘူး၊ တစ်နေ့တော့ ရန်ကုန်မှာ ကျောင်းသားကိစ္စတွေဖြစ်နေတယ်၊ အဲဒီမှာ ငါ့ကို ရန်ကုန်ပြန်လွှတ်ပြီး ကျောင်းသားကိစ္စကို နောက်ပိုင်းက ကြိုးကိုင်၊ ချယ်လှယ်၊ သွေးထိုးဖို့ ပါတီကဆုံးဖြတ်တယ်။

ငါတို့အဖို့ အကွက်ကောင်းပဲ၊ ငါရန်ကုန်သွားမယ်၊ ငါ့သူငယ်ချင်းနှစ်ယောက်က ဒီမှာ စိတ်ဝင်စားမယ့်လူကို သိမ်းသွင်းထားဖို့နဲ့ ငါက ရန်ကုန်မှာ

အလင်းဝင်ဖို့ကိစ္စကို သက်ဆိုင်ရာနဲ့ဆက်သွယ်ပြီး စီစဉ် ဖို့ စဉ်းစားမိကြတယ်။

ဟိုတစ်လောက ငါရန်ကုန် ရောက်လာတာလဲ ဒီ ကိစ္စနဲ့ပဲ၊ ဒါပေမယ့် ပါတီက တာဝန်ပေးလိုက်တဲ့ ကျောင်းသားကိစ္စကို လျစ်လျူရှုပြီး အလင်းဝင်ဖို့ ကိစ္စကို ဦးစားပေးဆောင်ရွက်ခဲ့တယ်။

အောင်မြင်ပါတယ်၊ အားလုံး အဆင်ပြေပြီပေါ့။

တောတွင်းငရဲစခန်းကလွတ်လမ်းကို မျှော်မှန်းလို့ ရပြီလေ။

ဒါပေမယ့်....သည်ဒါပေမယ်ဆိုတဲ့စကားရဲ့ နောက် ပိုင်းမှာ ငါ့ရဲ့ဘဝ နိဂုံးချုပ်ချိန်၊ နေဝင်ချိန်ဟာ တိုးဝင်လာခဲ့ပြီ သူငယ်ချင်း၊ ငါ ရန်ကုန်ကနေပြန်ပြီး တောင်ငူခရိုင်စခန်းကိုလဲ ပြန်ရောက်ရော ချက်ချင်းပဲ ဖမ်းချုပ်လိုက်ကြတယ်လေ၊ ဖြစ်ပုံက စခန်းမှာကျန် ခဲ့တဲ့ ငါ့မိတ်ဆွေနှစ်ယောက်နဲ့ အလင်းဝင်ရေးစည်းရုံး ချက်ဟာ ပေါက်ကြားခဲ့ကြတယ်၊ သူတို့နှစ်ယောက် ကိုတော့ ငါမရောက်ခင်ကပဲ ဖမ်းဆီးလိုက်တယ်။

ဒီနေ့တော့ သူတို့ကို အချုပ်ကနေ ထုတ်ယူသွားကြ ပြီ၊ လူသတ်ကုန်းက စခန်းနဲ့ တစ်ခေါ်အကွာလောက် မှာ ရှိတယ်၊ ရက်စက်တဲ့ လူမဆန်တဲ့ လူသတ်ပွဲကြီးကို ခွဲပြီး ကျင်းပကြတော့မယ်ပေါ့။

ငါ့အလှည့်ကလည်း လာတော့မှာပါ၊ တော်တော် ကြာရင်လား၊ မနက်ဖြန်လားပဲ၊ ငါ့ကို ချက်ချင်း



မသတ်သေးတာကတော့ ရန်ကုန်မှာ ငါဘယ်သူနဲ့ တွေ့ပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာ စစ်ဆေးဖို့ပဲ။

ငါစိတ်မာတာကျအောင် ငါ့ရဲဘော်တွေကို ငါ့ရှေ့ မှာ နှိပ်စက်ပြတာယ် သတ်ပြကြတယ်၊ ငါဟာ သေလူ ဖြစ်နေမှတော့ သူတို့ဟာ ငါ့ဆီက ဘာမှ ရနိုင်တော့ မှာ မဟုတ်ကြောင်း မသိကြဘူးထင်ပါရဲ့။

ဒီစာကို အတွင်းက လူယုံမိတ်ဆွေတစ်ယောက်ရဲ့ အကူအညီနဲ့ ခက်ခက်ခဲခဲရေးခဲ့သလို အပြင်ရောက် အောင်လဲ အကျပ်အတည်းကြားက ထုတ်ရဦးမယ်။

ဒီစာဟာ အချုပ်ခန်းအပြင်ကိုရောက်ရင် မစိန်စော က မင်းထံကို အရောက်ပို့ပေးပါလိမ့်မယ်။

တကယ်လို့ ဒီစာဟာ မင်းလက်ထဲ မရောက်ရင် တောင်မှ မစိန်စောက ငါတို့ရဲ့နိဂုံးကို ပြောပြနိုင်လိမ့် မယ် ထင်ပါရဲ့၊ မစိန်စောဆိုတာ ငါအလင်းဝင်ပြီးရင် ရာသက်ပန်လက်တွဲဖို့ ရည်စူးထားခဲ့တဲ့ ဆရာမလေး တစ်ယောက်ပါ။

သူငယ်ချင်း အောင်သူ – ။

မင်းကို သတင်းစာဆရာတစ်ယောက်အနေနဲ့ ငါ နောက်ဆုံး တောင်းပန်လိုတာက တံလျှပ်ကိုရေထင်ပြီး ရှေ့သမင်အလိုက်မှားမိတဲ့ ငါတို့တစ်တွေရဲ့ ခွေးသေ သေရတဲ့ဘဝမျိုးကို ကျောင်းသားလူငယ်တွေ မရောက် ကြစေဖို့ တို့အဖြစ်ကို သာကေထားပြီး သတိပေး ရေးသားဖို့ပါ သူငယ်ချင်း။

‘ဟော…’

‘ဟော….’

‘သစ္စာဖောက်လည်ချောင်းသွေးနဲ့ ခြေဆေးကြ

‘ဖောက်ပြန်ရေးသမားတွေ အမြစ်ဖြုတ်… အမြစ်ဖြုတ်’

လူသတ်ကုန်းက ကြွေးကြော်သံတွေက တခဲနက် ထွက်လာပြီ သူငယ်ချင်း…။

အဲဒါဟာ သတ်တော့မယ်ဆိုတဲ့ သင်္ကေတပါပဲ၊ ကိုယ့်ကျင်းကို ကိုယ်တူးပြီး လည်မျိုကိုစင်းပေးရတဲ့ အချိန်ပေါ့၊ သွားရှာပြီ သူငယ်ချင်း၊ ငါ့ရဲ့ ရဲဘော်၊ ရဲဘက်တွေဟာ တောတွင်းငရဲစခန်းက လွတ်လမ်းကို သွားကြပြီ။

ငါပဲကျန်တော့တယ်၊ ငါ့ရဲ့ နေဝင်ချိန်ဟာ တဖြည်းဖြည်း ကပ်လာနေပြီ။ ငါလေ… ငါ သေရတော့မယ် သူငယ်ချင်း၊ မိုက်မှားမှုတစ်ခုအတွက် အသက်နဲ့ပေးဆပ်ရတော့မယ်၊ ငါ….ငါ….

‘ဟော—’

ခြေသံတွေကြားတယ်၊ သူတို့လာပြီထင်ပါရဲ့၊

နောက်ဆုံးနှုတ်ဆက်ရင်း

ညီမောင်

စာရွက်ကိုင်ထားသော ခိုင်၏ လက်အစုံကတော့ တဆတ်ဆတ်တုန်လျက် ရှိနေပြီ။ သူမ၏မျက်ဝန်းမှ မျက်ရည်ပေါက်



တို့က ပါးပြင်မှတစ်ဆင့် လက်တဲမှ စာရွက်ပေါ်သို့ တစ်ပေါက်ပေါက် စီးကျလိမ့်ဆင်းလာသည်။

‘စိတ်ဖြေပါတော့ ခိုင်ရယ်…’

ကိုအောင်သူက နှုတ်မှ တိုးတိုး နှစ်သိမ့်လိုက်မိသည်၊ တကယ်ဆိုတော့ တောကြိုတောင်ကြားတွင် အသေဆိုးခဲ့ရသော သူငယ်ချင်း ညီမောင်အတွက် မိမိကိုယ်တိုင်ပင် သည်လောက်ထိ စိတ်ထိခိုက်နေရလျှင် တစ်ဦးတည်းသော အစ်ကိုရင်း ညီမောင်အတွက် ညီမဖြစ်သည့် သည်မိန်းကလေးအဖို့ ဘယ်လောက်ခံစားရမည်ကို ကိုအောင်သူ ခန့်မှန်းမိခဲ့ပါ၏။

‘ကိုအောင်ရယ်… ကိုကို့အတွက် ဘာလုပ်ကြမလဲဟင်’

သူမ၏ တုန်ယင်သောအသံတွင် ရှိုက်သံတစ်ဝက်က ရောနှော ပါလာသည်။

‘ကိုအောင်တို့ လုပ်နိုင်တာကတော့ ညီမောင် ဘဝကူးကောင်းအောင် သူ့အတွက် ဆွမ်းသွတ် အမျှဝေပေးဖို့ပဲ ရှိတယ်ခိုင်၊ ဒီကိစ္စအတွက် ခိုင်လဲ ဦးကျော်မောင်ကို ဖွင့်ဟတိုင်ပင်ပြီး လုပ်ပါ၊ ဒီအချိန်မှာ သူ့အတွက် ဖုံးကွယ်ထားဖို့ မလိုတော့ပါဘူး’

‘ကိုအောင်ကလဲ အိမ်မှာ သူ့အတွက် ဆွမ်းကျွေး အမျှဝေပါ့မယ်၊ နောက်ပြီး ညီမောင်ရဲ့ နောက်ဆုံးဆန္ဒအတိုင်း ဒီနေ့ အာဏာရူးတစ်စုရဲ့ ယဇ်ပလ္လင်မှာ သားကောင်အဖြစ် အသုံးချခံနေရတဲ့ ကျောင်းသားတွေအတွက် ညီမောင့်အကြောင်း အခြေခံပြီး သတိသံဝေဂရယူနိုင်မယ့် ဆောင်းပါးရှည်ကြီး တစ်ပုဒ် ရေးပါ့မယ် ခိုင်’

ကိုအောင်သူက သူ့ရည်ရွယ်ချက်ကို ပြောပြနေစဉ် ခိုင်
ကတော့ အဝေးကို ငေးကြည့်နေသည်၊ သည်နေ့ညနေပိုင်းက
မိန်းကလေးတစ်ဦး သတင်းစာတိုက် ကိုအောင်သူစားပွဲသို့
ရောက်လာကာ စာတစ်စောင်ပေးလာသည်။

သူ၏တစ်ကိုယ်လုံး တုန် လှုပ် ချောက် ချား စေ ခဲ့ သော
ညီမောင်၏စာပဲ ဖြစ်ပါ၏။

ကိုအောင်သူ မော့ကြည့်မိသည်။ သူ့ရှေ့မှ အမျိုးသမီးငယ်
က တရှုံ့ရှုံ့ ငိုကြွေးလျက်ရှိသည်။

သူမ၏အသက်က နှစ်ဆယ်ဝန်းကျင်တွင် ရှိချေဦးမည်။

အသားညိုညို စိုပြေသောအသားအရေ အနေတော် အရပ်
အမောင်းဖြင့် ရိုးသားသော အလှပိုင်ရှင်တစ်ဦးပင် ဖြစ်သည်

ကိုအောင်သူ သိလိုက်ပါပြီ၊ ညီမောင့်စာတွင်ပါသော
သူ့ဘဝ ခရီးဖော်အဖြစ် သတ် မှတ် ထား ခဲ့ သည် ဆို သော
ကျောင်းဆရာမလေး မစိန်စောပင် ဖြစ်ရမည်။

သူငယ်ချင်းအတွက် ကိုယ်တိုင်ပင် စိတ်လှုပ်ရှားနေမိသော
ကိုအောင့်သူအဖို့ သူ့ရှေ့တွင် ငိုရှိုက်နေရှာသော မိန်းမပျို
ပရိဒေဝ သောကဝေဒနာကို ကူညီဖြေသိမ့်ပေးရန် မေ့လျော့
နေခဲ့ရပြီ။

'ဩော် ဒါထက် ညီမောင်တစ်ယောက်....'

ကိုအောင်သူက နှုတ်မှ ရုတ်တရက်ထွက်သွားသောစကား
ကို ချက်ချင်း ရပ်လိုက်မိသည်၊ သည်အကြောင်း သူဆက်မေး
မနေမေးရက်တော့ပါ။



'ဟုတ်ပါတယ်ရှင်....ဟုတ်ပါတယ်၊ သူတို့ကအစ်ကိုညီမောင်
ကို လူသတ်ကုန်းမှာ ထုတ်သတ်လိုက်ကြပါပြီရှင်၊ မသေခင်မှာ
တောင် အစ်ကိုညီမောင်ဟာ သူ့ကျင်းကိုသူ တူးခဲ့ရပါသေး
တယ်'

မိန်းမပျို၏စကားက သူ့ရင်ကို ဆို့နင့်သွားစေခဲ့ပြန်သည်။

သည်ကိစ္စ သည်အကြောင်းကို ခိုင့်အား အသိပေးသင့်
မပေးသင့် ကိုအောင်သူ အတန်တန်စဉ်းစားရသည်၊ ညီမောင့်
အကြောင်း ဖွင့်မပြောလျှင် သူမက အစ်ကိုဖြစ်သူကို တစောင့်
စောင့် တမျှော်မျှော်ဖြင့် ရင်မအေးဖွယ်ရှိနေရပေမည်၊ ဖွင့်ဟ
ပြောလိုက်လျှင်တော့ အကြီးအကျယ် စိတ်ဒုက္ခရောက်ပေတော့
မည်။

တကယ်တော့ ပြန်လည်ရောက်ရှိလာမည် မဟုတ်သော လူ
တစ်ယောက်အတွက် စာအုံနွေးနွေး ဖြစ်နေရသည်ထက် တစ်
ကြိမ်သာ စိတ်ဆင်းရဲမှုကို ခံစားစေခြင်းက သင့်လျော်မည်ဟု
ကိုအောင်သူ စဉ်းစားမိသည်။

ထို့ကြောင့် ယနေ့ သူအလုပ်ဆင်းချိန်ဖြစ်သည့် ညနေပိုင်း
တွင် ခိုင်နှင့် တွေ့ဆုံရန် ဖုန်းဖြင့် ပြောသည်၊ ခိုင်က လတ္တာ
(လသာ)လမ်း တရုတ် ပျော်ပွဲစားရုံ တစ်ခု အမှည်ကို ပြော
ကာ ထိုဆိုင်တွင် ညစာစားရင်း တွေ့ရအောင်ဟု ပြန်ကြားခဲ့
သည်။

ညစာ စားရအောင် ဟု ဆိုလင့်ကစား စားပွဲပေါ်ဝယ်
အသင့် ရောက်ရှိနေပြီဖြစ်သော အစားအစာများကို လက်နှင့်
ပင် မထိရလေသေး။

အခါတိုင်း နှုတ်သွက် အာသွက် ရှိမြဲ ဖြစ်သည့် ခိုင် တစ်ယောက်သည် ယနေ့ နှုတ်ဆိတ်နေသလို ကိုအောင်သူ ကိုယ်တိုင် ငိုင်တွေလျက် ရှိနေသည်။

'တကယ်လို့ ကိုကိုဟာ တောထဲကို ပြန်မသွားတဲ့ ရန်ကုန်မှာပဲ အလင်းဝင်လိုက်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးနော်'

ခိုင့်ကတော့ တွေးတွေးဆဆ ပြောလာသည်။

'ဟုတ်တော့ ဟုတ်တာပေါ့ ခိုင်ရယ်၊ ဒါပေမယ့် လွတ်မြောက်ရေးကို အတူ ကြိုးစားနေတဲ့ ရဲဘော်ရဲဘက်တွေကို ချန်ထားပြီး တစ်ကိုယ်ကောင်း မကြံချင်လို့ ဖြစ်မှာပေါ့... ခိုင်ရယ်.... ပြီးတဲ့ ကိစ္စဟာ ပြန်လှန်လို့ မရတော့တဲ့ အတူတူ နောက်ပိုင်းကို စဉ်းစားနေလို့ စိတ်ဆင်းရဲရုံပဲ ရှိမှာပေါ့ကွယ်ကဲ.... ထမင်းစားလိုက်ကြရအောင်'

ကိုအောင်သူက စကားအကြောင်းအရာကို လွှဲဖယ်လိုက်ကာ ထမင်းစားရန် တိုက်တွန်းရသည်၊ သည်တော့လည်း ခိုင်က ညင်သာစွာ ခေါင်းညိတ်ပြသည်၊ ထိုစဉ်တွင် အပြင်ဘက်၌ မိုးက အိပ်သွန် ဖာမှောက်မျှ လောင်းချ ရွာသွန်းလျက် ရှိနေသည်။

* * *



[ က ]

ဘုရားပျော်ပွဲစားရုံရှေ့ရှိ ကားလမ်းဘေးတွင် မိုးပြာရောင် ဗီးယက်ကားကလေးက ရပ်ထားသည်၊ ထို ကားကလေး၏ မလှမ်းမကမ်းတွင်တော့ အနက်ရောင် ဘောက်ဆော ကား တစ်စီး ရှိနေသည်၊ ကားပေါ်တွင် လူတစ်ယောက်က ထိုင်နေကာ ပျော်ပွဲစားရုံ အပေါ်က်သို့ စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေကြသည်။

သူတို့ကား ကျွန်းပြန်အေးတင်၊ ပုဏ္ဏာကကျော်ခင်နှင့် ဓား အေးသိန်း တည်းဟူသော ရာဇဝင် လူဆိုးကြီး သုံးဦးပဲ ဖြစ်ကြသည်။

'သူတို့ ဒီကနေ အိမ်ပြန်လို့ ရှိရင်တော့ ကောင်မလေးက ဒိုင်နဲ့ကို ရန်ကင်းအိမ်ကိုလိုက်ပို့ လိမ့်ဦးမယ်၊ ရန်ကင်းကပြန်ရင် ကမ္ဘာအေးဘုရားလမ်းအတိုင်း လာမယ်၊ ကုက္ကိုင်းလမ်းဆုံက နေပြီး.... တက္ကသိုလ်ရိပ်သာလမ်းကို ဝင်လိမ့်မယ်၊ ဒီတော့... ကုက္ကိုင်းလမ်းဆုံနဲ့ အင်းလျားလမ်းကြား တစ်နေရာရာက ဖြတ်ဆွဲကြတာပေါ့'

ကျွန်းပြန် အေးတင်က တီးတိုး ပြောနေသည်၊ ကျန်နှစ် ယောက်ကတော့ ပျော်ပွဲစားရုံ အပေါ်က်ဝကို စိတ်ဝင်စားစွာ ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

ဒီစကားကို ထပ်ခါတလဲလဲ ပြောခဲ့ပြီး ဖြစ်သော်လည်း အလွတ်ပင် ရလောက်ပြီ မဟုတ်ပါလား၊ မိုးက တဖြည်းဖြည်း အားလျော့လာသည်၊ လုံးဝတော့ မတိတ်သေးသေး။

'ဟေ့….ဟိုမှာ လာနေပြီ မဟုတ်လား'

ခားအေးသိန်းက လက်ညှိုးညွှန်ပြလိုက်သည်။

ခိုင်နှင့် ကိုအောင်သူက ပျော်ပွဲစားရုံ အတွင်းမှ အပြေး ကလေး ထွက်လာကာ ဖီးယက်ကားလေးထဲသို့ ဝင်လိုက်ကြ သည်။

ဦးအေးတင်က ခေါင်းမှ ဦးထုပ်ကို မျက်နှာအုပ်အောင် ဆွဲဆောင်းချရင်း ကားစက်နှိုးနေသည်။

ထိုအခိုက် ဖီးယက်ကားလေး ထွက်သွားသည်၊ ဘောက် ဆောကားနက်ကြီးတစ်စီးက သူတို့ကားနောက်သို့ နောက် ယောင်ခံ လိုက်နေကြောင်းကိုတော့ ခိုင်နှင့် ကိုအောင်သူ မသိ ကြလေသေး။

* * *

[ ခ ]

ခိုင်က ကားအရှိန်ကို လျှော့ချလိုက်သည်။

ရှေ့တွင် မြင်ကွင်းတစ်ခုကို မပီမသ မြင်နေရသည်။

မည်းနက် ပြောင်ချောနေသော ကတ္တရာ လမ်းမကြီး… …အဆက်မပြတ် ရွာချနေသော မိုးရေတို့ဖြင့် ရွဲရွဲစိုလျက် ရှိ… သည်။



ကိုအောင့်ကို ရန်ကင်းတိုက်ခန်းသို့ ပြန်ပို့ပြီး ကမ္ဘာအေး လမ်းမကြီး အတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ ကား မောင်းလာခြင်း ဖြစ်သည်၊ သူမ၏ စိတ်အာရုံတွင် တောကြို တောင်ကြား၌ အဖြစ်ဆိုးနှင့် တိုးခဲ့ရသော ကိုကိုညီမောင် အတွက် သောကရတက် ဖြာနေခဲ့သည်၊ ရင်ထု မနာ ဖြစ်ခဲ့ရ သည်။

ထိုစဉ်တွင် ကားမီးရောင်ဖြင့် တွေ့လိုက်ရသော လမ်းပေါ်မှ မြင်ကွင်းတစ်ခုကြောင့် ကားရှိန်ကို လျှော့လိုက်ခြင်းဖြစ်သည်၊ …စောင်ခြုံထားကာ လူမမာ ဖြစ်ဟန်တူသည့် လူတစ်ယောက်ကို …တွဲထားသူက သူမကားကို လက်ပြရပ်ခိုင်းနေခြင်းပင်။

အဆက်မပြတ် ရွာသွန်းနေသော မိုးရေအောက်တွင် သည် …လူမမာကို သည်အတိုင်းထားခဲ့ရန် ခိုင်စနိုးလေးနေသည်၊ ကား …ဆက်ကလည်း ပြတ်လွန်းနေသည်၊ ခိုင်က စဉ်းစားရင်း ၎င်း …တို့ကို လွန်ပြီးမှ ကားကို ရုတ်တရက် ရပ်လိုက်သည်။

ထို့နောက် ကားကို နောက်ပြန်ဆုတ်လာသည်။

'ဘာဖြစ်လို့လဲ ဟင်'

ခိုင်က ကားစက် မသတ်သေးဘဲ ကားပေါ်မှ လှမ်းမေး …လိုက်သည်။

'ကျွန်တော့် အစ်ကို အပြင်းဖျားနေလို့ ကားကလဲမရ၊ …ကားကလဲ ရှာနဲ့၊ ဒုက္ခရောက်နေပါတယ် ခင်ဗျာ၊ ဒီကြားထဲ …ဆီးကလဲမပါလာဘူး၊ ဆေးရုံ ပို့ပေးပါလား ခင်ဗျာ'

လူမမာကို ပွေ့ထားသော ထောင်ထောင်မောင်းမောင်း …က ပြောလိုက်သည်။

'ကဲ.... ကဲ.... နောက်ခန်းက တင်လိုက်ပါ၊ လူမမာ သိပ်
ချမ်းနေပြီ ထင်တယ်'

ခိုင်က ပြောရင်း နောက်ခန်းတံခါးဖွင့်ပေးရင်း သူမအားမှ
တံခါးကိုဖွင့်ကာ ငုံ့ကြည့်နေသည်။

ထိုအခိုက် သူမအားမှ တံခါးကို ထောင်ထောင်မောင်း
မောင်းလူက ဆွဲဖွင့်လိုက်ကာ ခိုင့်ကိုပါ ကားပေါ်မှဆွဲချလိုက်
သည်၊ လူမမာဟန်ဆောင်ထားသူ၏ လက်ထဲတွင်တော့ ဓား
မြှောင်တစ်ချောင်းက အဆင်သင့် ရှိနေသည်။

'ဒီမှာအမျိုးသမီး- အော်ဖို့မစဉ်းစားနဲ့၊ ရုတ်ရုတ်ရက်ရက်
မလုပ်နဲ့၊ လုပ်ရင်တော့ အသေပဲ၊ အေးအေးဆေးဆေးလိုက်
လာရင်.... မင်းကို လက်ဖျားနဲ့တောင် မတို့ဘူး.... အန္တရာယ်
မပြုဘူး....'

ဓားမြှောင်သမားက ပြောနေစဉ် တစ်ယောက်က ခိုင်၏
မျက်နှာကို မျက်နှာသုတ်ပဝါနှင့် တင်းကြပ်စွာစည်းလိုက်ပြီး
ထိုစဉ် ကားတစ်စီးချပ်လာသံကြားလိုက်ရပြီးလျှင် သူမကိုယ်ကို
ကားထဲသို့ ဆွဲသွင်း လိုက်ကြသည်။

'ကားထဲမှာ ကျွန်မလက်ကိုင်အိတ်ကျန်ခဲ့ပါတယ်၊ ယူပေး
ပါရှင်....'

မျက်နှာစည်းထားသဖြင့် ဗလုံးဗထွေးဖြင့် ခိုင်က ပြော
လိုက်သည်၊ သည်တော့လည်း သူမလက်ကိုင်အိတ်ကို ယူပေး
လာကြသည်။

ကားက အရှိန်ပြင်းစွာဖြင့် မောင်းထွက်သွားသည်၊ သူမကို
လူနှစ်ယောက်ညှပ်ကိုင်ထားကြသည်၊ ကားမောင်းသူအားတွင်



တစ်ယောက်ရှိသေးလျှင် လူအင်အား သုံးယောက် သို့မဟုတ်
လေးယောက်တော့ ရှိနိုင်မည်။

ကားက ဘယ်ဆီထိ သွားနေသည်ကို ခိုင် မမှန်းတတ်၊
လူဆိုးများက စကားတစ်ခွန်းမှမပြော၊ သူတို့တွင် သေနတ်
မပါသည်တော့မတွေ့၊ ဓားတော့ပါသည်။

'ငါ့ကို ဘာကြောင့်ဖမ်းတာလဲ'

သည်အဖြေကို ခိုင်စဉ်းစားသည်၊ မရ၊ မိမိ၏ လက်ဝတ်
လက်စား ရတနာလိုချင်လျှင် ယခုလိုဖမ်းစရာမလို၊ ချက်ချင်း
ချွတ်ယူနိုင်၏၊ သည်တော့.... လက်ဝတ် ရတနာကြောင့်တော့
မဟုတ်။

ဒါဖြင့် ဘာကြောင့်လဲ၊ လူကိုမုန်း၍ သတ်ပစ်ရန်လား၊
ပြန်ပေးဆွဲတာလား၊ သူမကို ဖျက်ဆီးရန်အကြံနဲ့လား။

ဒါလဲ ခိုင်မမှန်းနိုင်၊ ဘယ်လိုဖြစ်ဖြစ် သူမအတွက်အန္တရာယ်
ကြီးကတော့ရှိနေပြီ၊ လူဆိုးတွေက စနစ်တကျကြိုတင်စီစဉ်ထား
ကြပုံရသည်၊ သူတို့ လုပ်နည်းလုပ်ဟန်က ပီရိ သေသပ်သည်၊
ကားပင် ပါလာသည်။

နောက်ပြီး စကားတစ်ခွန်းမှမပြော၊ ဇာတ်တိုက်ထားသလို
မိနစ်ပိုင်းအတွင်း လုပ်ကိုင် သွားနိုင်သည်၊ ယခုပင် ဘယ်ဆီ
ဘယ်ဝယ်သို့ သွားနေသည်ကိုပင် သူမ မမှန်းဆနိုင်အောင်
ရှိရပြီ။

ခိုင်က ချက်ချင်း ဆုံးဖြတ်လိုက်ပြီ၊ သူတို့ လက်ထဲမှ ကိုယ်
လွတ်ရုန်းထွက်ရန်ဖြစ်သည်၊ ဒါပေမယ့် ကားရပ်ပါမှ သူမ
အကောင်အထည် ဖော်နိုင်မည်။

ခိုင်ဘေးမှ လူဆိုးနှစ်ယောက်က လှုပ်လှုပ်ရှရှ ဖြစ်လာသည်။

‘ ကားရပ်တော့မှာလား ’

ခိုင်က စဉ်းစားရင်း ခေါင်းပေါ်မှ လက်ကိုင်အိတ်ကို ထင်းကြပ်စွာ ကိုင်ထားသည်၊ အကြားအာရုံက မိုးရွာသံ ရှိနေကြောင်း အသိပေးနေသည်၊ ခိုင့်ရင်က ထိတ်ထိတ်ခုန်နေသည်။

ဟော… ကားဂိယာပြောင်းနေပြီ၊ ကားရပ်တော့မယ်၊ ကားရပ်တော့မယ်။

ရပ်ပြီ၊ ကားရပ်သွားပြီ။

ခိုင်က အသက်အောင့်ကာ လက်ကိုင်အိတ်ဖွင့်သည့် မောင်းခလုတ်ကို ဆွဲဖွင့်လိုက်သည်။

‘ ဖျောက် ’

လက်ကိုင်အိတ်က အသံမြည်သွားသည်နှင့် တပြိုင်နက် ခိုင်လက်ထဲတွင် မိန်းမကိုင် သေနတ်ပြူး ကလေး တစ်လက်က ပါလာသည်။

‘ ဖန်း…. ’

ကားမောင်းသူရှိရာသို့မှန်းကာ သေနတ်မောင်းကို ဆွဲညှစ်လိုက်သည်။

ခိုင် သေနတ်မောင်းကိုညှစ်ချိန်နှင့် သူမ၏သေနတ်ကိုင် လက်ကို ရိုက်လိုက်သည်က တစ်ချိန်ထဲကျသွားသည်၊ ကျည်ဆံသည် လိုရာမရောက်ကြောင်းကို ခိုင်သိလိုက်ပြီ။



တအက်အတွင်းဝယ် လူဆိုးကြီးများ လှုပ်လှုပ်ရှရှဖြစ်သွားသည်၊ ခိုင်သတိထားမိသည်၊ ခိုင်က မျက်နှာတွင် စည်းထားသော မျက်နှာသုတ်ပဝါကို ဆွဲဖြုတ်ရင်း ကားပေါ်မှ ဆင်းပြေးရန် ကြိုးစားသည်၊ ပါးစပ်မှလည်း အော်ဟစ် လိုက်သည်။

တစ်ယောက်က ပါးစပ်ပိတ်ထားသဖြင့် အသံက ထွက်မလာနိုင် ’

‘ ဟေ့ကောင်- ဒါနဲ့ လုပ်ပေတော့ ရော့ဟေ့ ’

ခိုင့်နားထဲဝယ် ကြားဖူးသလိုလိုရှိသော အသံ တစ်သံက နားဝယ်ဝင့်လာသည်၊ နောက် သူမမျက်နှာကို အဝတ်တစ်ခုဖြင့် ဖိအုပ်ခြင်းကို ခံလိုက်ရသည်၊ စိမ်းရွှေရွှေ အနံ့ကြီးတစ်ခုကိုလည်း ရှူလိုက်ရသည်။

စူးရှရှအနံ့ကြီးက ခိုင်၏ အသက်ရှူလမ်းကြောင်းအတိုင်း တိုးဝင်သွားပြီ။

ခိုင်၏ ဦးနှောက်သည် ချာချာလည်သွားသည်ဟု ထင်လိုက်ရသည်၊ ခန္ဓာကိုယ်အတွင်းမှ အရိုးအကြောများ ပျောက်ကွယ်သလိုဖြစ်သွားသည်၊ ဦးခေါင်းနှင့်အသိစိတ်တို့သည် အဝေးသို့ ဖယ်ခွာသွားလေပြီလား။

ခိုင်နောက်ဆုံးကြားလိုက်ရသည်က ဆူဆူညံညံ လူသံများပဲ ဖြစ်သည်၊ သည်နောက်တော့ ဘာမှ မသိလေတော့။

အသိစိတ်အားလုံးကို အမှောင်ထုက ဖုံးခဲ့လေပြီတည်း။

* * *

[ ၁ ]

'ဖန်း…'

ရှတ်တရက်ထွက်ပေါ်လာသော သေနတ်သံကြောင့် အနီးပတ်ဝန်းကျင် အိမ်တချို့မှ တံခါးများ ဖွင့်ကြည့်ကြသည်၊ ဦးအေးတင်ကိုယ်တိုင်ပင် မထင်မှတ်ဘဲ ပေါ်လာသော အရေးအခင်းကြောင့် လန့်သွားမိသည်၊ ကားခေါင်မိုးတွင် ကျည်ဆန်ရာ အပေါက်တစ်ခု ဖြစ်သွားသည်။

သူတို့ကြိုတင်စီစဉ်ထားသော နေရာရောက်၍ ကားရပ်ကာမှ ဖြစ်ရသည့်အတွက် ကျော်ခင်က ဒေါသထွက်နေသလို၊ ဓားအေးသိန်းက အံကြိတ်လိုက်မိသည်။

ထိုအချိန်တွင် လူလေးယောက်ခန့်က မိုးတဖွဲဖွဲကြားတွင် ကားဘက်သို့ လျှောက်လာကြသည်၊ သူတို့လက်ထဲတွင်တော့ ဓား၊ လှံ၊ လက်နက်များနှင့် လက်နှိပ်ဓာတ်မီးက ပါလာကြသည်၊ လက်နှိပ်ဓာတ်မီး၏ အရောင်က ဟိုမှ သည်မှ ရွေ့လျားနေရာမှ ရပ်ထားသောကားပေါ် ရောက်သောအခါ ရပ်သွားသည်။

'ဟေ့…အေးသိန်း လူတွေလာနေတယ်၊ ကောင်မလေးကို ကားကြမ်းပြင်ပေါ် ချပြီး အပြင်ကနေ မမြင်နိုင်အောင် ကွယ်ထား၊ လုံချည်နဲ့ကာပြီး ထိုင်ထားစမ်းကွာ'

ဦးအေးတင်က ကတိုက်ကရိုက် ပြောလိုက်သည်။

'စောစောက သေနတ်သံကြားလိုက်တယ်၊ ဒီဘက်ကလား'



ထိုလူလေးဦးအနက် အသားဖြူဖြူ အရပ်ပုပုနှင့် ဆံပင်တိုတို ညှပ်ထားသူက မေးလိုက်သည်။

'ကျွန်တော်တို့ကားက အိပ်ဇော့ပေါက်တာပါ၊ သေနတ်သံမဟုတ်ပါဘူး၊ ကားလဲကောင်းသွားပါပြီ'

ဦးအေးတင်က ဖြေသည်။

'အေးဗျာ…အချိန်အခါကလဲ မကောင်းဘူးမဟုတ်လား၊ ဒါကြောင့် ထွက်ကြည့်ရတာပါ၊ ကျွန်တော်က ဒီရပ်ကွက်က ဆယ်အိမ်ခေါင်း မြတ်စိုးပါ'

ဆယ်အိမ်ခေါင်းကပြောရင်း လက်နှိပ်ဓာတ်မီးဖြင့် ကားဝန်းကျင်ကို မီးဖြင့် လျှောက်ထိုးနေသည်။

'ဟုတ်ကဲ့ခင်ဗျာ… ဟုတ်ကဲ့'

ဦးအေးတင်ကပြောရင်း ကားစက်ကို နှိုးလိုက်သည်၊ ဒီနေရာမှ သူ အမြန်ဆုံး ထွက်သွားချင်နေသည်၊ သည် ဆယ်အိမ်ခေါင်းလူစုနှင့်ဆိုလျှင် မိမိတို့ စီစဉ်ထားသောနေရာကို ဝင်ဖို့ မဖြစ်နိုင်တော့ပြီ။

'တောက်…လူကြည့်တော့ ခွေးပစ်တဲ့တုတ်လောက်ပဲ ရှိသေးတယ်၊ သူ့ကိုယ်သူ ဆယ်အိမ်ခေါင်းတဲ့၊ တခြားကိစ္စဆိုရင် ငါ ဆွဲလုပ်ပစ်လိုက်မိပြီ'

ကျော်ခင်က မကျေမချမ်း ရေရွတ်လိုက်သည်။

'အေးကွာ…သင်းကြောင့် ငါတို့ အစီအစဉ် တလွဲတချော် ဖြစ်ရတာ၊ ခု ဘယ်လိုလုပ်ကြမလဲ'

ဓားအေးသိန်းက ညည်းလိုက်ခြင်းဖြစ်သည်။

သူတို့ စခန်းချမည့် နေရာအနီးတွင် ရုတ်ရုတ်ရက်ရက် ဖြစ်ခဲ့ပြီမို့ သူတို့စီစဉ်ထားသောနေရာသို့ဝင်ရန် မလွယ်တော့ပြီ။

ဘောက်ဆော ကားနက်ကြီးက ဦး တည် ချက် မ ရှိ ဘဲ လျှောက်မောင်းနေသည်။

ကားပေါ်တွင်တော့ ရာဇဝင်လူဆိုးကြီး ၃-ဦးနှင့် မေ့မျော နေသော မိန်းမပျိုတစ်ယောက်က ရှိနေသည်။

'ကိုကြီးတင်....ဒီလို ဦးတည်ရာလျှောက်မောင်းနေရင် ညဥ့် နက်လေ ခက်လေ ဖြစ်ကုန်မယ်၊ တစ်ခုခု စဉ်းစားပါဦး'

ခေါ်အေးသိန်းက ပြောလိုက်သည်။

'ဟုတ်တယ်ကိုကြီးတင်၊ ကောင်မလေးသတိမရခင် တစ် နေရာရာမှာ ဝင်ခိုမှ ဖြစ်တော့မယ်'

ပုဏ္ဏကကျော်ခင်က သူ့ခြေရင်းတွင် မေ့မျောနေသော ခိုင့်ကို ငုံ့ကြည့်ရင်း ပြောပြန်သည်။

'နေဦးကွာ၊ ချောင်ကျကျနေရာမှာနေပြီး စိတ်ချရမယ့် မိတ်ဟောင်း ဆွေဟောင်းတွေကို စဉ်းစားနေတာကွာ၊ မင်းတို့ လုပ်ဖော်ကိုင်ဖက်တွေကော မရှိဘူးလားကွ၊ ငါတော့ ခေါင်း ပူနေပြီ'

ဦးအေးတင်က ပြန်ပြောလိုက်သည်၊ တကယ်တော့ အားလုံး ကွက်တိ စီစဉ်ထားပါလျက် ကောင်မလေးက သေနတ်နှင့် ပစ်ရာမှ လူသိကာ စီစဉ်ထားသောနေရာကို မဝင်နိုင်ခြင်းဖြစ် သည်၊ ကားက ရွှေဂုံတိုင်လမ်းထဲ ချိုးဝင်သွားပြန်သည်၊ ကားလမ်းပေါ်တွင် ကိုယ်ပိုင်ကား တစ်စီးတလေမှအပ ကား ရှင်းစပြုနေပြီ။



'ဟော...သတိရပြီဗျို့'

ခေါ်အေးသိန်းက ဝမ်းသာအားရ အော်သည်။

'ဘယ်မှာလဲကွ'

'တိုးကြောင်ကလေးမှာပါ၊ ကျွန်တော်နဲ့ ကြက်တိုက်ဖက် ပဲ၊ မြင့်သိန်းတဲ့၊ အိမ်မှာ သူနဲ့ သူ့မိန်းမပဲရှိတယ်၊ သူက စိတ်ချရပါတယ်၊ အသေးအဖွဲ့ကိစ္စလောက်တော့ သူနဲ့တွဲလုပ် ခဲ့ဖူးတယ်'

'အိမ်ကလဲ ရွာထိပ်လောက်မှာကျတယ်၊ လူဝင်လူထွက် နည်းတဲ့နေရာပဲ၊ နောက်ပြီး ကားလမ်းနဲ့နီးတယ်'

ခေါ်အေးသိန်းကပြောကာ သူ့လူနှစ်ယောက်ကို လှမ်း ကြည့်လိုက်သည်။

'အဲဒီနေရာပဲသွားကြရအောင် ကိုကြီးတင်၊ ကျွန်တော်တို့ ကိစ္စလဲ မိုးမလင်းမီပြီးမှာပဲ၊ ကိုကြီးတင်သူဌေးက ခေါ်ယူပြီး ချက်ချင်းလိုက်ရွေးမှာပဲ မဟုတ်လား'

'အေးကွ....အဲဒီဘက်သွားတာပဲ ကောင်းမယ်ထင်တယ်၊ ခုလို ဆက်ပတ်နေလို့ကတော့ ပြဿနာတက်လိမ့်မယ်'

ဦးအေးတင်ကပြောရင်း ကားကို တိုးကြောင်ကလေးဘက် သို့ ဦးတည်လှည့်လိုက်သည်။

* * *

[ ဿ ]

သိပ်သည်းနက်ရှိုင်းသော အမှောင်ထုက တစ်ရွာလုံးကို လွှမ်းခြုံကြီးစိုးနေသည်၊ ထိုစဉ် မိုးဖွဲကလေးများက တဖျောက်ဖျောက် ကျဆင်းလာသည်။

'ကိုကြီးတင် ရွှေကညောဝ်ပင်ကြီးနားမှာရပ်ပါ၊ ကျွန်တော် အရင်ဆင်းပြီး ကျွန်တော့်မိတ်ဆွေ မြင့်သိန်းအိမ်ကို သွားမယ်၊ သူ့အိမ်မှာစီစဉ်မယ်၊ အဲဒီအချိန်မှာ ကားကို ဆက်မောင်းသွားပါ၊ ဆယ်မိနစ်လောက်ကြာရင် ပြန်လှည့်လာခဲ့၊ ဒီနေရာက ကျွန်တော်စောင့်နေမယ်'

ကားထွက်သွားသောအခါ မေးအေးသိန်းက သူ့မိတ်ဆွေအိမ်သို့ စမ်းတဝါးဝါး လျှောက်သွားသည်၊ နှိုး၍ အကျိုးအကြောင်းပြောဆိုစီစဉ်ကာ လမ်းပေါ်သို့ ပြန်တက်လာသည်၊ ထိုစဉ် ကားမီးရောင်တန်းကို မြင်ရကာ သူ့အနားတွင် ရပ်သွားသည်။

'စီစဉ်ပြီးပြီ ... ကဲ.... သွားကြရအောင်'

မေးအေးသိန်းကပြောကာ ကားတံခါးကို ဆွဲဖွင့်လိုက်သည်။

'ကျွန်တော်အရင်သွားမယ် ကိုကြီးတင်၊ ကားကို ဘုတာနားမှာ သွားရပ်ထားပြီး ခြေကျင်လျှောက်ခဲ့ပေါ့၊ ဒီအနားမှာ ကားရပ်ထားရင် မသင်္ကာစရာ ဖြစ်နေမယ်'



ပုဏ္ဏကကျော်ခင်က ပြောလိုက်သည်၊ နောက်တော့ မေးအေးသိန်းက သတိမေ့နေသော ကောင်မလေးကို ပွေ့ချီကာ ကားလမ်းအောက်သို့ ဆင်းသွားသည်။

ပုဏ္ဏကကျော်ခင်ကတော့ ခိုင်၏လက်ကိုင်အိတ်နှင့် သေနတ်ကိုကိုင်ရင်း နောက်က လိုက်သွားသည်။

ထိုအခိုက် ကျယ်လောင် မြည်ဟီးသော မိုးချိမ်းသံကြီးက ပေါ်လာသည်၊ မိုးချိမ်းသံ၏ နောက်ကွယ်တွင်တော့ မိုးရေများက ဝေါခနဲ ပါလာခဲ့လေပြီတည်း။

\+ \+ \+

## အခန်း (၁၇)

အကိုကြီးရှင့်....

ခိုင့်ကို ပြန်ပေးဆွဲထားပါသည်၊ ငွေငါးသောင်းနှင့်
ဒီည လိုက်မရွေးပါက သတ်ပစ်ပါလိမ့်မယ်။
ငွေယူ၍ ညတွင်းချင်း လိုက်ရွေးပါအကိုကြီး။

ခိုင်

'အဲဒီအတိုင်း မင်းလက်ရေးနဲ့ စာတစ်စောင် ရေးပေးပါ အမျိုးသမီး'

ခေါ်းအေးသိန်း၏အသံက ထွက်ပေါ်လာသည်၊ သူ့လက်ထဲတွင် သူ၏ လက်စွဲတော် ခေါ်းမြှောင်က အဆင်သင့် ရှိနေမည်ဖြစ်ကြောင်းကိုတော့ ဦးအေးတင် ခန့်မှန်းမိလိုက်သည်။



ဦးအေးတင်က ကားကို ဘုတာရုံအနီးရှိ ညလုံးပေါက် ဖွင့်သော ကုလား လက်ဖက်ရည်ဆိုင်တွင် ခဏအပ်ထားကာ မိုးတဖွဲဖွဲကြားတွင် ခြေလျှင် ပြန်လျှောက်လာသည်။

မီးရောင်လဲ့လဲ့နှင့် သူတို့လူစု စခန်းချရာအိမ်ပေါ်သို့ တက်မိသည်နှင့် အခန်းတွင်းမှ ထွက်ပေါ်လာသော အသံများကို ကြားလိုက်ရသည်။

သတိရနေပြီဖြစ်သော မခိုင်ကို ကျော်ခင်နှင့် အေးသိန်းက ငွေတောင်းစာ ရေးခိုင်းနေခြင်း ဖြစ်သည်၊ သည်တော့ ဦးအေးတင်က အပြင်ခန်း၏ မှောင်ရိပ်ကျကျတွင် ထိုင်ရင်း အတွင်းမှ အသံများကို နားထောင်နေမိသည်။

'ကဲ-ရေးစမ်းပါအမျိုးသမီး'

အေးသိန်းက အသံထွက်ပေါ်လာသည်၊ ဒေါသထွက်နေပြီဖြစ်ကြောင်း ဦးအေးတင်ခန့်မှန်းမိပြီ။

'မရေးဘူး၊ မရေးဘူး၊ သတ်ချင်သတ်လိုက်၊ သူတစ်ပါးရှာဖွေ ထားတဲ့ ပစ္စည်းကို ရှင်တို့.... အချောင် ဘယ်တော့မှ မရဘူး'

မဟုတ်မခံစိတ် ရှိသော မခိုင်၏ ဝံ့ဝံ့ရဲရဲအသံ ထွက်ပေါ်လာသည်။

'ဟင်.... တယ် သတ္တိကောင်းတဲ့ မိန်းကလေးပါလားကွ.... ကဲဟာ....'

'ဖျန်း.... ဖျန်း....'

ဦးအေးတင် ခေါင်းထောင် သွားမိသည်၊ ပုဏ္ဏကအာ ပါလား၊ မခိုင်၏ပါးကို နှစ်ချက် ဆင့်ရိုက်လိုက်သည်ပဲ ဖြ မည်။

'ရိုက်ပါ၊ ရိုက်ပါ သူခိုး ခေါးပြုတွေ ငါ့ယောကျ်ား ပိုက်ဆံကို နင်တို့မရစေရဘူး၊ ငါ့အသက်ပဲရမယ်'

'ဖယ်စမ်းကွာ ကျော်ခင်၊ ဒီလောက် ခေါင်းမာလှတာ အကြောင်းမြှရသေးတာပေါ့၊ ဆံပင်ဆွဲပြီး ပါးစပ်ကို ပိတ် လိုက်ဟေ့'

အေးသိန်း၏အသံနှင့်အတူ ထွက်ပေါ်လာသော ရှုတ်ရှုတ် သဲသဲအသံများကြောင့် ဦးအေးတင်က စိုးရိမ်တကြီး အခန်း ထဲသို့ ပြေးဝင်သွားမိသည်။

သူတို့ကိစ္စ ဒီလောက်အထိ ခက်ခဲ စရာမင်မလို၊ မခိုင်က စာရေးမဝေးလျှင်လည်း ကိုယ့်ဖာသာကိုယ်ရေး၍ သွားပေးလဲ ဖြစ်ပါလေ၏၊ ယခု သူတို့ လုပ်ပုံက တကယ့် ပြန်ပေးမှုပမာ သဘောပေါက်၍ လုပ်နေခြင်းကား မသင့်၊ အန္တရာယ်ရှိနိုင် လေ၏။

အခန်းထဲတွင်တော့ ကျော်ခင်က ကောင်မလေးပါးစပ်ကို ပိတ်ထားစဉ် အေးသိန်းက ခါးကြားကဓားကို ဆွဲထုတ်ကာ အမျိုးသမီးနား ကပ်လာနေသည်။

'ဟေ့ ကောင်တွေ ကျော်ခင်၊ အေးသိန်း လွှတ်လိုက်စမ်း ပါကွ၊ မင်းတို့ကလဲ ပြဿနာကြီးထွားအောင် လုပ်နေတာပဲ၊ သူမရေးလဲ ငါတို့ကိုယ်တိုင်ရေးကြတာပေါ့ကွာ၊ ဒီလို အချိန် မှာ အသံဗလံတွေ ထွက်ဖို့ မကောင်းဘူးကွ'



ဦးအေးတင် စကားကြောင့် ကျော်ခင်က ကောင်မလေး ပါးစပ်ကို ပိတ်ထားသောလက်ကိုလွှတ်ကာ အေးသိန်းကဓား ကို ခါးကြားသို့ ပြန်ထိုးလိုက်လေသည်။

'ဟင်... ဦးအေးတင်၊ ရှင်.... ရှင်.... ရက်စက်လှချေလား ဟင်၊ ကျေးဇူးရှင်ကို ကျေးစွပ်တာပေါ့.... ဟုတ်လား'

အခန်းထဲသို့ ကတိုက်ကရိုက်ဝင်လာကာ သူ့လူတွေကို ဟန့်တားနေသော ဦးအေးတင်ကိုကြည့်ရင်း ခိုင်က ဝမ်းသာ သွားသည်၊နောက်မှ အခြေအနေကို သဘောပေါက်သွားဟန် ဖြင့် ဒေါသတကြီး ပြောလိုက်ခြင်းပင်။

'ဟော ဗျ....'

ဦးအေးတင် တဒင်္ဂမျှ ငြိမ်မိသွားသည်၊ နောက် စကား မပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

သူ၏ ပေါ့ဆမှုပဲဖြစ်ပါ၏။

မခိုင်ကို သူ၏မျက်နှာ ပြမိလေပြီတည်း။

ဦးအေးတင်က စိတ်ပျက်လက်ပျက်နှင့် အပြင်ခန်း ထွက် လာကာ အိမ်ရှေ့ ဗူးစင်အောက်တွင် သွားထိုင်နေလိုက်မိ သည်၊ ကျော်ခင်နှင့် အေးသိန်းက ကောင်မလေး၏ လက်နှင့် ခြေများကို ကြိုးပြန်တုတ်၊ ပါးစပ်ကို အဝတ်ဖြင့် ပိတ်ကာ ဦးအေးတင်၏နောက်ကို ဆင်းလိုက်လာကြသည်။

'ကိုကြီးတင်ကလဲဗျာ၊ ဘယ်လိုလုပ်လိုက်တာလဲဗျ'

အေးသိန်းက စိတ်ဆိုးမှာန်ဆိုးနှင့် အပြစ်တင်သည်။

'အေးကွာ... ငါမှားပါတယ်၊ ဗြုံးခနဲဆိုတော့ မင်းတို့ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်မှာစိုးပြီး ငါဝင်လာမိတာ'

'ကောင်းဗျာ၊ ခုတော့ ကောင်မလေးကို ဘယ်လိုလုပ်ပြန်လွှတ်ဦးမလဲ၊ ကောင်မလေးအိမ်ရောက်တာနဲ့ ကျွန်တော်တို့ ထောင်ထဲရောက်ပြီ'

'တော်ပါတော့အေးသိန်းရာ၊ ဖြစ်ပြီးမှ ဘာတတ်နိုင်မှာလဲ'

'ပြဿနာ ဖြေရှင်းဖို့ပဲ ရှိတော့တယ်၊ တို့ရဲ့သုံးသက်နဲ့ ကောင်မလေးရဲ့တစ်သက် ဘာကို တို့အလေးပေးမလဲ ပြော'

ကျော်ခင်က တင်းမာခက်ထန်သော မျက်နှာနှင့် ပြောလိုက်သည်။

'ဟေ့....ဟေ့ ကျော်ခင် ဒီလိုတော့မလုပ်နဲ့ကွာ၊ ဖြစ်စရာရှိရင် ငါခံပါ့မယ်'

ဦးအေးတင်က တောင်းပန်သည်။

'ကိုကြီးတင်က ခက်တယ်ဗျာ၊ လူသစ် ကျနေတာပဲ၊ အဓိပ္ပာယ်မရှိတာတွေ ပြောနေတယ်၊ ကိုကြီးတင်မိရင် ကျွန်တော်တို့ပါမိပြီပေါ့ဗျ'

အေးသိန်းနှင့်ကျော်ခင်က ထိုင်ရာမှ ထလိုက်ကြသည်။

'ဟေ့.... ဟေ့ ကျော်ခင် အလွန်အကျံမဖြစ်စေချင်ဘူးကွာ၊ သူတို့ကျေးဇူးတွေ ငါ့အပေါ်မှာ ရှိနေတယ်ကွ၊ နောက်ပြီး ဆရာဦးကျော်မောင်ရဲ့မျက်နှာလဲ ရှိသေးတယ်'

'ဟား....ဟား....ဟား.... ကျွန်ုပ်ဖြန်ကြီးကလဲ အကြောင်းမသိတဲ့လူဆိုရင် ဘာကျွန်းပြန်လဲဟလို့ ရယ်ကြလိမ့်မယ်၊ ကိုကြီးတင်စိတ်တွေ ဘယ်လိုဖြစ်ကုန်ရတာလဲဗျ'



'ငါပဲရှောင်သွားမယ်ကွာ၊ မလွတ်သာရင် ငါတစ်ယောက်တည်းခံလိုက်ပါ့မယ်၊ မင်းတို့နာမည်မပါစေရဘူးကွာ၊ စိတ်ချပါ'

'ကိုကြီးတင်ကလဲဗျာ အဓိပ္ပာယ်မရှိတာတွေ ပြောနေတယ်၊ ကောင်မလေးက ကျွန်တော်တို့သုံးယောက်ဆိုတာ သိနေမှတော့ ဘယ်လိုလုပ်မပြောဘဲနေလို့ရမှာလဲ၊ ဒီကိစ္စ အစီအစဉ်ပျက်ရုံတင်မကဘူး၊ ခုတော့ အန္တရာယ်က ကိုယ့်ဘက် လှည့်လာနေပြီ၊ နောက်ဆုံး ကျွန်တော်တို့လုပ်ရမှာကတော့ ကိုယ့်လွတ်လမ်း ကိုယ်ရှာဖို့ပဲ ရှိတော့တယ်'

ခေါ်းမဲအေးသိန်းကပြောရင်း ကျော်ခင်၏မျက်နှာကို လှမ်းကြည့်လိုက်သည်၊ ကျော်ခင်က ခေါင်းညိတ်ပြသည်။

'ဟေ့ ကောင်တွေ.... ဟေ့ ကောင်တွေ စဉ်းစဉ်းစားစားလုပ်ကြပါကွာ၊ ငါတောင်းပန်ပါတယ်'

ဦးအေးတင်၏နှုတ်မှ ချောက်ခြားစွာ ပြောလိုက်သောအသံကို ခေါ်းအေးသိန်းနှင့် ပုဏ္ဏကျော်ခင်က မကြားလေတော့၊ နားမထောင်လေတော့၊ သူတို့နှစ်ဦးက ဦးအေးတင်ကို နောက်ဆုတ်ခိုင်းလိုက်ကြပြီတကား။

*   *   *

[ က ]

သူ့ ရင်ဝယ် တဒိတ်ဒိတ် ခုန်နေပြီ၊ စိုးရိမ်ပူပန်စိတ်က တစ်ကိုယ်လုံးကို လွှမ်းခြုံလာသည်၊ ကိုယ် ခန္ဓာ က လည်း ဆောက်တည်ရာမရ ဖြစ်နေသည်။

'မိုးတောင်လင်းလုပါပေါ့လား'

ဦးကျော်မောင်က အပြင်ဘက် လမ်းမဆီကို ငေးမျှော်ကြည့်ရင်း ရေရွတ်လိုက်သည်၊ အရှေ့ဆီမှ ရောင်နီသန်းစပြုလေပြီ။

သူ၏ မျက်လုံးအစုံသည် ကျိန်းစပ်၍ ခေါင်းသည် မူးနောက် ရီဝေရှိလာသည်၊ သည်ညတစ်ညလုံး မအိပ်ရပါကလား။

သူက ညဦးပိုင်းမှစ၍ ဦးအေးတင်ကို မျှော်နေမိသည်၊ ယခု မိုးပင်လင်းတော့မည်၊ သည်လူတစ်ယောက် ဘာ့ကြောင့် မရောက်သေးတာပါလိမ့်။

သူတို့၏ မူလအစီအစဉ်အတိုင်းက ဒီလောက် အချိန်ကြာဖို့ မရှိ၊ ခိုင့်ကို သူတို့တတွေက ခေါ်သွားမည်၊ နောက် သူတို့ စခန်းရောက်သောအခါ ခိုင့်ကို ငွေတောင်းစာ အရေးခိုင်းမည်၊ ထိုစာကို မိမိထံယူလာမည်၊ ချက်ချင်းပင် မိမိက ငွေယူသွားကာ ခိုင့်ကိုရွေးပြီး သူမကို အိမ်ပြန်ခေါ်လာရုံပဲရှိသည်၊ အလွန်ဆုံး ည ၁၂ နာရီမထိုးမီ ခိုင်တစ်ယောက် အိမ်ပြန်ရောက်ရမည်ဖြစ်မည်။



အဆင်သင့်လုပ်ထားသော ငွေစက္ကူထုပ်သဏ္ဌာန် စက္ကူထုပ်များက လွယ်အိတ်ထဲတွင် အသင့်ရှိနေပြီဖြစ်သည်၊ အခက်အခဲတစ်ခုခုများ ရှိနေပြီလား၊ ဒီလိုအနှောက်အယှက် ရှိလာလျှင် ဖုံးဆက်ပြောရန် အစီအစဉ်လည်း လုပ်ထားခဲ့ပြီးပြီ။

ယခု ဖုံးလည်းမဆက်၊ လူလဲမလာ၊ သတင်းလဲမကြား ဖြစ်နေလေပြီကော။

ခိုင့်အတွက် စိုးရိမ်ပူပန်စိတ်သည် အထွဋ်အထိပ်သို့ တက်လာသည်။

သူ့ အကြံအစည် မှားခဲ့လေပြီလား၊ ခိုင့်ကို ချစ်လွန်း၍ ထူးထူးဆန်းဆန်း စိတ်ရူးပေါက် ထွက်ပေါ်လာသည့် အကြံအစည် မှားလေပြီထင်၏။

ထိုစဉ်တွင် အောက်ထပ်ဆင်ဝင်တွင် ကားရပ်သံ ကြားလိုက်ရသည်။

ဦးကျော်မောင် ဝမ်းသာသွားသည်၊ ကိုအေးတင် လာပြီထင်၏၊ ဦးကျော်မောင်က အောက်ထပ်သို့ ဆင်းလာသည်၊ လှေကားတစ်ဝက်လောက်တွင် လှေကားမှ အပြေးတက်လာသော ဘီဘီနှင့် တွေ့လိုက်သည်၊ ကောင်မလေးက မျက်စိမျက်နှာပျက်ပျက်နှင့် ပြောလိုက်သည်။

'အပြင်မှာ...အပြင်မှာ ပုလိပ်တွေရောက်နေပါတယ်'

'ဟာ... ပုလိပ်တွေ ဟုတ်လား'

'ဦးကျော်မောင်က တစ်ကိုယ်လုံး တုန်လှုပ်သွားကာ ခေါင်းနပမ်းကြီးသွားသည်။

'ဟုတ်ပါတယ်၊ လူကြီးနဲ့တွေ့ချင်တို့တဲ့'

'ဟုတ်လား'

'ပုလိပ်တွေတဲ့၊ ဘာဖြစ်လို့ပါလိမ့်၊ ခိုဝ်နဲ့တော့မပတ်သက်ပါစေနဲ့၊ ဘုရား.... ဘုရား ဦးကျော်မောင်က တုန်တုန် လှုပ်လှုပ် ဖြစ်နေသည်။

'ကျွန်မ ဘာပြောလိုက်ရမလဲ ရှင်'

ဘီဘီက အိမ်တံခါးပေါက်ဆီသို့ လည်ပြန်ကြည့်ရင်း မေးလာသည်။

'အေးလေ....ဧည့်ခန်းထဲကို ခေါ်လာခဲ့ပေါ့'

ဦးကျော်မောင်ကပြောရင်း ဧည့်ခန်းရှိ ဆိုဖာတစ်ခုပေါ်တွင် ထိုင်ချလိုက်သည်။

'လာကြပါ....ထိုင်ကြပါ'

အခန်းထဲသို့ ဝင်လာသော ရဲအရာရှိတစ်ဦးနှင့် ရဲသားနှစ်ဦးကို ဦးကျော်မောင်က ဖိတ်ခေါ်လိုက်သည်၊ ရင်ထဲတွင်တော့ တထိတ်ထိတ်ဖြစ်နေမိသည်။

'ဦးကျော်မောင် ဆိုတာ....'

အကြီးအကဲ ဖြစ်ဟန်တူသော ရဲအရာရှိက စကားစလာသည်။

'ဟုတ်....ဟုတ်ပါတယ်၊ ကျော်မောင်ဆိုတာ ကျွန်တော်ပါ....'

'ကျွန်တော်တို့က ရန်ကင်းရဲဌာနကပါ၊ ဒီနေ့ မိုးလင်းပိုင်း ပတ်တရောင်လှည့်ရင်း အင်းလျားကန်စောင်းမှာ မိုးပြာရောင် ဖီးယက်ကားကလေးတစ်စီး ရပ်ထားတာတွေ့လို့ စစ်ဆေးကြည့်တော့....'



ပုလိပ်အရာရှိက စကားဖြတ်ကာ ဦးကျော်မောင်မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

'ဟုတ်ကဲ့....ပြောပါခင်ဗျာ'

ဦးကျော်မောင်၏ အသံက ပုံမှန်အဆင့်ပင် မရှိလှတော့၊ စိုးရိမ်မှုအရိပ်အရောင်များက မျက်နှာပေါ်တွင် ပေါ်လာနေသည်။

'ကျွန်တော်တို့ စစ်ဆေးကြည့်တော့ ကားမောင်းလာသူဟာ ကားကို အန္တရာယ်တစ်ခုခုကြောင့် စွန့်ထားခဲ့ပုံရတယ်၊ ပုံမှန်အနေအထားမှာ မရှိဘူး၊ ဒါနဲ့ ကားလိုင်စင်ကိုကြည့်တော့ ဦးကျော်မောင်အမည်နဲ့ ဒီအိမ်လိပ်စာကိုတွေ့လို့ လိုက်လာတာပါ'

'ဟင်...ဟုတ်လား၊ အဲဒါ.... အဲဒါ....ကျွန်တော့်မိန်းမရဲ့ကားပါ၊ ညဦးပိုင်းက မောင်းထွက်သွားပြီး ယခုအချိန်အထိ ပြန်မရောက်လို့ ကျွန်တော် ထိုင်စောင့်နေဆဲပါ ခင်ဗျာ'

ဦးကျော်မောင်ကပြောရင်း ညဦးပိုင်းက ခိုင့်ကိုဖမ်းဆီးခေါ်ဆောင်သွားခြင်းကိစ္စဖြစ်သော ပထမအဆင့် အောင်မြင်သွားပြီကို စဉ်းစားမိသည်၊ နောက်ပိုင်းအဆင့်က ဘာဖြစ်နေလို့လဲ'

'ကျွန်တော်....ကျွန်တော်....ဘာဆက်လုပ်ရပါမလဲ'

ဦးကျော်မောင်က မေးသည်။

'ကားရပ်ထားတဲ့ ပုံစံအနေအထားက မသင်္ကာစရာရှိနေပါသေးတယ်၊ ကျွန်တော်တို့ ကားရဲ့ပတ်ဝန်းကျင်ကို အသေးစိတ် စစ်ဆေးရပါဦးမယ်၊ ဒီက ဦးကျော်မောင်ကတော့ ဇနီး

ပျောက်ကြောင်းကို ဌာနမှာလာပြီး တိုင်ချက်ဖွင့်ပေးပါ၊ ကျွန်တော်တို့ ဆက်လုပ်ပါ့မယ်'

'ကောင်းပါပြီဗျာ....ကောင်းပါပြီ'

* * *

[ ခ ]

မာစီဒီးကားနက်ကြီး ခြံထဲက မောင်းထွက်သွားသည်။

ဦးအေးတင်က ဝေးသွားပြီဖြစ်သော ကားကြီးကို ငေးကြည့်နေရင်း စိတ်ရှုပ်သွားသည်၊ ကားမောင်းသွားသူက ဆရာဦးကျော်မောင်ကိုယ်တိုင်ပါလား၊ ဘာကိစ္စများ ပေါ်နေပြီလဲ။

ဦးအေးတင်က အတွေးပေါင်းစုံဖြင့် တိုက်ပေါ်သို့ တက်သွားသည်၊ ဘီဘီက တံခါးလာဖွင့်ပေးသည်။

'ဟဲ့......ဘီဘီ၊ ဆရာဘယ်သွားတာလဲ'

ဦးအေးတင်က မေးလိုက်သည်။

'ဟွာင်....ဦးလေး မသိသေးဘူးလား'

'ဘာကို သိရမှာလဲဟ'

'စောစောက ပုလိပ်တွေ လာသွားသေးတယ်'

'ပုလိပ်တွေ....'

ဦးအေးတင် လန့်သွားသည်။



'မမခိုင် ညက ပျောက်နေတယ်၊ ပြန်မလာဘူး၊ နောက်ပြီး ကားကိုလဲ အင်းလျားမှာ ပြန်တွေ့တယ်ဆိုလားပဲ'

'ဟုတ်လား၊ နောက် ဘာတွေကြားသေးလဲ'

'နောက်တစ်ခုက လူပျောက်မှုနဲ့ တိုင်ချက်ဖွင့်ပါလို့ ပုလိပ်က ပြောတာကို ကြားရတယ်၊ နောက်တော့ ကော်ဖီဝင်ဖျော်နေလို့ ဘာမှ မကြားတော့ဘူး'

'ဟင်း....'

ဦးအေးတင်က သက်ပြင်းချလိုက်မိသည်။

ယခု ဆရာထွက်သွားသည်မှာ ရဲဌာနတွင် တိုင်ချက်သွားဖွင့်ခြင်းသာ ဖြစ်ချိမ့်မည်။

ဦးအေးတင်သည် သည်ညအဖို့ တစ်မှေးလောက်ပင် မမှေးရသေးသဲဖြင့် မျက်စိတွေ ကျိန်းစပ်နေမိသလို လူရောစိတ်ပါ အနားမယူရသေးသည်မို့ နွမ်းနယ်ထိုင်းမှိုင်းမှုက တစ်ကိုယ်လုံးကို ကြီးစိုးနေသည်။

ဒါပေမယ့် သူက နားဖို့ကို မစဉ်းစားနိုင်ပါ၊ လမ်းမတော်ကားစတင်းမှ ငှားထားသော ဘောက်ဆော ကားနက်ပိုင်ရှင်သို့ ပြန်အပ်ပြီး အင်းလျားလမ်းအိမ်သို့ ပြန်လာသောအခါ ဦးကျော်မောင်နှင့် လွဲနေရသည်၊ ပို ဆိုး သည် က ဦးကျော်မောင်က ရဲဌာနတွင် တိုင်ချက်သွားဖွင့်နေခြင်းပင်။

ဒီအတိုင်းဆိုလျှင် မိမိတို့အဖို့ မလွယ်တော့ပြီ။

မိမိ လုပ်ရမည့်အလုပ်က ဒီနေရာမှ ရှောင်နေရန်ပင် မဟုတ်ပါလား၊ ချက်ချင်းပင် ဦးအေးတင်က သူ့အိပ်ခန်းသို့ ပြန်

ကဲ့သ ဇနီးဖြစ်သူကို မှာကြားစရာများကိုမှာကာ ပြန်လည်ထွက်ခွာသွားသည်။

သို့သော် ဦးအေးတင်အဖို့ ဦးတည်ချက် ရည်ရွယ်ချက်ကတော့ လုံးဝမရှိလေသေး၊ မစဉ်းစားမိသေး၊ သူသိသည်က ရာဇဝတ်ဘေး လွတ်အောင် ပြေးရန်သာတည်း။

* * *

[ ၈ ]

ရဲဌာနအုပ် ဦးခင်မောင်စိုးက ဘားမားစတိတ် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိ၍ အားပါးတရ ဖွာရှိုက်လိုက်သည်။

နောက် သူ့စားပွဲရှေ့တွင် ထိုင်နေသော အမှုလိုက်အရာရှိ ကံထူးကို လှမ်းကြည့်လိုက်သည်။

'ဒီအမှုမှာ ထူးခြားချက်အပြင် မင်း ဘာတွေသတိထားမိသလဲ'

ဌာနအုပ်က သူ၏ အမှုလိုက်အရာရှိကို မေးလိုက်ခြင်းဖြစ်သည်။

'အမှုကြီးတစ်ခုခုတော့ ဖြစ်ရမယ်လို့ မှန်းမိတယ် ဆရာ'



'ဟုတ်တယ်ကံထူး၊ အမှုကြီးပဲဖြစ်နိုင်တယ်၊ ပြန်ပေးမှု၊ မုဒိမ်းမှု၊ လူသတ်မှု စတဲ့ သမရိုးကျအမှုကြီးတွေအပြင် အိမ်ထောင်ရေးရှုပ်ထွေးမှုကစတဲ့ ရာဇဝတ်မှုမျိုးလဲ ဖြစ်နိုင်တယ်'

'ဟုတ်တယ် ဆရာ၊ ဦးကျော်မောင်က အသက် ၄၅-နှစ်၊ ကောင်မလေးက ၂၅-နှစ်ဆိုတာလဲ သတိပြုမိလိုက်တယ်'

ကံထူးက သူ့ထင်မြင်ချက်ကို တင်ပြလိုက်သည်။

'စောစောက ဦးကျော်မောင်ရဲ့ တိုင်ချက်ကို ပြန်ဖတ်ကြည့်စမ်းကွာ'

ဌာနအုပ်ကပြော၍ ကံထူးက အမှုတိုင်ချက်စာအုပ်ကို လှန်လိုက်သည်။

'အခင်းဖြစ်သည့်နေ့ ငါးနာရီခန့်တွင် ဖုန်းလာသဖြင့် ကျွန်တော်နားထောင်ရာ ယောကျ်ားသံဖြစ်၍ ခိုင့်ကိုမေးခြင်းဖြစ်သည်၊ ထိုသူမှာ နေ့စဉ်း သတင်းစာတိုက်မှ အယ်ဒီတာ ကိုအောင်သူဖြစ်ကြောင်း သိသည်၊ ခိုင့်ကို ခေါ်ပေးသည်၊ ဖုန်းပြောပြီးသောအခါ ခိုင်က အရေးတကြီးကိစ္စရှိသည်ဟု ပြောကာ ကားဖြင့် ထွက်သွားသည်၊ ထိုအချိန်မှစ၍ ခိုင် ပြန်မလာပါ'

'အေး....ဟုတ်ပြီ၊ တော်တော့'

ဌာနအုပ်ကပြော၍ ကံထူးက ရပ်လိုက်သည်။

'ဒီမှာ အမျိုးသမီးနဲ့ နောက်ဆုံးဆက်သွယ်တာ ကိုအောင်သူနော်၊ သူဟာလဲ ဂရုပြုရမယ့် လူတစ်ယောက်ပဲ၊ နောက်ပြီး ဦးကျော်မောင်စကားထဲမှာ လဲ့လဲ့ခိုင် အလည်အပတ်များ သွားပုံ၊ ကိုအောင်သူနှင့် မကြာခဏတွေ့ပုံတွေကို အဓိကထား

ပြောသွားတာ တွေ့ရတယ်၊ ဒီတော့ ဦးကျော်မှောင် လဲ့လဲ့ ခိုင်တို့ရဲ့ အိမ်တွင်းရေး၊ သူတို့လင်မယားနဲ့ ကိုအောင်သူ့ အတွင်းရေး၊ ဆက်ဆံရေးတွေကို ဂရုပြုစိစစ်ကြည့်ပါ'

ဌာနအုပ် ဦးခင်မောင်စိုးက စကားကိုရပ်ကာ စီးကရက် တစ်လိပ်ထုတ်၍ မီးညှိလိုက်ပြန်သည်။

'လဲ့လဲ့ခိုင်ဟာ အိမ်ကစိတ်ဆိုးထွက်သွားတာ၊ ကိုယ့်ကိုယ် ကိုယ် သတ်သေတာဆိုတဲ့ ပုံစံမျိုး မတွေ့ရဘူး၊ ပြန်ပေးဆွဲ တာဆိုရစ် ငွေတောင်းစာ ရောက်မှာပဲ၊ လူသတ်မှု၊ မုဒိမ်းမှု ဆိုရင် ကားတွေတဲ့ နေရာမှာ အသေးစိတ် စစ်ဆေးရမယ်၊ အထူးသဖြင့် အင်းလျား အလယ်ကျွန်းလို နေရာမျိုးပေါ့၊ ဒါမှမဟုတ်လဲ အိမ်ထောင်ရေးပြဿနာမျိုး ဆိုရင်တော့ နည်း နည်း ရှုပ်နိုင်တယ်'

'ဟုတ်ကဲ့ဆရာ'

အမှုလိုက်အရာရှိ ကံထူးက ဆရာဖြစ်သူ၏ ဩဝါဒကို မှတ် သားနေသည်။

'ဘယ်လိုဖြစ်ဖြစ်ကွာ၊ ခေါင်းစေ့အောင်လိုက်၊ မြင်အောင် ကြည့်ရင် ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူး'

ဌာနာအုပ်က သူ့ဩဝါဒကို နိဂုံးချုပ်လိုက်သောအခါ အမှုလိုက်ကံထူးက ဌာနာအုပ်ကို အလေးပြု၍ ထွက်ခွာသွား သည်။

'ဒီမှာ စာရေးကြီး'

အမှုလိုက် ထွက်သွားသောအခါ ဌာနာအုပ်က ... ါတ် စာရေးကြီးဘက်ကို လှည့်လိုက်သည်။



မြောက် မွေးနေ့ဖြစ်သည်၊ သမီးက မွေးနေ့ကို ကျောင်းတွင် လုပ်လိုသည်ဟု ဆိုလာသည်။

ထို့ကြောင့် သမီး သူငယ်ချင်းများအတွက် လက်ဆောင် ပေးရန် ကစားစရာကလေးများ၊ စားစရာ မုန့်များကို အသင့် ဝယ်ချမ်း ပြင်ဆင်ထားခဲ့ပြီးဖြစ်သည်။

အေးနှင့်ကိုအောင်က သူ့ပစ္စည်းများကိုယူကာ ၁၀-နာရီ ခွဲလောက်တွင် သမီးကျောင်းသို့ လာခဲ့မည်ဟု မှာလိုက်သည်၊ သမီးလေးကတော့ မနက်ထဲက ကျောင်းကားနှင့် သွားနှင့်ပြီ ဖြစ်သည်။

မောင်က သတင်းစာတိုက် ခဏသွားမည်၊ တိုက်မှ ကား ကို ခဏယူလာမည်၊ နောက် ကားဖြင့် သမီးကျောင်းကို သွား ကြမည်ဟုပြောကာ တိုက်သို့ ထွက်သွားသည်။

'အေးရေ.... မောင်နာရီဝက်ထက် ပိုပြီးမကြာဘူးနော်.... အေး အဆင်သင့် လုပ်ပ်ထား'

ထိုသို့ပြောကာ ထွက်သွားသော မောင်တစ်ယောက် တစ် နာရီကျော်ပြီဖြစ်သော်လည်း ရောက်မလာသေး၊ သမီးကလေး ကတော့- မျှော်နေရှာပေတော့မည်၊ မောင် အလုပ်ရှိနေလို့ လား၊ ကားပဲ စောင့်ယူနေလို့လား။

အေးက နာရီကိုကြည့်ရင်း အတွေးကြွယ်နေမိသည်၊ ထိုစဉ် တွင် တစ်စုံတစ်ခုကို စဉ်းစားမိသဖြင့် မျက်နှာ ညှိုးသွားပြန် သည်၊ ခု တစ်လော မောင်တစ်ယောက် ကြည့်ရသည်မှာ- အပြင်ထွက် အလုပ်ရှုပ်နေတတ်သလို အိမ်ပြန် နောက်ကျမြဲ ဖြစ်သည်။

သည့်ပြင် မောင့်ကို မိန်းကလေး တစ်ယောက်နှင့် ဘယ်မှာ တွေ့သည်၊ မိုးပြာရောင် ကားထဲတွင် မိန်းကလေးတစ်ယောက်နှင့် တွဲသွားတာတွေ့သည် စသော သတင်းစကားကလည်း ကြားရသည်၊ မိန်းကလေးသည် ခိုင်ပဲ ဖြစ်မည်ကို 'အေး' တွေးမိခဲ့သည်၊ သို့သော် ရင်ထဲမှ ခံစားမှုကို အပြင်မထွက်အောင် ထိန်းချုပ်နေခဲ့ရ၏။

မောင်သည် အသိဉာဏ် ရင့်သန်သော သူတစ်ယောက် ဖြစ်၏၊ ဇနီးကိုလည်းကောင်း၊ သမီးကိုလည်းကောင်း၊ သည်အိမ်ထောင်ကိုလည်းကောင်း ချစ်ခင် တွယ်တာလွန်းသူ ဖြစ်၏၊ မဟုတ်တာတော့ မလုပ်တန် ကောင်းလေပါ။

အကယ်၍ မောင်သည် တစ်စုံတစ်ခုလုပ်မိသည် ဆိုစေဦးတော့ တစ်နေ့ အမြင်မှန်ရလာပါလိမ့်မည်၊ သည်အကြောင်း သည်အတွေးတွေ ဝင်လာတိုင်း အေးတစ်ယောက် စိတ်ရှုပ်ဝမ်းနည်းရမြဲပင်။

ယခုတော့ မောင်တစ်ယောက် ခိုင်နှင့်တွေ့လို့များ လိုက်သွားလေသလား၊ အေးတစ်ယောက် မောပန်းစွာ သက်ပြင်းချလိုက်သည်။

ထိုစဉ် အိမ်ရှေ့လမ်းမပေါ်မှ ကားရပ်သံ ပေါ်လာသည်၊ အေးက ပြူတင်းပေါက်မှ လှမ်းကြည့်လိုက်သည်၊ မောင်တို့ သတင်းစာတိုက်မှ ကားကလေးက ရပ်နေသည်။

'ဟော....မောင်လာပြီ'



အေးက တံခါးကို အပြေးကလေး သွားဖွင့်သည်၊ နောက် ားပွဲပေါ်မှ သမီးမွေးနေ့အတွက် ပြင်ဆင်ထားသော ပစ္စည်း င်းနှစ်ခုကို သွားယူလိုက်သည်။

'ဟာ.... အန်ကယ်'

အေးက တအံ့တသြ ရေရွတ် လိုက်မိသည်၊ တံခါးဝတွင် တာ့ မောင့်ဆရာဖြစ်သည့် အယ်ဒီတာချုပ်က ရပ်တန့်လျက် နေသည်။

'ကြွ.... အန်ကယ် အိမ်ထဲဝင်ပါ၊ အေးက မောင်လာ ယ်မှတ်လို့'

အေးက လက်ထဲမှ ပစ္စည်းများကို စားပွဲပေါ်သို့ တင်ရင်း က်ပြုံးဖြင့် ပြောလိုက်သည်။

'တူမကြီး အေးကို စကား တစ်ခွန်း ပြောစရာ ရှိ တယ် ယ်....'

'ရှင်....'

အယ်ဒီတာချုပ်က ခရီးရောက်မဆိုက် ပြောလိုက်သော ကားကြောင့် အေးတစ်ယောက် ဇဝေဇဝါ ဖြစ်သွားမိသည်။

'ဒီလိုကွဲ့....တူမကြီးရဲ့၊ မနက်က မောင်အောင်သူ သတင်း ာတိုက်ရောက်ချိန်မှာ ရဲတွေရောက်လာတယ်၊ စစ်ဆေးစရာ တယ်ဆိုပြီး ခေါ်သွားကြတယ်ကွဲ့၊ အမှုတစ်ခုနဲ့ ပတ်သက် နေတယ်ဆိုတာပဲ ပြောသွားခဲ့တယ်'

'ရှင်....'

ဦးခေါင်းပေါ်သို့ မိုးကြိုးပစ်ခံလိုက်ရသည့်ပမာ မူးမိုက် ွားသည်။

တခဏ်မျှ ရှုးသွပ်ခဲ့ရသူပမာ အေးက ဆောက်တည်ရာမ
ဖြစ်သွားသည်။

'အန်ကယ်လဲ ဒီကိစ္စကိုလိုက်နေတယ်၊ စိတ်အေးအေးထာ
ပါ တူမကြီး'

အယ်ဒီတာချုပ်အသံကိုလည်း မကြားတော့၊ သူမ၏
မျက်လုံးအစုံက ဝေဝါးနေရာမှ မှုန်ဝါးအေးကျခဲ့ရလေ
တည်း။

* * *

[ က ]

တစ်ပတ်နီးပါးခန့်မျှ ငုတ် လျှိုး ပျောက် ကွယ် နေ သေ
နေဝန်းကြီးက သည်နေ့မှ မျက်နှာပြလာသည်၊ သူ၏ ဓ
နွေးသော ရောင်ခြည်နုနုက လောကတစ်ခွင်လုံးကို ဓ
မိုက်စေပြုံနေပြီ။

ကျောင်းရှေ့ ပန်းခြံထဲတွင် ကစားနေကြသော ကလေးငေ
တို့၏ အသံညံစာစာလေးများက ကျောင်းပေါ်သို့ပင် ပျံ့လွ
လျက်ရှိနေသည်။

တစ်ပတ်ခန့်မျှ ရာသီဥတုမကောင်း၍ ကျောင်းပေါ်တ
သာ ကစားခွင့်ရနေသော ကလေးငယ်များအဖို့ ဒီနေ့ ပန်း
ထဲတွင် ပြေးလွှားခုန်ပေါက် ဆော့ကစားနေရသဖြင့် ပျော်
မြူးနေမိကြသည်။



ချိုသဲရေအး....။

သူမက ကျောင်းဝရန်တာမှရပ်ရင်း သူငယ်ချင်းများ
ပျော်ရွှင်နေသည်ကို ငေးကြည့်နေရာမှ လမ်းမဘက်သို့ မျက်နှာ
လိုက်သည်၊ လမ်းမပေါ်တွင်တော့ ရေခဲချောင်းသည်လေး
စ်ဦးမှလွဲ၍ ကားရောလူပါ ရှင်းလင်းနေသည်။

'ဖေဖေကြီးလာ ဆိပ်ကြာတာပဲ'

ချိုသဲအေးက တီးတိုးရေရွတ်ရင်း နှုတ်ခမ်းလေးစူသွားမိ
သည်၊ သည်နေ့ ဖေဖေကြီးနှင့် မေမေ့ကြီးက သူမကျောင်းသို့
ယ်ိုက်လာကာ ကျောင်းသား၊ ကျောင်းသူအားလုံးကို လက်
ဆောင်ကလေးများပေး၍ မုန့်တွေကော်ကော်များ ဝေငှမည်
ဖြစ်သည်။

သူမ၏ မွေးနေ့ကို ချိုသဲအေး စောင့်ရတာကြာပြီ၊ မကြာမီ
သူငယ်ချင်းတွေကို လက်ဆောင်ပစ္စည်းများ၊ မုန့်တွေများ
လက် ဆောင် ပေး မည်၊ သူငယ်ချင်းများက သူမအတွက်
ဆုတောင်းပေးကြမည်၊ ဘယ်လောက် ပျော်စရာကောင်းလိုက်
မည်နည်း။

မွေးနေ့မရောက်မီ တစ်လလောက်ကပင် သူငယ်ချင်းများ
ကို သူမ၏ မွေးနေ့လာလုပ်မည်ဟု ကြိုတင်ပြောထားသည်၊
သူငယ်ချင်းတွေကလည်း ဝမ်းသာကြသည်၊ သည့်လိုနှင့် ကလေး
တွေက တစ်ယောက်မွေးနေ့တစ်ယောက် မျှော်တတ်လေပြီ။

'ချိုသဲအေး....နင့်တို့ဖေဖေက မလာသေးဘူးလားဟယ်'

ချိုသဲအေးတစ်ယောက် သူမ၏ ဖေဖေ၊ မေမေကို မျှော်နေစဉ်တွင် သူငယ်ချင်းဖြစ်သူ သီဂီလှိုင်က မေးလိုက်ခြင်းဖြစ်သည်။

'တို့ ထမင်းမစားမီ လာမှာပါဟယ်'

ချိုသဲအေးက ဖြေကြားရင်း လမ်းမဘက်သို့ ကြည့်နေမိသည်၊ ကျောင်းသို့လာသူများ သည်လမ်းကလာတတ်သည် မဟုတ်ပါလား။

'တို့အဖို့ ဘာလက်ဆောင်တွေ ပေးမှာလဲဟင်'

တင်မိုးနွယ်က မေးသဖြင့် ချိုသဲအေး၏ မျက်လုံးထဲတွင် အိမ်ရှေ့ဗီရိုပေါ်မှ လက်ဆောင်ထုပ်ကလေးများကို ပြန်လည်မြင်ယောင်လာမိသည်။

'ချောအလက်တွေ၊ သကြားလုံးတွေ၊ ဘီစကွတ်မုန့်တွေ၊ နောက်ပြီး ကစားစရာ အရုပ်ကလေးတွေကလဲ မျိုးစုံပါတယ်၊ သိပ်လှတာပဲဟယ်'

ချိုသဲအေးကပြောရင်း မျက်နှာကလေး ရွှင်လန်းလာသည်။

'အေးဟယ်....နင့်ဖေဖေကလဲ သိပ်ကြာတာပဲ'

'ငါ့မွေးနေ့လုပ်တုန်းက ဒီအချိန်လောက်ဆိုရင် ဖေဖေနဲ့ မေမေက ရောက်နေပြီ'

မြင့်သူမာကလေးက စိတ်မရှည်သလို ပြောလိုက်သည်။

တကယ်တော့ ဒီနေ့ ချိုသဲအေး မွေးနေ့လုပ်မည်ဆိုသဖြင့် သူတို့တတွေက တမျှော်မျှော် ဖြစ်နေကြရသည် မဟုတ်ပါလား။



သူများတွေ မွေးနေ့လုပ်စဉ်က သည်အချိန်ဆိုလျှင် အစုံအညီ ရှိနေပြီ၊ ယခု ချိုသဲအေး မွေးနေ့ကျမှ ကြာနေသဖြင့် စိတ်မရှည်ဖြစ်နေမိကြသည်။

'အလကားပါဟယ်၊ ချိုသဲအေးက နင်တို့ကို ညာနေတာပါ၊ သူ့မွေးနေ့ကို သူ့အဖေအမေတွေက လုပ်ပေးမှာမဟုတ်ပါဘူး'

သုံးသီးစက်ဘီးကို လှည့်ပတ်စီးရင်း အနီးရောက်လာသော မျိုးကိုကိုက ဝင်ပြောလိုက်သည်။

ထိုစကားက ချိုသဲအေးကို တွန့်ခနဲ ဖြစ်သွားသည်၊ ချက်ချင်းပင် မျိုးကိုကို့ကို ရင်ဆိုင်သည်။

'နင်က ဘာသိလို့လဲ၊ တကယ်လုပ်မှာပေါ့ဟဲ့၊ ဒီမှာကြည့်ပါလား၊ ငါ့မွေးနေ့ဝတ်ဖို့ ဖေဖေကြီးဝယ်ပေးတဲ့ အင်္ကျီအသစ်ကိုတောင် ဝတ်လာတယ်'

ချိုသဲအေးက သူမကိုယ်ပေါ်မှ ကြကြွရွရွနှင့် လှပနေသော ဂါဝန်အသစ်ကလေးကိုပြရင်း မခံချင်စိတ်ဖြင့် ပြန်ပြောသည်၊ သူမနှုတ်ခမ်းကလေးကလည်း စူသွားသည်။

ထိုစဉ်တွင် သံချောင်းခေါက်သံတင်ချက် ထွက်ပေါ်လာသည်၊ နံနက်စာစားရန် အချက်ပေးသော ထမင်းစားခန်းမှ တီးခတ်လိုက်သည့် သံချောင်းသံပင် ဖြစ်သည်။

ပန်းခြံထဲတွင် ကစားနေသော ကလေးများက ထမင်းစားခန်းသို့ စနစ်တကျ တန်းစီတက်လာသည်၊ ချိုသဲအေးကတော့ ထမင်းစားပွဲကို နောက်ဆုံးမှဝင်လာသလို အရင်ဆုံး ထွက်သွားခဲ့သည်။

သူမအဖို့ ထမင်းပင်စား၍မဝင်လေပြီ၊ မျက်လုံးထဲတွင်တော့ ဖေဖေကြီးမျက်နှာ၊ ဖေဖေ့ လှုပ်ရှားမှုနှင့် ညှိုးခန်းဗီရိုပေါ်မှ မွေးနေ့လက်ဆောင် အရုပ်ကလေးများက အစီအရီပေါ်လာသည်။

'ဖေဖေကြီးက သိပ်ကြာတာပဲ'

ချိုသဲအေး ငိုချင်လာသည်၊ ဝမ်းနည်းစိတ်က ရင်ထဲဝယ် တလိမ့်လိမ့်တက်လာသည်။

နောက် ကျောင်းဝရန်တာသို့ထွက်၍ လမ်းမဘက်သို့ မျှော်နေမိပြန်သည်၊ သူမ၏ မျက်လုံးအိမ်ထဲတွင်တော့ မျက်ရည်ကြည်ကလေးတွေက ရစ်ဝဲနေကြလေပြီ။

'ညာတယ်....ညာတယ်... ချိုသဲအေးလေးညာတယ်'

နောက်မှ အော်လိုက်သောအသံကြောင့် ချိုသဲအေးက ရန်တွေ့ရန် နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်၊ သို့သော် အော်၍စလိုက်သောကောင်ကလေးက မရှိတော့၊ ထွက်ပြေးသွားပြီ ဖြစ်သည်။

'ဟုတ်တယ်.... တကယ်သူ့အိမ်က မွေးနေ့လုပ်ပေးမယ်ဆိုရင် လာမှာပေါ့နော်'

'အေးလေ....တို့ပဲ အိပ်ချိန်ရောက်တော့မယ်၊ ခုတောင် သူ့အဖေ အမေက မလာသေးဘူးဆိုတော့ ချိုသဲအေး ညာတာဖြစ်မှာပါဟယ်'

သူမနှင့် မလှမ်းမကမ်းမှနေ၍ သူမဘက်ကြည့်ကာ ပြောနေသော အသံများက ချိုသဲအေး၏ ရှင်လန်းတက်ကြွနေသော



မျက်နှာလေးကို ရုတ်ခြည်း ညှိုးနွမ်းသွားစေခဲ့သည်၊ ဝမ်းနည်းမှုက သူမအပေါ်ဝယ် တစ်စတစ်စ ဖိစီးလာသည်။

'ညာတယ်... ညာတယ်.... ချိုသဲအေးလေး ညာတယ်'

ကောင်လေးတစ်ယောက်၏ အသံက မလှမ်းမကမ်းမှ ထွက်ပေါ်လာပြန်သည်၊ သည်တစ်ခါတော့ ချိုသဲအေး ရန်မတွေ့နိုင်တော့၊ သူမမျက်လုံးအိမ်ထဲမှ မျက်ရည်ပေါက်တို့က တလိမ့်လိမ့် ကျဆင်း နေပါလေပြီတည်း။

*　*　*

[ ခ ]

'ထမင်းထုပ်ရမယ်၊ ထမင်းထုပ်ရမယ်'

'ဆီထမင်း၊ ငါးကြော်ရမယ်'

ပဲခူး ဘူတာရုံအတွင်း၌ ဈေးသည်ကလေးများ၏ အော်ဟစ်ရောင်းချသံနှင့် ခရီးသည်တို့၏ စီစီညံညံအသံက ဘူတာရုံတစ်ခုလုံးကို လွှမ်းခြုံ နေသည်။

'ဒီမှာကွယ်၊ ရထားက ဘယ်အချိန်ဝင်မှာလဲ'

သီလရှင် ဆရာကြီး ဒေါ်သီလစာရီက အနီးမှ ဖြတ်သွားသော ဘဲဥသည်ကလေးကို လှမ်းမေးလိုက်သည်။

'လာပါတော့မယ်၊ ခါတိုင်းဒီအချိန်ဆိုရင် ဝင်နေကျပဲ၊ ဒီနေ့မှ နောက်ကျနေတာပါ'

ဘဲဥသည်ကလေးက ပြောရင်း ဆက်လျှောက်သွားသည်၊ ရထားနောက်ကျသဖြင့် ခရီးသည်များ၏ မကျေမနပ် ညည်းညူသံများက ဆူညံလာပြန်သည်၊ ထိုစဉ် ခရီးသည်များ လှုပ်လှုပ်ရှရှ ဖြစ်သွားသည်။

'ရထား ဝင်လာပြီဟေ့'

တစ်စုံတစ်ယောက်က အော်ပြောလိုက်သည်၊ ည ၁၀-နာရီ တိတိတွင် အဆန်အမှတ်-၄၁ မန္တလေး-ရန်ကုန် ရထားကြီးက ပဲခူးဘူတာသို့ အရှိန်သတ်ကာ ဝင်ရောက်လာပြီဖြစ်သည်။

သီလရှင်ဆရာကြီးက လက်ထဲမှအိတ်ကလေးကို ဆွဲကိုင်ကာ ရထားအနီးသို့ ကပ်လာသည်။

'ဟေ့ .... ဒီမှာ လူရှိတယ်ကွ'

'ငါလဲ ပိုက်ဆံပေးစီးတာပဲ၊ ထိုင်တယ်ကွာ'

'မင်း ဗိုလ်ကျသလား၊ ကဲဟာ'

'ဟေ့ .... ဟေ့ .... မလုပ်ကြနဲ့ .... လွန်ကုန်မယ်၊ ဆွဲကြပါဦး.... ဟေ့ .... ဆွဲကြပါဦး'

ဒေါ်သီလစာရီက အနီးရှိ ရထားတွဲပေါ်သို့ တက်မိသည်နှင့် ထိုင်ခုံနေရာလေးအတွက် ခရီးသည်အချင်းချင်း၊ အချင်းများ၍ ဒေါမာန်ပွားနေကြသည်ကို တွေ့လိုက်ရသည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်း ဟူသော ဗြဟ္မစိုရ်တရားလေးပါးသည် ဤလူသားတို့ကြားဝယ် ပျောက်ကွယ်ကုန်ကြပြီထင်၏၊ သီလရှင်ကြီးက ညည်းညူရင်း ထိုတွဲမှဆင်း၍ အခြားတွဲ ပြောင်းသော်လည်း နေရာလပ်မရှိ၊ လူမရှိ



သော ခုံလွတ်များတွင် ပစ္စည်းတင်၍လည်းကောင်း၊ အိပ်၍လည်းကောင်း နေရာယူထားကြသည်။

ထို ခရီးသည်များကား- နေရာပိုယူကာ တစ်ညလုံး အိပ်လိုက်သွားကြရန် ဖြစ်သည်၊ နေရာမရသူများက ခုံများကြားတွင် ဖြစ်သလိုထိုင်ကြရသည်၊ ဒေါ်သီလစာရီက တစ်တွဲပြောင်းရပြန်သည်။

ရထားတွဲထဲတွင် နေရာတစ်ခုလောက်ကို တွေ့လိုတွေ့ငြား ရှာရသည်၊ အသက်အရွယ် ကြီးရင့်နေပြီ ဖြစ်သည့် သီလရှင်ကြီးမှာ သည်ခရီးရှည်ကြီးအတွက် သက်သက်သာသာ ထိုင်သွားရန် နေရာတစ်ခုကတော့ လိုနေသည်၊ သွားရမည့် ခရီးကလည်း ပျဉ်းမနား အထိ ဖြစ်သည်၊ ရထားက ဒီည တစ်ညလုံး မောင်းကာ သွမ်းခံဝင်ချိန်လောက်မှ ပျဉ်းမနားကို ရောက်မည်။

'ဟော.... တစ်နေရာပါလား'

ဒေါ်သီလစာရီက ဝမ်းသာသွားသည်၊ ခုံနေရာက လူမရှိသော်လည်း သေတ္တာတစ်လုံး တင်ကာ နေရာယူထားသည်။

'ဒီမှာ သူငယ်ရယ်.... ဒီခုံလူမရှိရင် ဆရာလေးထိုင်ပါရစေကွယ်'

သီလရှင်ကြီးက ခုံစွန်းတွင် ထိုင်နေသော လူရွယ်ကို တောင်းပန် တိုးလျှိုးရသည်။

'ဒါ...ကျွန်တော့်နေရာ မဟုတ်ပါဘူး၊ ခရီးသည် တစ်ယောက်က သေတ္တာချပြီး နေရာယူထားတာပါ၊ ဟိုတွဲမှာ လူကဲ့နေတဲ့ သူ့မိန်းမဆီ သွားနေတာပါ'

'ဒီလိုဆိုလဲ ဆရာလေး ခဏ ထိုင်ပါရစေကွယ်၊ ခုံပိုင်ရှင် လာရင် ထပေးပါ့မယ်နော်'

ဒေါ်သီလစာရီက အတင်းကပ်ပြောနေသည်မို့ လူရွယ်က သေတ္တာကို ခုံနှစ်ခုံကြားသို့ ချပေးလိုက်သည်။

'ကျွန်တော်နဲ့ မဆိုင်ဘူးနော်၊ ခုံပိုင်ရှင်လာရင် ဆရာလေးကိုယ်တိုင်ရှင်းနော်'

လူရွယ်က ပြောလိုက်သေးသည်၊ သီလရှင်ကြီးက ခုံနေရာ ရသော်လည်း စိတ်မအေးနိုင်၊ ပိုင်ရှင်ရောက်လာသော် နေရာ ပျောက်ချေဦးမည်။

ထိုစဉ် ရထားတွဲကြီးက ငြိမ့်ခနဲဖြစ်သွားသည်၊ ၄၁ - အဆန်ရထားကြီးက ပဲခူးဘူတာမှ ထွက်ခွာလေပြီ၊ ရထား ထွက်သွားပြီးဖြစ်သော်လည်း ရထားတွဲတွင် ခရီးသည်များ ဖြင့် ပိတ်ကြပ်နေသဖြင့် ပူလောင်အိုက်စပ်မှုဝေဒနာ၏ ဖိစီး မှုကို ခံစားနေကြရသည်။

'အင်း...ငရဲအိုးထဲဝင်နေရသလို ပူလောင်နေတာပဲ'

ခရီးသည် ယောကျ်ားကြီး တစ်ယောက် ညည်းညူလိုက် သည်။

စောစောက သူ့နေရာ ဝင်ထိုင်လိုက်သော လူငယ်တစ် ယောက်ကို ထိုးမည်၊ ကြိတ်မည်၊ တကဲကဲဖြစ်နေသောသူ ဖြစ် ကြောင်း ဒေါ်သီလစာရီက သတိပြုခဲ့မိသည်။



သူ့စကားကြောင့် ဒေါ်သီလစာရီက မသိမသာပြုံးလိုက် မိသည်။

'ဩော်...ပူလောင်ပြင်းလှသော လောဘ၊ ဒေါသ၊ မောဟ မီး သုံးပါးကို ရင်ဝယ်ပိုက်ထားသော ခရီးသည်ကြီးက သဘာဝအပူဒဏ်ကို မခံမရပ်နိုင်အောင် ဖြစ်နေပါသည်တဲ့။

ဒုက္ခ...ဒုက္ခ...ဒုက္ခ...။

* * *

[ ၈ ]

အဆန်အမှတ် ၄၁-ရထားကြီးက အမှောင်ထုကို ဖောက် ထွင်းရင်း ပင်ပန်းကြီးစွာ တာဝန်ထမ်းဆောင်လျက် ရှိနေ သည်။

ဒေါ်သီလစာရီက သူများခုံတွင် ဝင်ထိုင်နေရသဖြင့် စိတ် မဖြောင့်အောင် ဖြစ်နေရသည်။

ဒေါ်သီလစာရီ၏ ရှေ့ခုံမှ ခရီးသည်နှစ်ယောက်က စကား ကောင်းနေသလို၊ ဘေးမှ ခရီးသည် လူရွယ်က ငိုက်မြည်း လျက်ရှိနေသည်၊ ဒေါ်သီလစာရီက လက်မှ ဂုဏ်တော်ပုတီး ကို ဖြုတ်ယူလိုက်သည်၊ ထိုစဉ်တွင် တစ်ဦးတည်းသော သမီး ကလေး၏မျက်နှာက ဖျတ်ခနဲပေါ်လာသည်။

'ဘုရား....ဘုရား....ဘုရား.... သမီးကလေး ကျန်း မာ ပါ စေ၊ သဗ္ဗေသတ္တာ၊ ဝေနေယျာဟူသမျှ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ'

'ဒေါ်သီလစာရီက လောကုတ္တရာဘုရားကို ကြိုးစား အား ထုတ်ရင်း လောကီရေးရာအဖြာဖြာကို အဆက်ဖြတ်နိုင်အောင် ကြိုးစားခဲ့သည်။ အောင်မြင်မှုလည်း ရှိခဲ့ပါ၏၊ သို့သော် တစ်ဦး တည်းသောသမီးလေး၏ သံယောဇဉ် အနှောင်အဖွဲ့ကိုတော့ မဖြတ်တောက်နိုင်သေးပါတကား။

ဒေါ်သီလစာရီက ပဲခူးအနီးရှိ သာယာကုန်းကျေးရွာမှ ဖြစ်သည်။ တစ်ခါက ခင်ပွန်းဖြစ်သူမှာ လယ်ထွန်ရင်း ပိုးထိ၍ သေဆုံးသွားသဖြင့် လောကအလယ်တွင် သမီးကလေး တစ် ယောက်နှင့် ကျန်ခဲ့ရရှာသော ခေတ်သစ် မပဋာစာရီ ဖြစ်ခဲ့ရဖူး၏။

နောက်ဆုံး သမီးကလေး အိမ်ထောင်ကျသောအခါတွင် သီလရှင်ဘဝကိုခံယူကာ ပျဉ်းမနားမြို့အနီးရှိ ဝေဘူချောင် တွင် နေထိုင်ကာ တရားအားထုတ်နေခဲ့သည်။

ဘဝတစ်လျှောက်လုံး၊ ကိုယ်စိတ်နှစ်ပါးလုံး ပင်ပန်းဆင်းရဲ သောခုက္ခသည် ဗုဒ္ဓ၏ အေးမြသောတရားရိပ်ကို ခိုလှုံရသော အခါ ပူပန်သောက ပရိဒေဝမီးတို့သည် ငြိမ်းသွားလောက် အောင် ပြေခဲ့ရပြီဖြစ်၏။

သီလရှင်ဝတ်ပြီးသည်မှာ သုံးနှစ်အကျော်အတွင်း ရွာတွင် အိမ်ထောင်ကျနေသော သမီးထံ မပြန်ခဲ့သော်လည်း ယခု သမီးကလေး ဆေးရုံတက်နေရသည်။



မိခင်ကိုတွေ့ချင်သည်ဟူသော စာအရ ပဲခူးကိုပြန်လာကာ မီးကို ပြုစုသည်၊ သမီးလေး ဆေးရုံမှဆင်း၍ နေကောင်း သာအခါမှ ပဲခူးမှ ပျဉ်းမနားသို့ ပြန်လာခြင်းဖြစ်သည်၊ ထားက အရှိန်သတ်လိုက်သည်။

'ပြန်တန်ဆာ ထင်တယ်'

သီလရှင်ကြီးက ခေါင်းပြုကြည့်သည်၊ အငမှာစ်ကြောင့် တာမှမမြင်ရ၊ ဒါကြောင့် ရှေ့မှခရီးသည်ကို မေးလိုက်ခြင်း ဖြစ်သည်။

'ပြန်တန်ဆာလွန်လာပြီဆရာလေး၊ ခုဆိုက်တာ ငါးထပ် ကြီးလေ'

ရထားထွက်လာပြီး အရှိန်ပြင်းပြင်းနှင့် ခုတ်မောင်းနေစဉ် တွင် ရထားပေါ်မှ ဈေးတက်ရောင်းသော ဈေးသည်များက လက်ထဲမှ ခြင်းကလေးများကိုကိုင်ကာ အမြန်ပြေးနေသော ရထားပေါ်မှ ခုန်၍ခုန်၍ချနေသည်။

အကျမတော်သူများမှာ ဒလိမ့်ခေါက်ကွေး ကျသွားသည် ရှိသလို အကျမှတော်၍ မထနိုင်သူများလည်း ရှိသည်။

ဒေါ်သီလစာရီက လေးပင်စွာ သက်ပြင်းချလိုက်မိသည်၊ ကိုလေသာ တဏှာကို မပယ်ဖြတ်နိုင်သောသူများအဖို့ ဝမ်း တစ်ထွာမီးသည် ကြီးမားစွာ လောင်မြိုက်နေသည် တကား။

ဒေါ်သီလစာရီက မျက်လုံးအစုံကိုမှိတ်ကာ ဗုဒ္ဓရှင်၏ ဂုဏ် တော်ကို အာရုံပြုလိုက်မိသည်၊ သည်နောက်တွင်တော့ လက်

ထဲမှ ပုတီးလုံးကလေးများက တစ်လုံးပြီးတစ်လုံး ကျဆင်း လျက်ရှိနေတော့သည်။

* * *

[ သ ]

'တိတ်ပါညီမရယ်....ဘာဖြစ်လို့ငိုနေရတာလဲ၊ ခုချိန်ဟာ ငိုရမဲ့အချိန်မဟုတ်တော့ဘဲ၊ အစ်ကိုတို့ လွတ်မြောက်လာကြပြီ မဟုတ်လား၊ ရှေ့လျှောက် ပျော်ရတော့မယ်လေ'

'မဟုတ်သေးဘူး အစ်ကို၊ ညီမတို့လွတ်လာပြီလို့ ပြောလို့ မရသေးဘူး၊ ဒီလောက်ဆိုရင် ဖေဖေတို့ ရှာနေကြပြီ၊ ရှေ့ ဘူတာကပဲစောင့်နေမလား၊ ဘူတာတွေဖုံးဆက်ပြီး ရဲအကူ အညီနဲ့ပဲ စောင့်မလား မပြောနိုင်ဘူး အစ်ကို၊ အဖေ့ အကြောင်း အစ်ကိုမသိဘူးနော်၊ တွေ့တဲ့နေရာမှာ နှစ်ယောက် စလုံးပစ်သတ်လိမ့်မယ်'

'စိတ်မပူပါနဲ့ကွာ၊ ဘူတာတွေမှာ ရထားရပ်ရင် ညီမက အိမ်သာထဲဝင်နေပေါ့ ဟုတ်လား၊ ခရီးသည်အများကြီးကြား မှာ မတွေ့နိုင်ပါဘူး'

ဒေါ်သီလစာရီက ပုတီးစိပ်ရင်း မွေးခန်း အိပ်ပျော်သွား ရာမှ နားထဲသို့ တိုးဝင်လာသော တီးတိုးသံနှင့် ငိုရှိုက်သံ များကြောင့် မျက်စိဖွင့်ကြည့်လိုက်မိသည်။



အလို....ရှေ့ခုံမှ ခရီးသည်နှစ်ယောက် မရှိတော့ပါလား၊ င်းသွားကြပြီထင်၏၊ ထိုထိုင်ခုံတွင်တော့ ဆယ်ကျော်သက် ယ် ကောင်လေးနှင့် ကောင်မလေးက ထိုင်နေသည်၊ သူတို့ ှင် လွယ်အိတ်တစ်လုံးမှလွဲ၍ ဘာပစ္စည်းမှမပါ။

အင်း....ခိုးရာလိုက်တဲ့ကလေးတွေပဲ ဖြစ်ပေမည်။

စာသင်ခန်းထဲကလား၊ ကျူရှင်ကလား။

မကြာခင်ပင် သူကလေးတို့သည် မိဘ၏ရင်ခွင်ထက် အေး သော အရိပ်မရှိကြောင်း ဘဝသင်ခန်းစာ ရရှိပေတော့မည်။

ဒေါ်သီလစာရီက သူ့ဘေးမှ ခရီးသည်ကို ကြည့်လိုက် သာအခါ စောစောကခရီးသည် မဟုတ်တော့ဘဲ အသက် ၀-ကျော် မိန်းမကြီးတစ်ယောက် ရောက်နေသည်ကို တွေ့ရ ်သည်၊ အင်း....ဘယ်လောက်များ အိပ်ပျော်သွားသည် သိ၊ ဘယ်ဘူတာတွေ ရောက်နေပြီကိုလဲ မမှန်းဆနိုင် ဖြစ်ရ ည်။

'ဘယ်ဘူတာ ရောက်နေပါလိမ့်'

ဒေါ်သီလစာရီက ဘေးမှ ခရီးသည်ကို မေးလိုက်သည်။

'ဘန့်ဘွေးကုန်းကို ကျော်ခဲ့ပြီလေ၊ ခုဆိုက်မှာက အုတ် တွင်းဘူတာပါ ဆရာလေး'

ခရီးသည်က ဒေါ်သီလစာရီ၏ အမေးကို ပြန်ဖြေရင်း ရှေ့မှသေတ္တာကြီးဆီသို့ မျက်စိရောက်သွားသည်။

'ဩော်.... ဖြူးဘူတာတုန်းက ယစ်မျိုး အမှုထမ်းတွေ က်လာတယ်၊ သူတို့ ဆရာလေးသေတ္တာကို ဖွင့်ရှာမလို လုပ် သေးတယ်၊ ဆရာလေးကလဲ အိပ်ပျော်နေတော့ ကိစ္စမရှိပါ

ဘူးဆိုပြီး မရှာဘဲဆင်းသွားတယ်၊ ကျွန်မကိုပစ္စည်းတွေတော
အရမ်း ရှာသွားတယ်'

'ဘာ.... သေတ္တာ ဟုတ်လား'

ဒေါ်သီလစာရီ၏ တစ်ကိုယ်လုံး တောင့်တင်းသွားသည်
အသံကလည်း မူမမှန်လေတော့။

'ဟုတ်ပါတယ်၊ ကျွန်မက ဆရာလေးသေတ္တာပြောသို့..
မရှာတာ ထင်ပါတယ်၊ ဒီယစ်မျိုးတွေကျတော့လဲ ရည်ရ
မှန်မှန်ရှိကြပါသယ်'

ဒေါ်သီလစာရီ၏ရင်က တဒိန်ဒိန်းခုန်လာသည်၊ မျက်
ရွှေမှ သေတ္တာကို စူးစိုက်ကြည့်လိုက်မိသည်၊ အတော် အာ
ကြီးသော သေတ္တာ ဖြစ်သည့်၊ သော့တစ်လုံး ခတ်ထားသည်
သည့်သေတ္တာထဲတွင် အဖိုးတန် ပစ္စည်းတွေပါ, ပါနိုင်သည်
ဒါကို သူတို့က ငါ့သေတ္တာလို့ ထင်နေကြပါပကော၊ ငါဆ
လျှပ် ယူသွားရုံပဲရှိသည်။

လောဘတရားသည် သီလရှင်ကြီးအပေါ်တွင် ရှုတ်ဘရ
ဖိစီးလာလေသည်။

ဟင်... ဘာတွေ စဉ်းစားနေမိပါလိမ့်....

ဘုရား... ဘုရား.... ဒါ ငါ့ပစ္စည်းမဟုတ်ဘူး၊ ခရီးသ
တစ်ယောက်ယောက် ကျန်ခဲ့တဲ့ပစ္စည်း၊ ပိုင်ရှင်ကတော့ နှမြ
ရှာလိမ့်မယ်၊ သောကရောက်ရှာတော့မယ်....

ငါ့လောဘကို ထိန်းရမယ်၊ ဒီစိတ်တွေ ရှိနေလို့ ငါ့ဘ
တစ်လျှောက်လုံး ဒုက္ခရောက်ခဲ့ရတယ်။



သူများပစ္စည်းကို မှုဖြစ်မှားသင့်ဘူး၊ သူတစ်ဦးပစ္စည်းကို
တံတွေးပေါက်ကဲ့သို့ စက်ဆုပ်ရွံရှာရမယ်၊ ပိုင်ရှင်မသိဘဲ, ခွင့်
မပြုဘဲ ယူတာဟာ သူခိုးပဲ'

ငါဟာ သူခိုးမဟုတ်ဘူး၊ ဒီကံကို မကျူးလွန်ဘူး၊ ငါ
ဟာ ရှစ်ပါးသီလကို ၃-နှစ်ကျော်ထိန်းခဲ့ပြီ၊ ရွှေဘုတာရောက်
ရင် ရဲကို အကြောင်းကြားပြီး ပစ္စည်းကို အပ်လိုက်တော့မယ်-
ဟင်း....

ယောက်ယက်ခတ်နေသော အတွေးစကို ဖြတ်ကာ ဒေါ်
သီလစာရီက လေးလံစွာ သက်ပြင်း ချလိုက်မိသည်၊ ရင်ထဲ
ပေါ့မသွား၊စိတ်တွေက လေးလံစွာ တွေဝေနေဆဲ၊ရင်ခုန်မှုက
မပျောက်သေး။

အင်း.... ဆေးရုံကဆင်းလာကာစ သမီးလေး ဘယ်လိုနေ
ပါလိမ့်၊ သမီးလေးက ဆင်းရဲရှာတယ်၊ နလံထကာစ သမီး
လေးအတွက် ဆေးဖိုးဝါးခနဲ့ အားရှိစေမယ့် အစားအစာ
ခတ်စာတွေအတွက် သူ့ရဲ့ ယောကျ်ား တတ်နိုင်ပါ့မလား၊
မလွယ်ပါလား၊ တစ်ထွာသော ဝမ်းကိုပင် အနိုင်နိုင် ဖြည့်
စွမ်းနေရသော လယ်ကူလီများဖြစ်၍ ငွေပိုငွေလျှံ ဆို၍ ဝေ
လာဝေး။

ဒေါ်သီလစာရီ၏ မျက်လုံးအစုံကတော့- သေတ္တာဆီသို့
ရောက်သွားပြန်သည်။

ဒါဟာ ငါပိုင်ပစ္စည်းများဖြစ်ရင် ဘယ်လောက် ကောင်း
လိုက်မလဲ၊ သမီးလေးအတွက် ဆေးဖိုးဝါးခရနိုင်မယ်၊ နောက်

ပြီး သူတို့အတွက် အရင်းအနှီး ထုတ်ပေးနိုင်မယ်၊ ဒီလိုဖြစ်ရင် သမီးလေး ဘယ်လောက်ဝမ်းသာရှာမလဲ။

အို….ဘာပဲဖြစ်ဖြစ် သည်သေတ္တာကို ငါယူသွားမယ်၊ ငါနဲ့ ထိုက်လို့ရတာ၊ ဒါဟာ ပန်းသကူပစ္စည်း၊ နတ်ကောင်း နတ်မြတ်တွေက ငါ့သီလတန်ခိုးကြောင့် ကူညီတာဖြစ်မယ်၊

ဒါဟာ ခိုးတာမဟုတ်ဘူး၊ ငါယူမယ်၊ နောက်ပြီး ငါ တရားအားထုတ်ဟဲ့ ဓမ္မာရုံကို တိုးချဲ့ဆောက်နေရာမှာလဲ လှူဒါန်းနိုင်ပြီ။

ဒီပစ္စည်းယူပြီး ငါဟာ မှန်မြတ်သန့်စင်တဲ့ အလုပ်မှာ သုံးမယ်။လှူဒါန်းမယ်၊ ငါ့မှာ အပြစ်မရှိနိုင်ဘူး။

ဒေါ်သီလစာရီက ယောက်ယက်ခတ်နေသော စိတ်ကို ချုပ်တည်းကာ ဆုံးဖြတ်ချက် ချလိုက်လေပြီ၊ နောက်တော့ သေတ္တာကို သူ့ဘက်သို့ မသိမသာ ဆွဲကပ်လိုက်သည်။

ဒေါ်သီလစာရီက ပုတီးကို ခေါင်းမှာ စွပ်ချလိုက်သည်၊ သို့လရှင်ကြီး ဒေါ်သီလစာရီကား ယခုတော့ ပုတီးစိပ်၍ မရနိုင်ပါလေ။

လောဘစိတ်သည် သီလရှင်ကြီး၏ အာရုံကို ပူးမှောင့်ခဲ့ပါလေပြီတည်း။

*   *   *



[ ၄ ]

အဆန်ရထားကြီးက မှန်မှန် ခုတ်မောင်းလျက် ရှိနေသည်၊ ကောင်းကင်တွင် ရောင်နီပျိုးစ ပြုလာပြီ၊ ပတ်ဝန်းကျင် လောကကို ဝိုးတဝါး မြင်တွေ့စ ပြုလာသည်။

မိုးလင်းချေတော့မည်၊ သာယာကုန်း၊မြို့လှ၊ ရေနီ ဘူတာများကို ကျော်လွန်လာသောအခါ မိုးစင်စင်လင်းပြီဖြစ်သည်။

သစ်ပင်ထက်မှ အိပ်တန်းတက်နေသော ကျေးငှက်တို့အသံ ညံစာစာက ထွက်ပေါ်လာသည်၊ လုပ်ငန်းခွင်သို့ ဝင်ရောက်လာသော လယ်ယာလုပ်သမားကြီးများကို မြင်နေရသည်။

ထိုစဉ် ရထားကြီးက အရှိန်လျော့ကာ ရပ်လိုက်သဖြင့် ဒေါ်သီလစာရီက ရထားအပြင်ဘက်သို့ ခေါင်းပြူကြည့်လိုက်သည်။

'ဩော်… သာဝတ္တိဘူတာတောင် ရောက်နေပါပြီကောလား'

နောက် ထိန်အင်း၊ လော၊ ပြည်ဝင် သည်သုံးဘူတာ ကျော်လျှင် ပျဉ်းမနားရောက်ပြီ၊ ဒါက သီလရှင်ကြီး၏ ခရီးဆုံးပဲ ဖြစ်သည်။

'ဟော….'

ဒေါ်သီလစာရီ တုန်လှုပ်သွားသည်၊ ယစ်မျိုးအမှုထမ်းများ ရထားတွဲများသို့ တစ်တွဲပြီး တစ်တွဲ တက်နေကြသည်ကို တွေ့လိုက်ရ၍ ဖြစ်သည်၊ မျက်လုံးအစုံကလည်း သေတ္တာဆီသို့ ရောက်သွားပြန်သည်။

'လာရှင်ရင် ဒုက္ခပဲ၊ အို.... ကိစ္စမရှိပါဘူးလေ၊ သော့ပျောက်သွားတယ်ပြောလိုက်ရုံပေါ့'

ဒေါ်သီလစာရီက ပွလောင်နေသောရင်ကို မိမိဘာသာနှစ်သိမ့်လိုက်သည်။

'ရထားကလဲ ကြာပါ့ကွာ၊ ဘာလုပ်နေသလဲ မသိဘူး'

ခရီးသည်များ' ညည်းညူစပြုလာနေသည်။

'ဘိန်းဆိုလား၊ ရွှေချောင်းဆိုလား ချလာမယ် သတင်းရလို့တဲ့၊ ဒါကြောင့် ယစ်မျိုးတွေ တက်ရှာနေတာပြောတာပဲ'

'ဒုက္ခပဲကွာ....ရထား နောက်ကျတော့မှာပေါ့'

ခရီးသည်များက တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

'ဒါ ဦးသေးမစ္စည်းနော်၊ ခဏလောက် ကြည့်ပါရစေ'

ယစ်မျိုးအရာရှိများ ဒေါ်သီလစာရီအနီးသို့ ရောက်လာကြပြီ၊ ဒေါ်သီလစာရီက ပုတီးကိုဖြုတ်ကာ မျက်လုံးမှိတ်၍ ပုတီးစိပ်ဟန်ဆောင်နေလိုက်သည်၊ ဒါပေမယ့် ရင်ခုန်နေကာ စကားပြောသံများကို နားစွင့်နေသည်။

ဒေါ်သီလစာရီ၏ရှေ့မှ ကောင်မလေးက သူမနေရာတွင်မရှိတော့၊ အိမ်သာထဲဝင်ပုန်းနေပြီထင်၏၊ ဘူတာဆိုက်တိုင်း အိမ်သာဝင်ပုန်းနေရသည့် သူကလေးဒုက္ခကလည်း မသေးလှဟု ဒေါ်သီလစာရီက တွေးမိသလို၊ မိမိဒုက္ခလည်း မသေးကြောင်း သိလာခဲ့ရသည်။

'ဒါ ဘယ်သူ့ သေတ္တာပါလဲခင်ဗျာ'



ယစ်မျိုးအရာရှိက ဒေါ်သီလစာရီရှေ့မှ သေတ္တာကြီးကို လက်ညှိုးထိုး၍ မေးနေလေပြီ။

'ဒါ....ဒါ....ဆရာလေးသေတ္တာပါကွယ်'

ဒေါ်သီလစာရီက ပုတီးစိပ်ခြင်းကို ရပ်ကာ တုန်တုန်ယင်ယင်နှင့် ပြောလိုက်လေသည်။

'ဟုတ်လား၊ ခဏဖွင့်ကြည့်ပါရစေ'

'ဟင်....သော့....သော့....သော့....လမ်းမှာပျောက်သွားလို့ကွယ်၊ ဘာပစ္စည်းမှ မပါပါဘူး၊ အဝတ်အစားနဲ့လက်ဆောင်ပေးတဲ့ပစ္စည်းအချို့ပဲ ပါပါတယ်'

'ဒါဖြင့်လဲ ကိစ္စမရှိပါဘူး၊ နေပါစေဆရာလေး'

ယစ်မျိုးအမှုထမ်းကပြောကာ သေတ္တာကို ဆွဲမကြည့်သည်။

'ဟင်....အလေးကြီးပါလား'

ယစ်မျိုးအမှုထမ်းက ဒါပဲပြော၍ ဆင်းသွားလေမှ ဒေါ်သီလစာရီက သက်ပြင်းချလိုက်မိသည်။

သို့သော် မကြာပါချေ၊ စောစောက ယစ်မျိုးနှင့်အတူ အကြီးအကဲဖြစ်ဟန်တူသည့် လူနှစ်ယောက် ပြန်တက်လာသည်။

'ဒီသေတ္တာပဲဆရာ၊ ကျွန်တော် မသင်္ကာဘူး၊ အဝတ်အထည်လို့လဲပြောတယ် သိပ်လေးနေတယ်၊ နောက်ပြီး သော့ပျောက်နေတယ်တဲ့'

စောစောက ယစ်မျိုးက သေတ္တာကို လက်ညှိုးထိုးကာ ပြောလိုက်သည်။

'ကျွန်တော်တို့ တာဝန်အရမို့ ခွင့်လွှတ်ပါ ဆရာလေး၊ ဆရာလေးသေတ္တာကို ဖွင့်ပြီး ရှာခွင့်ပြုပါ'

အကြီးအကဲလုပ်သူက ရည်မွန်စွာ တောင်းပန်သည်။

'ဆရာလေး သော့ပျောက်နေလို့ကွယ်'

'သော့က ကိစ္စမရှိပါဘူး၊ ဆရာလေးခွင့်ပြုချက်ရရင် ဖြစ်ပါတယ်'

ဒီတစ်ခါ ဒေါ်သီလစာရီအဖို့ ခေါင်းညိတ်ရုံမှလွဲ၍ မတတ်နိုင်တော့ပါပြီ'

'ကဲ....ငကျီး ဖွင့်စမ်းကွာ'

အကြီးအကဲလုပ်သူက ရှေ့ခုံမှကောင်လေးကို ခဏထခိုင်းကာ သေတ္တာကို ၎င်းခုံပေါ်တင်စေ၍ သူ၏ 'ငကျီး'အမည်ရှိ တပည့်ကို ဖွင့်ခိုင်းလိုက်သည်။

သည်နောက်တွင်တော့ သေတ္တာသော့ခလောက်ကို အသင့်ပါလာသော ရဲတင်းငယ်ဖြင့် ထုချဖွင့်လှစ်ကြလေပြီ။

၂-မိနစ်....

၃-မိနစ်....

၄-မိနစ်....။

ယစ်မျိုးအမှုထမ်း ငကျီးက ဝမ်းသာအားရပြောလိုက်ကာ သေတ္တာအဖုံးကို ဆွဲဖွင့်လိုက်သည်။

'ဟာ....'

'ဟင်....'

'အမလေး....'

သေတ္တာထဲမှ ဘာထွက်လာမလဲဟု ဝိုင်းဝန်း၍ စူးစိုက်ကြည့်နေသူအားလုံးမှာ သေတ္တာထဲမှ အံ့သြထိတ်လန့်ဖွယ်မြင်ကွင်းကြောင့် နောက်ရှဲသွားကြသည်။



ဒေါ်သီလစာရီကိုယ်တိုင်ပင် မျက်နှာကိုလက်ဝါးဖြင့်အုပ်၍ ကျောက်ရုပ်သဖွယ် ငြိမ်သက်သွားခဲ့ရသည်၊ သေတ္တာထဲတွင် တွေ့ကြရသည့်အရာကတော့ လူသေအလောင်းကြီးပဲ ဖြစ်ပါသတည်း။

\+ \+ \+

## အခန်း ( ၁၉ )

'ဒါ.... ဒါ.... ဆရာလေးသေတ္တာ မဟုတ်ပါဘူးကွယ်... ရထားပေါ်မှာ ခရီးသည်တစ်ယောက် ကျန်နေခဲ့လို့ ယူထားမိတာပါ'

သာဝတ္ထိ ရဲဌာနာအတွင်း၌ ဖြစ်သည်။

ရဲဌာနာအုပ်ကြီး ဦးရှိန်၏ စားပွဲရှေ့တွင်တော့- သီလရှင်ကြီး 'ဒေါ်သီလစာရီက မျက်စိ မျက်နှာ ပျက်ပျက်ဖြင့် အစစ်ခံလျက်ရှိနေသည်၊ လောဘမီး၏ ဖိစီးလောင်မြိုက်မှုဒဏ်ချက်ကိုတော့ သီလရှင်ကြီးအဖို့ သိလျက်ကယ်နှင့်ဝိဘက်ကြမ္မာ ငရဲ ရလေပြီတည်း။

ရဲဌာနာအုပ်ကြီး ဦးရှိန် က သီလရှင်ကြီး၏ မျက်နှာကို စူးစိုက်ကြည့်ရင်း သက်ပြင်းချလိုက်မိသည်။

တရားခံတစ်ယောက်၏ မျက်နှာအမူအရာကို အကဲခတ်ရုံမျှဖြင့်, စကားတခွန်း ကြားရုံမျှဖြင့် အမှန်ပြောခြင်း ဟုတ်, မဟုတ်ကို ခန့်မှန်းခွဲခြားနိုင်သည်အထိ အတွေ့အကြုံရင့်မာနေ



ပြီဖြစ်သော ရဲဌာနာအုပ်ကြီးက သီလရှင်ကြီး၏ အစစ်ခံချက်သည် အမှန်ဖြစ်ကြောင်း ကောက်ချက်ချလိုက်နိုင်ပြီ။

'ဟုတ်ပါတယ် ဆရာလေး၊ ဆရာလေး အမှန်ပြောတယ်ဆိုတာ ယုံပါတယ်၊ ဒါပေမယ့် ဆရာလေးမသိသော်လည်း, စေတနာမပါသော်လည်း, မပြေးသော်လည်း ကံရှိခဲ့ပြီမို့ ပါဝင်ပတ်သက်နေမိပြီမို့ ဒီလိုစစ်မေးရခြင်းပါ၊ လောလောဆယ်တော့ ဆရာလေး ကျွန်တော်တို့ကို ကူညီတဲ့အနေနဲ့ ခဏနေပါဦး ဟုတ်လား.... ဆရာလေး နေထိုင် စားသောက်ရေးအတွက် ကျွန်တော်ပဲ စီစဉ်ပေးပါ့မယ်၊ တစ်ရက်, နှစ်ရက်လောက်ပါပဲ'

ဌာနာအုပ်ကြီး ဦးရှိန်က တောင်းတောင်းပန်ပန်ပြောရင်း ရဲသားတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

'ဟေ့.... ရခိုင်၊ ဒီသီလရှင်ကြီးကို ငါ့အိမ် လိုက်ပို့လိုက်စမ်းပါကွာ'

'ဟုတ်ကဲ့ ဆရာ'

ရဲသားမြမောင်နှင့် သီလရှင်ကြီး ထွက်သွားသည်ကို ကြည့်ရင်း ဦးရှိန်က ဆေးပြင်းလိပ် တစ်လိပ်ကို ထုတ်ယူ မီးညှိလိုက်သည်။

စောစောစီးစီး တခြားဌာနပိုင်မှ ဖြစ်ပွားခဲ့ဟန် ရှိသော အလောင်းသေတ္တာက မိမိလက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေခဲ့ရသည် မဟုတ်ပါလား။

'ဆရာ....'

ထိုစဉ်တွင် အမှုလိုက်ရဲအရာရှိက ဌာနာအုပ်ကြီး ဦးရှိန်၏ စားပွဲရှေ့တွင်ရပ်ကာ အလေးပြုလာသည်။

'အေး….ထိုင်ကွာ စောမိုးနက်- ဘာထူးသေးလဲ'

'အလောင်းကို ဆေးရုံပို့ခဲ့ပြီဆရာ၊ စနေနေ့ကျမှ ဆေးစာရမယ်'

အမှုလိုက်က ဖျတ်လတ်တက်ကြွဟန်ဖြင့် ပြောရင်း ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်၊ သူကား- ကြိုးစားခြင်း၊ ဝီရိယရှိခြင်း၊ ထက်မြက်ခြင်း ပြည့်စုံကာ တက်လမ်းရှိသော လူရွယ်တစ်ယောက်ပင် ဖြစ်သည်၊ အထူးသဖြင့်…. ဌာနာအုပ်ကြီးကိုယ်တိုင် ချစ်ခင် အားထားခြင်းခံရသူလည်း ဖြစ်ပေသည်။

'ဒီအမှုက တို့ပိုင်နက်မှာ ဖြစ်တာ မဟုတ်ဘူးကွ၊ တခြားတစ်နေမှာ ဖြစ်ပြီးမှ ဒီကိုရောက်လာတာ'

'ဟုတ်ကဲ့ဆရာ….၊ ဆရာ့ ထင်မြင်ချက်ကို ကြားနာလိုပါတယ်…'

'ဒီလိုကွ၊ အလောင်းနှင့်အတူ ဟောဒီ လက်မှတ်တစ်ခုပဲ တို့အတွက် သဲလွန်စ ရတယ်မဟုတ်လား'

ဦးရှိန်က ပြောရင်း ဖိုင်ထဲမှ အပေါင်လက်မှတ် တစ်ခုကို ထုတ်ယူလိုက်သည်။

'ပေါင်ထားတဲ့ ပစ္စည်းက ကျောက်လက်စွပ် တစ်ကွင်း၊ တန်ဖိုးက ငါးဆယ်ကျပ်၊ ပေါင်တာက ၃-လကျော်ပြီ၊ ပေါင်သူအမည်က နံ့သာမေတဲ့၊ နေရပ်က ကုလားကျောင်းအနီး၊ တိုးကြောင်ကလေး၊ ပေါင်ထားတဲ့ ဆိုင်က သဏ်နီးကျွန်းအပေါင်ဆိုင်၊ ဒီနေရာမှာ ကြည့်ရင် ပေါင်သူအမည်ကတော့



ထူးထူးဆန်းဆန်းနာမည်ပဲ၊ ဒါမှမဟုတ် နာမည်လွှဲပေးတာလဲ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဟောဒီလက်မှတ် နှိပ်ရာကိုကြည့်ရင်တော့ မိန်းမတစ်ယောက်ရဲ့လက်မှတ်ပုံစံကို တွေ့နိုင်တယ်နော်'

'ဟုတ်ပါတယ် ဆရာ'

'ဒီတော့ ပေါင်သူဟာ နံ့သာမေ၊ ဒါမှမဟုတ် တခြားမိန်းမတစ်ယောက်ယောက်ပဲ၊ ယောကျ်ားပေါင်တာ မဟုတ်ဘူးလို့ ခန့်မှန်းနိုင်တယ် မဟုတ်လား….'

'ဟုတ်ကဲ့ ဆရာ'

'အလောင်းထည့်တဲ့သေတ္တာထဲက သဲလွန်စဆိုလို့ ဒီတစ်ခုပဲတွေ့ရတော့ ဒီအပေါင်လက်မှတ်ဟာ သေတ္တာရှင်ရဲ့ လက်မှတ်ဖြစ်ဖို့များနေတယ်၊ နောက်ပြီး လက်မှတ်ကို သေတ္တာရဲ့ အတွင်းအဖုံးအုံကလေးထဲက တွေ့ရတာဆိုတော့ ပေါင်တာကြာလို့မေ့နေတာလဲ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် မေ့ပြီးပါလာတာလဲ ဖြစ်နိုင်တယ်၊ ဒါကြောင့် ဒီလက်မှတ်ကို ခြေရာခံလိုက်ရင် အမှုပေါ်ရမှာပဲကွ'

ဦးရှိန်ကပြောရင်း စကားကိုရပ်ကာ မီးသေသွားပြီ ဖြစ်သော လက်ထဲမှဆေးပြင်းလိပ်ကို မီးထပ်ညှိလိုက်သည်။

'ဆရာ ကျွန်တော်စဉ်းစားမိတာတစ်ခုက သီလရှင်ကြီးက ပဲခူးဘူတာကတက်တယ်၊ အဲဒီအချိန်မှာ ဒီသေတ္တာကြီးက ရှိနေပြီးဆိုတော့ ပဲခူးနဲ့ရန်ကုန် ကြားဘူတာတစ်ခုခုက တင်လိုက်တာရော မဖြစ်နိုင်ဘူးလားဆရာ'

အမှုလိုက် စောမိုးနက်က သူ၏အမြင်ကို တင်ပြလာသည်။

'မှန်တာပေါ့ကပည့်ရာ၊ ဒီတော့ ရန်ကုန်နဲ့ ပဲခူးဘူတာကြားမှာရှိတဲ့ ရထားရပ်တဲ့ ဘူတာတွေကို စီစစ်ကြည့်ရအောင်'

ရန်ကုန်၊ သက်န်းကျွန်း၊ တိုးကြောင်ကလေး၊ လေးထောင့်ကန်၊ ဒါးပိန်၊ ကော့ချဲ့ ထုံးကြီး၊ ကျောက်တန်း၊ တာဝ။

အားလုံး ကိုးဘူတာပဲရှိတယ်၊ ဒီကြားထဲ အပေါင်လက်မှတ်က သက်န်းကျွန်းဆိုင် ဆိုတော့ ပိုပြီး သေချာသွားတာပေါ့၊ ဒီတော့ အမှုဖြစ်ပွားရာနေရာ ဒါမှမဟုတ် သေတ္တာကို ရထားပေါ်တင်လိုက်တဲ့ဘူတာ၊ နောက်ပြီး လက်မှတ်ပိုင်ရှင်သို့မဟုတ် သေတ္တာပိုင်ရှင်ဆိုတာဟာ ရန်ကုန်နဲ့ ပဲခူးကြားမှာရှိနေနိုင်တယ်၊ အထူးသဖြင့် သက်န်းကျွန်းပတ်ဝန်းကျင်ကဆိုတာ တွက်ဆလို့ရနိုင်တယ်မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'လောလောဆယ်မှာတော့ ဆေးစာရအောင် စောင့်ရဦးမှာပဲ၊ ဒီကြားထဲ ဆေးစာစောင့်ရင်း ရန်ကုန်နဲ့ ပဲခူးကြားမှာရှိတဲ့ ရဲဌာနတွေမှာ လူပျောက်မှု ရှိမရှိနဲ့ အခြေအနေအရပ်ရပ်ကိုပါ ထည့်ပြီးအကြောင်းကြားပါ'

'ကောင်းပါပြီဆရာ'

ထိုအခိုက် ရဲစာရေးကြီးဦးသန်းက စာရွက်တစ်ရွက်ကိုင်၍ ဌာနာအုပ်ကြီး၏စားပွဲသို့ ရောက်လာသည်။

'ဘာလဲဗျ စာရေးကြီးရဲ့'



'ဟောဒီမှာဆရာ၊ ရန်ကုန်၊ ရန်ကင်းဌာနက လူပျောက်မှုတစ်ခု အကြောင်းကြားစာ ရောက်လာပါတယ်'

ဦးရှိန်က စာရွက်ကိုယူကာ မှတ်ချက်ကို ဖတ်ကြည့်လိုက်သည်။

ပျောက်ဆုံးသူအမည်...မလဲ့လဲ့ခိုင်၊ အသက် (၂၅) နှစ်၊ အရပ်အမောင်း... ၅ ပေ၊ ၄-လက်မခန့်၊ အသား ဖြူဖြူ၊ အဝတ်အစား...အစိမ်းနု တက်ထရွန် လက်စက၊ အစိမ်းရင့်တက်ထရွန်လုံချည်၊ လက်ဝတ်ရတနာ၊ လက်ကိုင်အိတ်အဖြူ၊ စိန်နားပွင့်-၁၊ ရွှေဆွဲကြိုး-၁၊ သံကြိုးပုံဆွဲကြိုး-၁၊ ရိုးမား ရွှေရောင်နာရီ-၁၊ မောင်နှံ့ခုနစ်ဖော် လက်ကောက်-၇ ကွင်း၊ ပတ္တမြား ၇-လုံးရံ စိန်လက်စွပ်-၁ ကွင်း၊ ပျောက်သောနေ့-၁၂ ရက်၊ ဇူလိုင်လ။

'ဟာ....

ဦးရှိန်က စာဆုံးသွားသောအခါ မောပန်းစွာ သက်ပြင်းချရင်း စာရွက်ကို အမှုလိုက်ရှေ့သို့ ချပေးလိုက်သည်။

'ကြည့်စမ်းကွာ.... သေသူဟာ မိန်းကလေးတစ်ယောက်ဖြစ်တယ်၊ အသားဖြူတယ်ဆိုတဲ့နှစ်ချက်ကလွဲလို့ ဘာမှသိနိုင်ဖို့မလွယ်ဘူး၊ လက်ဝတ်ရတနာနဲ့ အဝတ်အစားဆိုတာလဲ ပါမလာဘူး၊ ပျောက်ဆုံးသူရဲ့ဓာတ်ပုံပါလာတယ် ဆိုပေမယ့် တို့ လက်ခံရရှိတဲ့အလောင်းအခြေအနေနဲ့ ဘယ်လို တိုက်ဆိုင်စစ်ဆေးမလဲ'

ဦးရှိန်က စိတ်ပျက်လက်ပျက်ညည်းညူလိုက်သည်။

'ဒါပေမယ့် စာရေးကြီး....'

'ဟုတ်ကဲ့…ပြောပါဆရာ'

'ရန်ကင်း ရဲဌာနကိုတော့ အကြောင်းကြားပါဗျာ၊ ပျောက်တဲ့မိန်းကလေး ဖြစ်နိုင်တဲ့အလားအလာရှိတယ်လို့၊ အမှုလိုက် ကိုကိုယ်တိုင် လိုက်ကြည့်ဖို့ကောင်းတယ်ဆိုတာ လောက်ပဲပေါ့'

ဌာနအုပ်ကြီးဦးရှိန်က ညွှန်ကြားချက်ပေးရင်း သေတ္တာထဲမှ အသေအလောင်းအနေအထားကို ပြန်လည် မြင်ယောင်လာသဖြင့် စိတ်မကောင်းစွာ ခေါင်းကိုလေးပင်စွာ ယမ်းခါလိုက်မိပြန်လေသည်။

* * *

[ က ]

'ရန်ကင်းရဲဌာန'

'အမှုအခြေအနေ တိုးတက်မှုရှိရဲ့လားဟေ့'

ဌာနာအုပ် ဦးခင်မောင်စိုးက သူ့စားပွဲရှေ့ ကုလားထိုင်မှ အမှုလိုက်အရာရှိ ကံထူးကို မေးလိုက်သည်။

'တိုးတက်မှုရှိပါတယ်ဆရာ၊ ကျွန်တော် ဦးကျော်မောင်ရဲ့ အိမ်ကလူတွေအားလုံးကို စစ်ချက်ယူကြည့်ပါတယ်၊ ဘာတွေ တွေ့သလဲဆိုတော့ လဲ့လဲ့ခိုင်နဲ့ ကိုအောင်သူဟာ ရင်းရင်းနှီးနှီး ရှိကြောင်း ထွက်ဆိုကြတယ်၊ နောက်ပြီး သူတို့နှစ်ယောက်



ဟာ တက္ကသိုလ်ကျောင်းတုန်းက သမီးရည်းစား ဖြစ်ခဲ့ကြဖူးတယ်၊ ခုအချိန်ထိ အဆက်အသွယ်ရှိနေဆဲပဲ၊ ဒီကိစ္စကို ဦးကျော်မောင်က ရိပ်မိခဲ့တယ်။

ဒီအကြောင်းတွေကို ဦးကျော်မောင်က သူ့အလုပ်သမားတွေကို ထုတ်ဖော်မေးခဲ့ဖူးတယ်၊ ထူးတာက ကားမောင်းတဲ့ ဦးအေးတင်ဟာ လဲ့လဲ့ခိုင် ပျောက်တဲ့ညက တစ်ညလုံးပြန်မလာခဲ့ဘူး၊ မနက်မိုးလင်းမှ ပြန်လာပြီး လွယ်အိတ်တစ်လုံးဆွဲပြီး သုတ်သုတ်ပြာပြာနဲ့ ထွက်သွားတယ်လို့ သိရတယ်'

'အဲ….ဟုတ်ပြီ၊ ဆက်ပြောပါဦး'

ဌာနာအုပ်က စိတ်ဝင်စားလာသည်။

'နောက်ပြီး ဦးအေးတင်ဆိုတာ တစ်ချိန်က လမ်းမတော်ဖိုးတုတ်ရဲ့ အဆက်အနွယ် ဖြစ်ခဲ့ဖူးသလို ကျွန်းပြန်အေးတင်ဆိုတဲ့နာမည်နဲ့ မြေအောက်လောကမှာ နာမည်ကြီးခဲ့တယ်ဆိုတာလဲ သိရတယ်။

ထောင်ကထွက်လာတော့ သတိသံဝေဂရပြီး ရာဇဝတ်မှုမကင်းတဲ့အလုပ် မလုပ်တော့ဘဲ ဦးကျော်မောင် အဖေဆီမှာ ကားမောင်းပြီး နောက်ဆုံး ဦးကျော်မောင်ဆီ ရောက်လာခဲ့တယ်ဆိုတာ သိရတယ်'

'အေး….ဟုတ်တယ်ကံထူး၊ ဒါဟာ ထိရောက်တဲ့ သတင်းတွေဖြစ်တယ်'

ဌာနာအုပ်က မှတ်ချက်ချလိုက်သည်။

'လဲ့လဲ့ခိုင်နဲ့အတွဲများနေတဲ့ ကိုအောင်သူကို စစ်ချက်ယူတော့ အဲဒီညက သူနဲ့ လဲ့လဲ့ခိုင် လသာလမ်းက တရုတ်ပျော်ပွဲ

စားရုံမှာ ညစာစားခဲ့ကြတယ်၊ ၁၀-နာရီမထိုးမီ ပြန်လာတယ်၊ လဲ့လဲ့ခိုင်က သူ့ကို ရန်ကင်းတိုက်ခန်း လိုက်ပို့တယ် နောက် ဘာမှမသိဘူးလို့ အစစ်ခံတယ်'

'လဲ့လဲ့ခိုင်ရဲ့မွေးနေ့ညက သူတို့နှစ်ယောက် နီးနီးကပ်ကပ် နေမိကြတယ်၊ လဲ့လဲ့ခိုင် ငိုတယ်ဆိုတာတော့ မငြင်းဘူး၊ ကျောင်းတုန်းက သူတို့သမီးရည်းစား ဖြစ်ခဲ့တယ်ဆိုတာကို တော့ ငြင်းတယ်'

'အဲဒီ ကိုအောင်သူဟာလဲ မသင်္ကာစရာ အနေအထားမှာ ရှိနေလို့ ပြန်မလွှတ်သေးဘဲ ဆွဲထားပါတယ်ဆရာ၊ ဦးကျော်မောင်လဲ ဇနီးအတွက် အတော် ဒုက္ခရောက်နေရတာကို သတိပြုခဲ့မိတယ်၊ နောက်ပြီး ဦးကျော်မောင်ရဲ့ အသွားအလာကို အကဲခတ်ဖို့နဲ့ ဦးအေးတင် အိမ်ပြန်လာရင် ဆွဲလိုက်ဖို့အတွက် လူဆိုးထိန်းစုံထောက် ဦးထိပ်နီကို ရှပ်ဖျက်ချထားခဲ့ပါတယ်'

'အေ-... ကောင်းတယ်ကံထူး၊ မင်းလုပ်ရပ်က ပြည့်စုံပါတယ်'

ဌာနာအုပ်ကပြောရင်း ရွှေ့မှုဖိုင်တွဲကို ဆွဲလှန်လိုက်သည်။

'ကံထူး.... ဟောဒီမှာ စာတစ်စောင်ရောက်လာတယ်၊ သာဝတ္ထိရဲ့ဌာနကပဲ မိန်းမအလောင်းတစ်လောင်း လက်ခံရရှိထားတယ်တဲ့၊ ပျောက်ဆုံးနေတဲ့ လဲ့လဲ့ခိုင် ဖြစ်ဖို့များတယ်တဲ့၊ နောက် ပျောက်တဲ့ရက်တွေ တွက်ကြည့်တော့ လဲ့လဲ့ခိုင် အလောင်းဖြစ်နိုင်တယ်လို့ ယူဆတယ်ကံထူး'

'ဟုတ်ကဲ့....ပြောပါဆရာ'



'ဒီတော့.... မင်းနဲ့ လူဆိုးထိန်းနှစ်ယောက် သာဝတ္ထိကို လိုက်သွားပါ၊ အဲဒီက ရဲဌာနအုပ်ကြီး ဦးရှိန်ဟာ ငါ့ဆရာရင်း တစ်ယောက်ဖြစ်တယ်၊ ရာဇဝတ်မှုတွေနဲ့ပတ်သက်ပြီး တွေးခေါ် ထောက်လှမ်းတဲ့နေရာမှာ အလွန်တော်တယ်၊ မင်းလဲ ပညာရမယ်'

'ကောင်းပါပြီ ဆရာ၊ ဒီနေ့ည ၈း၂၀-မှာထွက်မယ့် မန္တလေး အဆန်ရထားနဲ့ လိုက်သွားပါမယ်'

အမှုလိုက် ကံထူးက ထိုင်ရာမှထကာ ရဲဌာနအုပ် ဦးခင်မောင်စိုးကို အလေးပြုလိုက်သည်။

* * *

[ ၁ ]

'ဒေါက်....ဒေါက်....ဒေါက်'

အစောင့်ရဲသား၏ စစ်ဖိနပ်သံက သံမံတလင်းပေါ်တွင် လေးလေးမှန်မှန် ထွက်ပေါ်လျက်ရှိသည်။

လက်ထိပ်ခတ်သံ၊ သံကြိုးလှုပ်ခါသံ၊ အချုပ်ခန်းဖွင့်သံ၊ ကြိမ်းမောင်းသံ စသည်တို့က တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်ယံကို ဖျက်ဆီးလျက်ရှိနေသည်။

အစောင့်ရဲ၏ စစ်ဖိနပ်သံသည် ကိုအောင်သူရင်ကို တုန်၍တုန်၍ သွားစေသလို၊ အချုပ်ခန်းဖွင့်သံ၊ သံကြိုးလှုပ်ခါသံတို့က စိတ်ကို စက္ကန့်မလပ် ချောက်ချားစေခဲ့သည်။

(၇)ရက်ထဲပါ၊ ဒီအချုပ်ခန်းထဲရောက်သည်မှာ (၇)ရက်ထဲ ရှိပါသေးသည်၊ သို့သော် သူ့အတွက် (၇)ကမ္ဘာလောက် ရှည်ခဲ့ပြီထင်၏။

ချစ်ဇနီးအေးနှင့် ခွဲခွာနေရခြင်း သောက၊ ခင်တွယ်ရသော သမီးကလေးကို လွမ်းဆွတ်တသရသော ပရိဒေဝနှင့် ချေးအိုး၊ သေးအိုး အနံ့အသက်များကို မပြတ်ရှူရှိုက်ရကာ ကြမ်းမြင်ကြားမှ ကြမ်းပိုး အဆုတ်လိုက်အခဲလိုက် တပ်ချီကာ မိမိသွေးကို အားပါးတရ သောက်သုံးခြင်းကို ခံစားနေရသော ဒုက္ခ၊ ဪ....လောကငရဲဟူသည်က ဒါပဲဖြစ်ချိမ့်မည်။

သည်လောက်ဆိုလျှင် သမီးလေးက သူ၏ ဖေဖေကြီးကို တမ်းတငိုကြွေးနေရှာရော့မည်၊ ဖအေချော့သိပ်မှအိပ်၍ ဖအေကျွေးမှစားသော သမီးကလေး ဘယ်လိုနေပါလိမ့်။

ကျောင်းမှ တက်နိုင်ပါဦးမည်လား၊ ကျောင်းက သီချင်းသစ် သင်ပေးတိုင်း ဝမ်းသာအားရ ဖအေကို ဆိုပြမြဲဖြစ်သော သမီးကလေး၊ ယခု ဘယ်သူ့ကို ဆိုပြနိုင်ပါမလဲ။

သမီး၏ လမင်းနှင့်တူသော မျက်နှာလှလှကလေး၊ စူးစူးရှရှ ညှို့ညှို့စာစာ အသံကလေး၊ သမီး၏ တငီးမာတစ်ရစ်သော ကိုယ်ခန္ဓာ ဝဝတစ်တစ်ကလေး၊ အို.... ၇-ရက်တောင် ရှိခဲ့ပြီကော၊ သမီးကလေးရယ်....ဖေဖေကြီး သမီးရဲ့အပါးမှခွဲကာ လောကငရဲရောက်ရသည်မှာ ၇-ရက်တောင် ရှိခဲ့ပါပြီကွယ်။

အေး.... ချစ်ဇနီးအေးတစ်ယောက် ဒီလောက်ဆိုလျှင် မျက်ရည်နှင့်မျက်ခွက် ရှိချေတော့မည်။



သူ့ကိုယ်ပေါ်တွင် တစီဝိအောင်မြည်ရင်း သွေးစုပ်သောခြင်များ၏ အန္တရာယ်ကြောင့် သူ့ကိုယ်ဝယ် အဖုအပိန့်တို့သည် နေရာထပ်မျှ ရှိနေသည်။

ကိုယ်ခန္ဓာ၏ ဝေဒနာကို သူခံနိုင်ပါ၏၊ သည်းခံနိုင်စွမ်း ရှိပါ၏၊ သို့သော် ဇနီးနှင့် သမီးလေး၏ သံယောဇဉ်ကြောင့် ဖြစ်ပေါ်ခဲ့ရသော စိတ်ဝေဒနာကိုတော့ သူ သည်းခံနိုင်စွမ်း မရှိလေပါ။

သူသည် ခိုင်၏ နောင်ရေးကိုထောက်၍ သူနှင့်ခိုင် သမီးရည်းစားမဖြစ်ခဲ့ကြောင်း ရဲအရာရှိထံ အစစ်ခံပါလျက် ရဲအရာရှိက မိမိတို့နှစ်ယောက် ငြိစွန်းနေကြောင်းကို ယုံကြည်နေခဲ့သည်။

ဒါကြောင့်ပင် ယခု ခိုင်ပျောက်နေသည့်ကိစ္စသည် မိမိနှင့် ပတ်သက်နေသည်ဟု ယူဆနေပေလိမ့်မည်။

အေးနှင့် သမီးလေး၊ ဦးကျော်ဓမ္မာဇ်နှင့် ခိုင်၊ သူငယ်ချင်း ညီမောင် အမှုလိုက်အရာရှိတို့သည် သူ့အာရုံတွင် ပူးမှောက်၍ ရှုးစနိုင်လောက်သော ဝေဒနာကို ခံစားနေရပါလေပြီ။

* * *

[ ၈ ]

'လာဗျို....ကိုကြီးတင်၊ ဘာထူးသေးလဲ'

အိမ်ပေါ်တက်လာသော ဦးအေးတင်ကို ကျော်ခင်က နှုတ်ဆက်ရင်း မေးလိုက်သည်၊ သူတို့ကား အစီအစဉ်ပျက်ကာ

တလွဲတချော်တွေဖြစ်ကုန်သဖြင့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရွာတစ်ရွာတွင် ခေတ္တ ခိုအောင်းနေကြရသည်၊ အစီအစဉ် ပျက်သော်လည်း သူတို့မျက်နှာက မညှိုး၊ အရက်သောက်မပျက်ခဲ့ကြ။

တကယ်တော့ ဦးကျော်မောင်ထံမှ ငွေ ၃၀၀၀-အပြင် ကောင်မလေးထံမှ လက်ဝတ်ရတနာများကိုလည်း ရလိုက်သေးသည် မဟုတ်ပါလား၊ ထိုလက်ဝတ်ရတနာများကို ထုခွဲရာ လေးဆောင်ကျော်ခန့်မျှ ရကြသည်၊ ပစ္စည်း တန်ဖိုး သည် တစ်သောင်းကျော်တန်မှန်း သိလင့်ကစား၊ မရိုးသားသော ပစ္စည်းဖြစ်၍ ရသလောက်နှင့် ရောင်း၍၊ ပေးသလောက် ယူခဲ့ရခြင်းပင်၊ ခိုင်၏သေနတ်ကိုတော့ ကျော်ခင်က ယူထားသည်။

'ကဲ....ကိုကြီးတင် ချဦးဗျာ၊ နောက်ပြီး အခြေအနေလဲ ပြောပါဦး'

အေးသိန်းကမြောကာ အရက်ခွက်ထိုးပေးသည်။

သူတို့ရှေ့တွင်တော့ ရမ်ပုလင်း၊ ကြက်သားကြော်၊ ဝက်အူချောင်းကြော်၊ စီးကရက်သံဘူးတို့ဖြင့် ဖြိုးဖြိုးဝေလျက် ရှိနေသည်။

'ဟိုက အခြေအနေကတော့ မထူးသေးဘူးကွ၊ ကိုအောင်သူကို ရဲက ဆွဲထားတာတစ်ခုပဲ ရှိတယ်၊ ဦးကျော်မောင်ကလဲ နှုတ်ပိတ်နေတယ်'

ဦးအေးတင်က သူ ထောက်လှမ်းရသမျှကို ပြန်လည်တင်ပြသည်။



'ဒီမှာ ကိုကြီးတင်၊ ဦးကျော်မောင်ဆိုတဲ့ ငနဲကြီးက ဖော်ရဲမှာမဟုတ်ဘူး၊ ဖော်ရင် သူပါပါနေမှာ မဟုတ်လား'

'ဟုတ်တယ်ကွ အေးသိန်းရ၊ ဒီတော့ ကိုကြီးတင်က ဒီငနဲနဲ့တွေ့ပြီး အခြေအနေဟန်ရင် ကိုကြီးတင် ကိုယ့်အိမ်ကိုယ် ပြန်ပြီး ဟန်မပျက်နေတာ ကောင်းပါတယ်၊ ဒါမှမဟုတ်ရင် ကိုကြီးတင် ပျောက်နေတာနဲ့ ရဲက မသင်္ကာဖြစ်နိုင်တယ်'

ကျော်ခင်က ဝင်ပြောသည်။

'ကျော်ခင်ပြောတာမှန်တယ် ကိုကြီးတင်၊ ငနဲကြီးနဲ့တွေ့ပြီး အခြေအနေစုံစမ်း၊ ကိုယ့်အိမ်ကိုယ်ပြန်နေတာ ကောင်းတယ်'

အေးသိန်းစကားကို ဦးအေးတင် ခေါင်းညိတ်နားထောင်နေသည်။

'အေးကွ....ငါ အခြေအနေကြည့်ပြီး အိမ်မှာ ဟန်မပျက်နေချင်နေမယ်၊ ဒါထက် မင်းတို့ ဖျောက်ဖျက်တဲ့ကိစ္စက ပိရိကြရဲ့လား'

ဦးအေးတင်က တိုးကြောင်ကလေးမှကိစ္စကို ပြန်မေးသည်၊ ထိုစဉ် သူက ကိုယ်ထိလက်ရောက်မပါဝင်၍ မသိဖြစ်နေသည်။

'အဲဒီနေ့ ညကပဲ အလောင်း ဖျောက်ဖျက်ဖို့ ကိစ္စ အခွင့်အရေးမရဘူး၊ နောက်တစ်နေ့ကျတော့လဲ အနီးမှာ ဖျောက်ဖျက်ဖို့ကလဲ မကောင်း၊ အဝေး ယူသွားဖို့ကလဲ ခက်နဲ့၊ အိမ်ရှင် မြင့်သိန်းမိန်းမ နံ့သာမေဆိုတဲ့ကောင်မက တစ်စခန်းထလာတော့တာပဲ'

'အေးဗျာ.... အမည်က နံ့သာမေတဲ့၊ ရုပ်ကတော့ စုန်းမ ရုပ်မျိုးနဲ့ကောင်မ၊ ရေပြည် ပို့ပစ်လိုက်ဦးမလို့၊ အေးသိန်း သူငယ်ချင်း မြင့်သိန်းကို အားနာလို့'

အေးသိန်းစကားကိုဖြတ်၍ ကျော်ခင်က မကျေမချမ်းနှင့် ဝင်ပြောလိုက်သည်။

'အဲဒီမိန်းမကလဲ ညနေစောင်းမှ အလောင်းကို မရွှေ့ရင် ရဲသွားတိုင်မယ် ဖြစ်နေပြီ'

'ဖြစ်ရပုံများ.... ဒီရက်ထဲမှာ သူတို့အရပ်ထဲမှာ ကုလားဘုရားပွဲကလဲရှိနေ၊ လူကလဲရှုပ်နေတယ်၊ သယ်သွားဖို့က ခက်နေပြီ၊ ဒီအိမ်ဘေးမှာ မြှုပ်ပါရစေပြောတော့လဲ ဒီမိန်းမက ခါးခါးသီးသီး လုပ်နေတယ်'

'နောက်ဆုံးတော့– အိမ်ရှင် မြင့်သိန်းဆီမှာ သံသေတ္တာ တစ်လုံးနဲ့ ထန်းခေါက်ဖာ တစ်ခုတောင်းပြီး အလောင်းကို ထည့်ရတော့တာပေါ့၊ ဒါတွေကို ကျွန်တော်နဲ့ ကျော်ခင်က တစ်ယောက်တစ်ခုထမ်းပြီး ထွက်လာကြတယ်၊ ရည်ရွယ်တာကတော့ ဒီအိမ်နဲ့ ခပ်လှမ်းလှမ်းမှာ မြှုပ်မယ်၊ ချောင်းတွေ၊ ရေကန်တွေ တွေ့ရင်လဲ ရေထဲပစ်ချမယ်ပေါ့'

'ဖြစ်ပုံက မပြောချင်ဘူး၊ လယ်ကွက် တစ်ခုထဲ မြှုပ်မလို့ လုပ်တုန်း ဘုရားပွဲက လူသွားလူလာ မပြတ်တာနဲ့ ဒါကြီးတွေ ထမ်းပြီး ဟန်မပျက် ရထားလမ်းအတိုင်း လျှောက်သွားကြရတယ်၊ ဘူတာရောက်တဲ့အထိ ဘယ်လိုမှ ဖျောက်ဖျက်လို့မရခဲ့ဘူး ဒီအတိုင်း လမ်းဘေးပစ်ချရင်တော့ရသပေါ့ဗျာ၊ ဒါပေမယ့် ဒီပတ်ဝန်းကျင်ကတော့ အန္တရာယ်များတယ်မဟုတ်လား'



အေးသိန်းက အရက်တစ်ခွက်ကို ကောက်မော့၍ ကြက်ပေါင် တစ်ခုကိုကိုက်နေသည်၊ နောက်မှဆက်၍–

'ဖြစ်ချင်တော့ ကျွန်တော်တို့ နှစ်ယောက် ဒီပစ္စည်းတွေချပြီး ဘူတာထဲမှာ အမောဖြေနေတုန်း မန္တလေးရထားကြီး ဝင်လာတယ်၊ ဒီမှာတင် အကြံရပြီး ရထားနေရာ တက်ယူတယ်၊ ခုံတစ်နေရာရတော့ သေတ္တာကြီးကို ထိုင်ခုံပေါ် တင်ပြီး ဘေးကခရီးသည်ကို ခဏ ကြည့်ပေးထားပါ၊ နေရာကွဲပြီး ဟိုအက်တွဲရောက်နေတဲ့ မိန်းမဆီ သွားကြည့်ဦးမယ်ဆိုပြီး ထွက်လာခဲ့တယ်'

'ကျော်ခင့်ဆီက ထန်းခေါက်ဖာက ဖွင့်ကြည့်ရင် လွယ်လွယ်ကူကူမို့ ရထားတွဲပေါ်မှာ မတစ်တော့ဘဲ ရထားခေါင်မိုးပေါ် တင်ပြီး လွှတ်လိုက်တယ်၊ အဲဒီဖာကတော့ လမ်းတစ်နေရာရာမှာ မြုတ်ကျကျန်ခဲ့မှာပေါ့'

အေးသိန်းက စကားကို လက်စသတ်ကာ အရက်ခွက်ကို ကောက်ကိုင်လိုက်သည်။

ဦးအေးတင်၏ စိတ်ထဲတွင်တော့.... စိတ်မချမ်းသာခြင်း၊ နောင်တရမိခြင်း ဝေဒနာတွေ တရိပ်ရိပ်တက်လာသည်။

'မခိုင်.... မခိုင်....'

နှစ်ကာလ အတန်ကြာမျှ ဆွေမျိုးသားချင်းလို နေလာသော မိန်းကလေးသည် မိမိတို့၏ ပရောဂဖြင့် ဘဝဆုံးရသည်မှာ ရင်နင့်ဖွယ်ကောင်းလှပါ၏။

မမျှော်လင့် မထင်မှတ်ဘဲ ဖြစ်ရသည့်ဖြစ်ရပ်ကား ကြောက်မက် ကြေကွဲဖွယ်အတိ ရှိပါလေပြီတကား။

* * *

[ သ ]

မျက်နှာပျက်သွားသည်၊ ထိတ်လန့်တုန်လှုပ်မှုက သူတို့ကို လွှမ်းခြုံနေပြီ။

ဉပဒေကို ကျူးလွန်ခဲ့သည့် ရာဇဝတ်ကောင် ဟူသည်.... ဉပဒေဘက်တော်သား ရဲများကို မြင်လျှင်— ဣန္ဒြေ ပျက်၍ အယောင်ယောင် အမှားမှား ဖြစ်ကြရသည်မှာ- ဓမ္မတာပဲ-ဖြစ်ပါ၏။

အမှုလိုက် အရာရှိ ကံထူးက သာဓတ္တိ ရဲဌာနသို့ လိုက်သွားသည်။ နောက် အလောင်းကို စစ်ဆေးခြင်း၊ ဆရာဝန်လက်မှတ်ကို ကြည့်ရှုခြင်း သာဓတ္တိ ရဲဌာနအုပ်ကြီး ဉီးရှိန်၏ ယူဆချက်နှင့် ဆွေးနွေးသမှု ပြုခြင်းကိစ္စများ ပြီးသောအခါ အလောင်းသည် လှဲလှဲခိုင်၏အလောင်းဖြစ်ကြောင်း သေချာသလောက် ဖြစ်သွားသည်၊' ခင်ပွန်း ဖြစ်သူ ဉီးကျော်မောင်ကို ပြသ အတည်ပြုရန်ပဲ ကျန်တော့သည်၊ အမှုလိုက် ကံထူး တစ်ယောက် လက်မနေးတော့ပြီ။

သဲလွန်စဖြစ်သော အပေါင်လက်မှတ်မှ စ၍ မီးခိုး ကြွက်လျှောက် လိုက်တော့သည်၊ နောက်ဆုံး တိုးကြောင်ကလေး၊



ကုလားဘုရားကျောင်းအနီးနေ မြင့်သိန်းနှင့် နံ့သာမေ၏ အိမ်ကို ရောက်သွားသည်။

အိမ်ပေါ်သို့ တက်ရောက်လာသော ရဲသားများနှင့် ရွာလူကြီးများကို ကြည့်ကာ လင်မယားနှစ်ယောက်လုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြသည်။

မြင့်သိန်း၊ သူကလည်း ခေသူမဟုတ်၊ ထောင်အကြိမ်ကြိမ် ကျခဲ့ဖူးသော 'လက်ကောက်'တစ်ယောက်ဖြစ်သည်မို့ အခြေအနေကို ရိပ်မိပြီ၊ ဒီတော့ ချက်ချင်းမဖော်၊ အခြေအနေကို ကြည့်မည်၊ မဟာန်လျှင် ကိုယ်လွတ်ရုန်းမည်၊ နောက်ဆုံး မိမိသည် ကြံရာပါပဲ ဖြစ်ရမည်။

သည်တော့ မြင့်သိန်းတို့ လင်မယားနှစ်ယောက်လုံး ဘူးကွယ်နေကြလေသည်။

ကံထူးက မမှုပါ၊ သူတို့၏ ပျော့ကွက်ကို ဆုပ်ကိုင်မိလျှင် အလိုလို ခေါင်းစိုက်လာမည်ပင်၊ ခုလောလောဆယ်တော့ ကြိုက်သလို ကွယ်ကြလေဉီး။

ရှိုးနေပြီ၊ သူ့အမှုလိုက်သက်တမ်းတွင် ဒါတွေ ရှိုးနေပြီ။

ကံထူးနှင့်အဖွဲ့က အိမ်ပတ်ဝန်းကျင်တွင် ပိုက်စိပ်တိုက်၍ သဲလွန်စရှာသည်။

တွေ့ပါပြီ၊ ဓားမြှောင်တစ်ချောင်း၊ လက်ကိုင်ပဝါဖြင့် ထုပ်ထားသော ကွမ်းသီးလုံးခန့် အလုံးတစ်လုံး။

ရေဆေးထားသော်လည်း သွေးဟု ယူဆနိုင်သော အတွင်ခန်း ကြမ်းပြင်ပေါ်မှ အကွက်များ၊ လက်ကိုင်ပဝါဖြင့်ထုပ်

ထားသော အလုံးကို လှေသာကြည့်သည့်အခါ အလေးချိန် တစ်တစ်ရစ်ရစ်ရှိ၍ ဘောင်သားရောင်ပေါက်နေသည်။

'ဒါမျိုး ဘယ်မှာတွေ့ဖူးပါလိမ့်'

ကံထူး စဉ်းစားပြီ၊ ဟုတ်ပြီ၊ သူ့ဘကြီး အင်္ဂလိယဆရာထံတွင် ဒါမျိုးတွေ့ခဲ့ဖူးသည် မဟုတ်ပါလား။

'ဒါဟာ သွပ်ကို သေအောင်ထိုးထားတဲ့ ခွာတ်လုံးကွ၊ ဒီခွာတ်လုံးကို နွေစဉ် ရေစိမ်သောက်ရင် ကျန်းမာတယ်၊ အသက်ရှည်တယ်၊ တန်ခိုးသိဒ္ဓိထက်မျက်တယ်'

ဘကြီးဖြစ်သူ၏ စကားကို ကံထူး ကြားယောင်လာသည်။

တစ်ဆက်တည်းပင် ဦးအေးတင်ကို ရှာဖွေသောနေ့က ဖားဖို၊ မီးသွေးခြင်း၊ လုံအမျိုးမျိုးမှအစ ပြဒါး၊ ကန့်၊ လက်ခြား စသောပစ္စည်းများ တွေ့ခဲ့ရသည်ကို အမှတ်ရလာသည်။

အမှုလိုက်ကံထူး၏မျက်နှာက ရွှင်လန်းဝင်းထိန်လာသည်၊ အမှု၏နိဂုံးသည် သူ့နှင့် လက်တစ်ကမ်းတွင် ရောက်နေပြီကော။

ကံထူးက အသိသက်သေများရှေ့တွင် အမှုနှင့်ပတ်သက်သော ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းကာ မီခင်ရဲဌာနသို့ ပြန်လာသည်။

အမှုလိုက်ကံထူး၏ အပြန်လမ်းတွင်တော့ အဖော်က တိုးပွားလာခဲ့ပြီ ဖြစ်သည်၊ ထိုအဖော်များကတော့ လက်ကောက် မြင့်သိန်းနှင့် နံ့သာမေပဲ ဖြစ်ပါချေ၏။

* * *



[ ၄ ]

ကျောက်ရုပ်တစ်ရုပ်နှယ် ငြိမ်သက်နေသည်၊ ကိုယ်ခန္ဓာ လှုပ်ရှားမှုဟူသည် မရှိ၊ လုံးဝမရှိ။

သို့သော် အတွင်းစိတ်လှုပ်ရှားမှုနှင့် ရင်တွင်းမှဝေဒနာက ပေါက်ကွဲထွက်တော့မည်သို့ ခံစားနေရသည်၊ ဦးကျော်မောင်က ပြတင်းပေါက်မှ အဝေးသို့ ငေးကြည့်နေရင်း လေးလံစွာ သက်ပြင်းချလိုက်မိပြန်သည်။

'ခိုင်....ခိုင်....'

ခိုင်တစ်ယောက် ဘယ်လိုဖြစ်နေပြီလဲ၊ ဒုက္ခနှင့် ရင်ဆိုင်နေခဲ့ရပြီလား၊ ဒါမှမဟုတ် မိမိ၏ လူမဆန်သော အကြံအစည်ကို ရိပ်မိသဖြင့် မိမိကို စွန့်ခွာခဲ့လေပြီလား။

ကိုအေးတင်... မှန်သည်၊ သူ၏ ကြံဖော်ကြံဖက်ဖြစ်သော ကိုအေးတင်ကိုယ်တိုင်ပင် မတွေ့ရတော့၊ ခိုင့်သတင်းစကားသည်လည်း ပျောက်ကွယ်နေပြီ။

'သင်းတို့ကပဲ သစ္စာဖောက်လေပြီလား၊ ခိုင့်ကို သတ်ပစ်လိုက်ကြပြီလား၊ ဘုရား... ဘုရား....ခိုင်တစ်ယောက် ဘေးမသီရန်မခစေပဲ အိမ်ပြန်ရောက်ပါစေ'

ခိုင့်အပြုံး၊ ခိုင့်အသံ၊ ခိုင့်လှုပ်ရှားမှု၊ အို.... ခိုင်နှင့်ပတ်သက် ဆက်နွယ်သမျှသော အရာအားလုံးက သူ့ထံပါးတွင် ဝဲပျံနေလေပြီကော။

ဦးကျော်မောင် ဆိုဖာပေါ်တွင် မောပန်းစွာ ထိုင်ချလိုက်သည်၊ သူ့မျက်လုံးက တယ်လီဖုန်းပေါ်သို့ ကျရောက်သွား

သည်၊ ချက်ချင်း သတိရလာသည်၊ ရဲဌာနကို ခိုင့်သတင်း စုံစမ်းရဦးမည်။

ထိုစဉ် အခန်းဝမှ လူတစ်ယောက်ဝင်လာသည်။

သူ....။

ထိုသူကား ဦးကျော်မောင် တွေ့ချင်နေသူ၊ မျှော်လင့်နေသူ ဦးအေးတင်ပဲ ဖြစ်ပါ၏။

'ဟင်....ကိုအေးတင်'

ဦးကျော်မောင်က အံ့သြတကြီး ရေရွတ်လိုက်သည်။

'ခိုင်ကောဗျ ခိုင်ဘယ်မှာလဲ'

ဦးကျော်မောင်က အသက်ပင် ဖြောင့်အောင်မရှူပဲ မေးလိုက်သည်။

ဦးအေးတင်က ဘာမှမဖြေ၊ ဘယ်လိုမှ မတုံ့ပြန်ခဲ့၊ ဦးခေါင်းငိုက်စိုက်ဖြင့် ရပ်နေသည်။

'ဟေ့ လူ ...မေးနေတာ မကြားဘူးလား၊ ခိုင် ဘယ်မှာလဲ၊ ကျုပ်မိန်းမ ဘယ်မှာလဲဗျ'

ဦးကျော်မောင်၏ ဒေါသက တစ်စတစ်စ ကြီးလာသည်။

ရုတ်တရက်ထကာ ဦးအေးတင်၏ အင်္ကျီရင်ဘတ်ကို ဆွဲဆောင့်လိုက်သည်။

'ပြောစမ်းပါဗျာ ...မြန်မြန်၊ ခင်ဗျားတို့ ကျုပ်မိန်းမကို ဘာလုပ်လိုက်သလဲ၊ ဘယ်မှာလဲ'

'ပြော....ပြောပါ့မယ် ဆရာ'

'ပြော—ပြော....မြန်မြန်ပြော... ပြောစမ်း'

'ကျွန်တော်တို့ လက်လွန်သွားပါပြီ ဆရာ'



'ဟင်....'

ဦးကျော်မောင်ကား မယုံကြည်ဖွယ်သတင်းကို ကြားလိုက်ရသည်မို့ ကျောက်ရုပ်ပမာ ငြိမ်သက်သွားခဲ့လေပြီ။

'ဟင်....ခိုင့်ကို သတ်ပစ်လိုက်ကြပြီ ဟုတ်လား'

ဦးကျော်မောင်၏အသံက ဒေါသတကြီး ထွက်ပေါ်လာကာ တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလာသည်။

'အေး....ငါ့မိန်းမသေသလို မင်းတို့လဲ သေစေရမယ်ကွ'

ဦးကျော်မောင်က အရူးတစ်ယောက်ပမာ ဒေါသတကြီး ဟစ်အော်ရင်း အိမ်ပေါ်သို့ ပြေးတက်သွားသည်၊ နောက် အိပ်ရာခေါင်းအုံးအောက်မှ သေနတ်ကို ဆွဲယူကာ ပြန်ဆင်း ပြေးလာသည်။

ဦးအေးတင်ကတော့ လုံးဝ လှုပ်ရှားမှုမပြုဘဲ ငြိမ်သက်နေဆဲ၊ ထိတ်လန့်တုန်လှုပ်မှုသည် သူ့တွင်မရှိသလို ဖြစ်နေသည်။

'သတ်လိုက်ပါဆရာ၊ မခိုင်အတွက် ကျွန်တော်ပါ စိတ်ထိခိုက်ရပါတယ်၊ နောက်ပြီး ဆရာမသတ်ရင်လဲ ဒီရာဇဝတ်ဘေးက ကျွန်တော် ပြေးလို့လွတ်မှာ မဟုတ်ပါဘူး'

ဦးအေးတင်၏ နောင်တရကြေကွဲသံဖြင့် ပြောလိုက်သော စကားကြောင့် ဦးကျော်မောင်၏လက်ထဲမှ သေနတ်ပြောင်းက အောက်သို့ စိုက်ကျသွားသည်၊ နောက် သက်ပြင်းရှိုက်ကာ ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

'ရက်စက်လှချေလား ကိုအေးတင်ရာ၊ ကိုယ့်သမီးလို၊ တူမလို နေတဲ့မိန်းကလေးကို ခင်ဗျား လုပ်ရက်တယ်ဗျာ'

ဦးကျော်မောင်က ဝမ်းနည်းလှိုက်လှဲစွာ ပြောလိုက်သည်။

'ဟုတ်ပါတယ်ဆရာ၊ ဒီလိုဖြစ်ရတာကို ကျွန်တော် ဝမ်းနည်းနောင်တရလို့ မဆုံးပါဘူး'

သည်နောက်တွင် နှစ်ယောက်စလုံး ငြိမ်သက်သွားကြပြန်သည်။

'ကဲဗျာ ကိုအေးတင်၊ ဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ'

ဦးကျော်မောင်က စကားစသည်။

'ဒီလိုပဲနေရမှာပဲပေါ့ဆရာ၊ ကိုယ်မဖော်ရင်မပေါ်ပါဘူး၊ ဖော်ရင်တော့ တစ်သီကြီးပါသွားမယ်၊ ဆရာကိုယ်တိုင်ရှေ့က ပါလာတော့မှာပဲ'

ဦးကျော်မောင်က ခေါင်းငိုက်စိုက်ချကာ စဉ်းစားနေသည်။ သူ့ခေါင်းထဲတွင် ထွေပွေနေသည်မို့ ဘာမှ စဉ်းစားဉာဏ်က ထွက်မလာခဲ့။

'ကျွန်တော် သွားလိုက်ဦးမယ်ဆရာ'

ဦးအေးတင်ပြောရင်း ညှိခန်းထဲမှ ထွက်လာတဲ့ ချိန်အထိ ဦးကျော်မောင်တစ်ယောက် ခေါင်းငိုက်စိုက်ကျဆဲ ရှိနေသည်။

* * *

[ ၀ ]

'ဦးအေးတင်....ဦးအေးတင်'

ခြံအပြင်ဘက်သို့ ရောက်သည်နှင့် မိမိနာမည်ကို နောက်ဖက်မှ ခေါ်လိုက်သံကြောင့် ဦးအေးတင်က ပြန်လှည့်ကြည့်လိုက်သည်။



လူထွားကြီးတစ်ယောက် သူမသိ မမြင်ဘူးသော အပေါ်ဝတ်အရပ်စားဖြင့် ကျွဲပေါက်တမျှ ကြီးမားသော လူတစ်ယောက်က သူနှင့် မလှမ်းမကမ်းတွင် ရပ်နေသည်။

သူ့လက်ထဲတွင်တော့ ခြောက်လုံးပြူးသေနတ် တစ်လက်က ရှိနေသည်၊ ထိုသေနတ်ပြောင်းက ဦးအေးတင်၏ ရင်ဝကို တည့်မတ်စွာ ချိန်ထားလေပြီကော။

'နဲနဲမှ မလှုပ်ပါနဲ့ ဦးအေးတင်၊ နောက်ခိုင်းပြီး ခင်ဗျားရှေ့ကဝင်းထရံကို လက်နှစ်ဘက်နဲ့ ထောက်ထားပါ'

ဦးအေးဖင်က သူပြောသလို လုပ်လိုက်သည်၊ သူ့လက်တွင် လူ့အသက်ကို စက္ကန့်အတွင်း ပျက်စီးစေနိုင်သော သေနတ်က ရှိနေပြီမဟုတ်ပါလား။

'အဲ...ဟုတ်ပြီ၊ ကျွန်တော်က ရန်ကင်းရဲဌာနက လူဆိုးထိန်းစုံထောက် ထိပ်နီပါပဲ၊ ဦးအေးတင်ကို တာဝန်အရ ရဲဌာနကို ခေါ်သွားရပါမယ်'

'ဟိုက်....'

ဦးအေးတင်က တုန်လှုပ်ချောက်ချားစွာ ရေရွတ်လိုက်မိသည်။ ရာဇဝတ်ဘေး လွတ်အောင်မပြေးနိုင်မီပင် ရဲလက်တွင်းသို့ သက်ဆင်းရချေပြီတကား။

ထိုစဉ်တွင် လူဆိုးထိန်းစုံထောက်ထံမှ သံကြိုးသံတချင်ချင် ကြားလိုက်ရသည်နှင့် မရှေးမနှောင်း သူ့လက်ကောက်ဝတ်ပေါ်တွင် အေးစက်သော အထိအတွေ့နှင့်အတူ လက်ထိပ်တစ်စုံက ရောက်ရှိခဲ့လေပြီတည်း။

\+ \+ \+

## အခန်း ( ၂၀ )

'စိတ်အေးအေးထားပါတူမရယ်၊ သိပ် စိတ်ပူမနေပါနဲ့၊ ကိုယ်ကောင်းရင် ခေါင်းမရှေ့ပါဘူး၊ အန်ကယ်ကလဲ အာမခံရဖို့ လိုက်နေပါတယ်၊ သက်ဆိုင်ရာက တရားခံတွေမိရင် လွတ်မှာပါ'

အယ်ဒီတာချုပ်က အေးကို နှစ်သိမ့်သည်၊ အေးက စီးကျလာသောမျက်ရည်များကိုသုတ်ရင်း မော့ကြည့်သည်။

'တကယ်တော့ အန်ကယ်ရယ်၊ မောင်ဟာ ဒီလိုသေးသိမ်တဲ့အလုပ်ကို လုပ်မယ်မဟုတ်ပါဘူး၊ မောင်ဟာ ခိုင်နဲ့ကျောင်းနေဘက်၊ ရင်းနှီးတဲ့မိတ်ဆွေတွေဖြစ်လို့ ခင်ခင်မင်မင် ဆက်ဆံနေခဲ့တာပါ'

'ဒါက တူမဘက်ကအမြင်ကိုးကွယ့်၊ တကယ်တော့ မောင်အောင်သူဘက်က မှားတဲ့အပိုင်းတွေလဲ ပါသင့်သလောက်တော့ ပါခဲ့တယ်ကွယ်'

'ရှင်....'

'ဒီလိုပါ တူမကြီး၊ သူဟာ မိန်းကလေး အပေါ်မှာ မဖောက်ပြန်သည်ပဲထား၊ ရိုးသားမှုရှိသည်ပဲထား၊ တကယ်



တော့ ဒီမိန်းကလေးဟာ ကာမပိုင်လင်ယောကျ်ား ရှိတယ်ဆိုတာ သတိထားရမယ်၊ဒါကြောင့် မလွတ်လပ်တဲ့မိန်းကလေးနဲ့ ခုလို ဒွေးရောယှက်တင် ပြုမူနေထိုင်ခြင်းဟာ သူ့အမှားပဲကွယ့်၊ ဒီလိုအမှားတစ်ကွက်ကြောင့် ဘဝတစ်သက်လုံး ပယ်ဖျက်မရတဲ့ အမည်းကွက် စွန်းခြင်း ခံရသူတွေ၊ နောက်ဆုံးအသက်ပါဆုံးရှုံးသူတွေ၊ ရာဇဝတ်မှုကြီးနဲ့ ရင်ဆိုင်ရတာတွေဟာ ဒုနဲ့ဒေးပါတယ်၊ တို့ပတ်ဝန်းကျင်မှာ မြင်လောက်တာတွေရှိခဲ့ပြီပဲ'

'ဟုတ်ပါတယ် အန်ကယ်ရယ်.... မောင်တစ်ယောက် သူ့အမှားကို မှန်းဆနိုင်ကောင်းလောက်ပါပြီ'

အေးက ရှိုက်ငိုရင်း ထောက်ခံလာသည်။

'ဒါထက် သမီးလေးကော'

'သမီးလေး ကိုယ်ပူပြီးဖျားလို့ အိပ်နေပါတယ် အန်ကယ်၊ တစ်နေ့တစ်နေ့ သူ့အဖေပဲတမ်းတနေလို့ ကြာရင် စိတ်ထိခိုက်မှာတောင် စိုးရိမ်နေမိတယ်'

'ကလေးကိုဂရုစိုက်နော် တူမကြီး၊ လိုအပ်တာရှိရင် အန်ကယ့်ကို ချက်ချင်းပြော၊ အကူအညီလိုရင်ပြော ကြားလား'

'ဟုတ်ကဲ့ပါအန်ကယ်၊ အထူး ကျေးဇူးတင်ပါတယ်ရှင်'

* * *

[ က ]

ဦးအေးတင်၏ခြေလှမ်းမှာ တုန့်ခနဲရပ်သွားသည်၊ သူက ရဲဌာနအတွင်း ဝင်မိသည်နှင့်တစ်ပြိုင်နက် ရဲဌာနာအုပ် ဦးခင်

မောင်စိုး၏စားပွဲရှေ့တွင် ကုပ်ကုပ်ကလေးထိုင်နေသော လူနှစ်ယောက်ကို မြင်လိုက်ရသည်နှင့် သူ့ရင်တွင် ဒိန်းခနဲဖြစ်သွားကာ ခြေလှမ်းက ရှေ့မတိုးသာနောက်မဆုတ်သာ ဖြစ်ခဲ့ရသည်။

'ဆရာ....ကျွန်တော် တာဝန်ကျနေတဲ့ ဦးကျော်မောင်ရဲ့ခြံရှေ့မှာတွေ့ရတဲ့ ဦးတင်အေးကို ဆွဲလာခဲ့ပြီ'

လူဆိုးထိန်းစုံထောက်က သတင်း ပို့လိုက်သည်။

'အေး....ဟုတ်ပြီ၊ ဒီနှစ်ယောက်ကို အချုပ်ထဲ ပြန်ထည့်လိုက်၊ ဦးအေးတင်ကတော့ အမှုစစ်ခန်းထဲ ခေါ်သွားတော့'

ဦးအေးတင် မျက်နှာပျက်နေလေပြီ။ ရဲဌာနာအုပ်၏စားပွဲမှ အချုပ်ခန်းသို့ ခေါ်သွားခံရသူနှစ်ယောက်က တိုးကြောင်ကလေးမှ အိမ်ပိုင်ရှင် လက်ကောက် မြင့်သိန်းနှင့် သူ့မိန်းမနံ့သာမေပဲ ဖြစ်သည်၊ သူ့စိတ်ဓာတ်ကား အကြီးအကျယ်ကျဆင်းခဲ့ပြီတည်း၊ ဦးအေးတင် အမှုစစ်ခန်းထဲတွင် ထိုင်မိသည်နှင့် ဌာနာအုပ် ဦးခင်မောင်စိုး ဝင်လာသည်။

ဘူးကွယ်မည့်စိတ်ကူးခဲ့သမျှ မြင့်သိန်းတို့လင်မယားကို တွေ့ရသည်နှင့်တစ်ပြိုင်နက် အားပျက်ခဲ့ရပြီ။

သို့သော် ဘာမှမပြောသေး၊ ဌာနာအုပ်က သူ့ဘောင်ဘီအိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူလိုက်သည်။

'ဟိုက်....'

ဦးအေးတင် တုန်လှုပ်ချောက်ချားစွာဖြင့် အာမေဋိတ်သံထွက်သွားရသည်။



ဒါ....ဒါ....သူ့လက်ကိုင်ပုဝါနှင့် သူ၏ဓာတ်လုံးပဲ မဟုတ်ပါလား၊ အချင်းဖြစ်သောညက တိုးကြောင်ကလေးအိမ်တ
ကျခဲ့ခြင်းပဲဖြစ်မည်။

ယခု ရဲလက်ထဲရောက်နေပါပြီကော၊ ရဲဌာနအုပ်ကတေ
လက်ထဲမှဓာတ်လုံးကို စိတ်ဝင်စားစွာ ကိုင်တွယ်ကြည့်ရှု
သည်။

'ဗြော်....ဦးအေးတင်၊ ဟောဒါ အင်္ဂလိပ်ဓာတ်လုံးလို့ ခေ
တယ်၊ မမြင်ဖူးရင် ကြည့်ပါလား'

'နေ....နေ....နေပါစေဆရာ'

'ဗြော်.... ဦးအေးတင်က အင်္ဂလိပ်ဝါသနာမပါဘူးထ
တယ်'

'ဟုတ်....ဟုတ်... ဟုတ်ပါတယ်၊ ကျွန်တော် နားမလည်
ဘူး'

ရဲဌာနအုပ်က ဘာမှမပြော၊ ဒါပေမယ့် တစ်ချက်ကတေ
ပြုံးလိုက်သေးသည်၊ နောက်တော့ ရွှေမှုဖိုင်တွဲတစ်ခုကိုယူက
စိတ်ပါလက်ပါ ဖတ်လျက်ရှိနေသည်။

၁၀-မိနစ်၊ ၂၀-မိနစ်၊ ၃၀-မိနစ်၊ ၄၀-မိနစ်။

အချိန်က တရွေ့ရွေ့ကုန်သွားသော်လည်း ရဲဌာနအ
ကတော့ စာထဲသာ စိတ်ဝင်စားလျက်ရှိနေသည်။

ခေါင်းပင်မဖော်သေး။

ဦးအေးတင်ကတော့ ဒီနေရာတွင် ထိုင်နေရသည်ကို ကို
စိတ်နှစ်ပါးလုံး ကျဉ်းကျပ်လှချေပြီ။

တိုင်ကပ်နာရီမှ တချက်ချက်အသံများကိုပင် ကြားနေရသည်။

ဦးအေးတင်၏မျက်နှာတွင် ချွေးသီးချွေးပေါက်များ ယိုစီးကျလျက်ရှိသည်။

ထိုအခိုက်တွင် အမှုလိုက်ကံထူးဝင်လာကာ ဌာနအုပ်ကို အလေးပြုလိုက်သည်။

'ဆရာ....မြင့်သိန်းနဲ့ နုံ့သာမှေကတော့ ဖျောက်ချက်ပေးပြီးပြီ ဆရာ'

'အေးပေါ့ကွာ၊ မဖော်လဲ ပေါ်နေမှ ဖြောင့်ချက်ပေးရတော့မှာပေါ့'

ရဲဌာနအုပ်ကပြောရင်း ယခုမှ သတိရသည့်အလား ရှေ့တွင် ငုတ်တုတ်ထိုင်ကာ ချွေးဖြိုင်ဖြိုင်ကျနေသော ဦးအေးတင်ကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

'ဪ....ဦးအေးတင်၊ ခင်ဗျား ဖြောင့်ချက်ပေးဖို့ မပေးဖို့ကို ခင်ဗျားကိုယ်တိုင် ဆုံးဖြတ်ပါ၊ အမှန်အတိုင်း ဖြောင့်ချက်ပေးချင်ရင် ဒီမှာပဲ ထိုင်နေပါ၊ ဖြောင့်ချက်မပေးလိုဘူးဆိုရင်လဲ ဟောဒီ အမှုလိုက်အရာရှိက အချုပ်ထဲ ပို့ပါလိမ့်မယ်၊ ကံထူး သူတို့တတွေကို သီးခြားခွဲချုပ်ထားပါ၊ ဦးအေးတင်ကို ခေါ်သွားတော့'

ဦးခင်မောင်စိုးကပြောကာ စာစာကဖိုင်ကို ပြန်ကိုင်လိုက်သည်။

'ဆရာ .. ဆရာ....ကျွန်တော် အမှန်တွေကို ဖြောင့်ချက်ပေးပါ့မယ် ဆရာ'



ဦးအေးတင်၏ တုန်ယင်စွာပြောလိုက်သောအသံကြောင့် ဌာနအုပ်က လက်ထဲမှဖိုင်တွဲကိုပစ်ချကာ သက်ပြင်းချလိုက်မိသလို အမှုလိုက်ကံထူးကလဲ ပြုံးသွားခဲ့လေပြီ။

* * *

[ ခ ]

'ဝမ်းသာလိုက်တာအန်ကယ်....ဝမ်းသာလိုက်တာ'

အေးက ဝမ်းသာအားရ ထခုန်မတတ် ဖြစ်နေသည်။

'သမီးရေ....သမီးလေးဖေဖေကြီး ပြန်လာတော့မယ်တဲ့'

အေးကပြောရင်း အခန်းထဲရှိ သမီးလေးကို ပြေးချီလာသည်။

'သမီးလေးဖေဖေကြီး ပြန်လာတော့မယ်တဲ့၊ ဟောဒီမှာ ဘဘကြီး လာပြောတယ်'

'ဟုတ်လား ဘဘကြီး၊ ဖေဖေကြီးလာတော့မယ်နော်၊ တကယ်လားဟင်'

'တကယ်ပေါ့ ငါ့မြေးရယ်၊ ပြန်လာတော့မယ်၊ ခု ဘဘကြီးတို့ သွားခေါ်မယ်'

အယ်ဒီတာချုပ်က ပြုံးပြုံးကြီးပြောရင်း ဝမ်းသာလွန်း၍ ထိုင်ရမလို ထရမလိုဖြစ်နေသော အေးကို လှမ်းကြည့်သည်။

'ကဲ....တူမကြီး အဝတ်အစားလဲတော့၊ ဒီမနက် ၉–နာရီခွဲ အမီသွားပြီး မောင်အောင်သူကို ထုတ်ရတော့မှာကွဲ့၊ နောက်ကျနေရင် မကောင်းဘူးကွဲ့'

'သမီးလဲလိုက်မယ်နော်၊ ဖေဖေကြီးကို သမီး သိပ်ကြည့်ချင်တာ မေမေရယ်'

'လိုက်ရမှာပေါ့ သမီးရယ်၊ ဖေဖေကြီးကလဲ သမီးကို တွေ့ချင်ရှာမှာပေါ့၊ လာ သမီး အင်္ကျီလဲရအောင်'

အေးက သမီးကလေးကို လက်ဆွဲ၍ အိမ်ခန်းထဲ ပြေးဝင်သွားသည်၊ သည်နောက်တွင်တော့ အယ်ဒီတာချုပ်၏ ကားလေးက ရန်ကင်းရဲဌာနသို့ ဦးတည်ပြေးနေသည်။

'မောင့်ကို တစ်ခါတည်းလွတ်မှာလား အန်ကယ်'

'ကွင်းလုံးကျွတ် လွတ်ရမှာပေါ့ကွယ်၊ အမှုနဲ့ပတ်သက်တဲ့ တရားခံတွေအားလုံး မိနေမှဟာ'

ရန်ကင်းရဲဌာန။

သည်နေရာတွင် ကားကလေးထိုးဆိုက်သွားသည်။

* * *

ရဲဌာနအတွင်းရှိ ဌာနအုပ်၏ စားပွဲတွင်တော့ ကိုအောင်သူတစ်ယောက် လွတ်လပ်သူအဖြစ် ရှိနေပြီ၊ တရားခံအစစ်ကို မိခဲ့ပြီမို့ သူ့အမှု သည်မျှနှင့် ကင်းရှင်းခဲ့ပြီ မဟုတ်ပါလား။



'ဖေဖေကြီးရေ....ဖေဖေကြီး'

တစ်ပတ်ကျော်မျှ ကင်းကွာနေခဲ့သော ဖခင်ကို မြင်သည်နှင့် သမီးလေးက ဝမ်းသာအားရအော်ဟစ်ရင်း ကိုအောင်သူထံ ပြေးလာသည်။

'သမီး....သမီးလေး'

ကိုအောင်သူက သမီးလေး၏ ဝတစ်တစ်ကိုယ်ကလေးကို ပွေ့ချီကာ မွှေးမွှေးပေးလိုက်သည်။

ဝမ်းနည်းကြေကွဲခဲ့ရမှုဝေဒနာကို ဝမ်းသာကြည်နူးရခြင်း ပီတိက လွှမ်းခြုံသွားသည်။

'မောင်....'

'အေး....'

'ဒီမှာ အန်ကယ်လဲပါလာတယ် မောင်ရဲ့'

'ဪ...ဆရာ'

ယခုမှပဲ ကိုအောင်သူတစ်ယောက် ပတ်ဝန်းကျင်ကို သတိပြုမိဟန်ရှိသည်၊ သူ၏ ဆရာသမားက သူ့ကိုပြုံး၍ ကြည့်နေသည်။

'ကျေးဇူးတင်ပါတယ် ဆရာ'

သူ့ဆရာကတော့ ခေါင်းညိတ်ရုံမှလွဲ၍ ဘာမျှ မပြောနိုင်သေး၊ သည်မိသားစု၏ ဝမ်းသာပျော်ရွှင်မှုသည် သူ၏ရင်သို့ ရိုက်ခတ်လာသလို ခံစားနေရသည်။

'ကျွန်တော်တို့ ပြန်နိုင်ပြီလားခင်ဗျာ'

ကိုအောင်သူက ရဲဌာနအုပ်ကို မေးလိုက်သည်။

'ဩော်....ဟုတ်ကဲ့၊ ပြန်နိုင်ပါပြီ၊ ကိစ္စအားလုံးလဲ ပြီးနေပြီပဲ'

ဌာနအုပ်၏ ခွင့်ပြုချက်ရသောအခါ အယ်ဒီတာချုပ်ဖြစ်သူနှင့် ကိုအောင်သူတို့မိသားစုက ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် ရဲဌာနအပြင်သို့ ထွက်လာခဲ့ကြသည်။

'ဟော....'

ရဲဌာနအပြင်သို့ရောက်သောအခါ ကိုအောင်သူ၏ခြေလှမ်းအစုံက တုန့်ခနဲဖြစ်သွားသည်၊ သူ့ရှေ့တူရူတွင်တော့ အချုပ်ကားပြာပြာကြီးတစ်စီး။

ကားကြီးကတော့ ရဲဌာနဝင်းအပြင်ဘက်သို့ ထွက်ခွာစပြုနေပြီ ဖြစ်သည်။

ရဲဌာနမှ အချုပ်တရားခံအချို့ကို ထောင်အချုပ်သို့ ပို့ရန်ပဲ ဖြစ်ပါလေ၏။

ကားပေါ်တွင် အချစ်၏ကျေးကျွန်ဘဝမှ ဥပဒေ၏ သားတောင်ဘဝရောက်ခဲ့ရသော သူဌေးကြီး ဦးကျော်မောင်ကို တွေ့လိုက်ရသည်၊ ဦးကျော်မောင်၏ဘေးတွင်တော့ ကျွန်းပြန်ကြီး ဦးအေးတင်၊ ပုဏ္ဏကကျော်ခင်နှင့် ခေါ်အေးသိန်းတို့က ရှိနေသည်။ သူတို့ နောက်ဘက်ကျကျတွင်မူ လက်ကောက်မြင့်သိန်းနှင့် ဇနီးဖြစ်သူ နှံ့သာမေတို့က ငေးမှိုင်လျက် အချုပ်ကားထဲတွင် ပါသွားကြလေပြီ။



'ဟူး....'

ကိုအောင်သူက သူ၏မြင်ကွင်းမှ ဝေးရှိဝေးရှိ သွားခဲ့ပြီဖြစ်သော အချုပ်ကားပြာပြာ ကြီးကြီးကို ကြည့်ရင်း မောပမ်းစွာ သက်ပြင်းချလိုက်မိသည်။

တရားဥပဒေကို ကျူးလွန်ဖောက်ဖျက်သူတို့၏ နောက်ဆုံးသွားရာလမ်းကား ဖြောင့်တန်းခြင်း မရှိလေပါတကား။

\+ \+ \+

## အခန်း (၂၁)

'တကယ်တော့ မောင့်အမှားတွေလဲ ပါခဲ့ပါတယ်ကွယ်'

လေးပေမီးချောင်းမှ ဖြာကျနေသော မီးရောင်ပြာပြာက ဧည့်ခန်းကို စိုးမိုးနေသည်။

ကိုအောင်သူ ပြူတင်းပေါက်မှ အပြင်လောကကို ငေး မောကြည့်နေရာမှ ပြောလိုက်သည်၊ နောက် ပြူတင်းပေါက် မှခွာကာ ချစ်ဇနီးအေး၏အနားတွင် ထိုင်ချလိုက်သည်။

'ဘာကိုပြောတာလဲမောင်....ဟင်'

အေးက ကိုအောင်သူ၏မျက်နှာကို နားမလည်သလိုကြည့် ရင်း မေးလိုက်သည်။

'သြော်....ကိုအောင်တို့ ပါဝင်ပတ်သက်ခဲ့ရ၊ စိတ်ဆင်း ခဲ့ရတဲ့ ကိစ္စကိုပြောတာပါ'

'တကယ်တော့ ကိုအောင်ဟာ လဲ့လဲ့ခိုင်အပေါ်မှာ ကိုယ ထိလက်ရောက် ဖောက်ပြားမှုမရှိခဲ့သလို ခိုင် ကိုယ်တိုင်က သူ့ကိုယ်သူ ထိန်းနိုင်ခဲ့ပါတယ်။



'ဒါပေမယ့် မောင် အမှားတစ်ခုကိုတော့ ကျူးလွန်ခဲ့မိပ တယ်၊ ဒီအမှားကတော့ လဲ့လဲ့ခိုင်လို ကာမပိုင်လင်ယောကျာ ရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ ခုလို ရင်းရင်းနှီးနှီး ဆက သွယ်မိခဲ့တဲ့အချက်ပဲ။

'ဒီကြားထဲမှာ ညီမောင့်ကိစ္စက ဝင်လာပြန်တော့ အေ လူအထင်မှားစရာတွေက ပိုများလာတာပေါ့ကွယ်'

ကိုအောင်သူက စကားကိုရပ်လိုက်ပြီးနောက် သက်ပြင တစ်ချက်ကိုရှိုက်လိုက်မိပြန်သည်။

'ခိုင်တစ်ယောက်လဲ သနားပါတယ်နော်'

'ဒါပေါ့အေးရယ်၊ အမှတ်မထင် ဂရုမပြုတဲ့ကိစ္စကလေ အတွက် သေသူသေ၊ ထောင်ကျသူကျရုံမက မဆိုင်သူတွေပ စိတ်ဆင်းရဲ ဖြစ်ကြရပြန်တယ်၊ ဒီလိုသံဝေဂရဖွယ် အိပ်မက ဆိုးကြီးဟာ မောင့်တစ်သက် မေ့ရက်စရာ မရှိတော့ပါဘူ ကွယ်....'

'ကဲ.... တော်ပါတော့ မောင်ရယ်၊ ဒီစိတ်မချမ်းသာစရ အကြောင်းကို ရပ်ကြရအောင်နော်'

'အို....မောင်ရယ်'

'ဟင်....ဘာလဲအေး'

'ဟိုမှာလေ၊ ဟိုမှာကြည့်ပါဦး'

အေးကပြောကာ မျက်စပစ်ပြလိုက်သည်။

သူတို့ရှေ့ခုံတွင်ထိုင်ရင်း မိခင်နှင့်ဖခင်၏ ပြောဆိုလှုပ်ရှားမှုများကို မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေသော သမီးကလေးကို သူတို့ ခုမှသတိပြုမိကြသည်။

'ကြည့်ပါဦးကွယ်၊ မောင်တို့ သမီးကလေးကိုတောင် မေ့နေကြမိတယ်'

ကိုအောင်သူကပြောရင်း သမီးလေးကို ပွေ့ယူလိုက်သည်။

'မောင်မရှိတဲ့ရက်က သမီးလေး သီချင်းအသစ် သင်ရသေးတယ်မောင်၊ အဲဒါ ဖေဖေကြီးလာမှ ဆိုပြမယ်တဲ့'

'ဟုတ်လား သမီး'

ဖခင်ဖြစ်သူ၏ အမေးကို သမီးက ခေါင်းညိတ်ပြသည်၊ သမီးကလေး၏ အပြစ်ကင်းစင်သော မျက်နှာကလေးက ဝင်းဝင်း ပပနှင့် အေးမြလန်းဆန်းလျက်ရှိနေသည်။

- ယုန်ကလေးက နားရွက်ထောင်
  ပညာရှိယောင် ဆောင်။

- ကြောင်ကလေးက လက်သည်းဖွက်
  ချောင်းလိုက်ရတဲ့ ကြွက်။

- ရှေ့ဇီးကွက်ကြီး ဘယ်လိုနေ
  ဘုရင်ကြီးလို နေ။



- မိုးလေဝသ ဗေဒင်ဟော
  တောက်တဲ့ ကိုလူချော။

- မြောတိုင်းယုံတဲ့ ပုတ်သင်ညို
  ခေါင်းညိတ်ရတယ် ဆို။

- ရွှေကျီးညို သာပါစေ
  ညှော်သည်းလာပါစေ။

သမီးလေး၏ ကြည်လင်အေးမြသော အသံစာစာကလေးက ညှော်ခန်းကို လွှမ်းခြုံသွားသည်။

'ဟောဒီသမီးလေးက သိမ်မွေ့တော်တာပဲကွယ်'

ကိုအောင်သူကပြောရင်း သမီးလေးကိုပွေ့ကာ ဖောင်းအိသောပါးနုနုကလေးကို မွှေးမွှေးပေးလိုက်သည်။

'နောက်ပြီး ဟောဒီဇနီးကလေးအေးကလဲ'

ကိုအောင်သူက ပြောပြောဆိုဆိုနှင့် သူ၏ဘေးမှအေးကို သိုင်းဖက်ကာ သနပ်ခါးနံ့ သင်းပျံ့နေသော ပါးပြင်ကို ရှိုက်နမ်းလိုက်သည်။

'အို....မောင်ရယ်....သမီးရှေ့မှာ'

အေးက ရှက်ရွံ့ကြည်နူးမှုဖြင့် ရေရွတ်ရင်း ကိုအောင်သူ၏ကျောပြင်ကိုထုနေစဉ် သမီးကလေးက မိခင်နှင့် ဖခင်ကိုကြည့်

ရှင်း လက်ခုပ်လက်ဝါးတီးကာ အားပါးတရ ရယ်မောလျက် ရှိနေသည်။

မကြာမီမှာပင် သောကဝေဒနာများလွှမ်းခြုံကာ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ဂေဟာကလေးသည်....

ယခုတော့....

သာယာကြည်နူးဖွယ်ပြည့်လျှမ်းသည့် အေးရိပ်သာဘုံနန်း ဖြစ်ခဲ့ရပါလေပြီတည်း။

နီလေးမောင်